

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

08 JUN 201

မြပုလဲသွယ်

# အမုန်းနက်နက်

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသိတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဒေါ်ရွှေ (မြ - ၀၂၀၇၉) သုခပုံနှိပ်တိုက် အမှတ်(၁၄၀)၊ ၄၅-လမ်း(အထက်)၊ ဗိုလ်တထောင်။ |
| အတွင်းပုံ | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၄ ခုနှစ်၊ ဇွန်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

မြပုလဲသွယ်
အမုန်းနက်နက် / မြပုလဲသွယ်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၄
၂၆၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အမုန်းနက်နက်

## အခန်း (၁)

"အမုန်းနက်နက်"

"လာပြီ"

"အသံကို နောက်မှာထားခဲ့ပြီး လူအရင်လာ"

"ဟုတ်ကဲ့… လာပါပြီအဘွား"

ရေချိုး ခေါင်းလျှော်မည့်အစီအစဉ်ဖြင့် ဆံပင်ရှည်ကြီးကို ဒီအတိုင်း ဖြန့်ချထားသည်။ အလွန်ဖြူတ်ရ တပ်ရခက်သော ကွင်းထိုး ကြယ်သီး တပ် အင်္ကျီရင်ဖုံးမှာ အပေါ်ပိုင်းတစ်ဝက် ဖြုတ်ထားသည့် ကြယ်သီး တွေက ကိုးရိုးကားရားဖြစ်နေပေမယ့် မတတ်နိုင်။

ဘွားက လာဆို အခုလာမှဆိုတာမျိုးဆိုတော့ ဘွား ဒေါသကို သိထားသည့် အမုန်းနက်မှာ လူနှင့်အသံ တစ်ထပ်တည်းကျအောင် ကြိုးစားပြီး သူမ အိပ်ခန်းရှိရာ အပေါ်ထပ်မှ အဘွားရှိရာ အောက်ထပ် ဧည့်ခန်းသို့ အမြန်ဆုံးနှုန်းဖြင့် အပြေးအလွှားဆင်းခဲ့သည်။

ပြေးရင်းလွှားရင်း ရင်ဘတ်မှာ ပြုတ်နေသည့် အင်္ကျီကြယ်သီး တွေကို တပ်ဖို့ ကြိုးစားသည်။ ဦးခေါင်းမှာ ဘာအစည်းအနှောင်မှ



www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ ဒူးခေါက်ခွက်အထိ မည်းနက်ဖြောင့်စင်းနေသည့် ဆံပင်ရှည်ကြီးကိုလည်း ထုံးဖွဲ့ချင်နေသည်။

သို့သော် စိတ်သာရှိသည်။

လူက ဘာမှမလုပ်နိုင်။

ပြုတ်နေသည့်ကြယ်သီးတွေ ပြန်တပ်ဖို့ ကြိုးစားနေရတာနှင့် လူက မအား။ ယနေ့ခေတ်ကြီးမှာ ဘယ်လိုမိန်းကလေးမှ အမုန်းနက် ဝတ်ဆင်ရသော ကွင်းထိုးကြယ်သီးမျိုးပါသည့် အလွန်ရှေးကျသော ရင်ဖုံးအင်္ကျီမျိုး ဝတ်ကြမည် မထင်တော့ပါ။ တခြား ဘယ်သူမှ မဝတ်ပေမယ့် အမုန်းနက်ဆိုသည့် နက်ကတော့ အဘွားအမိန့်ဖြင့် ဝတ်ချင်ချင်၊ မဝတ်ချင်ချင် ဝတ်နေရသည်။

"ဒါက ဘယ်လိုဖြစ်လာတာလဲ"

ဘွားက အမုန်းနက်ကို တင်းမာသော မျက်နှာထား၊ ခက်ထန်စူးရှသောအသံ၊ မနှစ်မြို့သော မျက်လုံးအစုံဖြင့် အမုန်း၏ ဖရိုဖရဲပုံစံကို ကြည့်ကာ ရွံ့မုန်းသောအကြည့်ဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ဘွား၏ အကြည့်စူးများအောက်မှာ ခေါင်းငုံ့ မျက်လွှာချရင်း အင်္ကျီအပေါ်ပိုင်းရှိ ကြယ်သီးအစုံကို နောက်ဆုံးအနေနှင့် အဆုံးသတ် တပ်လိုက်ပြီး ဘွားရှေ့မှာ ရိုကျိုးသော အမူအယာဖြင့် တောင့်တောင့်လေး ရပ်နေလိုက်သည်။

"ဟဲ့... ငါမေးနေတာ မကြားဘူးလား။ ဒီပုံစံက ဘယ်လိုဖြစ်လာတာလဲ... ပြောစမ်း"

"အမုန်းနက်... ရေချိုး ခေါင်းလျှော်မလို့ လုပ်နေတာပါ အဘွား"





အမုန်းနက်အသံက တိုးတိုးလေးဖြစ်သည်။

"ဟွန်း... ပြောလိုက်ရင် ဆင်ခြေဆင်လက်နဲ့"

ဘွားအသံက မကျေမနပ် ဒေါသသံဖြစ်သည်။

"မိန်းကလေးတဲ့... ဒီလောက် ဆိုဆုံးမနေတဲ့ကြားက ဘယ်နေရာမှ ဗိုင်းကောင်းကျောက်ဖိ ဖြစ်မလာဘူး။ အမေတူသမီးဆိုတော့ ဘာပဲလုပ်လုပ် သူ့အမေလို ဘာတစ်ခုမှ အချိုးအချိတ်မပြေဘူး"

အမုန်းနက် ဦးခေါင်းလေး ငုံ့သွားသည်။

ဘွားက ဘာစကားပြောပြော အမုန်းနက်အမေကို ထိပါးပုတ်ခတ်ပြီး ပြောဆိုရမှ ကျေနပ်တတ်သူဆိုတာ အမုန်းနက် ဟိုးငယ်ငယ်ကလေးဘဝကတည်းက သိခဲ့နားလည်ခဲ့သည်။ အမေနဲ့ပတ်သက်ပြီး ဘယ်တုန်းကမှ ဘွားနှုတ်ဖျားက အကောင်းပြောသံ မကြားရဖူးပါ။

အမုန်းနက် အမေ့ကို ဘွား ဘယ်လောက်မုန်းနေသည် မသိ။ အမုန်းနက်နက်ဆိုသည့် အမည်ကို ဘွားပေးခဲ့သည်ကို ကြည့်တာနှင့် သိနေသည်။

"သွား... ဟိုမှာထိုင်"

"ဟုတ်ကဲ့"

ဘွားလက်ညှိုးညွှန်သည့် နေရာမှာ ကျောက်ရုပ်လေးလို အမုန်းနက် ထိုင်ချလိုက်တော့ ဆံပင်တစ်ထွေးကြီးက အမုန်းနက် ကိုယ်ပေါ်မှာ နေရာယူသွားသည်။

"သင်းတို့ သားအမိကြောင့် ငါ့သား မသေသင့်ဘဲ သေရတာ"

ဘွားထံမှ မကျေမချမ်း ရေရွတ်သံက ဘွားရင်ထဲက အမုန်းနှင့် အကြည်းမှုကို ဖွင့်ဟ ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။ အမုန်းနက်အမေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘွားချွေးမဖြစ်သည်။

ဘွားက သူ၏ တစ်ဦးတည်းသောသားကို အလွန်ချစ်သလို ချွေးမကို သေမတတ် မုန်းသူလည်း ဖြစ်သည်။ အကြောင်းစုံကို အတိအကျ မသိရသော်လည်း အမုန်းနက် သိထားသည်မှာ အမုန်းနက်တွင် မိဘနှစ်ပါးစလုံး မရှိတော့ခြင်းဖြစ်သည်။

အမေ့ဘက်က အဘိုးအဘွားလက်ထဲမှာ အမုန်းနက် လူလားမြောက်ခဲ့ရသည်။ ကြီးပြင်း ရှင်သန်ခဲ့ရသည်။ အမေ့ကြောင့် အဖေသေခဲ့သည်။ ထို့ကြောင့် အဘွားက အမုန်းနက်အမေကို မုန်းသလို အမုန်းနက်ကို မုန်းသည်။

အမေ့ဘက်ကတော့ အဘိုးအဘွားတွေ ရှိသည်။

သို့သော် ထိုအဘိုးအဘွားတွေအကြောင်း အမုန်းနက်ကို မေးခွင့်မပြု၊ တစ်ခါလား မေးဖူးသည်။

"နောက် ဘယ်တော့မှ မပုဂ္ဂုရာစံအိမ်ထဲမှာ တခြားလူစိမ်းတွေအကြောင်း မပြောရဘူး၊ မေးလည်း မမေးရဘူး၊ နားလည်လား အမုန်းနက်"

ဘွား၏ တင်းမာခက်ထန်သော သတိပေးစကားများ အောက်မှာ အမုန်းနက် ဆွံ့အသူတစ်ယောက် ဖြစ်သွားကာ ထိုအချိန်ကစပြီး အမေ့အကြောင်း၊ အမေ့မိသားစုအကြောင်း ဘာဆို ဘာတစ်ခုမှ သိခွင့်မရတော့။

အဘိုးကိုလည်း အမုန်းနက် အားကိုး၍ မရ။

အဘိုးက အမုန်းနက်ကို စကားသိပ်မပြောသော်လည်း ဘွားဆက်ဆံသလိုပင် အမုန်းနက်ပေါ်မှာ ခက်ထန်တင်းမာသော စိတ်သဘော





ထား ရှိသူဖြစ်၍ အမုန်းနက်တစ်ယောက်တည်း ချောင်ပိတ်မိနေသော ကြွက်ငယ်လို ဖြစ်နေသည်။

"မနက်ဖြန် မောင်မိုးတောက် လာလိမ့်မယ်… ကောင်းကောင်းမွန်မွန် ဆက်ဆံ၊ အရင်တစ်ခါကလို မဖြစ်စေနဲ့ ကြားလား"

"ကြားပါတယ် အဘွား"

"နောက်ဘယ်တော့မှ ဒီလိုပုံစံနဲ့ မမြင်ချင်ဘူး။ သွားတော့"

"ဟုတ်ကဲ့"

ဘွားထံမှ ခွင့်ပြုချက်ရသည်နှင့် အမုန်းနက် နေရာက ဣန္ဒြေရရ ထွက်လာခဲ့သည်။ ဘွားမျက်စိရှေ့မှာဆိုတော့ စိတ်ထဲရှိသည့်အတိုင်း ပြေးလွှား၍ မသွားရဲ။ အဘွားမျက်ကွယ်မှာ အမုန်းနက် ဘယ်လိုနေနေ ပြဿနာမရှိပေမယ့် အဘွားနှင့် တခြားသူတွေရှေ့မှာတော့ အမုန်းနက်ဆိုတာ အဘွားပုံစံချပေးထားသည့် ပုံစံခွက်ထဲကအတိုင်း အလွန်အေးသော ကြွေရုပ်လေးဖြစ်သည်။

အိပ်ခန်းထဲရောက်တာနှင့် အခန်းတံခါးကိုပိတ်ပြီး မှန်တင်ခုံရှေ့မှာရပ်ပြီး အမုန်းနက် သူမကိုသူမ ကြည့်လိုက်သည်။ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ် အလွန်နုနယ်လှပသော မိန်းမလှလှလေးက လှပဝိုင်းစက်သော မျက်ဝန်းရွှဲကြီးများဖြင့် အပြစ်ကင်းစင် ရိုးသားစွာ အမုန်းနက်ကို ပြန်ငေးကြည့်နေတာကို မြင်ရသည်။

မနက်ဖြန် ဦးမိုးတောက် ရောက်လာလိမ့်မည်။

အသက်လေးဆယ်ကျော်အရွယ် ယောကျ်ားတစ်ယောက်ကို လက်ထပ်ရအောင် အမုန်းနက်ဆိုတာ ရူးနေသူ မဟုတ်။

ဘွားအခေါ် မောင်မိုးတောက်ဆိုသည့် ဦးမိုးတောက်ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



လူကို အမုန်းနက်၍ အလွန်မုန်းသလို ကြောက်လည်း ကြောက်သည်။ ထိုလူကြီးနှင့်လည်း မျက်နှာချင်း မဆိုင်ချင်။ အဘိုးနှင့်အဘွားကို ဆေးကုပေးနေသော ဆရာဝန်ဖြစ်၍ ဘွားတို့က ဦးမိုးတောက်ဆိုသည့် လူကြီးကို တော်တော်သဘောကျနေကြသည်။

လိမ္မာသည်။

ယဉ်ကျေးသည်။

လူတော်လူကောင်းဆိုသည့် ဘွဲ့တွေ တစီတတန်းကြီးပေးပြီး နောက်မှ ဘွားကစပြီး ဦးမိုးတောက်နှင့် အမုန်းနက်ကို လက်ထပ်ပေးမည်ဟု ပြောလာသည်။

အမုန်တော့ အမုန်းနက်ကို အသိပေးခြင်း မဟုတ်။

ထုံးစံအတိုင်း ဘာပြီးရင် ဘာလုပ်ရမည်ဟု အမုန်းနက်ကို တစ်သက်လုံး ပုံစံပေးလာသည့်အတိုင်း အခုတည်းက အမုန်းနက်ကို သူတို့ဖြစ်စေချင်သည့်အတိုင်း အမုန်းနက်က လိုက်လုပ်ရန် အမိန့်ပေးခြင်းဖြစ်ပါသည်။

ဒေါက်တာဦးမိုးတောက်ဆိုသည့်လူ မဟူရာစံအိမ်ကြီးထဲမှာ အမြဲဝင်ထွက်နေသည်မှာ ကြာပါပြီ။ သူနှင့်အမုန်းနက် တစ်ခါနှစ်ခါသာ ဆုံဖူးသည်။ အမုန်းနက်ကိုကြည့်သည့် ဒေါက်တာမိုးတောက်အကြည့်တွေကို အမုန်းနက် မကြိုက်။

ရွံသည်။

မုန်းသည်။

လူပုံစံကလည်း ရှည်ရှည်ကိုင်းကိုင်း မည်းမည်းသည်းသည်းနှင့် ဘာတစ်ခုမှ အချိုးမကျ။ ဒီကြားထဲ မျက်လုံးပြူးကြီးတွေနှင့်





အမုန်းနက်ကို စားမတတ် ဝါးမတတ် ပြူးပြီးကြည့်တတ်တာကို ဘွားမသိ။ နှစ်ယောက်တည်း လူချင်းဆုံတော့ အမုန်းနက်လက်ကို သူ့လက်ပိန်ပိန်မည်းမည်းတွေနှင့် ဆွဲကိုင်ဖို့ ကြိုးစားသေးသည်။ အမုန်းနက်သူမ အသားကိုပင် အထိမခံ။

သူဘာပြောပြော အမုန်းနက်နားထဲ တစ်ခုမှမဝင်။ အမုန်းနက်အတွေးထဲ ရောက်နေတာက ဒီလူ့လက်ကလွတ်အောင် ဘယ်လိုလုပ်ရမလဲဆိုသည့် အတွေးကလည်း အမြဲ အမုန်းနက်ကို စိုးမိုးနေရာယူထားသည်။ ဒီလူ့လက်က လွတ်ချင်ရင် တစ်ခုပဲရှိသည်။

အမုန်းနက် ဒီအိမ်ကြီးမှာ ဆက်နေလို့မဖြစ်တော့။ ငရဲခန်းနှင့်တူသော၊ အကျဉ်းထောင်ပုံစံသာသာ ဤအိမ်ကြီးထဲက သူမ ထွက်ပြေးရုံသာ ရှိသည်။ တခြား လွတ်လမ်း မရှိ။ အမုန်းနက် သက်ပြင်းချလိုက်သည်။

ရေချိုး၊ ခေါင်းလျှော်မည့် အစီအစဉ်အစား ဒေါက်တာမိုးတောက်မျက်နှာကြီး မြင်လာ၍ အိပ်ရာပေါ် စိတ်ပျက်လက်ပျက် ခွေခွေလေးသွဲ့ချပြီး အိပ်လိုက်သည်။

အမုန်းနက်ရဲဘဝဆိုတာ ကြောက်စရာကောင်းပြီး အထီးကျန်ခြင်းတွေ၊ အားငယ်ခြင်းတွေ၊ ဝမ်းနည်းကြေကွဲခြင်းတွေ၊ စိတ်အလိုမကျခြင်းတွေ အစဉ်အမြဲ လွှမ်းမိုးနေသည်။

ထိုဘဝကို အလွန်မုန်းသည်။

အမုန်းနက် ပါးပြင်ပေါ် မျက်ရည်ပူတွေ စီးကျလာသည်။ ဤအိမ်ကြီးထဲမှာနေရတာ အမုန်းနက် မပျော်။ အမြဲကြောက်လန့် အထီးကျန်နေရသည်။ မဟူရာစံအိမ်မှာ အမုန်းနက် ဘာလုပ်လုပ် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ အကောင်းပြောခံရသည် မရှိ။ အားလုံးအကြည့်တွေက အမုန်းနက်ပေါ်မှာ စိတ်အလိုမကျခြင်းတွေ၊ မုန်းတီးရန်လိုခြင်းတွေက အစဉ်ပြည့်လျှမ်းနေတာ အမုန်းနက် သိသည်။

ဘယ်သူကမှ အမုန်းနက်ကို မချစ်၍ အမုန်းနက်ကလည်း ဘယ်သူ့ကိုမှ မချစ်ပါ။ မေတ္တာဆိုတာ အသွားအပြန်ရှိသည် မဟုတ်ပါလား။ ချောင်ပိတ်ခံရသော ခွေးသည် မည်းမည်းမြင်ရာကို ပြန်ကိုက်တတ်သလို အမုန်းနက်ကို အမြဲမုန်းနေသူများကြောင့် အမုန်းနက်ကလည်း မည်သူ့ကိုမှ သံယောဇဉ် မရှိ။

အမုန်းနက်ကို အတန်းပညာ သင်ပေးသော်လည်း ရှစ်တန်းအောင်ပြီးသည့်နှစ်မှာ ဘွားက အမုန်းနက်ကို ကျောင်းဆက်မတက်နိုင်ဘဲ အိမ်မှာပဲ စာဆက်သင်နိုင်းသည်။

ပြင်ပနှင့် လုံးဝထိတွေ့၊ ဆက်ဆံခွင့်မပြုဘဲ မဟူရာစံအိမ်ကြီးထဲမှာ တင်းကျပ်သော စည်းမျဉ်း၊ စည်းကမ်းတွေနှင့် ထားသည်။ စာတော်၍ ဉာဏ်ကောင်းသော အမုန်းနက်က ထိုပုံစံနှင့် ဆယ်တန်းကို ဂုဏ်ထူးလေးခုနှင့် အောင်သည်။

ဆေးတက္ကသိုလ်တက်ရန် အမှတ်မီပေမယ့် ဘယ်သူကမှ အမုန်းနက်ကို ဆေးကျောင်းတက်ရန် မပြော။ အမုန်းနက်က မွန်းကျပ်ပိတ်လှောင်နေသော ဤအိမ်ကြီးနှင့် အဝေးဆုံးသို့ ထွက်ပြေးချင်သော်လည်း ဘယ်ကို ပြေးရမှန်း မသိ။

အမုန်းနက်မှာ အပေါင်းအသင်း မရှိ။

ကျောင်းတက်နေတုန်းကလည်း အမုန်းနက်ကို ဒေါ်ပုတို့ ညီအစ်မက ကျောင်းတက်၊ ကျောင်းဆင်း တစ်ချိန်လုံးစောင့်ပြီး





ခေါ်သဖြင့် အမုန်းနက်ကို ဘယ်သူမှ အပေါင်းအသင်း မလုပ်ချင်။ အမုန်းနက်ကို ခင်ခင်မင်မင် ပေါင်းလာသူတိုင်း ဒေါ်ပုတို့ ညီအစ်မက မလိုသည့် အမူအယာများ၊ စကားလုံးများဖြင့် ပြုမူဆက်ဆံ၍ ကြာတော့ အမုန်းနက်ကို ခေါ်မည့်သူ မရှိ။

ဘာဖြစ်လို့ အမုန်းနက်ကို ဒီလောက် ချုပ်ချယ်နေရတာလဲ၊ တင်းကျပ်နေရတာလဲဆိုတာ မခံနိုင်ဘဲ ပေါက်ကွဲတော့ ဘွားနှင့် ပြဿနာဖြစ်သည်။

"ဘာမှမေးမနေနဲ့ အမုန်းနက်၊ အခုပြောနေတာတွေ အားလုံး ညည်းကောင်းဖို့အတွက်ချည်းပဲဆိုတာ မှတ်ထား။ နောက်တစ်ခါ ပြဿနာထပ်ရှာရင် အခန်းတံခါးပိတ် သော့ခတ်ခံရမယ် နားလည်လား"

"နက်က ပြဿနာရှာနေတာ မဟုတ်ဘူး ဘွား။ ဘာဖြစ်လို့ ဒီလောက် ချုပ်ချယ်နေလဲဆိုတာ သိချင်လို့"

"ကြည့်စမ်း လူကြီးကို လူကြီးမှန်းမသိ တစ်ခွန်းမခံ ပြန်ပြောနေလိုက်တာ၊ အပု…"

"ရှင်… မမကြီး"

"သွား… သူ့ကို အခန်းထဲမှာ သော့ခတ်ထားလိုက်"

"လုပ်ပါ… ဘွားကြိုက်သလိုလုပ်၊ နက်မကြောက်ဘူး"

အမုန်းနက် တကယ်လည်း မကြောက်တော့။ ဖြစ်ချင်ရာ ဖြစ်စမ်းဆိုသည့်စိတ်နှင့် ဘွားရိုက်သမျှ တင်းခံသည်။ မျက်ရည်တစ်စက်မကျ၊ ဒါကို ဘွားက သူ့ကို အာခံသည်ဟုဆိုကာ အမုန်းနက်ကို ပိုမုန်းသည်။ ပို၍ ကြည့်မရဖြစ်လာသည်။ ထို့နောက်မှာတော့ လူကြီးစကား



www.burmeseclassic.com

www.burmeseclassic.com



နားမထောင်မှု၊ ဒူးနေရာဒူး၊ တော်နေရာတော်မှန်း မသိမှု၊ အာခံမှု၊ အကြောင်းမဲ့ စကားပြောဆိုမှု စသည့် ဖွဲချက်အမျိုးမျိုးဖြင့် ထမင်းပင် မစားရဘဲ အခန်းထဲတွင် ပိတ်လှောင်ခံခဲ့သည်။

တစ်ခါလည်း မဟုတ်။

နှစ်ခါလည်း မဟုတ်။ ကြာတော့ ငယ်ရွယ်သူလည်းဖြစ်၊ ဘယ်လိုလက်တုံ့ပြန်ရမှန်းလည်း မသိ၍ အဘိုးနှင့်အဘွားကို အသံကုန် ပြန်အော်မိခြင်းများ ဖြစ်လာသည်။ ဒေါ်ပုတို့ ညီအစ်မ အနားကပ် လာလျှင် တွန်းထိုးပစ်သည်။ အစားအသောက် လာပေးလျှင် မစားဘဲ တွန်းပစ်သည်။

ထိုအပြုအမူ၏ အကျိုးဆက်က အရိုက်ခံရခြင်းဖြစ်သည်။ ဘုန်းကြီးပင့်ပြီး အမှောင့်ပယောဂ စွဲကပ်နေသည်ဟုဆိုကာ ရေမန်းနှင့် မျက်နှာကို ပက်သည်။ ပရိတ်ကြိုးတွေ လည်ပင်းမှာ ဆွဲရသည်။ လက်မှာ အဆောင်ဆိုတာတွေ ချည်နှောင်ကြသည်။ ဘယ်သူ ဘာလုပ် လုပ် အမုန်းနက်က ဂရုမစိုက်။

သို့သော် သူတို့အကြိုက်ကိုလိုက်ပြီး မည်သည့်စကားမှ မပြော ဖြစ်အောင် ငြိမ်နေသည်။ စကားများများပြောခြင်းမှာ သူ့အတွက် အကျိုးမရှိမှန်း သိလာသည်။ ထိုအချိန်ကစ၍ မျိုသိပ်ခြင်း အတတ်ပညာ ကို အထိုက်အလျောက် သိလာသော်လည်း စိတ်ထဲက သိချင်စိတ်က ပျောက်မသွား။

အမုန်းနက်အမေဆိုတာ ဘယ်သူလဲ။ ဘယ်ကလာတာလဲ။ ဘာကြောင့် အမုန်းနက်အမေကို ဘွားနှင့်ဘိုးက သေမဖာတ် ခါးသီး မုန်းတီးနေရတာလဲဆိုတာ အမုန်းနက် အသိချင်ဆုံး မေးခွန်းများ





ဖြစ်လာသည်။ ထိုအကြောင်း ထုတ်ဖော်ပြောဆိုခြင်းသည် အလွန် ကြီးလေးသော အပြစ်ဖြစ်သည်။ အမုန်းနက်ဆိုသည့် နက်ကို ပိုမုန်း စေသည်။

ဘွားက မသိစေချင်သော အမုန်းနက် အမေအကြောင်း အမုန်းနက်က ပိုသိချင်လေ၊ ပိုစပ်စုချင်လေ ဖြစ်လာသည်မှာ ဘာမှ မဆန်း။ ဘယ်သူမှလည်း အမုန်းနက်ကို အမုန်းနက်အမေအကြောင်း ပြောပြမည့်သူမရှိ။

ဘွားကတော့ အမုန်းနက်၏ သိချင်၊ မြင်ချင်၊ စူးစမ်းချင်သော စိတ်ကို အမေတူစိတ်ဟု ဆိုသည်။ ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်ထား၍ သေးသိမ်၊ ကျဉ်းမြောင်းလွန်းသည်။ အမုန်းနက်မှာ အိမ်ထဲက အိမ်ပြင် ထွက်ခွင့်ရသည်ကို မဟာကံထူးရှင်လို ဖြစ်နေသည်။

ဘွားက အမုန်းနက်ကို လက်ကိုင်ဖုန်း ဝယ်မပေး။ ကွန်ပျူတာ သင်မပေး။ မည်သည့်အပေါင်းအသင်းမှ ထားခွင့်မပေး။ ဗဟုသုတများ ကို ငါးရာငါးဆယ် နိပါတ်တော်ကျမ်းများနှင့် အခြားဗဟုသုတများကို ဘွားစာအုပ်များမှာ ရှာဖွေနိုင်သည်ဟုပြောပြီး ဘာတစ်ခုမှ အမုန်းနက် ကို အလိုမလိုက်။

တစ်နေ့တစ်နေ့ ဘွားက အမုန်းနက်ကို အိမ်မှုကိစ္စတွေ လုပ်နိုင်း သည်၊ ဘုရားရှိခိုးရသည်၊ ပရိတ်ရွတ်ရသည်၊ မေတ္တာပို့ အမျှဝေရသည်၊ အားလျှင် အကျီချုပ်ရသည်။ ဘာတစ်ခုမှ အနားမပေး။ ဒေါ်ပုက ဘွားလူဖြစ်သည်။

ဒေါ်စိန်က အမုန်းနက်ကို သနားသည့်အတွက် ဘွားမသိအောင် သုတတ်နိုင်တာလေးတွေ ကူညီသည်။ အဘွားက အခန်းတံခါးပိတ်ပြီး

www.burmeseclassic.com



အစာအငတ်ထားလျှင် ဒေါ်စိန်က ဘွားမသိအောင် မုန့်ခိုးကျွေးသည်။ စားစရာပေးသည်။ အမုန်းနက် အလွန်သိချင်သော အမေ့ကိစ္စကိုတော့ မေးမရ။ ဒါကျတော့ နှုတ်လုံသည်။ မေးမရတော့ အမုန်နက်လည်း မမေးတော့။

ဘယ်သူမှလည်း အမုန်းနက်ဘက်မှာ မရှိ။

အားလုံးက ဘွားသဘောချည်းဖြစ်၍ ဒေါက်တာမိုးတောက် ကိစ္စမှာလည်း ဘယ်သူမှ ဘာမှမပြော။ တွေးရင်း အမုန်းနက် ရင်တွေ နာလာသည်။ ကိုယ့်အဖြစ်ကိုလည်း ဝမ်းနည်းလာသည်။ အမုန်း လူဖြစ်ရတာ အမုန်းမေမေပေါ်ထားသည့် အညှိုးအမုန်းတွေကို ကလဲ့စားချေခံရဖို့လား။

အိပ်ခန်းပြတင်းပေါက်မှာရပ်ပြီး အမုန်းနက်ဘဝကို လှမ်းမျှော် ကြည့်မိလေသည်။ ဘာတစ်ခုမှ ရေရာသဲကွဲခြင်း မရှိ။ ရွှေရောင် တောက်နေသော နေရောင်က အမုန်းနက် အိပ်ခန်းအတွင်းသို့ လျှောကျ ဝင်ရောက်လာသည်။ ညနေခင်းနေရောင်က ဖုန့်မှုန့်များနှင့် ရောနေ သော်လည်း လှသည်။ နွေးသည်။ အပူစာတ် မပြင်းတော့။

ပြတင်းပေါက်မှာ မည်သည့်လှုပ်ရှားမှုမျှမရှိဘဲ အမုန်းနက် ဒီအတိုင်းရပ်နေသည်။ သူမ မျက်စိရှေ့တွင် ပုံသဏ္ဌာန်အမျိုးမျိုး ဆောက် လုပ်ထားသည့် အဆောက်အဦများ၊ လမ်းများ ရှိနေ၏။ ကျောက်တုံး ကျောက်ခဲများနှင့် ဆောက်လုပ်ထားသော ထိုအဆောက်အဦများကို ကျော်လွန်လျှင် မြင့်မားသောတောင်တန်းများရှိသော်လည်း အမုန်းနက် တစ်ခါမှ မရောက်ဖူးပါ။

တောင်ပေါ်ရွာများသည် အမုန်းနက်နှင့် မဆိုင်။





ရေစီးနေသော မြစ်ချောင်းများသည် အမုန်းနက်အတွက် မဟုတ်။ အမုန်းနက် ပိုင်ဆိုင်ခွင့်ရှိသည့် ဤစံအိမ်ဟောင်းကြီးနှင့် အမုန်းနက် အခန်းပဲ ရှိသည်။

လှပသော မိုးကုတ်စက်ဝိုင်းကြီးနှင့် ဖြူဖွေးလှပသော တိမ်ဆိုင် တိမ်လိပ်များမှတစ်ပါး ရေတံခွန်၊ စိမ့်စမ်း၊ မြစ်ချောင်း၊ အင်းအိုင်များကို အမုန်းနက် တစ်ခါမှ မမြင်ဖူး။ မြင်ဖူးတွေ့ဖူးအောင် လိုက်ပြမည့်သူလည်း အမုန်းနက်မှာ မရှိ။ အမုန်းနက်၏ အဘိုး၊ အဘွားသည် ထိုအရာများကို နည်းနည်းလေးမှ အသိအမှတ်မပြုလို။ အမုန်းနက်ကိုလည်း အသိအမှတ် မပြု။

အမုန်းနက် စိတ်ဝိညာဉ်သည် သူမကိုယ်မှ လွင့်မျောသွားကာ မိုးတိမ်တောင်များကိုစီး၍ ဘယ်သူမှ မရောက်နိုင်သည့် နေရာတစ်ခုသို့ သူ့အလိုလိုရောက်သွားလျှင် အဘယ်မျှ ကောင်းမည်နည်းဟု တွေးနေမိ သည်။ သူမ မမြင်ဖူးသည့်အရာတွေ၊ သူမ မသိသည့် အကြောင်းအရာ တွေ လောကမှာ အများကြီးရှိနေတာကို အမုန်းနက် သိသည်။

ဟိုးတစ်ဖက်ကမ်း အမုန်းနက် မမြင်နိုင်သည့်နေရာမှာ ချိုမြသော လေထုရှိသည်။ သင်းပျံ့သော ပန်းရနံ့ရှိသည်။ တေးဆိုသော ကျေးငှက် တို့ ရှိသည်။ ထိုအရပ်ကို အမုန်းနက် လွတ်လပ်စွာ ပျံသန်းသွားလို သည်။

ထိုအခါ အမုန်းနက်နောက်သို့ ဘွားလည်း မလိုက်နိုင်။ ဒေါ်ပုတို့ ညီအစ်မလည်း ပါလာမည် မဟုတ်ပါ။ ဒေါက်တာမိုးတောက်နှင့်လည်း ဆုံတွေ့စရာအကြောင်း မရှိတော့။ အတွေးနှင့် အမုန်းနက်မျက်နှာလေး ဝင်းလက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်… ဒေါက်"

"အမုန်းရေ"

သဲ့သဲ့လေသံနှင့် ကြားရရုံ တံခါးခေါက်သံအဆုံးမှာ အမုန်းနက် အိပ်ခန်းတံခါးဝမှာ ဒေါ်စိန် ပေါ်လာသည်။ အမုန်းနက် ဒေါ်စိန်ကို တစ်ချက်လှမ်းကြည့်တော့လည်း သူက နေရာမှာ မရွေ့။ မဟူရာစံအိမ်ရှိ လူအားလုံးသည် အမုန်းနက်အတွက် စိတ်ကုန်စိတ်ပျက်စရာ လူတွေချည်းဖြစ်၍ မည်သူ့ကိုမှလည်း စိတ်မဝင်စား။

"မိုးချုပ်တော့မယ်။ အခုထိ ရေမချိုး ခေါင်းမလျှော်ရသေးပါလား နက်ရယ်၊ တော်ကြာ မိုးချုပ်မှရေချိုးလို့ ဘွားသိရင် နက်ကို ဆူနေဦးမယ်"

ဒေါ်စိန်က အမုန်းနက်ဆံပင်ရှည်ကြီးကို လက်နှင့် အသာတို့ထိရင်း အမုန်းနက်မျက်နှာကို လှမ်းကြည့်သည်။ မျှော်လင့်ချက်ကင်းမဲ့နေသော အမုန်းနက်၏ မှိန်ဖျော့သော မျက်ဝန်းလေးများကိုမြင်တော့ ဒေါ်စိန်က သက်ပြင်းကျိတ်ချသည်။

သနားစရာကောင်းသော ထိုကလေးမလေးကို ဒေါ်စိန်က ချစ်သည်။ သနားလည်း သနားသည်။ တင်းကျပ်လွန်းသော စည်းမျဉ်းဥပဒေတွေနှင့် အုပ်ချုပ်နေသော အမုန်းနက် ဘိုးဘွားများမှာ ဒေါ်စိန်တို့ညီအစ်မ၏ အသက်သခင်ကျေးဇူးရှင်ဖြစ်သည့်အတိုင်း သူတို့ စိတ်ဆိုးဒေါသဖြစ်အောင် ညီအစ်မနှစ်ယောက်စလုံး ဘာမှမလုပ်ရဲ။

ဘိုးနှင့်ဘွားကို အမုန်းနက်ကြောက်ရသလို ဒေါ်စိန်တို့ညီအစ်မလည်း ရိုသေကြောက်ရွံ့ရသည်။

"ရေချိုးမလား နက်၊ ဒေါ်စိန် နက်ဆံပင်တွေကို ရှင်းရင်းနဲ့





သေချာ လျှော်ပေးမယ်လေ"

"နေပါစေ။ ဒီနေ့ နက် ခေါင်းမလျှော်တော့ဘူး"

အမုန်းနက်အသံက အက်ကွဲလျက် ခပ်တိုးတိုး တုံ့ပြန်သော်လည်း အနားမှာအတူရှိနေသော ဒေါ်စိန်ကိုတော့ မကြည့်။ ဒေါ်စိန်က ကြေကွဲဝမ်းနည်းနေသော အမုန်းနက်မျက်နှာလေးကို စူးစိုက်ကြည့်ပြီး နက်ကို စိတ်ချမ်းသာပျော်ရွှင်လာအောင် လုပ်ပေးချင်နေသည်။

ထို့ကြောင့် အမုန်းနက် မခိုင်းဘဲ ဒေါ်စိန်က အမုန်းနက် ရေချိုးရန် အသင့်ပြင်ပေးပြီး ဒေါ်စိန်က ဖွတ်အတင်း ရေချိုးခိုင်းမှ အမုန်းနက် ရေချိုးခန်းထဲ ဝင်ဖြစ်သည်။

စိတ်အတွေးတွေကတော့ ဒေါက်တာမိုးတောက် မျက်နှာကြီးကို မြင်ပြီး စိတ်ဆင်းရဲနေ၏။ ဒေါ်စိန်က ရေချိုးခန်းထဲက ထွက်လာသည့် အမုန်းနက်အတွက် အဝတ်တွေ ထုတ်ပေးထားသလို သနပ်ခါးကိုလည်း ကျောက်ပြင်နှင့်အပြည့် သွေးပေးထားသည်။ အဝတ်တွေအားလုံး အရောင်မှိုင်းမှိုင်းတွေချည်း ဖြစ်သည်။ အရောင်တောက်တာ တစ်ခုမှ မပါ။ အားလုံး အဘွား ရွေးချယ်ဝယ်ယူထားသော အဝတ်များကို ဝတ်ရခြင်းဖြစ်၍ အမုန်းနက်စိတ်ကြိုက် ဘာတစ်ခုမှ မဝယ်ဘူး။ ဝယ်ခွင့်လည်း မရှိဘူး။

ရေချိုးလိုက်တော့ လူက လန်းဆန်းသွားသည်။ စိတ်လည်း ပေါ့သွားကာ သနပ်ခါးလိမ်း၊ အဝတ်လဲလိုက်သည့်အချိန်မှာ အောက်ထပ်က ဒေါ်ပုအသံကို ကြားရသည်။

ညစာအတွက် ချက်ပြုတ်ရဦးမည်။

ဒေါ်စိန်က အမုန်းနက်ကို နှုတ်ဆက်ပြီး အခန်းထဲက ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမုန်းနက်လည်း အခန်းတံခါးကိုပိတ်ပြီး ဒေါ်စိန်နောက် လိုက်ခဲ့သည်။ ဒီအိမ်မှာ လူများများမရှိပေမယ့် တစ်ယောက်နှင့်တစ်ယောက် မတွေ့ရ၍ ချက်ပြုတ်ရတာ လက်ဝင်သည်။

ဘွားက ညစာကို စွပ်ပြုတ်သောက်သည်။

ထမင်းမစား။

အဘိုးကျတော့ ထမင်းမှ ထမင်း။ ညစာကို ထမင်းပဲ စားသည်။ သို့သော် ချက်ချင်းချက်ပြုတ်သော လတ်ဆတ်သည့် ထမင်းပူပူနှင့် အသီးအရွက်ကြော်ကို စားခြင်းဖြစ်သည်။ တခြား ဘာမှမစား။ အမုန်းကျတော့ ချဉ်ငံစပ်အရသာပါမှ ထမင်းစားဝင်သည်။ ဟင်းကို အနှစ်နှင့်မစားတတ်။ ကြက်သားကြော်၊ ငါးကြော်ဆိုတာတွေပဲ စားသည်။ ဒေါ်စိန်တို့ ညီအစ်မကျတော့ လက်ဖက်သုပ်နှင့် ကြက်ဥကြော်မပါလျှင် မစား။ အသားငါး စားလျှင်လည်း အနှစ်များများ၊ အဆီများများမှ စားတတ်ကြသည်။

အားလုံးအကြိုက်တူတာ တစ်ခုပဲရှိသည်။

ထိုအရာက ထမင်းစားပြီးတိုင်း အချိုပွဲစားရတာကို နှစ်ခြိုက်သဘောတူကြခြင်း ဖြစ်သည်။ အသီးအနှံ ရာသီပေါ်စာ တစ်မျိုးမဟုတ်တစ်မျိုး ပါသည်။ တခြား စားကောင်းသောက်ဖွယ်တွေလည်း ပါသဖြင့် အချိုပွဲစားရတာ ပျော်စရာဖြစ်သည်။

"ဒီနေ့ညစာ ဘာချက်လဲ ဒေါ်ပု"

" ဘွားအတွက်က ဘဲပေါင်းတယ်။ ဘိုးက ဟင်းနုနယ်ရွက်ကြော်၊ အမုန်းနက်အတွက်က အာလူးချက်နဲ့ငါးကြော်၊ မရမ်းသီး သုပ်တယ်"

ဒေါ်ပုက သူချက်ထားသည့် ဟင်းအမယ်တွေကို ရွတ်ပြသည်။





အိမ်အတွက် လိုအပ်သည့် အသားငါး၊ ဟင်းသီးဟင်းရွက် အစားအသောက်များကို ဘယ်သူမှ ဈေးသွားဝယ်စရာမလို။ ဒေါ်တူးဆိုသည့် ဈေးသည်အဒေါ်ကြီးက အိမ်ပေါက်ဝကနေ လာပေးသွားတတ်သည်။

ဘွားနှင့်ဒေါ်ပုတို့က လိုအပ်တာ၊ စားချင်တာ စာရင်းရေးပေးလိုက်ရုံ ဖြစ်သည်။ ဤနည်းဖြင့် ဘွားက အမုန်းနက်တို့ကို အိမ်ပြင်ထွက်အောင် စီစဉ်ထားခြင်းဖြစ်သည့်အတိုင်း အမုန်းနက်မှာ အခြားတစ်မြို့တစ်ရွာသွားရန် မဆိုထားနှင့်၊ ကိုယ့်မြို့ကိုပင် ဘယ်နေရာမှ နှံ့စပ်အောင် မရောက်ဖူး။

"တီ"

အိမ်ရှေ့တည့်တည့်မှ ထွက်ပေါ်လာသည့် ကားဟွန်းသံကြောင့် အမုန်းတို့အားလုံး ငြိမ်သွားသည်။

"အိမ်ရှေ့မှာ ဧည့်သည်တွေထင်တယ်။ သွားကြည့်လိုက်ဦး စိန်"

"ဟုတ်ကဲ့ မမ"

ဒေါ်စိန်ထွက်သွားတော့ အမုန်းနက် ဒေါ်စိန်နှင့်အတူ လိုက်သွားသည်။ ဧည့်ခန်းအလယ်မှာ ဘွားက စာရင်းစာရွက်တွေနှင့် ရှုပ်နေတာမြင်လိုက်ရ၍ အမုန်းနက် ရှေ့ကိုဆက်လိုက်မသွားဘဲ နေရာမှာ အသာရပ် ကျန်ခဲ့သည်။ ထိုစာရင်းဇယားတွေကို အမုန်းနက် သိသည်။

ဘွားပိုင် ဥယျာဉ်ခြံမြေ၊ လယ်ယာများမှ အဝင်အထွက် စာရင်းများ ဖြစ်သည်။ အရင်က ထိုအရာများကို အမုန်းနက် ဘွားကို ပိုင်းရေးပေးဖူးသည်။ ဘွားလိုတော့ ခပ်သွက်သွက်မဟုတ်။ ဘွားက စာရင်းတွင် ကျွမ်းကျင်သည်။ သူသိချင်တာကို ဒိုးခနဲ ဒေါက်ခနဲ စိတ်တွက်



www.burmeseclassic.com

www.burmeseclassic.com



တွက်ပြောနိုင်ပေမယ့် အမုန်းနက်ကျတော့ ဘွားလိုမဟုတ်။

အတွက်အချက်မှာလည်း ဘွားလို စာရင်းဇယားပိုင်း မကျွမ်းကျင်။ အခန်းထောင့်မှာရပ်ပြီး ဘွားကိုကြည့်နေတုန်း ခြံထဲဆင်းသွားသည့် ဒေါ်စိန် ပြန်ရောက်လာကာ ဘွားနားမှာ ရပ်လိုက်သည်။

"ဘယ်ကဧည့်သည်လဲ မိစိန်"

ဒေါ်စိန် ဘွားနားကပ်ပြီး လေသံနှင့် အရေးတကြီးပြောလိုက်သည်။

"ပန်းနုရောင်ကလို့ ပြောပါတယ် ဘွား"

"ပန်းနုရောင်"

ဘွားလက်ကြားက စာရင်းစာရွက်ကို လွှတ်ချလိုက်ပြီး ဒေါ်စိန့် မျက်နှာကို မျက်ခုံးတွန့်၍ သဘောမကျသည့်ပုံနှင့် ကြည့်လိုက်သည်။

"ဒီကို သူတို့က ဘာကိစ္စလာတာလဲ"

"ကလေးကိစ္စလို့ ပြောပါတယ်"

"ကလေး"

ဘွားမျက်နှာမှာ အရိပ်တစ်တန်း ဖြတ်သန်းသွားကာ မျက်နှာတင်းမာသွားသည်။ ဘွားနှင့်ဒေါ်စိန် ပြောနေသည့်စကားများ တိုးလွန်း၍ အမုန်းနက် သေချာမကြားရ။

"အမုန်းနက် ဘယ်မှာလဲ"

"သူ့ကို ခေါ်လိုက်"

"ဟုတ်ကဲ့ ဘွား"

"အမုန်းနက်"

"လာပါပြီ"





ဘွား လေ့ကျင့်ပေးထားသည့် စကားအတိုင်း အသံနှင့်အတူ လှေကားတစ်ထပ်တည်း ဘွားရှေ့ရောက်လာသော အမုန်းနက် တစ်ကိုယ်လုံးကို ဘွားက စူးစိုက်ကြည့်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့သည်။

"အခုချိန်ကစပြီး ဘွားမခေါ်ဘဲနှင့် အောက်ထပ်ကို ဆင်းမလာနဲ့၊ ကိုယ့်အခန်းထဲကိုယ်နေ ဧည့်သည် မပြန်မချင်းနော်၊ ကြားလား"

"ကြားပါတယ် ဘွား"

"သွားတော့"

"ဟုတ်ကဲ့"

သွားဆို သွားရုံသာရှိသည်။

တခြားဘာမှ စောဒကတက်ခွင့်မရှိ။ အပေါ်ထပ်ရှိ သူမအခန်းသို့ အမုန်းနက်ကို ဘွားက သွားခိုင်းနေသည်။ ဘွားက အောက်ထပ်ရှိ သူ့ဧည့်သည်တွေကို ဧည့်ခံဖို့ ပြင်ဆင်နေသည်။

"နင်တို့ အဘိုးကို သွားပြောစမ်း။ အလုပ်တွေ ခဏရပ်ပါဦး၊ ပန်းနုရောင်က ဧည့်သည်တွေ လာတယ်လို့"

"ဟုတ်ကဲ့"

ဒေါ်စိန်က ဘိုးရှိရာ စာကြည့်ခန်းရှိရာဘက်သို့ အပြေးလျှောက်သွားသည်။ ဤသည်မှာ ဘွားအမိန့်ဖြစ်သည်။ ပုံမှန်ထုံးစံအရဆိုလျှင် ဘိုးစာကြည့်ခန်းထဲဝင်လျှင် မည်သူမှ ဘိုးကို နှောင့်ယှက်ခွင့်မရှိ။ ဤစည်းကမ်းသည် မဟူရာစံအိမ်၏ စည်းကမ်းဖြစ်သည်။ ချိုးဖောက်လျှင် ကြီးလေးသော အပြစ်ပေးခြင်း ခံရမည်။ အခုတော့ ဘွားကိုယ်တိုင် ထိုဥပဒေကို ချိုးဖောက်ကာ ဘိုးကို ဧည့်သည်တွေအကြောင်း ဒေါ်စိန့်ကို ပြောခိုင်းနေသည်။ ပန်းနုရောင်ဆိုသည့်အမည်ကြီး ကြားသည်နှင့်

www.burmeseclassic.com



ဘွားကိုယ်တိုင် ဘာကြောင့် အရေးကြီးသည့်အသွင်ကို ဆောင်နေပါသနည်း။

အခန်းထဲက ဘိုးထွက်လာသည်။

ဧည့်သည်တွေ ရောက်လာသည်။ သူတို့ စီးလာသောကားက ဘွားတို့ဆီ အရင်လာနေကျ ကားပုံစံမျိုး မဟုတ်ကြ။ သစ်လွင်သောကားအကောင်းစားကြီးပေါ်မှ အလွန်ခန့်ညား၊ ကျက်သရေရှိလှသောအမျိုးသမီးကြီး ဆင်းလာသည်။ အဖိုးတန်အဝတ်များကို ဝတ်ဆင်ထားပြီး သူမတစ်ကိုယ်လုံး စိန်ရောင်ဖုံးလွှုက်။ မိတ်ကပ်နှင့် နှုတ်ခမ်းကို ခပ်ပြေပြေ လိမ်းခြယ်ထားပုံမှာ လှပလွန်း၍ ဒေါ်စိန်က ထောင့်ကွယ်တစ်နေရာက ဧည့်သည်အမျိုးသမီးကြီးကို ငေးကြည့်နေ၏။

အမျိုးသမီးကြီး၏အသက်မှာ မငယ်တော့ချေ။

ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးပါးဖြစ်သော်လည်း ဘွားထက်များစွာ နုပျိုသည်။ အမုန်းနက်သည် ဘွားမသိအောင် ဧည့်သည်အမျိုးသမီးကြီးကို တစ်နေရာမှ ချောင်းကြည့်နေခြင်းဖြစ်သည်။ လှပသော ထိုအမျိုးသမီးကြီးမှာ မည်သူဖြစ်သနည်း။ သိချင်စိတ်ကြောင့် အမုန်းနက် စိတ်တွေလှုပ်ရှားနေ၏။

"ဘာလုပ်နေတာလဲ အမုန်းနက်"

ဘွား၏အသံ မဟုတ်ပါ။

ဘွားလူယုံ ဒေါ်ပုအသံဖြစ်သည်။ အမုန်းနက်ကို လှမ်းသွားပြီဖြစ်၍ အမုန်းနက် ခြေဆောင့်ပြီး အပေါ်ထပ်ရှိ သူမအခန်းသို့ မတက်ချင်ဘဲတက်ခဲ့ရသည်။ ဒေါ်ပုသည် ဘွားလူယုံလုံးလုံးဖြစ်ပြီး ဘယ်သောအခါမှ အမုန်းနက်ကို ညာတာရကောင်းမှန်းသိသူ မဟုတ်ချေ။





အမုန်းနက်ကို ဘွားကြည့်သလို မျက်ခုံးတွန့်ကြည့်ပြီး မကျေမချမ်းဘာတွေရွတ်နေမှန်း မသိ။ အိပ်ခန်းထဲရောက်လာသည့် အမုန်းနက်ခြေအစုံက လေးလံနေ၏။ အိပ်ရာပေါ်ဖြစ်သလို ခွေခေါက်ပြီး အတွေးတွေ ဟိုရောက်သည်ရောက်ဖြစ်နေချိန်မှာ အခန်းတံခါးဖွင့်သံနှင့်အတူဒေါ်စိန် ရောက်လာသည်။

"တကယ်အထက်တန်းကျတဲ့ အမျိုးသမီးကြီးနော် နက်၊ သူစကားပြောပုံဆိုပုံကလည်း နားထောင်လို့ ကောင်းလိုက်တာ၊ ဝတ်ထားလိုက်တဲ့ စိန်တွေဆိုတာလည်း မျက်စိကို ကျိန်းရော… "

"အဲဒါတွေ ထားလိုက်စမ်းပါဦး၊ သူတို့ ဘာတွေ ပြောနေကြတာလဲဟင်၊ ပန်းနုရောင်ဆိုတာကရော အဲဒီ ဘွားဘွားကြီးလား"

အမုန်းနက်က သူသိချင်တာကို အလောတကြီးမေးလိုက်တော့ဒေါ်စိန်က အမုန်းနက်ကို သေချာကြည့်သည်။ သူ့လည်ချောင်းထဲမှာ ပြောစရာစကားတွေနှင့် ပြည့်နေ၏။

ထိုစကားများကို ပြောချင်လွန်း၍လည်း ဧည့်သည်အမျိုးသမီးကြီးပြန်ခင်မှာဘဲ အမုန်းနက်အခန်းကို ရောက်နေခြင်းဖြစ်သည်။ သူ့မှာစကားပြောဖော်ဆို၍ အမုန်းနက်ပဲ ရှိသည်။ တခြားဘယ်သူမှာ ဒေါ်စိန်စကားကို အရေးမလုပ်ကြ။ ဒေါ်စိန် မှားမှားမှန်မှန် ပါးစပ်ပိတ်ထား၊ ကိုယ့်အလုပ် ကိုယ်လုပ်ဆိုတာတွေပဲ အမြဲကြားရသည်။

စကားများတာကို မဟူရာစံအိမ်က လူတွေက မကြိုက်။ သူတို့ကိုယ်တိုင်လည်း လိုအပ်မှ စကားပြောကြသူများဖြစ်၍ တစ်အိမ်လုံးအမြဲတိတ်ဆိတ်နေသည်က ပျင်းရိငြီးငွေ့စရာဖြစ်သည်။ ဒေါ်စိန်ကစကားပြောချင်သူ ဖြစ်သည်။ သူ့အစ်မ ဒေါ်ပုလို ပါးစပ်ပိတ်ပြီး အသံ



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ကြီး အလုပ်တွေချည်း ဖိလုပ်မနေနိုင်။ အနည်းဆုံး စကားပြောသောသူ မရှိလျှင် သီချင်းလေးဖြစ်ဖြစ် ညည်းနေရမှ ကျေနပ်တတ်သူဖြစ်သည့်အတိုင်း အခုလည်း သူ့မှာ စကားတွေပြောစရာ ရှိနေ၏။

“သူ့နာမည်တော့ ဒေါ်စိန် မသိဘူး။ ဒါပေမယ့် သူတို့ပြောနေတဲ့ စကားထဲမှာတော့ ကလေးရဲ့အနာဂတ်နဲ့ ကလေးဘဝ ကောင်းစားရေးနဲ့ နေစရာအိမ်ကို တာဝန်ယူနေပြီပဲ။ ဒါကြောင့် ကလေးကို တွေ့ချင်တယ်။ ကလေးရဲ့သဘောထားကို သိချင်တယ်လို့ ပြောနေတယ်”

“ကလေးဆိုတာ ဘယ်သူလဲ၊ ဒေါ်စိန်”

အမုန်းနက်အမေးကို ဒေါ်စိန် မျက်လုံးကြီးပြူးပြီး အမုန်းနက် မျက်နှာကို ကြည့်သည်။

“ဒီအိမ်က ကလေးဆိုရင်တော့ အမုန်းနက်ပဲရှိတာ၊ သူတို့ ပြောနေကြတာက အမုန်းနက်အကြောင်းပဲ ဖြစ်မှာပေါ့”

“အမုန်းနက်အကြောင်း ဟုတ်လား”

စိတ်ဝင်စားခြင်းကြောင့် အမုန်းနက်ကိုယ်လေး ဒေါ်စိန့်နား ရောက်သွားသည်။

“ဒေါ်စိန်တော့ အဲဒီလိုထင်တာပဲ၊ သေသေချာချာတော့ ဒေါ်စိန် လည်း မသိဘူး”

“မစိန်”

“လာပါပြီ”

အောက်ထပ်မှ ဒေါ်ပုအသံကြောင့် အမုန်းနက်အခန်းထဲက ဒေါ်စိန် ပြန်ထွက်သွားသည်။ အိပ်ခန်းထဲမှာ အမုန်းနက် တစ်ယောက်တည်း





ကျန်ခဲ့တော့ ညှို့သည်အမျိုးသမီးကြီးနှင့် ဘွားတို့ပြောသည့် စကားက အမုန်းနက် အာရုံကို လာထိသည်။

အမုန်းနက်ရဲ့ အနာဂတ်ဘဝ ကောင်းစားရေးနဲ့ နေစရာအိမ်။ ထိုအတွေးက အမုန်းနက် ဒါတွေကို ပိုင်ဆိုင်ရမှာလား။ တကယ်ပဲ အမုန်းနက်ကို ထိုအခွင့်အရေးတွေ ပေးမယ့်သူက စိန်တွေသီးနေအောင် ဝတ်ထားသည့် အဝတ်လှလှလေး၊ ကားလှလှနှင့် ဘွားဘွားကြီးလား။

အချိန်တွေ တစ်မိနစ်ပြီးတစ်မိနစ် ကုန်သွားသလို အမုန်းနက် ကိုယ်တွင်းက သိလိုစိတ်တွေကလည်း တစ်စထက်တစ်စ ပိုပြီး ပြင်းထန်လာသည်။ နောက်ဆုံး အမုန်းနက်ကိုယ် အမုန်းနက် မထိန်းနိုင်ဘဲ အခန်းတံခါးကို ဖွင့်ပြီး အောက်ထပ်ကို အသာခြေဖော့၍ အသံမကြားအောင် ဆင်းခဲ့သည်။

အမုန်းနက်ကို ဘယ်သူမှမမြင်။

ဒေါ်ပုက ဤအိမ်ကြီး၏ စည်းကမ်းများကို တိကျစွာ လိုက်နာတတ်သူဖြစ်ပြီး တခြားသူတွေကိုလည်း သူ့လို လိုက်မလုပ်လျှင် နည်းနည်းမှ မကြိုက်။ အသက်က ကြီးလှပြီဖြစ်သလို မျက်နှာထားကလည်း တင်းမှန်၊ ခက်ထန်လွန်းလှသည်။ အမုန်းနက် လုပ်သမျှကို အဘိုးအဘွားများကို အမြဲပြန်တိုင်တတ်သူလည်း ဖြစ်သည်။

အချုပ်အချယ်၊ အနှောင်အဖွဲ့တို့နှင့် ပြည့်လျှမ်းနေသော ဤအိမ်ကြီးမှ လွတ်မြောက်ချင်သော်လည်း လွတ်လပ်သောဘဝကို မမျှော်မှန်းရဲ။ အမုန်းနက်မှာ ပြေးစရာ မရှိ၊ အသိအကျွမ်းမရှိ၊ ဆွေမျိုးမရှိ၊ အခုတော့ အမုန်းနက်အကြောင်းကိုမေးပြီး အမုန်းနက်ကို စိတ်ဝင်စားသူ ရှိလာသည်ကို မယုံနိုင်။ အမုန်းနက် အိပ်မက် မက်နေခြင်းမဟုတ်။

www.burmeseclassic.com



အမှန်တကယ် သူမမျက်စိရှေ့မှ ဖြစ်လာခြင်းဖြစ်၍ အမုန်းနက် အလွန်လိုချင် တောင့်တသော၊ လွတ်လပ်သောဘဝကို ပိုင်ဆိုင်ခွင့်ရတော့မည်ဆိုသည့်အတွေးက အမုန်းနက်ရင်ကို အရှိန်ပြင်းပြင်း ရိုက်ခတ်နေ၏။

လေကားထစ်များအတိုင်း ခပ်ဖြည်းဖြည်းဆင်းလာရင်း ဧည့်ခန်းက အသံကို နားစွင့်ကြည့်သည်။ ဘာအသံမှ မကြားရ။ အသံအားလုံး တိတ်ဆိတ်နေ၍ ကိုယ့်နှလုံးခုန်သံကို ကိုယ်ပြန်ကြားရသည်။

တစ်ဖက်တွင် အဘိုးစာကြည့်ခန်းရှိပြီး တစ်ဖက်က ဧည့်ခန်းကြားသို့ ရောက်လာသည်အထိ မည်သူကိုမျှ မတွေ့ရ။ ခြေဖျားထောက်ပြီး ရှေ့သို့ ဆက်တိုးကပ်လိုက်သည်။ သူတို့ တိုင်ပင်ဆွေးနွေးနေကြသည်မှာ အမုန်းနက်အကြောင်း ဖြစ်သည်။

ဧည့်ခန်းတံခါးနောက်ကွယ်မှ စကားပြောသံ ခပ်တိုးတိုး ကြားရသည်။ အဘိုးအသံ ဖြစ်သည်။ သူပြောသည့်စကားများကို သဲသဲကွဲကွဲ မကြားရ။ သို့သော် အဘိုး၏အသံမှာ အနည်းငယ် စိတ်မရှည်ဟန်၊ ဒေါသသံပေါက်နေတာကို သတိထားမိသည်။ အဘိုးသည် မည်သူ့အမိန့်ကိုမှ မနာခံ။ သူကသာလျှင် လူတွေကို အမိန့်ပေးသူ ဖြစ်သည်။ အုပ်ချုပ်သူ ဖြစ်သည်။

"ဟုတ်ပြီလေ… ခင်ဗျားပြောတာကို ကျုပ်နားလည်တယ်၊ လက်ခံတယ်။ ဒါပေမယ့် သူဟာ ကျုပ်တို့မြေး၊ ကျုပ်တို့ သက်ရှိထင်ရှား ရှိနေသ၍ ခင်ဗျားပြောတာတွေ ဖြစ်လာမှာ မဟုတ်ဘူး။ သူ ဘာဖြစ်ရမယ်၊ ဘာလုပ်ရမယ်ဆိုတာ ကျုပ်တို့ မပြောချင်ဘူး။ သို့သော် သူဖြစ်သင့်၊ ဖြစ်ထိုက်တာတော့ ဖြစ်ကိုဖြစ်ရမှာပဲ"

"ဒီအကြောင်းတွေကို ဆွေးနွေးရတာလည်း ကျွန်မတို့ကြားမှာ





အပ်ကြောင်းထပ်နေပါပြီ။ ရှင်တို့ဘက်က သဘောထားပြောင်းလဲမှာ မဟုတ်သလို ကျွန်မတို့ဘက်က သဘောထားကလည်း ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်တာ ရှင်တို့ကို သိစေချင်တယ်"

အဘိုး၏စကားကို ဘယ်သူမှ ကြားဖြတ်ပြောရဲသူ မရှိသော်လည်း ဧည့်သည်အမျိုးသမီးကြီးကတော့ အဘိုးစကားကို ဖြတ်ပြောရဲသူ ဖြစ်ရုံမက သူ့အသံမှာလည်း ဩဇာသံပါ၍ လေသံမှာ အနည်းငယ်မာသည်ကို သတိပြုလိုက်မိသည်။

"ကျွန်မတောင်းဆိုချင်တာ တစ်ခုပဲရှိတယ်။ ကလေးကို ကျွန်မနဲ့ တွေ့ခွင့်ပေးပါ"

အမျိုးသမီးအသံမှာ ဩဇာသံသာမက အမိန့်ပေးသံ၊ အထက်စီးနိုင်သံများ ပါဝင်နေ၍ အမုန်းနက် အံ့ဩသွားသည်။ အဘိုးကို ဘယ်လိုလူမျိုးမှ ထိုလေသံမျိုး၊ သည်လိုစကားမျိုးဖြင့် ဘယ်သူမှမပြောရဲကြပါ။ အဘိုးက တစ်စုံတစ်ရာပြောဖို့ ကြိုးစားသံကို ကြားရသော်လည်း အမျိုးသမီးကြီးက အပြောမခံဘဲ ပြောမည့်စကားကို ဆက်ပြောသည်။

"ကလေးအိမ်မှာရှိတာ ကျွန်မတို့သိသလို ရှင်တို့လည်း သိပါတယ်"

"ရှင်တို့ကို ကျွန်မ နားလည်သလို ကျွန်မကိုလည်း ရှင်တို့ နားလည်ပေးပါ။ အရာအားလုံး အမြင်ခြင်း မတူနိုင်ပေမယ့် တစ်နေရာမှာတော့ ကျွန်မတို့ အမြင်ခြင်းတူသင့်တယ်လို့ ထင်တယ်။ အားလုံး အတူတူ လုပ်နေကြတာ ကလေးအတွက်ပဲဆိုတာ နားလည်မယ်ဆိုရင်တော့ ရှင်တို့ကို ကျေးဇူးတင်လှပါပြီ"

"ဒါပေမဲ့… "



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာက… "

အဘိုးက တစ်စုံတစ်ရာကိုပြောဖို့ ကြိုးစားသလို ဘွားကလည်း ဧည့်သည်အမျိုးသမီးကြီး၏ စကားကို သူနည်းသူ့ဟန်ဖြင့် တုံ့ပြန်ဖို့ ကြိုးစားသော်လည်း အဘိုးနှင့်အဘွားကို စကားပြောခွင့် မပေးပြန်ပါ။

"ဘာပဲဖြစ်ဖြစ် ဒီအကြောင်းနဲ့ပတ်သက်ပြီး ကလေးရဲ့ စိတ်ဆန္ဒကို မေးကြည့်သင့်ပါတယ်။ ဒီအခွင့်အရေးကိုတော့ သူ ရသင့်တယ်။ ဒါကလည်း သူ ရသင့်ရထိုက်တဲ့ အခွင့်အရေးပါ"

"ကျွန်မ ကမ်းလှမ်းချက်ကို ငြင်းကောင်း ငြင်းလိမ့်မယ်။ ဒါပေမဲ့ ကလေးရဲ့ သဘောထားအမှန်ကို သိခွင့်မရသေးသမျှ ကျွန်မတို့ ဆွေးနွေးနေတဲ့ကိစ္စက ဘယ်တော့မှ ပြီးပြတ်မှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်"

ဆွေးနွေးပွဲ၏အခြေအနေမှာ တစ်ဖက်နှင့်တစ်ဖက် တင်းမာ အေးစက်နေသည်ဟု အမုန်းနက် ထင်မိသလို၊ အမုန်းနက်၏ စိတ်ဆန္ဒ အမုန်းနက်၏ သဘောထားကို သိလိုသည်။ အမုန်းနက်ကို မြင်တွေ့ လိုသည်ဆိုသော စကားအပေါ်မှာ အမုန်းနက်ကိုယ်တိုင် အတွေးအမျိုးမျိုး ဖြစ်နေလျက် သူမကိုယ်သူမ သတိမထားမိဘဲ ဧည့်ခန်းကိုပို၍ နီးနိုင်သမျှ နီးအောင် တိုးကပ်သွားနေသည်ကို မရိပ်မိလိုက်ချေ။

"အမုန်းနက်"

"အမယ်လေး… "

"ဝုန်း"

"ခွမ်း"

ရုတ်တရက် နီးကပ်စွာ ထွက်ပေါ်လာသည့် ဒေါ်ပု အသံဆိုးကြီး





ကြောင့် လန့်ပြီး နေရာကလှည့်အပြေးမှာ ပန်းအိုးတင်ထားသည့်စင်ကို ဝင်တိုက်လိုက်ခြင်း ဖြစ်သည်။ တိတ်ဆိတ်သောအိမ်ထဲမှာ ပန်းအိုးကျကွဲသံက ကျယ်လောင်လွန်းသည့်အတွက် အိမ်ရှေ့ဧည့်ခန်းမှ စကားပြောသံများ ဖြတ်ချလိုက်သလို တိခနဲ့ရပ်သွားသည်။

ဧည့်ခန်းတံခါး ဝုန်းခနဲ ပွင့်သွားသည့်နောက်မှာ ပထမဆုံး တင်းမာသော မျက်နှာနှင့်ဘွားကို အရင်တွေ့လိုက်ရ၍ အမုန်းနက် မျက်နှာပျက်သွားသည်။ ရှောင်တိမ်း၍ မလွတ်သောမိခြင်းဖြစ်၍ အမုန်းနက်ကို ဘွား မိသွားချေပြီ။

စူးရဲတောက်ပသော ဘွားထံမှ ဒေါသအကြည့်ကို ရင်မဆိုင်ရဲတော့သလို အမုန်းနက် မျက်လွှာချလိုက်ချိန်မှာ ဘွားထံမှ အသံထွက်လာသည်။

"ညည်းကို ကိုယ့်အခန်းထဲမှာပဲ ကိုယ်နေလို့ ပြောထားတယ် မဟုတ်လား အမုန်းနက်"

"ဟုတ်ပါတယ် ဘွား"

"ဒါဖြင့် ဘာဖြစ်လို့ ဒီနေရာမှာ ရောက်နေရတာလဲ"

ဒါကိုတော့ အမုန်းနက် မဖြေနိုင်ပါ။ တတ်နိုင်သလောက် အမုန်းနက်အခန်းထဲမှာ ကြိုးစား၍ နေခဲ့ပြီးပြီဖြစ်ကြောင်း ဘွားကို အမုန်းနက် ပြောမပြရဲပါ။ ဘွားက အမုန်းနက်ကို မနှစ်မြို့သော အကြည့်ဖြင့် ကြည့်နေ၍ အမုန်းနက် နှုတ်ဆိတ်စွာ ငြိမ်နေလိုက်သည်။

"လူကြီးစကားကို ဘယ်တော့မှ နားမထောင်ဘူး။ ဒီလို အကြောင်းခိုးဝှက်အကျင့်ကို ဘွားဘယ်လောက် မုန်းတယ်ဆိုတာ ညည်း သိတယ် မဟုတ်လား၊ အမုန်းနက်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်"

"ကဲ... ဒီလောက်နဲ့ပဲ တော်ကြပါတော့ရှင်"

ထိုအသံပိုင်ရှင်က ဘွားထံလာသော ဧည့်သည်အမျိုးသမီးကြီး၏ အသံဖြစ်သည်။

"သူလည်း သိချင်လို့ နေမှာပေါ့ရှင် ခွင့်လွှတ်လိုက်ပါ"

"လာ... ကလေး၊ အထဲကိုဝင်ခဲ့၊ သမီးကို မယ်မယ်ကြီး မြင်ဖူးတယ်ရှိအောင် ကြည့်စမ်းပါရစေဦး"

မယ်မယ်ကြီး။

ထိုအသုံးအနှုန်းက အမုန်းနက်အတွက် ဆန်းကြယ်သလို ကြီးကျယ်ခမ်းနားလှ၍ အပေါ်စီးနိုင်လှသော ထိုအမျိုးသမီးကြီးနှင့် လိုက်ဖက်သည်က အမှန်ဖြစ်သည်။ မယ်မယ်ဆိုသူက အမုန်းနက်ကို သွေး ခြည်ဥနေသော လက်ဖဝါးရဲရဲတို့ဖြင့် အမုန်းနက်ကို လက်ကမ်းပေးတာ မြင်လိုက်ရပေမယ့် သူမလက်ကလေးကို မထည့်ရဲ၍ အသာခေါင်းငုံ့ပြီး ရှေ့ကိုသာ တစ်လှမ်း တိုးလိုက်ရသည်။ မယ်မယ်၏ ရုပ်သွင်ကိုတော့ မကြည့်ရဲ၍ အမုန်းနက်ကိုယ်တိုင် မျက်လွှာချ ခေါင်းငုံ့ထားရ၍ ဖြစ်သည်။

ဧည့်ခန်းထဲသို့ ဝင်သွားပြီးနောက် အားလုံးကိုယ်စီ ထိုင်လိုက်ကြသည်။

"ဒီမှာထိုင်"

ဧည့်ခန်းထဲသို့ ဘွားညွှန်ပြသောခုံမှာ ရိုကျိုးသော အမူအယာဖြင့် သိမ်မွေ့စွာ ထိုင်လိုက်ပုံကို မယ်မယ်က မျက်တောင်မခတ် သေချာစွာ စူးစိုက်ကြည့်နေ၏။





"မျက်နှာကလေးကို မော့ပါဦးကွယ် မယ်မယ်ကြီးကို မကြောက်ပါနဲ့"

မယ်မယ်ကြီးအသံက ငြိမ်းအေးစွာ ထွက်ပေါ်လာ၍ အမုန်းနက်မှာ မဝံ့မရဲနှင့်ပင် မျက်နှာလေးကို ဖြည်းဖြည်းချင်းပင် မော့လိုက်သည်နှင့် မယ်မယ်ကြီးမျက်နှာမှာ သိသာစွာ တုန်လှုပ်ချောက်ချားသွားကာ အထိတ်တလန့်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ပန်းနုရောင် ပါပဲလား"

အံ့သြစွာ ရေရွတ်သံအဆုံးမှာ မယ်မယ်ကြီးက မျက်တောင်ခတ်ရန် မေ့လျော့နေသူအဖြစ် အမုန်းနက် တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်နေသည်။

"ကျွန်တော့်မြေးလေး နာမည် အမုန်းနက်ပါ"

"အမုန်းနက်တဲ့လား"

"ဟုတ်ပါတယ်"

ဘာကြောင့် ဒီနာမည်ကို ရရှိခဲ့သလဲ။ ဘာကြောင့် အဘိုးနှင့် အဘွားက သူမကို ဒီနာမည်ပေးခဲ့လဲ ဆိုသည်ကို မယ်မယ်ကြီး လုံးဝ မမေးပါ။

"အကြောင်းမသိရင် သူ့ကို သေရာကပြန်ရှင်လာတယ်လို့ ထင်ကြမှာပါပဲရှင်။ အံ့သြစရာကောင်းလောက်အောင် ဒီလောက် ရုပ်ချင်း တူနေလိမ့်မယ်လို့ ထင်မထားခဲ့မိဘူး"

မယ်မယ်ကြီးအသံက ချက်ချင်း သိမ့်မွေ့နူးညံ့သွားကာ အမုန်းနက် မျက်နှာကို တစိမ့်စိမ့် စူးစိုက်ကြည့်နေတာ မြင်ရသည်။ ဘွားကတော့ ရုပ်ချင်းတူသည်ဆိုသော စကားအဆုံးမှာ သိသာစွာ မျက်နှာပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားသလို ထိုစကားကို မနှစ်သက်ဟန်၊ သဘောမကျဟန်ဖြင့် မျက်ခုံး တွန့်လိုက်သည်။

"ရှင်ထင်လို့ပါ။ အဲဒီလောက်ကြီးလည်း မတူပါဘူး"

ဘွားက ထိုစကားကို ခပ်ပြတ်ပြတ်လေးနှင့် စိတ်ဆိုးဒေါသဖြစ်စွာ တုံ့ပြန်လိုက်သော်လည်း မယ်မယ်ကြီးက ဘာမှမပြော။ ဦးခေါင်းကို တညိတ်ညိတ်လုပ်နေသည်။

ရုပ်ချင်းမတူသည်ဟု ငြင်းနေသည်မှာ ဘာကို အကြောင်းပြု၍ ငြင်းနေကြကာလဲဆိုတော့ အမုန်းနက် မသိရပါ။ သိစရာလည်း အကြောင်းမရှိ။ အမုန်းနက် ငယ်ငယ်လေးကတည်းက အခုချိန်ထိ အမုန်းနက် မိဘနှစ်ပါးကို မမြင်ဖူး၊ မတွေ့ဖူးဘူး။

မြင်ဖူးတွေ့ဖူးချင်လို့ ထိုစကားကို မေးမိတိုင်း အမြဲ အဆူအငေါက်ခံရသည်။ အရိုက်ခံရသည်။ ဒေါသကြီးနှစွာ တုံ့ပြန်ခံရရုံသာမက နောက်ထပ်ဘယ်တော့မှ ထိုအကြောင်းကို မမေးတော့ရန် ဆုံးဖြတ်ခဲ့ရတာ ပြန်အမှတ်ရသည်။

အခု မယ်မယ်ကြီးဆိုသူက အမုန်းနက်ကို တစ်စုံတစ်ယောက်နှင့် တူလွန်းသည်ဟု ဆိုသည်။ ဘွားက မတူပါဘူးဟု ငြင်းသည်။ ဘယ်သူနှင့်တူ၍ ဘယ်သူနှင့် မတူသနည်း။

ဤသည်ကို အမုန်းနက်လဲ မသိ။

သို့သော် ထိုသိချင်စိတ်က အမုန်းနက်မျက်လုံးထဲမှာ မေးခွန်းများအဖြစ် အထင်အရှား ပေါ်လာသည်ကို ငြင်းမရ။ ဒါကို မယ်မယ်ကြီးဆိုသူက သိနေဟန်ဖြင့် သူမ နားမလည်နိုင်သော အပြုံးဖြင့် အမုန်းနက် မျက်နှာကို စိုက်ကြည့်ပြီး ပြုံးသည်။





"သမီးအဘွားမှာ သမီးမိန်းကလေး မထွန်းကားခဲ့တာ သိပ်ကို သနားစရာကောင်းတယ်ဆိုတဲ့အတွေး မယ်မယ်ကြီး ခေါင်းထဲမှာ အမြဲရှိနေခဲ့တယ်။ မယ်မယ်ကြီးပြောတဲ့ ဘွားဆိုတာ တခြားဘွားကို ပြောတာနော်"

"မယ်မယ်ကြီး သိထားတဲ့ တော်နဝတီဆိုတဲ့ ဘွားကိုပြောတာ၊ သူက သိပ်ကိုချောတာ၊ ချွေးဆိုတာ သိပ်စကားပြောတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သမီးဟာ သိပ်ကို ကံကောင်းတဲ့သူဆိုတာ သေချာပါတယ်ကွယ်"

"သိပ်ကို ကံကောင်းတဲ့သူ ဆိုပါလား"

တော်နဝတီဆိုတဲ့ ဘွားနဲ့ရုပ်ချင်းတူတဲ့ အမုန်းနက်ဟာ ကံကောင်းတဲ့ မိန်းကလေးဖြစ်သွားပြီတဲ့။

အမုန်းနက်ဆိုတာ ဘယ်လောက်ချောမောလှပတဲ့ မိန်းကလေးပါလိမ့်။ ညှော်ခန်းရှိ မှန်ရိုးကေ့စ်ဗီရိုကြီးထဲမှာ အမုန်းနက်ကိုယ် အမုန်းနက် ပြန်မြင်နေရသည်။ ထိုဗီရိုကြီးထဲမှာ အလွန်ရှေးကျသော ပန်းမျိုးရှိနေတာလဲ။ မှန်ချပ်များမှာ အမြဲသစ်လွင် တောက်ပအောင် တိုက်ချွတ်ဆေးကြောထား၍ အရောင်တောက်မြဲဖြစ်သည်။

မှန်ထဲမှာ မြင်နေရသော အမုန်းနက် မျက်နှာမှာ သိပ်မထူးခြားပါ။ သူမ အမြဲမြင်တွေ့နေရသော မျက်နှာသာဖြစ်ပြီး အမုန်းနက်၏ မျက်နှာမှာ ဘယ်တော့မှ အမေနှင့်မတူဘဲ အဖေနှင့်တူသူအဖြစ် အလွန်ကြည့်မရအောင် မုန်းတီးခဲ့သည်ဟု ဒေါ်စိန်က အမုန်းနက်ကို အမြဲပြောလေ့ရှိသည်။

ထို့ကြောင့်လည်း သူမကို ဘွားက အမုန်းနက်နက်ဟုခေါ်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ခြင်းဖြစ်သည်။ ဘိုးဘွားတို့၏ ချစ်ခြင်းမေတ္တာကို ဘယ်တော့မှ မရဘဲ အမုန်းကိုသာ နက်ရှိုင်းစွာရခဲ့သူ ဖြစ်သည့်အမည်ဖြစ်သည်။ အမုန်းနက် ကိုယ်တိုင်ကတော့ ဘယ်သူနှင့်တူတူ စိတ်မဝင်စားခဲ့။ စိတ်ဝင်စားရအောင်လည်း သူမမှာ မိဘနှစ်ပါးလုံး၏ ဓာတ်ပုံမရှိ။

မိခင်ဖြစ်သူက အမုန်းနက်မွေးပြီးပြီးချင်း ကွယ်လွန်အနိစ္စရောက်ခဲ့သလို ဖခင်ဖြစ်သူမှာလည်း ထိုစိတ်နှင့်ပင် အရက်အလွန်အကျွံသောက်၍ ကွယ်လွန်ခဲ့သည်ဟု ဆိုပါသည်။ ထို့ကြောင့် ဘွားက အမုန်းနက်ကို မုန်းခြင်းဖြစ်သည်။

အမုန်းနက်ကို ချစ်မည့်သူ မရှိ။

အရုပ်မြင့်သော အမုန်းနက်ကို ဒေါ်စိန်က အဖေနှင့်တူသည်ဟု ပြောသည်။ အမုန်းနက်အသားက ဝင်းဝါဖြူနုနေပုံကို အဘွားက အသားအရေကြာ ဖြူဖတ်ဖြူရော်ပုံစံဟု မျက်ခုံးတွန့်တတ်သလို၊ မည်းနက်ဝိုင်းစက်သော အမုန်းနက်မျက်လုံးတွေ ကြည်လင်တောက်နေပုံ၊ နှာတံစင်းနေပုံ၊ အလွန်သေးကျဉ်းသော ခါးရှိနေပုံ၊ နှုတ်ခမ်းတွေ ပြည့်ဖြိုးသွေးရောင်လွှမ်းနေခြင်း၊ နက်မှောင်သန်စွမ်းသော ဆံပင်ကြီးကို ပိုင်ဆိုင်ပုံကအစ အဘွားစိတ်တိုင်းကျသည်မှာ ဘာတစ်ခုမှမရှိ၍ အမုန်းနက်ကို အမုန်းနက် လှပသော မိန်းကလေးအဖြစ်ထက် အပြစ်တစ်ခုကို ကျူးလွန်ထားသော အပြစ်ရှိသော မိန်းကလေးအဖြစ်ဟု ထင်မြင်နေခဲ့သူဖြစ်သည်။

မဟူရာစံအိမ်ရှိ ဘယ်သူကမှ အမုန်းနက်ကို ချောသည် လှပသည်ဟု မပြောဖူးဘူး။

အားလုံးက အမုန်းနက်ကို အပြစ်ရှိသူလိုသာ ပြောဆိုဆက်ဆံ





ကြသူများ ဖြစ်သည့်အတွက် အခု မယ်မယ်ကြီးထံမှ ဤစကားကို ကြားရသော်လည်း ဝမ်းမသာ။ သူမကိုယ်သူမ တကယ်လှနေလား။ အပြစ်ရှိနေလားဆိုတာလည်း မဝေခွဲနိုင်ပါ။ မယ်မယ်ကြီးဆိုသူ ပြောဆိုသမျှကိုသာ အလွန်အပြစ်ကင်းစင်သော မည်းနက်ဝိုင်းစက်သည့် မျက်ဝန်းပိုင်းဖြင့် ငေးကြောင်ကြည့်နေမိသည်။

အမုန်းနက်ကိုယ်မှာ အလွန်ပုံမကျသော ဒေါ်စိန်လက်ရာ အလွန်ရှေးကျသည့် လုံချည်ရှည်တို့သာရှိသဖြင့် သူမ၏လက်မောင်းလေးများ၊ ခြေသလုံးသားလေးများ၊ ရင်သွန့်ကလေးများကို အခြားသူ မပြောနှင့် အိမ်ကလူတွေပင် မမြင်ဖူး၊ မတွေ့ဖူးကြပါ။

မြင်ဖူးတွေ့ဖူးလျှင်လည်း မည်သူမျှ စိတ်ဝင်စားမည့်သူ မရှိ။ ကဲ့ရဲ့ပြစ်တင်မည့်သူများသာ ရှိသော နေရာဖြစ်သည်။ တခြားသူတွေလို ဝတ်စားချင်စိတ်ဖြစ်မိသော်လည်း ဘွားက လက်မခံ။ လုံလုံခြုံခြုံရှိသည့် အဝတ်အစားများကိုဝတ်မှ မိန်းမကောင်း၊ မိန်းမမြတ်ပီသသည့် ဒိုင်းကောင်းကျောက်ဖိဖြစ်သည်ဟု ပြောခဲ့သည်။

ဆိုဆုံးမခဲ့သည်။

ပြောသည့်အတိုင်း အလွန်လုံခြုံသော အင်္ကျီများကိုသာ ဝတ်ဆင်ခဲ့ရသည့်အတွက် အမုန်းနက်ကိုယ်တိုင် သူမကိုယ်သူမ ကောင်းကောင်း မမြင်ဖူး။ သနပ်ခါးမှလွဲ၍ ဘာမှ မလိမ်းခြယ်ဖူးသဖြင့် အလှအပ အကြောင်းလည်း ဘာဆိုဘာမှမသိ။

အမုန်းနက်လို မိန်းကလေးတစ်ယောက် ချောသည်၊ လှသည် ဆိုတာ ဖြစ်နိုင်သလား၊ မဖြစ်နိုင်သလား၊ သူမကိုယ်သူမ မသေချာ။

"မှန်ထဲမှာပဲ ညည်းကိုညည်း ကြည့်နေတော့မှာလား အမုန်းနက်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေပြောတဲ့ စကားတွေကိုရော ကြားမှကြားရဲ့လား''

''ရှင်··· အမုန်းနက်ကို ဘာပြောလိုက်တာလဲဘွား''

''မိန်းကလေးတဲ့··· ဟွန်း''

''အမုန်းနက်ကို ခွင့်လွှတ်ပါဘွား''

ဘွားကို အမုန်းနက် တောင်းပန်လိုက်ပေမယ့် ဘွားမျက်နှာက ကျေနပ်ဟန်မရှိ။ အဘိုးကလည်း မျက်နှာထားတင်းတင်းနှင့် မျက်ခုံးကို တွန့်ထားသည်။

''ဒီက မယ်မယ်ကြီးကိုလည်း တောင်းပန်ပါတယ်ရှင် မယ်မယ်ကြီးပြောတဲ့ ဘွားဆိုတာ ဘယ်လိုပုံစံမျိုးလဲလို့ တွေးကြည့်နေမိလို့ပါ''

''ဘွား တော်နေ့ဝတီ တစ်မျိုးလုံးက မိုးပေါ်ကကျလာတဲ့ နတ်သား၊ နတ်သမီးများလို အင်မတန်ချောကြလှကြတယ် သမီးရဲ့''

မယ်မယ်ကြီးက အမုန်းနက်ကို သနားကြင်နာစွာ စူးစိုက်ကြည့်ရင်း သိမ့်မွေ့သောလေသံဖြင့် နူးညံ့ညင်သာစွာ ရှင်းပြသည်။

''အဟမ်း··· အဟမ်း''

ဘွား၏ ချောင်းဟန့်သံဖြစ်သည်။

ဒီလောက်ဆိုရင် ဘိုးနှင့်ဘွားတို့၏ သည်းခံနိုင်မှုအဆင့်ကို ကျော်လွန်သွားပြီဟု အမုန်းနက် သိလိုက်ပေမယ့် မယ်မယ်ကြီးဆိုသူကဖြင့် သိမည် မထင်ပါ။ ဘွားနှုတ်ခမ်းက စောစောကထက် ပိုပြီး တင်းတင်း စေ့သွားသည်။ ဒေါ်ပုက မယ်မယ်ကြီးအတွက် ကော်ဖီနှင့်မုန့် လာချပေးပြီး ပြန်ထွက်သွားသည်။

''သုံးဆောင်ပါဦး''

''ကျေးဇူးတင်ပါတယ်''





မယ်မယ်ကြီးက ကော်ဖီခွက်ကို တစ်ငုံမျှ ယူသောက်ပြီး အသာပြန်ချထားသည်။ မယ်မယ်ကြီးက အသက်ကြီးပြီးဖြစ်သော်လည်း မျက်လုံးများက စူးရှတောက်ပြောင်နေဆဲဖြစ်ကာ ကလေးတစ်ယောက်၏ မျက်လုံးမျိုးဖြစ်သည်။ မျက်နှာသွယ်၍ နှာတံစင်းစင်း၊ နှုတ်ခမ်းပါးပါးဖြစ်သည်။

ထိုနှုတ်ခမ်းများအတွင်းမှ နူးညံ့သိမ်မွေ့သော စကားလုံးများ၊ စူးရှထက်မြက်သည့် ထိုးနက်ချက်စကားလုံးများ ရှိနေ၏။ ဆံပင်များအားလုံးကို အပြောင်သိမ်းထားပြီး နောက်မှာစုကာ ခပ်ရှိုးရှိုး ထုံးဖွဲ့ထား၏။ ဇင်ရော်တောင်မျက်လုံးများက အလွန်လှပသောအသွင်ကို ဆောင်လျက်။ အဖိုးတန် လက်ဝတ်ရတနာများနှင့် အဝတ်အစားများ၏ အရောင်အသွေးလှပပုံ။ ဆန်းကြယ်လှပပုံမျိုးကို မမြင်ဖူး၍ အမုန်းနက်အတွက် အထူးအဆန်းဖြစ်နေ၏။

ဒေါ်စိန်ပြောသလို မယ်မယ်ကြီးက ပြုံးပြသည်။

ဒုတိယအကြိမ်မြောက် ပြုံးပြခြင်းဖြစ်၍ နှုတ်ခမ်းနှစ်ဖက်လှပစွာ တော့တက်သွားရာ ဖြူဖွေးညီညာသော သွားတန်းက လှစ်ခနဲ ပေါ်လာ၏။ သူ့အပြုံးမှာ အလွန်ချစ်စရာကောင်းသော အပြုံးဖြစ်၍ အမုန်းနက်တို့ အိမ်ကြီးထဲမှာ အလွန်ရှားပါးသော အပြုံးအဖြစ် အံ့သြငေးမောနေမိသည်။

''ဦးသူရိန်ထီးကို ကျွန်မ တစ်ခုတော့ ပြောပါရစေ။ ကလေးရဲ့ နူးညံ့ချင်စိတ်နဲ့ပတ်သက်ပြီး ခွင့်လွှတ်နိုင်မယ်လို့ ထင်ပါတယ်။ ဒီလို အဖြစ်မျိုးနဲ့ ကြုံရမယ်ဆိုရင် ကျွန်မကိုယ်တိုင်လည်း ချောင်းနားထောင်မိမှာ အမှန်ပါပဲ။ ကျွန်မ ဒီအိမ်ကို ရောက်လာရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ရူးစမ်းချင်စိတ် ဖြစ်လာရတာကို ဗွေမယူပါနဲ့”

ဘယ်လိုအပြစ်မှ လှမ်းမြင်နေရသလို အမုန်းနက်ကိုယ်စား ပြောပေးနေသည့် မယ်မယ်ကြီးကို အမုန်းနက်စိတ်ထဲက ပိုချစ်သွားသည်။ ပိုလေးစားသွားသည်။ မယ်မယ်ကြီးအသံ နူးညံ့သိမ်မွေ့သလောက် တောင်းပန်တိုးလျှိုးသော လေသံမျိုးတော့ မဟုတ်ချေ။

“ဆောရီးဗျာ… ခင်ဗျားတောင်းတဲ့ ကတိမျိုးတော့ ကျုပ်တို့ဘက်က မပေးနိုင်တာ ခွင့်လွှတ်ပါ။ ကျုပ်တို့ မိသားစုစည်းကမ်းအရ လူကြီးစကားကို နားမထောင်တာမျိုး၊ သူများပြောတာကို ချောင်းမြောင်းနားထောင်တာမျိုးကို အပြစ်က လုံးဝ ခွင့်မလွှတ်ပါဘူး”

အဘိုးစကားအဆုံးမှာ မယ်မယ်ကြီးအကြည့်က အမုန်းနက်ထံ ဖျတ်ခနဲ ရောက်လာ၏။ သူ့မျက်လုံးများကို မြင်လိုက်ရသည့်အတွက် နွေးထွေးသွားကာ ချစ်ခင်စိတ်နှင့် အားကိုးလိုစိတ်များ ဖြစ်လာသည်။ မယ်မယ်ကြီး၏ အကြည့်က ချစ်ခင်ကြည့်၊ သနားညှာတာကြည့် ဖြစ်သည်။

ထိုမျက်လုံးများတွင် ကြင်နာမှုနှင့်အတူ ဝမ်းနည်းမှုကို တွေ့ရသည့်အပြင် အမုန်းနက်ကို အပြစ်မှ ကာကွယ်မပေးနိုင်သည့်အတွက် စိတ်မကောင်းခြင်းတို့ ပါဝင်နေ၏။ ထို့အတူ အမုန်းနက်တွင် ရှိနေသော အာခံမှုနှင့် တော်လှန်ပုန်ကန်လိုစိတ်ကိုပါ တွေ့မြင်သွားသည်။

အမုန်းနက်စိတ်ထဲ ရုတ်တရက် မယ်မယ်ကြီးနှင့်အတူ မဟူရာစံအိမ်ကြီးနှင့် ဝေးရာအရပ်သို့ ပြန်လှည့်သွားသည်။

မယ်မယ်ကြီး ဘယ်သူပဲဖြစ်ဖြစ်။

ဘယ်အရပ်ကိုပဲ သွားသွား။





ထိုမယ်မယ်ကြီး သွားရာနောက် မခွဲတမ်းလိုက်ပါသွားစိတ်များ ပြင်းထန်စွာ ဖြစ်လာ၏။ မယ်မယ်ကြီးက အမုန်းနက်ကို ကြည့်နေရာမှ အဘိုးရှိရာဘက်သို့ ပြန်လှည့်သွားသည်။

“ကျွန်မ ကမ်းလှမ်းချက်ဘာလဲဆိုတာ ကလေးကို အသိပေးချင့်တယ်လို့ ကျွန်မထင်တယ်”

“ခင်ဗျား ကမ်းလှမ်းချက်ကို ကျုပ်တို့လက်မခံဘူး ငြင်းပယ်ပြီးပြီပဲ”

“ရှင်တို့ ဘာဖြစ်လို့ ဒီလောက်ခေါင်းမာနေကြတာလည်း ရှင်”

“မယ်မယ်ကြီး ကမ်းလှမ်းတယ်ဆိုတာ ဘာများပါလဲရှင်”

သိချင်စိတ်ကို မထိန်းချုပ်နိုင်ဘဲ လူကြီးစကားဝိုင်းထဲ ဘယ်သူ့ကိုမှ ခွင့်မတောင်းမိဘဲ အမုန်းနက် ဝင်မေးလိုက်၍ အဘိုးနှင့်ဘွားတို့၏ ဒေါသမျက်လုံးများက အမုန်းနက်ရှိရာ တစ်ပြိုင်ထဲ စူးရှစွာ ရောက်လာ၏။

“ညည်းကို ဘယ်သူက စကားပြောခိုင်းနေလို့လဲ”

“သွား… ကိုယ့်အခန်း ကိုယ်ပြန်တော့”

ဘွားက အမုန်းနက်ကို ဒေါသနှင့် အခန်းထဲက ထွက်သွားရန် အချိန့်ပေးသဖြင့် အမုန်းနက်က အားကိုးတကြီး မယ်မယ်ကြီးထံသို့ ကြည့်လိုက်သည်။

“သွားဆို သွားတော့လေ။ ဘာလုပ်နေတာလဲ”

ဘွားအမိန့်သံမှာ ပြင်းထန်လှ၍ အမုန်းနက် ညှော့ခန်းမှာ အောင်းနေလို့ မရတော့ပဲ နေရာက အပြေးထွက်လာခဲ့သည်။ တပြိုင်နက်တည်း အားကိုးရာ ရွှေတောင်ကြီး လဲပြိုပျောက်ဆုံးသွားသူ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို ရင်တစ်ခုလုံး လှိုက်ဟာနင့်စို့လာကာ အမုန်းနက်ကိုယ်အမုန်းနက် သတိမထားမိခင်မှာ ပါးပြင်ပေါ်သို့ ပူနွေးသောမျက်ရည်များ တသွင် သွင်စီးကျလာသည်မှာ တားစီး၍ မရတော့ချေ။



## အခန်း (၂)

မကျေနပ်မှု ဒေါသကြောင့် အိပ်ရာထဲမှာ လူးလိမ့်နေသော်လည်း ယ်လိုမှ အိပ်မပျော်သဖြင့် နောက်ဆုံး အမှောင်ထဲမှာ တစ်ယောက်တည်း ထိုင်နေမိသည်။

မယ်မယ်ကြီးဆိုသူမှာ မည်သူမည်ဝါဖြစ်ကြောင်း အမုန်းနက်ကို ည်သူမှ ပြောပြမည့်သူမရှိ။ အမုန်းနက် ဘယ်လိုမေးမေး မည်သူကမှ ည်း မဖြေ။ မယ်မယ်ကြီးနှင့် အမုန်းနက်တို့ ပတ်သက်မှုကိုလည်း သိရ။

အမုန်းနက်အတွက် အဖြေက သူမ နားထောင်ခဲ့မိသည့်အတွက် ၏အပြစ်ပေးခြင်းကို အခန်းတံခါးပိတ်၍ ခံယူရခြင်းဖြစ်သည်။ ဖြစ်မျိုး ရိုးနေပြီဖြစ်၍ အမုန်းနက်အတွက် ခံနိုင်ရည်ရှိပါသည်။ အစားရ၍လည်း ဘာမှမဖြစ်။ အမုန်းနက် ဖြစ်နေတာက သူမဘဝ ရေးဖြစ်သည်။

အမုန်းနက် အသက်ဆယ့်ရှစ်ပြည့်လျှင် ဒေါက်တာမိုးတောက်နှင့် ထပ်ရမည်။ စေ့စပ်ကြောင်းလမ်းနှင့် လက်ထပ်ခြင်းမှာ တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



တည်း တစ်ချိန်တည်းဖြစ်သည်။ ဒေါက်တာမိုးတောက်မှာ အဘိုးနှင့် ဘာသာတရားကိုင်းရှိုင်းပုံ၊ ရှေးကျသော အတွေးအခေါ်နှင့် ခေတ်မမီ သော အသုံးအဆောင် ပစ္စည်းများအပေါ်မှာ စိတ်ဝင်စားပုံခြင်းတူသည်။ အသွားနှင့်လည်း အမြင်ခြင်းတူသည်။ စိတ်သဘောထားချင်း၊ အကျင့် စရိုက်တူ၊ တအောက်ကန်းနိုင်ခြင်း အားလုံးတူ၍ ဒေါက်တာမိုးတောက် ကို အမုန်းနက်ကိုယ်တိုင် ဘယ်လိုမှ မေတ္တာထားမရအောင် အမုန်းကြီး မုန်းမိသည်။

ဆေးပညာ သင်ကြား၍ ဆရာဝန်ဖြစ်သော်လည်း သူ့ပုံစံက ဆရာဝန်နှင့်မတူ။ ဘိုက်ဆရာတစ်ယောက်နှင့် ပိုတူသူဖြစ်သည်။ သူ့ အကြောင်း အမုန်းနက်ခေါင်းထဲ ရောက်လာသည်နှင့် ကူကယ်ရာမဲ့စွာ အသက်ရှုကျပ်လျှက် ထိုလူလက်ကလွတ်အောင် အဝေးတကာ အဝေး ဆုံးသို့ ထွက်ပြေးသွားချင်စိတ် ဖြစ်လာ၏။

လူလစ်လျှင် အမုန်းနက်တစ်ကိုယ်လုံးကို စားတော့ဝါးတော့မလို မျက်လုံးကြီးများနှင့် မျက်တောင်မခတ် စူးစိုက်ကြည့်ပုံက အမုန်းဆုံး ဖြစ်သည်။ သူက အမုန်းနက်ကိုတွေ့တိုင်း စကားမရှိစကားရှာက အမုန်းနက်နားကပ်ချင်သော်လည်း အမုန်းနက်ခွင့်မပြု။ သူ့အနား ရောက် လာသည်နှင့် အကြောင်းတစ်ခုခုပြကာ သူနှင့်ဝေးရာသို့ ထွက်ပြေး တိမ်းရှောင်နေ၍ သူ့အတွက်ထင်တိုင်း ခရီးမပေါက်။

"မင်္ဂလာဆည်ခံပွဲကို ဘုန်းတော်ကြီးကျောင်းမှာပဲ အကျဉ်းချုံးလုပ် မယ်။ ပြီးရင် မောင်မိုးတောက်တို့ မိသားစုနဲ့အတူ လိုက်နေ။ တခြား ဘာမှ စိတ်ပူစရာမလိုဘူး၊ သူတို့မိသားစုက စည်းကမ်းရှိတယ်။ အမှား လုပ်ရင်လည်း သူတို့ကပဲ ထိန်းသိမ်းသွားလိမ့်မယ်။ မောင်မိုးတောက်





တို့ မိသားစုနဲ့ပဲ အဆင်ပြေအောင် နေနိုင်ဖို့ပဲ အရေးကြီးတယ်"

အမုန်းနက် ဘာစကားမှ မပြောနိုင်ပါ။

ဘာကိုမှလည်း မတွေးနိုင်။

အဘိုးပြောသမျှလည်း မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်လို ငြိမ် သားထောင်နေမိ၏။ အမုန်းနက်ဘဝကို ဒီလိုပုံစံနှင့် ကြိုးကိုင်၍ သူတို့ လိုချင်သည့်ပုံ ကြိုက်သလို ဖန်တီးခဲ့ကြသည်မှာ အမုန်းနက်တစ်သက် ဖြစ်၍လည်း ထူးပြီး မအံ့သြမိတော့တာလည်း မေးလိုက်မိသည်။

သို့သော် အမုန်းနက်စိတ်ထဲမှာ ပြင်းထန်စွာ သိလိုသောအကြောင်း အရာကိုတော့ အဘိုးကို မေးဖြစ်အောင် မေးလိုက်မိသည်။

"အမုန်းနက်ကို တစ်ခုတော့ မေးခွင့်ပြုပါ အဘိုး၊ မယ်မယ်ကြီးရဲ့ ဘမ်းလှမ်းချက်ဆိုတာ ဘာကိုပြောတာလဲဆိုတာ အမုန်းနက်သိပါရစေ"

"သိတော့ ဘာလုပ်မှာလဲ အမုန်းနက်၊ အဲဒီမယ်မယ်ကြီးဆိုတာ အလကားနေရင်း ဘဝင်ရူးနေတဲ့ မိန်းမကြီး၊ ပြီးတော့ သူနဲ့ အမုန်းနက် ဆိုတာ ဘာမှမဆိုင်တာလည်း မဟုတ်ဘူး"

"သူနဲ့မဆိုင်ဘဲ ဘာဖြစ်လို့ အမုန်းနက်ကို လာတွေ့ရတာလဲ အဘိုး"

"ရှင်းရှင်းပြောရရင် ညည်းကို သူက ခေါ်သွားချင်တာ၊ ခွေမျိုး ချင်းချာထက် ဘယ်သူက ပိုကောင်းနိုင်မှာမို့လဲ အမုန်းနက်"

အမုန်းနက်ကို မယ်မယ်ကြီးက သူနဲ့အတူခေါ်သွားချင်သည် ဆိုပါလား။ အမုန်းနက် အကြားချင်ဆုံး စကားကို ကြားလိုက်ရ၍ စိတ်လှုပ်ရှားကာ ရင်ခုန်သံတွေ မြန်လာသည်။ စောစောကတည်းက ဒီတိုင်းကိုသိရင် ဖြစ်ချင်ရာဖြစ် အမုန်းနက် မယ်မယ်ကြီးနောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စိစုံမှိတ်ပြီး လိုက်သွားမိမှာပါ။

အခုတော့ အမုန်းနက်မှာ မယ်မယ်ကြီးနှင့်ပင် စကားကောင်းမ ပြောခွင့်မရလိုက်၍ ထိုမယ်မယ်ကြီးနောက်ကို ဘယ်လိုလိုက်သွားရမှ လည်းမသိ။ ဘိုးပြောသည့် ခွေမျိုးရင်းချာဆိုသည့်စကားကို အမုန်းန နားထဲမှာ ခါးနေသည်။

ဘယ်နေရာပဲ ဖြစ်ဖြစ်။

ဘယ်သူပဲဖြစ်ဖြစ်။

မဟူရာစံအိမ်ထက်တော့ မိုသာမည်ဟု ထင်သည့်အတွ အမုန်းနက် မယ်မယ်ကြီးဆိုသူရှိရာကို ပြေးသွားချင်မိသည်။

"ဘာမှလျှောက်တွေးမနေနဲ့ အမုန်းနက်၊ ညည်းဘဝဟာ ဒီအိ ကြီးနဲ့ ဒီပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ နေသားတကျဖြစ်နေပြီ။ ဒီ ဖြစ်အောင်လည်း ပုံသွင်းပေးထားတဲ့အတိုင်း နေထိုင်သွားလာရ ရှိတယ်"

"စိတ်အလိုလိုက်ပြီး တခြားအကုသိုလ်ဖြစ်မယ့် အရာတွေ လည်း ခေါင်းထဲ အဝင်မခံနဲ့၊ မောင်မိုးတောက်နဲ့ လက်ထပ်ပြ အကောင်းဆုံး အိမ်ရှင်မကောင်း ဖြစ်အောင်သာကြိုးစား"

"ဟင့်အင်း…"

အမုန်းနက် ဒေါက်တာမိုးတောက်ဆိုတဲ့ လူကို မယူနိုင်ဘူး

ဘိုးပြောတဲ့ အိမ်ရှင်မကောင်းဆိုတာလည်း 'သူ့လိုလူနဲ့ ဘ တော့မှ ဖြစ်လာနိုင်စရာ အကြောင်းမရှိဘူး။ ထိုစကားကို အမုန်းန စိတ်ထဲက အဘိုးကို ပြန်ပြောနေခြင်းဖြစ်သည်။

"ကဲ… ကဲ သွားနားတော့"





အဘိုးအခန်းထဲက ခံစားချက်မဲ့စွာ အမုန်းနက် ပြန်ထွက်လာခဲ့ သော်လည်း အမုန်းနက် စိတ်ဝိညာဉ်ကတော့ ဒီနေရာက အဝေးဆုံးသို့ ထွက်ပြေးလွတ်မြောက်လိုစိတ် ပြင်းထန်နေ၏။ သူမအိပ်ခန်းထဲ ပြန် ရောက်သည့် အချိန်အထိ အမုန်းနက် ခန္ဓာကိုယ်က ထုံထိုင်းလေးလံ နေ၏။

အိပ်ရာပေါ်သို့ အမုန်းနက်ကိုယ်ကို ခံစားချက်မဲ့စွာ 'ပစ်လှဲချ လိုက်ချိန်ကြမှ အမုန်းနက်မျက်ဝန်းထဲ ဒေါက်တာမိုးတောက်မျက်နှာကြီး ဘွားခနဲ ရောက်လာ၍ ထိတ်လန့်တုန်လှုပ်သွားသည်။

ဘုရား… ဘုရား။

ဒီလို ရွံ့စရာ၊ မုန်းစရာကောင်းတဲ့လူကြီးနဲ့ အိပ်ရာတစ်ခုတည်းမှာ အတူအိပ်ရတော့မှာပါလား။ အတွေးနှင့် လူတစ်ကိုယ်လုံး လှုပ်လှုပ် ရှားရှားဖြစ်သွားကာ အိပ်ရာမှ ဝုန်းခနဲ ခုန်ထလိုက်မိသား ဖြစ်သွားသည်။ ဖြူစင်သန့်ရှင်းသော အမုန်းနက် ဘဝလှလှလေးကို 'မည်းညစ်၍ ရုပ်ဆိုး တုံးတန်သော မှောင်မိုက်ခြင်းထဲမှာ ဖြစ်ချင်ရာဖြစ်ဆိုပြီး မျက်စိ မှိတ်ပစ်လိုက်ရအောင် အမုန်းနက် မမိုက်မဲသေးပါ။

သူတို့စီစဉ်သမျှ ဘာခံစားချက်မှ မရှိသလို အမုန်းနက်လိုက် လျောမ်နိုင်။ အမုန်းနက်ဆိုတာ ခံစားချက်မဲ့နေသော စက်ရုပ်လည်း မဟုတ်။

သူမ တစ်ခုခုတော့လုပ်မှ ဖြစ်တော့မည်။

ထိုတစ်ခုခုမှာ ဘာဆိုသည်ကိုက သူမကိုယ်တိုင်လည်း သေချာမသိ သော၍ ထိုညတစ်ညလုံး အမုန်းနက်ဘယ်လိုမှ အိပ်မပျော်။ အရုဏ်တက်ချိန် အထိ အမုန်းနက်အတွေးက ဦးတည်ရာမဲ့ ပျံ့လွင့်နေသည်ကို ထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



မရဘဲ ဖြစ်နေ၏။

သေချာသည်က ဒေါက်တာမိုးတောက်ကို မည်သည့်နည်းနှင့်
အမုန်းနက် လက်မထပ်နိုင်ခြင်း ဖြစ်သည်။ ထိုစကားကို ဘိုးနှင့်ဘွား
အမုန်းနက်သွားပြောလျှင် သူတို့က လက်ခံကြမှာမဟုတ်။ အမုန်းန
မှာ သူတို့လက်က လွတ်မည့်နည်း တစ်နည်းပဲရှိသည်။ ထိုနည်း
တခြားမဟုတ်။

ဤမဟူရာစံအိမ်ကြီးနှင့် အဝေးဆုံးသို့ အမုန်းနက် ထွက်ပြေး
ဖြစ်သည်။

ဟုတ်သည်။

အားလုံးနှင့်ဝေးရာသို့ အမုန်းနက် ထွက်ပြေးမှ ဖြစ်တော့မည
စိတ်ကူးဖြင့် ဤအိမ်ကြီးထဲက အမုန်းနက် ထွက်ပြေးကြည့်သည
အမုန်းနက်မှာ ပြေးစရာမရှိ။ အသိအကျွမ်း အပေါင်းအသင်းလည
မရှိ။ စုဆောင်းထားသည့် ငွေမှာလည်း ငွေတစ်သောင်းပဲ ရှိသည
ထိုငွေနှင့် ဘာမှလုပ်လို့မရ။

ဘယ်အရပ်ကိုမှ မသွားတတ်သလို ဘယ်ကိုမှ မရောက်ဖူးသေ
အမုန်းနက်အဖြစ်က စိတ်ကူးထဲမှာပင် ဖြစ်မြောက်အောင်မြင
အိမ်ပြေးသူတစ်ယောက် ဖြစ်မလာဘဲ ညှိုးငယ်နွမ်းလျှစွာ ဤမဟူ
စံအိမ်ကြီးရှိရာသို့ ပြန်လာရမည့်သူဖြစ်သည်။

အတွေးနှင့် နာကျည်းခါးသီးစွာ သူမ ပြုံးလိုက်သည်။ ထို့နော
သူမအဖြစ်ကို မခံစားနိုင်သလို အိပ်ရာထက်မှာ လူးလိမ့်၍ က
တစ်ယောက်လို အသံထွက်၍ ကျိတ်မနိုင်ခဲမရစိတ်နှင့် အားပါး
ငိုချပစ်လိုက်မှ မောမောနှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွား၏။





အိပ်ရာကနိုးတော့ မိုးစင်စင်လင်းနေပြီဖြစ်သလို ချောက်ချားဖွယ်ရာ အတွေးတစ်သီတစ်တန်းကြီးသည်လည်း အမုန်းနက် အတွေးအာရုံကို ပြန်လွှမ်းမိုးလာသည်။ အမုန်းနက် မျက်နှာသစ်၊ ရေချိုး၊ အဝတ်လဲ၊ မနက်စာ စား၊ ဘာအလုပ်ပဲလုပ်လုပ် တစ်ချိန်လုံး ဤအိမ်ကြီးထဲက ထွက်ပြေးလွတ်မြောက်ရန်ကိုသာ ကျိတ်တွေးနေမိသည့်အတွက် အမုန်းနက်ကိုယ် အမုန်းနက် ဘာတွေလုပ်မိ၍ လုပ်မိမှန်းမသိ ဖြစ်နေ၏။

"အမုန်းနက်"

"ရှင်"

"နေမကောင်းဘူးလား"

ဘွားစကားကြောင့် အမုန်းနက် မှုပျက်နေတာ အဘွားသိသွားပြီဆိုသည့်အတွေးနှင့် ကိုယ့်ကိုကိုယ် ချက်ချင်း ဘာမှမဖြစ်သည့် ဟန်အမူအရာဖြစ်အောင် ဖွတ်အတင်းကြိုးစားအားထုတ်မိသည်။

"အမုန်းနက် ဘာမှမဖြစ်ဘူး ဘွား"

"အမုန်းနက်ကို ဆေးတစ်ခွက်လောက် အခုကတည်းက ကြို တိုက်ထားလိုက် မစိန်"

"ဟုတ်ကဲ့"

ဘွားအမိန့်ကြောင့် ဆေးမသောက်ချင်ဘဲ ဒေါ်စိန်ယူလာသည့် ဆေးကို သောက်လိုက်ရသည်။

"စိတ်ချမ်းချမ်းသာသာ နေပါကွယ်၊ ဒေါက်တာမိုးတောက် အိမ်ကို ရောက်ပြီးရင်လည်း ဒီကိုတော့ လာလည်ပေါ့"

ဒေါ်စိန်က သူပြောချင်တာ ပြောနေပေမဲ့ အမုန်းနက်နားထဲ ဘာတစ်ခုမှ မဝင်။ စိတ်ထဲမှာတော့ ဒေါက်တာမိုးတောက်အမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြားတိုင်း ကျောရိုးတစ်လျှောက် စိမ့်ခနဲ့စိမ်ခနဲ့ ဖြစ်သွားတာကိုသာ အာရုံရောက်နေသည်။

လောကကြီးထဲမှာ အလွန်ရှုံ့မှုန်းစရာကောင်းသည့် လူကို ဘာကြောင့် အမုန်းနက် လက်ထပ်ရမည်နည်း။ အိပ်ရာထဲ အတူအိပ်ဖို့ မဆိုထားနှင့် သူ့အသားနှင့် အမုန်းနက်အသား ထိမှာကိုပင် အော့နှလုံး နာလှသည့်အဖြစ်ကို မည်သူမှ နားမလည်။

ရုတ်တရက် မယ်မယ်ကြီး၏ သနားကြင်နာတတ်သော မျက်ဝန်း အစုံကို ပြန်မြင်ယောင်လာသည်နှင့် အမုန်းနက်ခေါင်းထဲ အကြံတစ်ခု လက်ခနဲ ရောက်လာသည်။

"ဟိုမယ်မယ်ကြီး နာမည်က ဘယ်သူလဲဆိုတာ ဒေါ်စိန် သိလားဟင်"

အချိုသာဆုံးနှင့် အမုန်းနက် သိချင်တာကို ဒေါ်စိန်ကို မေးလိုက် တော့ ဒေါ်စိန်က ခေါင်းခါသည်။

"သူ့နာမည်ကို ဒေါ်စိန် မသိပါဘူး အမုန်းနက်ရယ်၊ ဒါပေမယ့် မမပုကို သွားမေးရင် ပြောများပြောမလား မသိဘူး"

ဒေါ်ပုအမည်ကြောင့် အမုန်းနက် ရင်မောသွားသည်။ ဒေါ်ပု အကြောင်း အမုန်းနက် သိသည်။ မယ်မယ်ကြီး အမည်ကိုသိလည်း ဘွားလူဖြစ်သည့်အတိုင်း ပြောပြမည့်လူမျိုး မဟုတ်။ တခြားလည်း အားကိုးရာမမြင်သဖြင့် ဒေါ်စိန်ကိုပဲ အကူအညီ ဆက်တောင်းရမည်။

"အမုန်းနက်က မေးခိုင်းတာလို့ ဒေါ်ပုကို မပြောနဲ့နော် ဒေါ်စိန် သူက ဘွားလူဆိုတော့ အမုန်းနက် မေးခိုင်းတာဆိုရင် ဒေါ်စိန်ကို ဘာမှပြောမှာ မဟုတ်ဘူး"





"အမုန်းနက် နာမည်မပါဘဲ ဒေါ်စိန်ဘာသာ သိချင်လို့ပါဆိုပြီး မသိမသာ မေးကြည့်လိုက်မယ်လေ။ အဲဒီမယ်မယ်ကြီး နာမည် ဘယ်သူလဲဆိုတာ ဒေါ်စိန်လည်း သိချင်တယ်"

"သူ့ကိုယ်မှာ ဝတ်ထားတဲ့ စိန်တွေဆိုတာ ဒေါ်စိန်ဖြင့် တစ်ခါမှ မမြင်ဖူးဘူး။ ခဏစောင့်နော် အမုန်းနက် ဒေါ်စိန်ပြန်လာခဲ့မယ်"

ဒေါ်စိန်ထွက်သွားသည့် ခဏက အမုန်းနက်အတွက် နာရီပေါင်း များစွာ အချိန်ကြာမြင့်သွားသည်ဟု ထင်မိသည်။ အမုန်းနက် သိချင် တာကို ဒေါ်ပု ပြောမှပြောလိုက်ပါမလားဟု ရင်တထိတ်ထိတ်ခုန်နေ ချိန်မှာ ပြုံးရွှင်သောမျက်နှာနှင့် ဒေါ်စိန် ပြန်ရောက်လာသည်။

"ဒီမှာ အမုန်းနက်အတွက် လက်ဖက်သုပ် ချည်ငံစပ်လေး သုပ်လာတယ် စားဦး"

"အဲဒါက အရေးမကြီးပါဘူး ဒေါ်စိန်ရယ်။ ဟိုမယ်မယ်ကြီး နာမည်က ဘယ်သူတဲ့လဲ"

"သူ့နာမည်ကို မသိခဲ့ရပါဘူး အမုန်းနက်ရယ်။ အဲဒီအဘွားကြီး အကြောင်း စကားစရုံ ရှိသေးတယ် မမပုက ညည်း ဘာလုပ်မလို့လဲ၊ သူ့အကြောင်း ငါ့ရှေ့မှာ မပြောနဲ့ဆိုပြီး စကားကို တစ်ခါတည်း ပိတ်ပစ်တာ"

ဒေါ်စိန့်စကားကြောင့် အမုန်းနက် ရင်ထဲက မျှော်လင့်ချက်လေး ပြိုကွဲသွားကာ ရှေ့ဆက်ဘာလုပ်ရမှန်းလည်း မသိဖြစ်သွားသည်။

"ဒေါ်စိန်က အဲဒီမယ်မယ်ကြီး ဝတ်ထားတဲ့ အဝတ်တွေက သိပ်လှလို့ပါ။ စိန်တွေကိုလည်း တစ်ခါမှမမြင်ဖူးလို့ ပြောတာပါဆိုမှ မမပုက တော်ဝင်သူဌေးမကြီးလို့ပြောတာ အမုန်းနက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ဝင်သူဌေးမကြီး ဟုတ်လား"

"ပန်းနုရောင် ဟုတ်လား ဒေါ်စိန်"

"ဟုတ်တယ် အမုန်းနက်၊ ဒါကြောင့် သူ ဒီကိုလာတုန်းက ပန်းနုရောင်ကလို့ ပြောတာကိုးလို့၊ အခုမှ ဒေါ်စိန်လည်း နားလည်တော့တယ်"

ပန်းနုရောင်စံအိမ်ကြီး၏ သခင်မ။

"ဒေါ်စိန်တို့က မသိတာ၊ ပန်းနုရောင်စံအိမ်ကြီးကို လူတိုင်းသိတယ်လို့ မမပုက ပြောတယ်"

"လက်ဖက်သုပ်စားဦးလေ အမုန်းနက်"

"အင်းပါ"

ဒေါ်စိန် ကမ်းပေးသည့် လက်ဖက်သုပ်ပန်းကန် အမုန်းနက် လက်ထဲ ရောက်လာပေမယ့် လက်ဖက်သုပ်အရသာက ဘာမှန်းမသိ။ ပန်းနုရောင်စံအိမ် အရှင်သခင်မကိုသာ စိတ်ဝင်စားနေမိသည်။ တကယ် တော့ ထိုအမည်ကို အမုန်းနက် ကြားဖူးသလိုလို ရှိသည်။ သို့သော် ဘယ်မှာ ကြားဖူးမှန်းမသိ။

"အဲဒီ မယ်မယ်ကြီးက သူ့အိမ်ကြီးမှာ နေတာပေါ့နော် ဒေါ်စိန်"

"အခုလောလောဆယ် အဲဒီအိမ်ကြီးမှာ မနေဘူး။ ငွေဝတ်မှုံ ဆိုတဲ့ စံအိမ်ကြီးကို ခဏလာလည်နေတာလို့ ပြောတယ်"

"ငွေဝတ်မှုံစံအိမ်ဆိုတာကရော ဘယ်နေရာမှာလည်း ဒေါ်စိန်"

စိတ်အားထက်သန်ခြင်း များစွာကြောင့် အမုန်းနက်မျက်နှာမှာ သွေးရောင်လွှမ်းလာသည်။





"ဒေါ်စိန် ကြားဖူးတာကတော့ ငွေဝတ်မှုံစံအိမ်ဆိုတာ ပုံပြင်ထဲက ခဲတိုက်ကြီးတစ်ခုလို သိပ်ခမ်းနားကြီးကျယ်တယ်လို့ ပြောကြတာပဲ။ နေရာကတော့ ဒီကနေ့ တော်ကော်အလှမ်းဝေးတဲ့ တောင်ကြားလမ်းထဲက တုန်းမြင့်ကြီးပေါ်မှာလို့ ပြောကြတယ်"

"အဲဒီနေရာကို တခြားလူတွေ သွားချင်တိုင်း သွားလို့မရဘူး။ သူတို့ ဆွေစဉ်မျိုးဆက် ပိုင်ဆိုင်ကြတဲ့ သူကြွယ်တွေချည်း နေထိုင်တဲ့ နေရာလို့ ဆိုရမှာပေါ့ အမုန်းနက်ရယ်"

လက်ရှိ မဟူရာစံအိမ်ပိုင်ရှင် ဘိုးနှင့်ဘွား ချမ်းသာကြွယ်ဝတာကို တစ်မြို့လုံး သိကြသလို ငွေဝတ်မှုံစံအိမ်ကြီး၏ ကြီးကျယ်ခမ်းနားမှု အလည်း လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားကာ သတင်းစကားတစ်ပုဒ် ဖြစ်ကြောင်း ဒေါ်စိန်က အမုန်းနက်ကို ဆက်ပြောပြနေ၏။

အမုန်းနက်ကတော့ ငွေဝတ်မှုံစံအိမ်ကြီးအကြောင်း ဘာတစ်ခုမှ သိ။ အခုမှ ကြားဖူးခြင်းဖြစ်၍ ဒေါ်စိန်ပြောသမျှ တအံ့တသြ းထောင်နေမိသည်။ ဒေါ်စိန် ပြောပြသော ငွေဝတ်မှုံစံအိမ်ကြီးက အမုန်းနက်စိတ်ကူးကို စိုးမိုးနေရာယူလာသည်။ အထူးသဖြင့် အမုန်းနက် ဘဝကို ကယ်တင်နိုင်မည့် မယ်မယ်ကြီးက အမုန်းနက်၏ တစ်ခုတည်း သော အလင်းရောင်ဖြစ်သည်။

သွားမည်။

ထိုနေရာ၊ ထိုစံအိမ်ကြီးရှိရာ သို့မဟုတ် အမုန်းနက်ဘဝကို ဒေါက်တာမိုးဘောက်ဆိုသည့် အိမ်ထောင်ရေးငရဲစခန်းမှ ကယ်တင် ည့်သူ ရှိရာသို့ အမုန်းနက် ရောက်အောင်သွားကို သွားရမှ ဖြစ်တော့ ည်။



www.burmeseclassic.com

www.burmeseclassic.com



ငရဲတိုက်ကြီးနှင့်တူသော မဟူရာစံအိမ်ကြီးနှင့် အဝေးဆုံးမှာ အမုန်းနက်ကို ကယ်တင်မည့်သူ ရှိနေသည်။ ပိုက်ဆံအိတ်ထဲကို သူမမှာ ရှိသည့် ငွေကို စုထည့်သည်။ ထိုငွေက အမုန်းနက်ကို သူမ အလွန် ရောက်ချင်သည့် ငွေဝတ်မှုံစံအိမ်ကြီး ရှိရာသို့ ရောက်အောင်ပို့ဆောင် ပေးမည့် ငွေဖြစ်သည်က သေချာသဖြင့် အမုန်းနက်ရင်ထဲ ပေါ့ပါးသွား သည်။



## အခန်း (၃)

ဒေါက်တာမိုးတောက် မဟူရာစံအိမ်ကို ရောက်လာသည်။ တစ်ခါတော့ သူနှင့်အတူ မြို့ထဲ လျှောက်လည်တာကို မငြင်းဘဲ နှုန်းနက် လက်ခံလိုက်သည်။ ဘိုးနှင့်ဘွား အစီအစဉ်ဖြင့် မကြာမီ နှုန်းနက်နှင့် ဒေါက်တာမိုးတောက်တို့ စေ့စပ်တော့မည်။ ရက်နီးလာပြီ ဖြစ်၍ ဘိုးနှင့်ဘွားက ဒေါက်တာမိုးတောက်နှင့် အမုန်းနက်ကို အတူ သွားလာခွင့် ပေးထားတာကို အခွင့်ကောင်းယူပြီး သူမ ဤအိမ်ကြီးက ထွက်ပြေးခွင့်ရအောင် ကြံစည်အားထုတ်နေကြောင်းကို မည်သူမှ မရိပ် မိချေ။

ဒေါက်တာမိုးတောက်၏ ဆက်ဆံပုံမှာလည်း အရင်ကနှင့်မတူ။ စိမ်းမှုပြောင်းလဲလာကာ အမုန်းနက်ကို သူပိုင်ပစ္စည်းတစ်ခုလို ပိုင်စိုး နှင်း ပြုမူပြောဆိုလာတာ သတိထားမိခြင်းနှင့်အတူ အမုန်းနက်မှာ မျက်နှာကို မကြည့်ချင်လောက်အောင် ပို၍ ရွံမုန်းလာသည်။

နေရာတကာ အမုန်းနက်ကို ဆရာလုပ်လာသည်။ ဟိုဟာ လုပ်ရ၊ ဒီဟာ မလုပ်ရ ဆိုသည့် အမိန့်တွေ တသီကြီး ထုတ်ပုံက



www.burmeseclassic.com

www.burmeseclassic.com



ဘိုးနှင့်ဘွားအတိုင်းပင် ဖြစ်သည်။ ဒီလိုလူတွေနှင့် တစ်သက်လုံး အတူနေရတော့မှာပါလားဟု တွေးမိတိုင်း နှလုံးသားက ခါးသက်လာ၏။

ရင်တစ်ခုလုံး တင်းကျပ်လာ၏။

ဖြစ်နိုင်လျှင် အမုန်းနက်တို့အနားက ဖြတ်မောင်းသွားသည့် ကားအောက်သို့ သူ့ကိုယ်ကြီးကို တွန်းထည့်ပစ်ချင်စိတ်ပင် ဖြစ်သည်။

"ကိုယ်တို့ လက်ထပ်ပြီးရင် ဘယ်လောက် ပျော်စရာ ကောင်းမလဲဆိုတာ တွေးမိလား အမုန်းနက်"

"ဟင့်အင်း"

အမုန်းနက် သွက်လက်စွာ ဦးခေါင်းကို ခါယမ်းပစ်လိုက်တော့ သူက အမုန်းနက် တစ်ကိုယ်လုံးကို စူးရဲသော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး ဘာကို သဘောကျမှန်းမသိ အသံကျယ်ကြီးနှင့် အော်ဟစ်ရယ်မောလိုက်၍ အမုန်းနက်လန့်သွားသည်။ သူမစကားထဲမှာ ရယ်စရာပါ။

"ကိုယ်ကတော့ မင်းအကြောင်း နေ့တိုင်းတွေး နေရတာကိုက အလုပ်တစ်ခုပဲ"

သူဘာတွေ တွေးနေလဲဆိုတာကို အမုန်းနက် မသိချင်။ ကြားလည်း မကြားချင်၍ စကားလမ်းကြောင်း လွှဲသည့်အနေဖြင့် သူ့ကားကို ရုပ်မြတ်ကက်တစ်ခုရှေ့မှာ ရပ်နိုင်းလိုက်သည်။

"ဘွားတို့အတွက် မုန့်ဝယ်ဦးမယ်"

"ဝယ်လေ မင်းအတွက်လည်း ကြိုက်တာယူ"

အမုန်းနက် ဘာမှ မပြောဘဲ သူလိုချင်သည့် ပစ္စည်းတွေ လျှောက်





ကြည့်ရင်း အချိန်ဖြုန်းနေသည်။ သူလစ်တာနှင့် ဒီနေရာက အမုန်းနက် ထွက်ပြေးရမည်။ ဤကား အမုန်းနက်၏ စိတ်ကူးဖြစ်သည်။ ကံကောင်းချင်တော့ ဒေါက်တာမိုးတောက်ကို သူ့မိတ်ဆွေဟစ်ယောက်ဘရင်းတန်း နှုတ်ဆက်စကားပြောနေ၍ အမုန်းနက်နောက်ကို အတူလိုက်ပါနိုင်ဘဲ မျက်ခြည်ပြတ်သွားသည်။

ရလာသည့်အခွင့်အရေးကို အမုန်းနက် အသုံးချကာ ဆိုင်ထဲက အပြင်ကို ခြေလှမ်းသွက်သွက်ဖြင့် တအားပြေးထွက်ခဲ့သည်။

လွတ်ပြီ။

ကျွတ်ပြီ။

အမုန်းနက်ကို ဘယ်သူမှ မနောက်နိုင်တော့ သူမိတ်ဆွေနှင့် စကားပြောနေစဉ်တစ်လျှောက်လုံး အမုန်းနက်ကို သူ အမှတ်ရမည် မဟုတ်တော့။ သူဝါသနာပါသည့် ဆေးပညာအကြောင်း ပြောရလျှင် ဒေါက်တာမိုးဟောက်ဆိုသည့်လူက ထမင်းမေ့ဟင်းမေ့ အရာရာကို မေ့သူဖြစ်ကြောင်း ဘိုးထံမှ မကြာခဏ ကြားနေရခြင်း ဖြစ်ပါသည်။

"ဟော... ဟိုမှာ... တောင်ကြားစခန်းကို သွားမယ့်ကား ပါလား"

တောင်ကြားစခန်းသို့ဟု ရေးထားသည့် ကားရှိရာသို့ အမုန်းနက် ပြေးသွားသည်။

"ဟိုး... ရပ်ပါ... ရပ်ပါ အမုန်းနက် ရှင်တို့ကားနဲ့ လိုက်ချင်လို့"

ထွက်စပြုနေသောကားက အမုန်းနက်အော်သံကြောင့် ရပ်သွားပြီး အမုန်းနက် ကားပေါ်ရောက်မှ နေရာက မောင်းထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ခြင်း၏ အစခရီးဖြစ်ပါလားဟု တွေးမိသည်နှင့် အမုန်းနက် စိတ်ထဲ ပေါ့ပါးသွားသည်။

"ဘယ်သွားမှာလဲ ကလေးမ"

"တောင်စခန်းမြို့က ငွေဝတ်မှုံစံအိမ်ကိုပါ"

"မင်းပြောတဲ့ နေရာထိတော့ မရောက်ဘူး။ အနီးဆုံးနေရာမှာ ကားရပ်ပေးမယ် ဟုတ်လား"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ဘယ်ကိုပဲ ရောက်ရောက်"

အခုချိန်မှာ အမုန်းနက်က လေနှင်ရာ လွင့်သူတစ်ယောက်လို မဟူရာစံအိမ်ကြီးနှင့် ဒေါက်တာမိုးတောက်ဆိုသူ လက်ထဲ ပြန်မရောက်လျှင် ပြီးရော။ ခြေဦးတည့်ရာ သွားနေတော့မည့် ခရီးသည်မလေး အဖြစ် ပြောင်းလဲသွားပြီ ဖြစ်သည်။

ဒေါက်တာမိုးတောက် စကားပြောလို့ဝလျှင် အမုန်းနက်ကို လိုက်ရှာလိမ့်မည်။ ရှာလို့မတွေ့လျှင် ဒေါသဖြစ်ဖြစ်နှင့် မဟူရာစံအိမ်ကို ပြန်သွားမည်။ အမုန်းနက်နှင့် လူချင်းကွဲသွားကြောင်း၊ အိမ်ပြန်ရောက် ပြီဟု ထင်သဖြင့် ပြန်လာကြောင်း ဘွားကို ပြောမည်။

အမုန်းနက် မဟူရာစံအိမ်ကို ပြန်ရောက်မလာတာသိလျှင် မဟူရာစံအိမ်ကြီးမှာ ဘာတွေဆက်ဖြစ်လာမည်မသိ။ မသိချင်။ သေချာ သည်က အမုန်းနက်ကို တွေ့သည့်အချိန်၊ တွေ့သည့်နေရာမှာ ဖမ်းချုပ်ပြီး ပြင်းထန်သော ပြစ်ဒဏ်ပေးမည် ဖြစ်သည်။

သူမ ဘာကိုမှ မစဉ်းစားတော့။ တောင်းသမျှ ပိုက်ဆံကို ပေး လိုက်သည်။

တရိပ်ရိပ်ပြေးနေသော ကားပေါ်မှာ တခြားခရီးသည်တွေနှင့် အတူ





ပါလာရင်း ရင်တထိတ်ထိတ် ခုန်နေသည်။ ခေါင်းပေါ်ရှိ ဆံပင်နှင့် အလစ်တို့မှာ ဖရိုဖရဲဖြစ်နေရုံသာမက အမုန်းနက် မျက်နှာမှာလည်း ပြေရသွားရ။ စိတ်လှုပ်ရှားရန်နှင့် သွေးရောင်ဖြင့် ရဲမည်ဖြစ်ကြောင်း အလိုလို သိနေ၏။ ဘွားသာ အမုန်းနက်အဖြစ်ကို မြင်လိုက်ရလျှင်တော့ အကြီးအကျယ် ဒေါသအိုးပေါက်ကွဲပေလိမ့်မည်။

"တစ်ယောက်တည်းလား ကလေးမ"

"ဟုတ်ကဲ့"

အမုန်းနက်နားက ခရီးသွားဖော် အမျိုးသမီးကြီးက အမုန်းနက်ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း မေးလိုက်ခြင်း ဖြစ်သည်။ ထိုအကြည့်ကြောင့် အမုန်းနက်ကိုယ်တိုင် လိပ်ပြာမလုံ ဖြစ်သွားသည်။ တခြားခရီးသည် အားလုံးမှာ အထုပ်အပိုးကိုယ်စီပါသော်လည်း အမုန်းနက်မှာ တခြား ဘာမှ မပါ။

ခရီးသည်တင်ကားနှင့် ခရီးသွားဖူးသည်မှာလည်း အမုန်းနက် ဘဝမှာ ဒါပထမဆုံးအကြိမ်ဖြစ်၍ ကိုယ်မသိသော သူစိမ်းများ အလယ်မှာ သူမတစ်ယောက်တည်း စိတ်အားငယ်နေမိသည်။

"အရင်က ခရီးမသွားဖူးဘူးလား"

"ရှင်"

"ရော့... မောလာရင် ဒီမှာရေသောက်"

"ကျေးဇူးတင်ပါတယ်ရှင်၊ အမုန်းနက် ရေမဆာလို့ မသောက် တော့ပါဘူး"

"ဒါဆိုလည်း ပြီးရော"

မိန်းမကြီးက အမုန်းနက် ငြင်းလိုက်၍ သူ့ရေဗူးကို သူ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



မော့သော်ကပ်ပြီး ပြန်သိမ်းလိုက်သည်။ အမုန်းနက်အတွေးထဲ ငွေဝတ်မှုံ ရောက်လာသည်။ ကိုယ့်သဘောနှင့်ကိုယ် မဟူရာစံအိမ်ကို ကျောခိုင်း ထွက်ပြေးလာသည်။ သူမကို ကြိုဆိုလက်ခံမည့်သူက မည်သူနည်း။

အမုန်းနက်စိတ်ထဲ မယ်မယ်ကြီးမျက်နှာပေါ်လာသည်။ အမုန်းနက် မဟူရာစံအိမ်ကြီးထဲက ထွက်ပြေးပြီး သူ့ထံရောက်လာလျှင် အံ့သြနေမှာ သေချာသည်။ အမုန်းနက်ကို အလွယ်တကူ လက်ခံပါ့ မလား မသိ။ ဘိုးနှင့်ဘွားကြောင့် မဟူရာစံအိမ်ကိုများ အမုန်းနက်ကို မယ်မယ်ကြီး ပြန်ပို့မည်ဆိုလျှင် မဟူရာစံအိမ်ကို အမုန်းနက် မပြန်။ မယ်မယ်ကြီး လက်မခံလျှင် သူမဘာသာ ခြေဦးတည့်ရာ လျှောက်သွား မည်ဟု ဆုံးဖြတ်သည်။

အိုး… မယ်မယ်ကြီးဟာ ကြင်နာတတ်တဲ့ အမျိုးသမီးကြီးပါ။

အမုန်းနက်ကို မဟူရာစံအိမ်ကို ပြန်ပို့မယ် မထင်ပါဘူး။ ထိုသို့ တွေးလိုက်မှ အမုန်းနက်ရင်ထဲ စိတ်သက်သာရာ ရသွားကာ သက်ပြင်း ချလိုက်သည်။ ခရီးသွားဖော် အမျိုးသမီးကြီးက စိတ်သဘောထား ကောင်းသူဖြစ်ပြီး အမုန်းနက်ကို သနားကြင်နာစွာ ဂရုစိုက်၍ ထို အမျိုးသမီးကြီးကို ကျေးဇူးတင်မိသည်။

ဒီလိုခရီးသွားဖော်မျိုးသာ အမုန်းနက်မှာ ရှိနေလို့ကတော့ ဘယ်လိုခရီးပဲ သွားရသွားရ၊ စိတ်ချမ်းသာရမှာ သေချာသည်။ သူဘယ်သူ ဖြစ်ဖြစ် အမုန်းနက်အတွက် အရေးမကြီး။ အပြုံးနှင့်ဖော်ရွေသော မျက်နှာက အမုန်းနက်အတွက် ကြည်နူးချမ်းမြေ့မှုကို ပေးနိုင်စွမ်း ရှိသည်။

ကားက မည်းနက်ကောက်ကွေးသော လမ်းအတိုင်း တရိပ်ရိပ်





ပြေးနေတာကိုကြည့်ပြီး အမုန်းနက်ရင်ထဲ ပေါ့ပါးစွာ ပျော်ရွှင်လာသည်။ မဟူရာစံအိမ်ကြီးနှင့် ဝေးရာကို ရောက်လေ ငွေဝတ်မှုံစံအိမ်ကြီးနှင့် နီးလာလေဖြစ်သည်။ မြန်နိုင်သမျှ မြန်ဆန်စွာ ရောက်သွားလျှင် ပို၍ပင်ကောင်းမည်ဟု တွေးရင်း အမုန်းနက် စိတ်လှုပ်ရှားလာသည်။

သို့သော် အမုန်းနက် စိတ်လှုပ်ရှားမှုနှင့် ပျော်ရွှင်မှုက ကြာရှည် ခံ။ ငွေဝတ်မှုံအိမ်ကြီးကို ရောက်သွားလျှင် သူမ ဘာလုပ်ရမည်နည်း။ အစောင့်ကို ပွန်းနုရောင်က မယ်မယ်ကြီးနှင့် တွေ့ချင်လို့ပါဟု ပြောလျှင် သူမကို သူကြည်ဖြူစွာ လက်ခံပါမလားဟု တွေးပူလာသည်။

လက်ခံသည် ဖြစ်စေ။

လက်မခံသည် ဖြစ်စေ အမုန်းနက်မှာ တခြားနည်းလမ်းလည်း မရှိတော့။ ဖြစ်လာသမျှကို ရဲရင့်ပြတ်သားစွာ ရင်ဆိုင်ရုံသာ ရှိသည်။ ဒါ့အပြင် မရှိ။

"ဟိုး… လူတစ်ယောက်ဆင်းဦးမယ် ဆရာ"

"ကျွိ"

ကားက လမ်းဘေးနားကပ်ပြီး ကျွီဆိုရပ်သွားသည့်အချိန်အထိ အမုန်းနက် အတွေးက မရပ်သေး။

"ထင်းရှူးတောင်ကြားလမ်းကို သွားမယ့်ခရီးသည် ဒီနေရာမှာ ဆင်းမယ်"

"ဟိုကလေးမ မင်းသွားမယ့်ခရီးက ဒီမှာတင်ဆုံးပြီ။ ကျန်တဲ့ ခရီးကို ကိုယ့်ဘာသာ ဆက်သွားတော့"

အမုန်းနက်က တည့်တည့်ပြောမှ ရိပ်မိသူဖြစ်သည်။ ဒရိုင်ဘာ ကြီးနှင့် ကားစပယ်ယာတို့ သူမကိုကြည့်ပြီး တည့်တည့်ပြောမှ ရပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ကားပေါ်က အမုန်းနက် ကမန်းကတန်း ဆင်းလိုက်ရသည်။

"ဆွဲ ဆရာရေ"

အမုန်းနက် ကားအောက်ရောက်သည်နှင့် ကားကြီးက သူ သွား မည့် ခရီးကို ဆက်လက်ထွက်ခွာသွား၏။ အမုန်းနက် တစ်ယောက်တည်း မည့်သည့်ခရီးသွားဖော်မှ မရှိဘဲ သူမတစ်ယောက်တည်း အူကြောင် ကြောင်လေး ကျန်ခဲ့သည်။

သူမ ဘာလုပ်ရမည်နည်း။

အနီးအနားမှာ တောင်ကြားလမ်းအကြောင်း မေးမြန်းစုံစမ်းရမည့် သူလည်း မရှိ။ ဟိုဟိုဒီဒီ အကြည့်ကိုရွေ့ပြီး ပတ်ဝန်းကျင်ကို ကြည့် လိုက်မှ တောင်ကြားလမ်းသို့ ရေးထားသည့် လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရ၍ အားတက်သွားသည်။ မြားပြထားသည့် လမ်းအတိုင်း အမုန်းနက် စတင်လျှောက်ခဲ့သည်။ လက်ထဲမှာ လက်ကျန်ငွေ အနည်း ငယ်ပါသည့် ပိုက်ဆံအိတ်လေးမှ လွဲပြီး အမုန်းနက်မှာ ဘာဆို ဘာ မပါ။ ရည်မှန်းချက်အတိုင်း သတ္တိရှိရှိ ဆက်လုပ်ရန်သာ ရှိသည်။

မဟူရာစံအိမ်ကြီးရှိရာသို့ နောက်ပြန်ထည့်ဖို့ စိတ်ကူးပင် မရှိ ရှေ့သို့ ခြေတစ်လှမ်းတိုးနိုင်လေ သူမသွားချင်သည့် ခရီးက ပိုနီးလာလေ ဖြစ်သည်။ ခရီးလမ်းက အမုန်းနက်ထင်ထားသလို လွယ်ကူသော ခရီးမဟုတ်။ ခြေလှမ်းကို တတ်နိုင်သမျှ ကြိုးစားပြီး လျှောက်နေသော် လည်း အမုန်းနက် စီးလာသည့် ဖိနပ်က နူဖက်လှသော အမုန်းနက် ခြေထောက်ကို ဒုက္ခဖြစ်စေသည်။

ဖိနပ်နှင့် အရေပြား ပွတ်တိုက်မိတိုင်း နာကျင်မှုက အမုန်းနက် ရင်ကို လာလာဆောင့်သည်။ ဖိနပ်ချွတ်ပြီး လက်မှကိုင်ပြီး ဆက်





လျှောက်ပြန်တော့လည်း အဆင်မပြေ။ ခရီးက မြေပြန့်ခရီး မဟုတ်။ တောင်တက်ခရီးလမ်းဖြစ်၍ ခရီးပြင်းမသွားဖူးသော အမုန်းနက်၏ အငွေ့အကြဲ့က ဒီနေရာမှာ စကားပြောလာသည်။

ခြေဖဝါးက နာလာသည်။

ရေက ဆာလာသည်။

ယူက မောလာသည်။

အိမ်ထဲမှာက အမြဲနေခဲ့ရသော လှောင်အိမ်ထဲက ငှက်ကလေးက သဘာဝတရားကြီးနှင့် ရုတ်တရက် ထိတွေ့လိုက်ချိန်မှာ အရာအားလုံး ဆန်းသစ်နေသည်။ ထူးခြားနေသည်။ မျက်နှာတစ်ခုလုံး နီရဲကာ န်းရောင်ပြောင်းသွားသည်။ သွားနေသည့် ခြေအစုံက မရပ်နားရဲ။ သမ်းပေါ်မှာ အချိန်ကြာနေရသည့်အဖြစ်ကို သူမကိုယ်တိုင် သဘော ကျ။

မယ်မယ်ကြီးနှင့် မြန်မြန်တွေ့ချင်နေသည်။

သူမ ဘာတွေဆက်ဖြစ်လာဦးမှာလဲဆိုသည့် အမုန်းနက်၏ နာဂတ်ကို မယ်မယ်ကြီး နှုတ်ဖျားက ဘယ်လို မိန့်ခြွေလိုက်မှာလည်း ဆိုတာ သိချင်နေ၏။ ကြိုးစားလျှောက်နေရင်းက ခြေဖဝါးတွေမှာ သွေးခြည်ဥလာသည်။ သွားရမည့်ခရီးက မည်မျှဝေးမှန်းမသိ။

အားခဲ၍ ကြိုးစားလျှောက်ရင်း နောက်ဆုံး သူမလိုရာခရီးသို့ ရောက်မှန်းမသိ ရောက်လာ၏။ စိမ်းစိုညို့မှိုင်းသော သစ်ပင်အစုံအဝေး ကြားမှ ရဲတိုက်ကြီးတစ်မျှ ကြီးမားခမ်းနားသော ငွေဝတ်မှုံ စံအိမ်ကြီး လှမ်းမြင်လိုက်သည့်အချိန်မှာ အမုန်းနက် စွန့်စားရကျိုးနပ်သွားပြီဟု သွေးလျက် ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းနက် တွေးထင်ထားသလို စံအိမ်ဧါဝင်းတံခါးကြီးက ပိတ်ထားလျက်သား မတွေ့ရပါ။ ခြံဝင်းတံခါးကြီးက အမုန်းနက်က လာပါဝင်ပါဟု ဆီးကြိုနေသည့်အလား အစွမ်းကုန်ပွင့်နေ၍ ထိုလမ်း အတိုင်း အမုန်းနက် ဆက်လျှောက်လာခဲ့သည်။

မည်သူတစ်ဦးတစ်ယောက်မှ တားဆီးမေးမြန်းမည့်သူ မရှိ ခပ်ပြေပြေ မော့တက်သွားသော ကုန်းမြင့်ကြီး၏ အဆုံးမှာ အလွန်ခံ့ညား သော စံအိမ်ကြီးကို လှမ်းမြင်နေရသည့်အတွက် အမုန်းနက် ပိုအားတက် သွားသည်။

ခရီးဆုံးကို အမုန်းနက် အောင်မြင်စွာ ရောက်အောင်လာနိုင် ပြီပဲ။ ဒါထက် ကျေနပ်စရာ ဘာမှမရှိတော့။ သို့သော် ရဲတိုက်ကြီးနှ ကူသော ထိုအိမ်ကြီးရှိရာ ရောက်အောင်သွားရမည်ဆိုတာ ရင်မေ သွားသည်။ ရှိသမျှအင်အားများကို အသုံးချပြီး စိတ်ဓာပြင်းစွ ထိုနေရာသို့ ရောက်အောင်လာခဲ့ရသည်။ အခုချိန်မှာ အမုန်းနက် ခြေအ မှာ မသယ်ချင်တော့လောက်အောင် နာကျင်လှပြီဖြစ်၍ ထိုခရီးက ဆက်မသွားနိုင်ဘဲ နေရာမှရပ်ပြီး အမောပြေအောင် ဖြေနေရင်း လူက ပုံကျသွားတော့မလို ဖြစ်လာ၏။

ဒီနေရာအထိ ရောက်လာပြီးမှ အမုန်းနက် အရှုံးပေး၍ မဖြစ် ကိုယ့်ကိုကိုယ် ပြန်သနားလျှင် အမုန်းနက် ရှုံးတော့မည်။ သူမ ရပ်စဉ်း စံအိမ်ကြီးဆီက အနက်ရောင်မှန်လုံပိတ်ထားသည့် ကားတစ်စ အမုန်းနက် ရှိရာဘက်သို့ မောင်းလာနေသည်ကို တွေ့ရသည်။

အဆင်းဖြစ်၍ လည်းကောင်း။

အရှိန်ပြင်းပြင်း မောင်းလာခြင်းကြောင့်လည်းကောင်း ပြတင်းပေါ





အားလုံး ခန်းဆီးများ ကာထားသည့်ကားက အမုန်းနက်နားမှ အရှိန် ပြင်းစွာ ဖြတ်သန်းသွားသဖြင့် ကားပေါ်ပါသူမှာ မည်သူမည်ဝါ ဖြစ်မှန်း အမုန်းနက် မသိ။ မမြင်လိုက်ရပါ။

ပန်းခြံမှ ခြံစောင့်နှင့်တူသူ တစ်ယောက်ပေါ်လာပြီး ဖြတ်သွား သည့်ကားကို လှမ်းကြည့်ကာ ဦးညွှတ်အရိုအသေပြုလိုက်တာ လှမ်းမြင် လိုက်ရသည်။ ထိုကားထဲတွင် ထိုကဲ့သို့ အလေးအနက်ထား အရိုအသေ ပြုရမည့်သူ ပါသွားသည်က သေချာပေသည်။

ထိုသူမှာ မည်သူနည်း။

အမုန်းနက် အံ့သြနေတာကို ကြည့်ပြီး ထိုသူက ရယ်သည်။

“မတတ်နိုင်ဘူး၊ ဒီလိုပဲ အထဲကလူမြင်သော်ရှိ မမြင်သော်ရှိ တော်မှန်းနဲ့ ရမ်းပြီး အရိုအသေပြုရတာပဲ”

ထိုသူစကားကြောင့် အမုန်းနက် မေးရမည့်စကား သတိရ သွားသည်။

“အဲဒီကားက ဘယ်သူ့ကားလဲဟင်”

“မယ်မယ်ကြီးကားလေ၊ ကားထဲမှာ မယ်မယ်ကြီးပါတယ်။ ဒီမှာ ဆယ့်ရက်လောက်နေပြီး ဒီနေ့ သူပြန်တာပဲ။ သူ့အသက်အရွယ်နဲ့ ဒီလောက်ခရီးဝေးကြီးကို ဘယ်လိုများ သွားနေလဲမသိဘူး”

“မယ်မယ်ကြီး ပြန်သွားပြီဟုတ်လား”

“ဟုတ်တယ်၊ ပြန်သွားပြီ”

“အို...”

အမုန်းနက် ခေါင်းထဲမိုက်ခနဲ ဖြစ်သွားကာ နေရာမှာ ပုံလျက်သား ကျသွားသည်။ ထိုနောက် မျက်ရည်များ ဖုံးလွှမ်းလာသည့် မျက်လုံးအစုံ



www.burmeseclassic.com

www.burmeseclassic.com



ကာ ဘာကိုမှ သေချာမမြင်နိုင်စွမ်း မရှိတော့ဘဲ ကလေးတစ်ယောက်လို မျှော်လင့်ချက်မဲ့ကာ အိုခနဲ ငိုချလိုက်သည်။



## အခန်း (၄)

မယ်မယ်ကြီး မရှိတော့ဘူး။

သူ့အိမ်ကို ပြန်သွားပြီ။

အမုန်းနက် မျှော်လင့်အားကိုးထားခဲ့သည့် တစ်ခုတည်းသော ကယ်တင်ရှင်က အမုန်းနက်ကို မမြင်။ အမုန်းနက်နားက ဖြတ်ကာ အဝေးကြီးသို့ ထွက်သွားပြီ။ မယ်မယ်ကြီး ထွက်သွားခြင်းကို အမုန်းနက် တားဆီးနိုင်လိုက်သလို သူ့ကို အားကိုးပြီး ရောက်လာသည့် အမုန်းနက်ကိုလည်း မယ်မယ်ကြီးကိုယ်တိုင် မြင်တွေ့မသွားခြင်းက ဝမ်းနည်းကြေကွဲစရာ အဆိုးရွားဆုံးဖြစ်သည်။

"သူ ဘယ်ကို ထွက်သွားတာလဲဟင်၊ သူသွားတဲ့ ခရီး အဝေးကြီးဆိုတာကရော ဘယ်နှမိုင်ခရီးကို ပြောတာလဲ"

"အဲဒါတော့ ကျုပ် မသိဘူး။ မိန်းကလေးသိချင်ရင် ငွေဝတ်မှုန် အိမ်ကြီးကို သွားမေးကြည့်လိုက်ပါ။ သူ့တို့ ဖြေပါလိမ့်မယ်။ ကျုပ် အလုပ်လုပ်စရာရှိလို့ သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားကြီးက အမှုန်းနက်ကိုထားပြီး ပန်းချီပန်းနွယ်များကြား တိုးဝင်ပျောက်ကွယ်၏။ အားကိုးရာမဲ့သွားသူက အမှုန်းနက်ဖြစ်သည်။ ငွေဝတ်မှုံစံအိမ်ကြီးရှိရာ ရောက်အောင်သွားရမည့် ခရီးလမ်းကို ဘယ်လိုအင်အားနှင့် ဆက်လျှောက်သွားရမှန်း မသိ။

မယ်မယ်ကြီးနှင့် တွေ့ခွင့်မရလျှင် သူမ အလွန်မုန်းတီးသော မဟူရာစံအိမ်ကြီးရှိရာသို့ ပြန်ရန်မှတစ်ပါး တခြားပြေးစရာ မြေမရှိ။ ထိုအခါ ဘိုးနှင့်ဘွားက အမှုန်းနက်ကို ကြီးလေးသောအပြစ် ပေးကြမည်ဖြစ်သကဲ့သို့ ဒေါက်တာမိုးတောက်ဆိုသည့် လူကြီး၏ လက်မှ လွတ်မြောက်ရန် လမ်းစလည်း ပျောက်ဆုံးရလေပြီဟု တွေးမိသည်နှင့် အမှုန်းနက် ကိုယ်လေးမှာ အပတ်စတစ်ခုလို ပျော့ခွေလဲကျသွားသည်။

"တီ… တီ"

တိုက်ဆိုင်စွာပင် အမှုန်းနက် လမ်းပေါ်သို့ လဲအကျ ငွေဝတ်မှုံစံအိမ်ကြီးရှိရာသို့ ချိုးကွေ့ပြေးဝင်လာသည့် ကားတစ်စီးမှာ သူ့ရှေ့လမ်းမပေါ်သို့ ပုံပုံလေး လဲပြိုကျသွားသည့် အမှုန်းနက်နက်ကြောင့် သူ့ကားကို ရှေ့သို့ဆက်သွားလို့ မရတော့ဘဲ အမှုန်းနက်နားမှာ 'ကျွီ' ခနဲ သူ့ကားကို ဘရိတ်အုပ် ရပ်တန့်လိုက်သည်။

ထို့နောက် ကားမောင်းသည့်နေရာမှ လူတစ်ယောက်ဆင်းလာပြီး အမှုန်းနက်နား ရောက်လာ၏။ အမှုန်းနက်က နာကျင်ပင်ပန်းလှသော ခန္ဓာကိုယ်ကို နေရာက ရွေ့လျားရန်ပင် မတတ်နိုင်ဘဲ ဦးခေါင်းကို တွင်တွင်ငုံ့ရင်း ကိုယ်လေးတသိမ့်သိမ့် ရှိုက်ငိုနေမိသည်။

ဘယ်သူတွေ ဘာထင်ထင် ဂရုမစိုက်နိုင်တော့။ မဟူရာစံအိမ်ကြီး အကြောင်း၊ ဒေါက်တာမိုးတောက်အကြောင်း၊ မယ်မယ်ကြီး အကြောင်း





စဉ်းစားရင်း ဖြေမဆည်နိုင်အောင် ဆိုးရွားလှသော သူမအဖြစ်ကို မျက်ရည်တွေတွေကျလျက် ရှုံ့နိမ့်ကြေကွဲစွာ ရှိုက်ငိုနေမိ၏။

အမှုန်းနက်နားမှာ ဖြူဖွေးသော ယောက်ျားတစ်ယောက်၏ ခြေအစုံလာရပ်တာ မြင်သည့်တိုင် အမှုန်းနက် ဦးခေါင်းကို မမော့ရဲ။ ရှက်စရာကောင်းသော သူမအဖြစ်အတွက် မျက်ရည်ပေါက်ပေါက် ကျမိသည်။

"ကျုပ်တစ်ခုခုများ အကူအညီပေးနိုင်မလား မိန်းကလေး"

အောင်မြင်ညြရှသော ယောက်ျားတစ်ယောက်၏ အသံက တည်ငြိမ်မှုတွေနှင့် အမှုန်းနက်နား နီးကပ်စွာထွက်လာ၏။ အမှုန်းနက်က စီးကျလာသည့် မျက်ရည်များကို ဖြူနုသော လက်ကလေးများဖြင့် အားတင်းသုတ်ရင်း သူမကိုယ်သူမ အငိုတိတ်အောင် ကြိုးစားသော်လည်း မရ။ ပြင်းထန်သော စိတ်ခံစားမှုကြောင့် စီးကျလာသည့် မျက်ရည်များကြောင့် ဦးခေါင်းကို ပိုငုံ့လိုက်ကာ ငိုရှိုက်သံမပါအောင် ကြိုးစား၍ သူမကို အကူအညီပေးရန် ကြိုးစားနေသူကို ကျေးဇူးတင်ကြောင်း ဆိုလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်။ အမှုန်းနက် တစ်ယောက်တည်း နေပါရစေရှင်။ ရှင့်ကားကိုသာ ဒီနေရာက အမြန်ဆုံး ဆက်မောင်းသွားလိုက်ပါ"

ငိုသံဖြင့် ရောထွေးနေသော အမှုန်းနက်အသံက သူမထင်ထားသလို တည်ငြိမ်မှုမရှိဘဲ ရှိုက်သံနှင့်ရောထွေး ထွက်လာခြင်းဖြစ်၍ အားငယ်စိတ်က သူမတစ်ကိုယ်လုံး ပျံ့နှံ့သွားသည်။ ပါးပြင်ပေါ်စီးကျသည့် မျက်ရည်တွေကလည်း အဆက်မပြတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပုံစံနှင့် မဟူရာစံအိမ်ကို သူမ ဘယ်လိုပြန်ရမည်နည်း။

ပြန်သွားခဲ့လျှင်လည်း သူမရင်ဆိုင်ကြုံတွေ့ရမည့် ပြဿနာက မသေး။ တွေးရင်း အမုန်းနက်ရင်ထဲ နာကျင်မှုက ပိုလာ၏။

"ရော့... ဒါနဲ့သုတ်လိုက်ပါ"

အမုန်းနက် မျက်နှာရှေ့ကို ယောကျ်ားကိုင် လက်ကိုင်ပဝါ တစ်ထည် ရောက်လာပါသည်။ ဒါကိုတော့ အမုန်းနက် မငြင်းနိုင်ဘဲ သူမမျက်ရည်တွေကို ထိုလက်ကိုင်ပဝါဖြင့် ဆွဲယူဖယ်ရှားလိုက်သည်။

သူမရောက်ရှိသည့်နေရာက မဟူရာစံအိမ်မဟုတ်သလို အမုန်းနက်နားမှာ ရှိနေသူကလည်း သူမ၏ ဘိုးနှင့်ဘွားမဟုတ်၍ အိမ်မှာလို ဖြစ်ချင်ရာဖြစ်၊ ပေးလာသမျှ အပြစ်ဒဏ်ကို ကျေကျေနပ်နပ် ခံယူမည်ဆိုသော စိတ်နှင့် ထိုနေရာမှာပေပြီး ဆက်ထိုင်နေ၍ မဖြစ်မှန်း သိလာသည့်အတွက် ရှိသမျှ လက်ကျန်အင်အားကို သုံးကာ လဲနေရာက ကြိုးစားပြန်ထရပ်မှ ဖြစ်တော့မည်ဟု သိလိုက်သည်။

"ဆောရီးပါရှင်၊ အမုန်းနက်ကြောင့် ခွင့်လွှတ်ပါ။ အနှောင့် အယှက် ပေးမိသလိုဖြစ်သွားရင် ခွင့်လွှတ်ပါ။ လက်ကိုင်ပဝါအတွက် ကျေးဇူးတင်ပါတယ်"

"မင်းနာမည် အမုန်းနက်လား"

"အမုန်းနက်နက်ပါ"

"ဘယ်လို"

"အမုန်းနက်နက် ဟုတ်လား"

"ဟုတ်ပါတယ်"

"နာမည်က တစ်မျိုးပါလား"





နူးညံ့သိမ်မွေ့သော သြဇာအပြည့်ပါသည့် အသံထဲမှာ အမုန်း နက်နက်ဆိုသည့် အမည်အပေါ် အံ့သြဟန်ထွက်နေတာကို သတိထားမိ လိုက်သည်။ အမုန်းနက်နက်ဆိုသည့်အမည်ကို ကြားသည့်လူတိုင်း အနည်းနှင့်အများဆိုသလို စိတ်ဝင်စားကြသည်။ အံ့သြသည်မှာ အမုန်းနက် ကြုံတွေ့နေကြဖြစ်၍ ထိုအတွက် သူမရင်မှာ ထူးပြီး ခံရတော့ပါ။

"မင်း ထနိုင်ရဲ့လား"

"ကိုယ့်နာမည် စောနေနတ်ပါ"

"ဟုတ်ကဲ့"

ကြိုးစားပြီး အမုန်းနက် နေရာက ထရပ်လိုက်သည်နှင့် အမုန်းနက် ကိုယ်လေး ယိုင်လဲသွားသည်။

"အ..."

"ဟေး.."

"အို"

အမုန်းနက်ကိုယ်လေးကို လဲပြိုတော့မလို ဖြစ်သွားသည်။

တစ်ဖက်လူက အချိန်မီဖမ်းယူ ဆွဲထိန်းလိုက်သည်။ လဲပြို သွားခြင်းမရှိသော်လည်း ခြေဖဝါးမှာ ရရှိထားသည့် ဒဏ်ရာက သွေးတို့ ထွက်လာတာ မြင်လိုက်ရသည်။

"မင်း ခြေထောက်မှာ ဒဏ်ရာရထားပါလား အမုန်းနက်။ ဘာဖြစ်တာလဲ"

"ဖိနပ်မပါဘဲ လမ်းလျှောက်လာလို့ပါ"

"ဖိနပ်မပါဘဲ လမ်းလျှောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူထံမှ သံယောင်လိုက်၍ ရေရွတ်သံကို အမုန်းနက် စိတ်မဝင် စားနိုင်။ သူမခြေထောက်က ဒဏ်ရာကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေ၍ ထိုသူ့မျက်နှာလည်း မကြည့်ဖြစ်။ နာကျင်နေသည့် ခြေအစုံက အားပြ မထားနိုင်ဖြစ်နေတာကိုပဲ ဝမ်းနည်းစိတ်နှင့် မျက်ရည်ကျလာ။

"မငိုနဲ့လေ။ မင်းလိုအပ်တဲ့ အကူအညီကို ကိုယ်ပေးနိုင်ပါ တယ်"

သူက အမုန်းနက်ကိုယ်လေးကို သန်မာသော လက်အစုံဖြင့် ကိုင်ထားရင်း ပြောခြင်းဖြစ်သည်။ မျက်ရည် တွေတွေကျလျက်က သူ့ကိုယ်သူ စောနေနတ်ဆိုသည့် လူ၏ မျက်နှာကို မော့ကြည့်လိုက် သည်။

"အို"

"ဟင်"

အကြည့်နှစ်ခု နေရာတစ်ခုတည်းမှာ ဖယ်ခွာလို့မရအောင် တစ်ယောက်မျက်နှာတစ်ယောက် မျက်တောင်မခတ်မိဘဲ တအံ့တသြ စူးစိုက်ကြည့်လိုက်မိကြသည်။

စောနေနတ်၏အကြည့်က ထိုမျှငယ်ရွယ်နုနယ် ချောမောလှပ သော အမုန်းနက်ကို မြင်လိုက်ရချိန်မှာ သူရင်ထဲက ထူးခြားဆန်းကြယ်မှု အပေါင်းနှင့်ပြည့်သွားသလို အမုန်းနက်ကိုယ်တိုင်မှာလည်း မြင့်မားသော အရပ်မြင့်မြင့်ကြီးနှင့် ဖြူဝင်းနေသည့် အသားအရေ၊ စူးရှတောက်ပသော မျက်ဝန်းအစုံ၊ မျက်ခုံးထူထူ၊ နှာတံမြင့်မြင့်၊ လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းပိုင်ရှင်၏ ယောကျ်ားပီသစွာ ခန့်ညားချောမောသော ဥပဓိရုပ်ကို မြင်လိုက်သည်နှင့် သူမကိုယ်သူမ ဘာဖြစ်၍ ဖြစ်သွားမှန်းမသိသော





ခံစားချက်ကို ခံစားလိုက်ရပြီး သူမ မျက်စိရှေ့တည့်တည့်က လူကို မျက်တောင်မခတ် ပြန်ကြည့်နေမိခြင်း ဖြစ်ပါသည်။

ယောဂီရောင်ဖျော့ဖျော့ ဘောင်းဘီရှည်နှင့် အင်္ကျီကို ဝတ်ထားပြီး ကွင်းထိုးဖိနပ် အညိုရောင်ကို စီးထားသည့် သူ့အသွင်က ရေချိုးပြီးစ ပုံစံလို နုဖတ်သန့်စင်နေတာ မြင်လိုက်ရတော့ အလဲလဲအပြိုပြို ပေရေစွာ ငိုယိုထားသည့် သူမမျက်နှာအတွက် သတိရကာ အမုန်းနက်မျက်နှာမှာ ရှက်စိတ်ကြောင့် ဖြန်းခနဲ ပူထူသွားသည်။

စောနေနတ်ဆိုသည့်လူက သန့်ရှင်းသပ်ရပ်နေကာနှင့် ဆန့်ကျင် ဘက် အမုန်းနက်ဆိုသည့် သူမပုံစံက ဖရိုဖရဲ။ မသပ်မရပ်နှင့် သူ့ မျက်လုံးထဲ ဘာပုံပေါက်နေလို့ သူမမျက်နှာကို ဒီလောက် စူးစိုက် ကြည့်နေပါလိမ့်တွေးကာ လိပ်ပြာမလုံ ဖြစ်သွားသည့်အတွက် အမုန်းနက် အရင်အကြည့်လွှဲ၍ မျက်လွှာချလိုက်၏။

"မင်းဒီကိုလာတာ မဟုတ်လား အမုန်းနက်"

"ဒီကိုလာတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူ့ဆီ လာတာလဲ"

"မယ်မယ်ကြီးဆီ လာတာပါ"

"မယ်မယ်ကြီး ပြန်သွားပြီ"

"ဟုတ်ပါတယ်"

ပြောရင်း အမုန်းနက် ဝမ်းနည်းလာကာ မျက်ဝန်းအိမ်မှ မျက်ရည် ကြည်တွေ ချက်ချင်းပြန်ကြည့်လာ၏။

"မငိုနဲ့လေ။ မင်းတွေ့ချင်တဲ့ မယ်မယ်ကြီးကို မင်းတွေ့နိုင်အောင် ကိုယ်စီစဉ်ပေးလို့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တကယ်ပြောနေတာလား ဟင်"

"တကယ်ပေါ့"

"အမှန်နက် အလွန်တွေ့ချင်တာ ဦးစောနေနတ်ရယ်။ အမှန်နက်ကို မယ်မယ်ကြီးနဲ့ တွေ့ခွင့်ရအောင် ကူညီပေးပါနော်"

"ကောင်းပြီ"

သူက အမှန်နက်ကို ငုံ့ကြည့်ပြီး ပြုံးနေသည်။ လက်တစ်ဖက်က သူ့ကားကို ထောက်ထားသည့်အတွက် သူ့ပုံစံက အလွန်အချိုးကျကျနှင့် လှပစွာ ကြည့်ကောင်းနေပုံမှာ မင်းသားတစ်ပါးနှင့် တူလှသည်။

"မင်းဘယ်သူလဲ၊ ဘယ်က လာတာလဲဆိုတာ ကိုယ်မမေးဘူးနော်။ ဒါပေမယ့် ဒီနေရာကို မင်းတစ်ယောက်တည်း ရောက်လာပြီး ဘာကြောင့် ငိုနေရတာလဲဆိုတာကိုတော့ ကိုယ်သိခွင့်ရရင် သိချင်တယ်"

"ဘာကြောင့်မှ မဟုတ်ပါဘူး။ အမှန်နက် မယ်မယ်ကြီးကို မတွေ့ရလို့ ငိုနေတာပါ"

သူက အမှန်နက်မျက်နှာကို စိုက်ကြည့်ပြီး ဦးခေါင်းကို ဆတ်ခနဲ ညိတ်သည်။

အမှန်နက်ကလည်း သူ့အကြောင်းကို ထိုထက်ပို၍ ပြောပြချင်စိတ်မရှိပေ။ ဦးခေါင်းထဲမှာ မူးနောက်ခြင်းနှင့် ခြေထောက်ဒဏ်ရာက အနာဆီကိုသာ သူမအာရုံက ပို၍ရောက်နေ၏။

"ကိုယ်အခု မင်းကို ဘယ်လိုက်ပို့ပေးရမလဲ"

"ရှင်"

အမှန်နက် စောနေနတ်မျက်နှာကို အလန့်တကြား မော့ကြည့်





လိုက်သည်။ သူမကို ဘယ်လိုက်ပို့ပေးရမလဲဟု မေးသည့်သူက မေးနေပြီ။ အမှန်နက်မှာ ဖြေစရာ အဖြေမရှိ၍ သူ့မျက်နှာချောချောကိုသာ အလွန်ပိုင်းစက်လှပသော မျက်ဝန်းနက်ကြီးများဖြင့် ပြန်ကြည့်နေမိသည်။

"ကိုယ်ဆိုလိုတာက အခု မင်းခြေထောက်မှာ ဒဏ်ရာရထားတယ်။ မင်းကိုယ်တိုင်လည်း သိပ်ပင်ပန်းနေတယ်။ ဒါကြောင့် တစ်နေနေရာမှာ မင်းအနားယူသင့်ပြီလို့ ပြောချင်တာ"

"ဒီနေရာမှာ ဒီပုံစံနဲ့ အကြာကြီးဆက်နေလို့ မကောင်းဘူး အမှန်နက်"

"အမှန်နက်ကို ခွင့်လွှတ်ပါ။ အမှန်နက် အခုပဲ ဒီနေရာက ထွက်သွားပါ့မယ်"

သူပြောတာ မှန်နေ၍ အမှန်နက် ဒီနေရာက ချက်ချင်းထွက်သွားဖို့ ဆုံးဖြတ်လိုက်တော့ သူက အမှန်နက်မျက်နှာကို စိုက်ကြည့်လိုက်သည်။

"အမှန်နက် ဘယ်ကိုသွားမှာလဲ"

"အမှန်နက် မသိဘူး"

"မသိဘူး ဟုတ်လား"

"အမှန်နက် ဒီကိုထွက်လာတာက မယ်မယ်ကြီးနဲ့တွေ့ဖို့ ထွက်လာတာ။ ရှင်လိုက်ပို့မယ်ဆိုရင် အမှန်နက်ကို မယ်မယ်ကြီးဆီ လိုက်ပို့ပေးပါ"

"အခုတော့ မဖြစ်နိုင်သေးဘူး အမှန်နက်"

"မင်းသဘောတူမယ်ဆိုရင်တော့ ကိုယ့်အိမ်ကြီးမှာ မင်း ခဏ ကြိုက် တည်းခိုနေထိုင်ခွင့် ရှိတယ်။ ကိုယ်က ဒီအိမ်ကြီးရဲ့ ပိုင်ရှင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ သိပ်ဖြစ်တာပေါ့"

အမုန်းနက် သူ့ကို မော့ကြည့်တော့ သူက အမုန်းနက်ကို ကြည့်ပြ
ပြုံးနေသည်။ သူ့အပြုံးက ချိုမြနေသလို သူ့စကားကလည်း ခင်မ
နှစ်လိုဖွယ်ရာဖြစ်ကာ အမုန်းနက်ကို ပြောဆိုဆက်ဆံပုံက နွေးထွေ
လိုက်လှဲမှုတို့ ပြည့်လျှမ်းနေ၍ အမုန်းနက်စိတ်ထဲ စောနေနတ်ဆိုသည
လူချောကြီးကို အားကိုးယုံကြည် စိတ်ချချင်စိတ် ဖြစ်လာ၏။

"အမုန်းနက် လမ်းမလျှောက်နိုင်တော့ဘူး"

"ကိုယ့်လက်ကိုတွဲပြီး ကားပေါ်တက်··· လာ"

သူက အမုန်းနက်ကိုယ်လေးကို တွဲယူပြီး သူ့ ကားအကောင်းစ
ကြီးပေါ် ညင်သာစွာ တွဲတင်ပေးသည်။ နှစ်ယောက်အတူ နီးကပ်သေ
အနေအထားမှာ သူ့ထံမှ သင်းပျံ့သော မွှေးရနံ့တစ်မျိုးကို ရှူရှိုက်ရ
အမုန်းနက်စိတ်ထဲ အမှတ်ထင်ထင် ဖြစ်သွားသည်။

ဒေါက်တာမိုးတောက်ထံမှ အမြဲရတတ်သော ချွေးနံ့ရောသေ
ကိုယ်နံ့က အမုန်းနက်စိတ်ထဲကို အမြဲညစ်ညူးအောင် အနှောင့်အယှ
ပေးတတ်ပုံကို ဖျတ်ခနဲ ပြန်သတိရလိုက်မိ၍ ဖြစ်သည်။ စောနေန
ဆိုသည့် လူနှင့် ဒေါက်တာမိုးဟောက်တို့ အနေအထားက မိုးနှင့်မြေ
ကဲ့သို့ နှိုင်းယှဉ်မရအောင် ကွာခြားလှပုံကို ပြန်တွေးမိကာ ထိုနေရာ
ထွက်ပြေး လွတ်မြောက်လာရသည့်အဖြစ်ကို ပြန်တွေးပြီး ဝမ်းသာသွ
မိပြန်သည်။

ငြိမ်နေသော ကားက ကုန်းမြေမြင့်လမ်းအတိုင်း ပြေးတက်သွ
ပုံကို သွက်လက်မြန်ဆန်သည့်အတွက် ခဏအတွင်း ငွေဝတ်မှုံစံအိမ်ကြ





ရှေ့သို့ ရောက်သွားသည်။

"လာ··· ကိုယ့်လက်ကို တွဲထား"

"ဟုတ်ကဲ့"

စောနေနတ် အမုန်းနက်ကိုတွဲပြီး ကားပေါ်က ဖြည်းဖြည်းချင်း
ဆင်းခိုင်းသည်။ ဤကလေးမ စောနေနတ်တွေ့ဖူးမြင်ဖူးကြ မိန်းကလေး
မျိုးမဟုတ်။ ယနေ့ခေတ်ကြီးနှင့် များစွာကွာခြားသော တခြား
ကိုင်းပြည်တစ်ပြည်က ရောက်လာသော မိန်းကလေးလိုဖြစ်နေခြင်းက
သူ့ကို စိတ်ဝင်စားမှု အထူးပေးနိုင်သော အရာဖြစ်သည်။

အလွန်နုနယ်ငယ်ရွယ်သော အလွန်လှပသည့် အမုန်းနက်လို
မိန်းကလေးတစ်ယောက်ကိုယ်ပေါ်ရှိ အလွန်ပုံမကျသော ရှေး
အသွားအိုများ ဝတ်ဆင်သကဲ့သို့ ဝတ်ထားသည့် ရင်ဖုံးအင်္ကျီ
ဘက်ရှည်ကို ခြေဖျားဖုံး လုံချည်ချထားသလို မည်းနက်လက်ဖြာနေသည့်
ဆံပင်ရှည်ကြီးများက အမုန်းနက်အတွက် ဆွဲဆောင်မှုတစ်ခုလိုဖြစ်လျက်
တွေ့သည့်လူတိုင်း စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်သည်။

အထူးသဖြင့် အမုန်းနက်၏အလှ ဖြစ်သည်။

ပန်းချီဆရာ စိတ်ကြိုက် ရေးချယ်ထားသလို ဘာတစ်ခုမှ အပြစ်
ဆိုစရာမရှိသော အမုန်းနက်၏အလှကိုမြင်မြင်ချင်း သူကိုယ်တိုင် မျက်စိ
လွှဲနိုင်အောင် ဖြစ်သွားသည့်အထိ စောနေနတ်အာရုံကို ဖမ်းစားသွား
သည်။

သူမ ဘယ်ကလာသည်။

ဘာကြောင့် မယ်မယ်ကြီးလို အမျိုးသမီးကြီးနှင့် တွေ့ချင်ရသည်၊
စောနေနတ်ကိုယ်တိုင် အဖြေကို အလွန်သိချင်နေသော်လည်း အမုန်းနက်



www.burmeseclassic.com

www.burmeseclassic.com



ပုံစံလေးက ထိုအဖြေစကားကို သူ့လို သူစိမ်းတစ်ယောက်ရှေ့မှာ ရုတ်တရက် ထုတ်ဖော်ပြောချင်စိတ် မရှိခြင်းကို သိလိုက်၍ သူကလည်း ဖွတ်အတင်းမမေးဘဲ သူသိချင်စိတ်ကို စိတ်ထဲမှာပဲ အသာမျိုသိပ်ထား လိုက်သည်။

"မင်းကို မယ်မယ်ကြီးဆီရောက်အောင် ကိုယ်ကိုယ်တိုင် လိုက်ပို့ ပေးမယ်။ အခုလောလောဆယ်တော့ မင်းအားရှိသွားအောင် တစ်ခုခု စားရမယ်။ ပြီးရင် ခြေထောက်ကအနာကို ဆေးထည့်ရမယ်"

"နေဦး... ကိုယ် အလုပ်သမားတွေကို လှမ်းခေါ်လိုက်ဦးမယ်"

"ဟင့် အင်း၊ ဘယ်အလုပ်သမားကိုမှ မခေါ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

အမုန်းနက်ထံမှ လျှင်မြန်စွာ တားဆီးလိုက်သည့် စကားသံ ကြောင့် စောနေနတ် အံ့သြပြီး အမုန်းနက်မျက်နှာလေးကို ပြန်ကြည့် လိုက်တော့ စိတ်ရှုပ်ထွေးနေသည့် အလွန်လှပသော မျက်ဝန်းများဖြင့် ဆုံရပြန်သည်။

"အမုန်းနက် ရှင်ကလွဲပြီး တခြားဘယ်သူ့ကိုမှ မတွေ့ချင်တာ ခွင့်လွှတ်ပါ"

"သြော်... ဟုတ်ပြီ၊ ကိုယ်နားလည်ပြီ"

"အမုန်းနက် ပြောတာက..."

"မင်းလိုအပ်တာတွေ ကိုယ်အားလုံး လုပ်ပေးမယ်။ ကိုယ်က လွဲပြီး မင်းကို ဘယ်သူမှ မတွေ့စေ၊ မမြင်စေရဘူး ဟုတ်လား"

"ကျေးဇူးတင်ပါတယ်ရှင်"

တိုးတိတ်စွာ ကျေးဇူးတင်စကား ဆိုလိုက်ပုံလေးက စောနေနတ်





ကို မကြည့်ဘဲ မျက်လွှာပြန်ချသွား၍ စောနေနတ်ကပဲ မည်းနက်ကော့ ညွှန်းသော မျက်တောင်များကို စိုက်ကြည့်ပြီး အကြည့်ကို လွှဲလိုက်ရ သည်။

သူ့စိတ်ထဲ အလိုလို ပေါ့ပါးလန်းဆန်းနေ၏။

ဒီလိုမျိုး တစ်ခါမှ မကြုံဖူး။

အမုန်းနက် အလိုကျ လိုက်လုပ်ပေးချင်သည့်အတွက် သူမ ပြော သည့်အတိုင်း ဘယ်အိမ်ဖော်ကိုမှ မခေါ်ဘဲ သူ့ဘာသာ အမုန်းနက်ကို ရေခဲသေတ္တာထဲမှ အမြဲ အရန်သင့်ရှိနေသည့် စားသောက်စရာတွေ အားလုံး ဗန်းတစ်ချပ်ထဲ အကုန်စုပြုံထည့်ပြီး သူမရှေ့က စားပွဲမှာ ချပေးလိုက်သည်။

"ဒီထဲက မင်းကြိုက်တာကို စားပြီး ကြိုက်တဲ့အအေးကို သောက်ပါ။ ကိုယ်မင်းခြေထောက်က ဒဏ်ရာကို ဆေးထည့်ပေးဖို့ ဆေးပစ္စည်းတွေ သွားယူလိုက်ဦးမယ်"

စောနေနတ်က သူ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးသည့် အလုပ်တွေကို အမုန်းနက်အတွက် သူကိုယ်တိုင် လိုလိုချင်ချင် လုပ်ပေး နေမိသည့်အဖြစ်ကို သူ့ဘာသာလည်း သတိမထားမိချေ။

သူ့မျက်စိရှေ့သို့ မိုးပေါ်က ပြုတ်ကျလာသည့် နတ်သမီးတစ်ပါး လို့ ထူးဆန်းစွာ ရောက်လာသည့် မိန်းမလှလေးကို တွေ့ရခြင်းမှာ အံ့သြစရာပင် ဖြစ်သည်။ ဆေးပစ္စည်းက သူသုံးစွဲနေကြ ပစ္စည်းမဟုတ် သဖြင့် ဘယ်နေရာကို လိုက်ရှာရမှန်းမသိ ဖြစ်နေ၍ အချိန်အတော်ကြာ သွားသည်။ အိမ်က အလုပ်သမားတွေကိုလည်း ဖုန်းဆက်မမေးချင်။ သူ့တစ်ခုခုဖြစ်သည်ထင်ပြီး စကားတွေပြန့်ကားကုန်လျှင် စောနေနတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့်နေရာကို သူတွေ့ချင်သည့် လူရော၊ မတွေ့ချင်သည့် လူပါ ရောက်လာမည့်အဖြစ်ကို စောနေနတ်ကိုယ်တိုင် အလိုမရှိပါ။

အခုအချိန်မှာ သူ ဘယ်သူ့ကိုမှ မတွေ့ချင်။

တစ်ယောက်တည်း စိတ်အေးလက်အေး အနားယူချင်၍ မည်သူ့ကိုမျှ အသိမပေးဘဲ ဤတောင်ကြားလမ်းရှိ စံအိမ်ကြီးမှာ မည့်သည့်အဖော်မှမပါ။ သူတစ်ယောက်တည်း တိတ်တဆိတ် ခြေရာဖျောက်လာနေခြင်း ဖြစ်ပါသည်။

ဒါတောင်မှ ပြဿနာက သူ့မျက်စိရှေ့ကို ရောက်ဖြစ်အောင် ရောက်လာသေးသည်။ ထိုပြဿနာက တခြားမဟုတ်။ ထူးခြားသည့် အပြင်အဆင်၊ ထူးခြားသည့် အလှတရားတို့ စုဝေးလျက်၊ ထူးဆန်းစွာ သူ့ရှေ့ရောက်လာသည့် အမုန်းနက်ဆိုသည့် မိန်းကလေးဖြစ်သည်။

စောနေနတ်ကို တွေ့ချင်တိုင်း တွေ့ခွင့်ရကြသည် မဟုတ်သလို စောနေနတ်လို လူပုဂ္ဂိုလ်နှင့် ရင်းနှီးချင်တိုင်း ရင်းနှီးပတ်သက်ခွင့်မရှိ။ အခု သူ့မျက်စိရှေ့ရောက်နေသည့် အမုန်းနက်ပုံစံက စောနေနတ်ဆိုတာ ဘယ်သူမှန်းလည်း သိပုံမရ။ ငွေဝတ်မှုံစံအိမ်ကြီးရဲ့ အရှင်သခင်ပါဆိုသည့် စကားအပေါ်မှာလည်း စိတ်ဝင်စားခြင်းမရှိ။ ပြုမူပြောဆိုဆက်ဆံပုံအားလုံး လူသာမန်တစ်ယောက်ကဲ့သို့ ပြောဆိုပြုမူ ဆက်ဆံနေခြင်းကို ကြည့်ခြင်းအားဖြင့် စောနေနတ်ဘယ်သူဆိုတာ သူမ မသိကြောင်း သိသာထင်ရှားနေသည်။

စောနေနတ် စိတ်ထဲက ဒါကိုပဲ သဘောကျနေသလိုလို။ သဘောမကျချင်သလိုလို စိတ်နှစ်မျိုးဖြစ်နေ၏။

"ဟေ… ဟိုမှာ ဆေးသေတ္တာတွေ့ပြီ"





သူလိုချင်သည့် ဆေးသေတ္တာရသည်နှင့် ဧည့်ခန်းမှာထားခဲ့သော အမုန်းနက်ရှိရာ ခြေလှမ်းကျဲကြီးများဖြင့် ပြန်ရောက်လာသည်။

"ဟော… ဗျာ"

အချိန်မည်မျှ ကြာသွားအောင် ဆေးသေတ္တာကို လိုက်ရှာနေမိသည် မသိ။ သူအမုန်းနက်နား ပြန်ရောက်လာချိန်မှာ အမုန်းနက်က ဆိုဖာလက်ရမ်းဘောင်ပေါ် သူမခေါင်းလေး မှေးတင်လျက် နှစ်ခြိုက်စွာ အိပ်ပျော်နေတာကို တွေ့လိုက်ရ၍ သူဘာမှဆက်မလုပ်နိုင်ဘဲ လှပသော အမုန်းနက် မျက်နှာလေးကိုသာ စိတ်ဝင်တစား အားပါးတရ စူးစိုက်ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အမုန်းနက် အိပ်ပျော်နေရာက လန့်နိုးလာတော့ ရုတ်တရ
သူမကိုယ်သူမ ဘယ်ရောက်နေမှန်းမသိ။ နောက်မှ သူမ ရောက်
သည့်နေရာကို သတိရသွားကာ ပတ်ဝန်းကျင်ကို အလန့်တကြားေ
ကြည့်လိုက်မိ၏။

"အိပ်ရာက နိုးပြီလား"

"ဦးစောနေနတ်"

"ကိုယ် ဆေးသတ္တာသွားရှာပြီး ပြန်လာတော့ အမုန်းန
အိပ်ပျော်နေတာနဲ့ ကိုယ် မနှိုးတော့တာ"

စောနေနတ် စကားကြောင့် အမုန်းနက် မျက်နှာလေး ရှက်ေ
ကြောင့် ပူနွေးသွားကာ စောနေနတ် မျက်နှာချောချောကို မလုံ
ငေးကြည့်လိုက်သည်။

"အမုန်းနက် အကြာကြီး အိပ်ပျော်သွားတာလား ဟင်"

"နာရီဝက်"





"အကြာကြီးပဲ"

"အမုန်းနက်ကို ဦးစောနေနတ် နိုးလိုက်တာ မဟုတ်ဘူး"

အမုန်းနက်ကိုကြည့်ပြီး စောနေနတ် ပြုံးလိုက်သည်။ သူမ အိပ်
ပျော်သွားတာကို ရှက်စနိုးဖြစ်နေပုံလေးကို သဘောကျလျက်။ ချစ်စရာ
ကောင်းသည့် မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

"ကိုယ်မနှိုးဘဲထားတော့ အမုန်းနက် အနားယူပြီးသား ဖြစ်သွား
တာပေါ့ မဟုတ်ဘူးလား"

"ကဲ... အမုန်းနက် ခြေထောက်က ဒဏ်ရာတွေကို ဆေးထည့်
ဆေးလိုက်ရအောင်"

ဆေးသတ္တာကို အမုန်းနက်ကို ပေးလိုက်တော့ အမုန်းနက်က
သူ့ခြေထောက်က ခဲစူးသည့် ဒဏ်ရာတချို့ကို သူမဘာသာ အရက်ပျံ
သန့်စင်ပြီး ဒဏ်ရာတွေကို စစ်ဆေးပြီး ဆေးထည့်သည်။

"ဘာဖြစ်လို့ ဖိနပ်ကိုမစီးဘဲ လက်က ကိုင်လာရတာလဲ"

"ဖိနပ်ပေါက်ပြီး စီးလို့မရတော့လို့ပါ"

"အရင်က မင်း ဒီဘက်ကို ရောက်ဖူးလား"

"ဟင့် အင်း၊ ဒီတစ်ခေါက်ပဲ အမုန်းနက် ဒီကိုရောက်ဖူးတာ"

"အရင်က ဘယ်မှာနေတာလဲလို့မေးရင် မင်းဖြေချင်ရဲ့လား"

ထိုအမေးကိုတော့ အမုန်းနက် ချက်ချင်းမဖြေဘဲ သူ့ကို အကဲခတ်
သော မျက်ဝန်းနက်ကြီးများနှင့် အချိန်အတော်ကြာ ကြည့်ပြီးမှ မျက်လွှာချ
ကြည့်လွဲသွားသည်။

"ရှင် အမုန်းနက်ကို အိမ်ပြန်မပို့ဘူးလို့ ကတိပေးရင် ပြောပြ
မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုချင်တဲ့ ကတိကိုပေးတယ် ဆိုရင်ရော"

"အမုန်းနက် အိမ်က ထွက်ပြေးလာတာ"

"ဘယ်အိမ်ကလဲ"

"မဟူရာစံအိမ်"

ထိုအမည်ကို စောနေနတ် မသိ။

ကြားလည်း မကြားဖူးပါ။

သို့သော် မဟူရာစံအိမ်ဆိုသည့် အိမ်ကြီးမှာ မနေလို၍ ထွက်ပြေး လာပါသည်ဆိုသော အမုန်းနက်လို မိန်းမလှလေးတစ်ယောက် ဤကမ္ဘာ လောကကြီးမှာ ရှိနေခြင်းကိုတော့ သူအံ့ဩမိသည်။

"ဘာဖြစ်လို့ ထွက်ပြေးလာတာလဲ ဆိုတာကိုရော သိ ရမလား"

"ယောကျ်ားမယူချင်လို့"

"ဗျာ..."

ဒီတစ်ခါတော့ စောနေနတ်ကိုယ်တိုင် ဘာပြန်ပြောရမှန်းမ ဖြစ်သွားသည်။ အမုန်းနက်လို မိန်းမလှလေးတစ်ယောက်ကို ဤကမ္ဘာ မှာ မလိုချင်သည့်ယောကျ်ား ရှိမည်မထင်ပါ။ သိပ်လှသည့် သူမ နည်းမျိုးစုံသုံးပြီး ရယူပိုင်ဆိုင်ချင်ကြသည်မှာ သဘာဝကျပါသည်

"မင်းဘာဖြစ်လို့ အဲဒီလူကို မယူချင်ရတာလဲ"

"မုန်းလို့"

"မင်းချစ်သူ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဘိုးနှင့်ဘွားက အမုန်းနက်ကို အဲဒီလူကြီး ဧွတ်အတင်းယူရမယ်ဆိုလို့ ထွက်ပြေးလာတာ။ အမုန်းနက်မှာ ချစ်





ရှင် သူ့နောက်လိုက်ပြေးတာ ကြာလှပြီ"

ချစ်သူမရှိသော မိန်းမလှလေးကြောင့် စောနေနတ် စိတ်လှုပ်ရှား သွားသည်။ တစ်ပြိုင်နက်တည်းမှာပင် သူတို့နှစ်ယောက်ကြားမှာ ရှားခြားသည့် ဆက်နွှယ်မှုတစ်ခု ရှိနေသည်ဟု ခံစားလိုက်ရသည်။

"အမုန်းနက်ကို မယ်မယ်ကြီးဆီ ဘယ်တော့ပို့ပေးမှာလဲ ဟင်"

"မနက်ဖြန်"

"ဟင် ဒီမှာ အမုန်းနက်က တစ်ညနေရဦးမှာလား"

"ဒါပေါ့"

"အို"

သူ့စကားကြောင့် အမုန်းနက် စိတ်ညစ်သွားသည်။ တော်ကြာ ဘိုးနှင့်ဘွား ရောက်လာနိုင်သည်။ ဒီလိုကိစ္စမျိုးက ပြောလို့ရတာ မဟုတ်။ အမုန်းနက်ရှိရာ စုံစမ်းရောက်လာပြီး အမုန်းနက်ကို ဇွတ် အတင်း ပြန်ခေါ်သွားလျှင် အမုန်းနက်ဘဝက မချစ်မနှစ်သက်သူ လက်ထဲ အရှင်လတ်လတ် ငရဲကျရမှာကို သေရမှာထက် ပို ကြောက်လန့်နေမိသည်။

"အခုသွားလို့ မရဘူးလားဟင်။ မယ်မယ်ကြီးနဲ့ အမုန်းနက် မြန်မြန်ဆုံးတွေ့မှ ဖြစ်မှာမို့ပါ"

"အိမ်ကလူတွေ လိုက်လာမှာ စိုးလို့လား"

"ဟုတ်တယ်"

ဟုတ်မှန်သည့်အတိုင်း အမုန်းနက် ဝန်ခံလိုက်သည့်အတွက် ရင်ထဲ ပေါ့သွားသည်။

"သူတို့ ဒီကို လိုက်မလာနိုင်ပါဘူး။ လိုက်လာရင်လည်း ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အမုန်းနက် မရှိဘူး၊ မလာဘူးလို့ ကိုယ်ပြောလိုက်ပါ့မယ်”

“ဘိုးနှင့်ဘွားက ယုံပါ့မလား”

“ယုံအောင်ပြောရင် ယုံရမှာပေါ့။ မင်းက မင်းအဘိုးနှင့်အဘွား တွေနဲ့ နေတာလား”

“အမုန်းနက်မှာ မိဘတွေ မရှိတော့ ဘိုးနှင့်ဘွားနဲ့ပဲ နေရတာ ပေါ့”

“ဒီအဝတ်အစားတွေက မင်းဘွားဆင်ထားတာလား”

“ရှင် ဘယ်လိုသိလဲ”

“တွေးကြည့်တာလေ။ ဒီနေ့ခေတ်မှာ မင်းလိုလူအသက်အရွယ် ဘယ်သူမှ အဘွားကြီးလို မဝတ်ဘူး”

“အမုန်းနက်ရွဲက အဘွားကြီးနဲ့ တူနေလို့လားဟင်”

“အင်း”

စောနေနတ် ခေါင်းညိတ်လိုက်တော့ အမုန်းနက် မျက်နှ ပျက်သွားတာကို ကြည့်ပြီး ရယ်ချင်စိတ်ကို သူမျိုသိပ်လိုက်သည် သူ့စကားကို အမုန်းနက်က တကယ်ထင်နေတာကိုလည်း သဘောကျ နေသည်။

ဘယ်လို အကျည်းတန်၊ အရုပ်ဆိုးသည့် အဝတ်အစားကို ဝတ်ဝတ် ချောသည့်လှသည့် သူ၏ပင်ကို အချောအလှက ဘာတစ်ခု ပျောက်ပျက်မသွား။ ထိုအဝတ်တွေကြားထဲကပင် သူ့မှာရှိသော အလှအပနှင့် ငယ်ရွယ်နုပျိုမှုတွေက ထင်ထင်ရှားရှား ပေါ်ထွက်နေ ဖြစ်သည်။

အမုန်းနက်ကသည်း ထိုအတိုင်းဖြစ်သည်။





လှပခြင်း။

ငယ်ရွယ်နုပျိုခြင်းတွေက သူမဝတ်ထားသည့် အဝက်တွေနှင့် ဆိုင်။ သူ့ဘာသာ အရှိအတိုင်း သဘာဝအလှတရားက သူ့နေရာနှင့်သူ င်ရှားပြတ်သားစွာ ဘီးသန့်ရှိနေ၏။

“မင်းနေရာမယ့် အခန်းကို ကိုယ်လိုက်ပြမယ်”

“လာ”

အမုန်းနက် စောနေနတ် နောက်မှ ပါလာသည်။

အခုမှ ကြီးကျယ်ခမ်းနားမှုအပေါင်းနှင့် အလှဆင်ထားသည့် န်းတော်တစ်ခုနှင့် သဏ္ဌာန်တူသောအိမ်ကြီးကို သတိထား ကြည့်မိ သည်။

အဖိုးထိုက်၊ အဖိုးတန်ပစ္စည်းများက ထိုအိမ်ကြီးတွင် စုဝေးရောက် နေသည်ဟု အမုန်းနက်စိတ်မှာ ထင်မိသည်။ မဟူရာစံအိမ်နှင့် တခြားစီ ဖြစ်သည်။ ငရဲခန်းနှင့်တူသော ထိုအိမ်ကြီးကို အမုန်းနက် ယ်တော့မှ ပြန်မသွားတော့ဟု သူမစိတ်ထဲက ဆုံးဖြတ်လိုက်၏။

“ဒီအခန်းမှာ မင်းနေရမှာ ကြိုက်လား”

“ကြိုက်ပါတယ်”

အဖြူရောင်နှင့် ရွှေရောင်တို့ လွှမ်းခြုံနေသည့် အကောင်းစား ည်းတွေပြည့်နေသော အိမ်ခန်းကိုကြည့်ပြီး အမုန်းနက်စိတ်ထဲ ပြည်ဆိုတာ ဒါမျိုးပဲနေမှာဟု တွေးဖြစ်အောင် တွေးလိုက်သည်။

“တစ်ခုခုလိုချင်ရင် ဒီခလုတ်လေးကို နှိပ်လိုက်၊ ကိုယ်လာ ခဲမယ်”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အဝတ်လဲချင်ရင် ဒီဗီရိုထဲမှာ ရှိတယ်၊ ကြိုက်တာယူဝတ်လို့ ရတယ်။ မင်း အနားယူလိုက်ဦး ဟုတ်လား"

စောနေနတ်က အမုန်းနက်အိပ်ခန်းကို လိုက်ပြပြီး သူမအိပ်ခန်းထဲက ပြန်ထွက်သွား၍ အမုန်းနက် တစ်ယောက်တည်း ကျန်ခဲ့သည်။ မှန်တင်ခုံရှေ့မှာ သူမဝင်ရပ်လိုက်ပြီး သူမကိုယ်သူမ စေ့စပ်သေချာစွာ စူးစိုက်ကြည့်လိုက်သည်။ မှန်ထဲမှာ အလွန်လှပသော ပုံရိပ်က အမုန်းနက်ကို ပြန်ကြည့်နေတာ မြင်လိုက်ရသည်။

ဖြစ်ပျက်နေသော အဖြစ်အပျက်များက မယုံနိုင်စရာဖြစ်သည်။ ဘယ်သူကမှ အမုန်းနက်ကို ဒီလိုလုပ်လိမ့်မယ်လို့ ထင်ကြမှာမဟုတ်။ အခုတော့ အမုန်းနက်ဆိုတာ သူအင်မတန်မုန်းသော မဟူရာစံအိမ်ကြီးကို ကျောခိုင်း ထွက်ပြေးခဲ့ပြီးနောက် ထင်မှတ်မထားသော အိမ်ကြီးတစ်အိမ်မှာ ခေတ္တခဏ ခိုလှုံနေသော ဧည့်သည်အဖြစ် ရောက်ရှိနေ၏။

ဤသည်မှာ အမုန်းနက် အိပ်မက်မက်နေခြင်း မဟုတ်သလို စိတ်ကူးယဉ်နေခြင်းလည်း မဟုတ်။ အမှန်တကယ် ရင်ဆိုင်နေရသော ဘဝသစ်၊ ခံစားချက်သစ်တို့ ဖြစ်သည်။ ဘယ်သူကမှ အမုန်းနက်ကို အပြစ်ပေးမည့်သူ မရှိ။ မနှစ်မြို့သော မုန်းတီးသော စကားလုံးများ အပြောအဆို အမူအယာများလည်း မရှိ။

လွတ်လပ်ခြင်းဆိုတာ ဒီလိုအရသာကို ဆိုလိုရင်းဟု တွေးမိသည်နှင့် အမုန်းနက်စိတ်မှာ စိုးရိမ်ကြောက်ရွံ့ခြင်းတို့ ပေါ့ပါးသက်သာသွားသည်။

အဝတ်ဗီရိုတံခါးကို ဆွဲအဖွင့်မှာ မြင်လိုက်ရသည့် မြင်ကွင်းမှာ မျက်တောင်မခတ်နိုင်အောင် ဖြစ်သွားသည်။ အရောင်အသွေးစုံ အဝတ်





ွက ဗီရိုနှင့်အပြည့်ဖြစ်သည်။ အရောင်မှိုင်းကာ မှိန်ဖျော့တာ တစ်ခုမှမပါ။

အားလုံး အရောင်တောက်တောက်တွေချည်းဖြစ်၍ အဝတ်တိုင်း ၍ ခေတ်မီရဲတင်းသော အင်္ကျီများဖြစ်၍ အမုန်းနက်ကိုယ်တိုင် တစ်ခုမှ မထိရဲမကိုင်ရဲ ဖြစ်နေ၏။ အင်္ကျီလက်ရှည်ရင်ဖုံး၊ လုံချည်များဖုံးများ အမြဲဝတ်ခဲ့ရခြင်း၏ အကျိုးကျေးဇူးက သူမကိုယ်တိုင် ှိုက်များ လက်ပြတ်လက်တိုများ လုံးဝမဝတ်ရဲတော့ခြင်း ဖြစ်သည်။

ဒူးပေါ်၊ ပေါင်ပေါ်ဝတ်စုံများကို လုံးဝ မဝတ်ရဲ၊ မကိုင်ရဲ။ ်ထဲမှာ သူ့အလိုလို လိပ်ပြာမလုံဖြစ်ကာ အရှက်ကြီး ရှက်နေမိ၍ တစ်ခုမှ အမုန်းနက်နှင့် အဆင်မပြေ ဖြစ်နေ၏။

နောက်ဆုံး ကိုယ့်အင်္ကျီပဲ ကိုယ်ဝတ်ရန် ဆုံးဖြတ်ကာ ရေချိုးပြီး ှယ်ဝတ်ဆင်လိုက်သည်။ အမုန်းနက် ကိုယ်နှင့် ပွချောင်နေသည့် ွက် သူမ ခန္ဓာကိုယ်အလှကို ဘယ်သူမှ ခန့်မှန်း၍ မရ။ ဒါကိုပဲ ုန်းနက် သဘောကျနေသည်။

ခရီးပန်းလာသော်လည်း အမုန်းနက် စိတ်ထဲမှာ လန်းနေသည်။ ှ ငွေဝတ်မှုံစံအိမ်ကြီးအကြောင်း အမုန်းနက် ခေါင်းထဲရောက်လာ ည်။ ပြီးတော့ စောနေနတ်ဆိုသည့် လူချော။ ချောမောခန့်ညားသည့် ယောက်ျားက အသက်သုံးဆယ်ခန့်ဖြစ်၍ အမုန်းနက်ထက် အသက် ားကြီးသူဖြစ်သော သူ့အသွင်က နုပျိုနေ၏။

နေမထိ လေမထိသော သူ့အသားအရေက အမုန်းနက်ကဲ့သို့ပင် သွေးရောင် တောက်ပလျှက်။ ခြေဖဝါး၊ လက်ဖဝါးတွေက သွေးခြေ သည်။ လမ်းလျှောက်ရသော အလုပ်ကို ဒီတစ်ကြိမ်သာ ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အမုန်းနက် ခြေဖဝါးနုနုမှာ သွေးခြေဥရုံမက သွေးထွက်သည်အထိ ဖြစ်ခဲ့ရသည်။

တိတ်ဆိတ်ခြင်းရှိသော အိမ်ကြီးထဲမှာ မည်သည့်အသံဗလံမှ မရှိ။ အိမ်ကြီးတစ်အိမ်ထဲမှာ အမုန်းနက်တစ်ယောက်တည်း ရှိသလို ထင်ရသည့်အတွက် စောနေနတ်ဆိုသည့် လူကြီးကို သတိရသွားသည်။ ဒီအချိန် သူတစ်ယောက်တည်း ဘာတွေလုပ်နေမလဲ။ ဒီအိမ်ကြီးထဲမှာ စောနေနတ်အပြင် တခြားဘယ်သူတွေ ရှိဦးမည်မသိ။ စောနေနတ်ဆိုသည့် လူကြီးကတော့ အတော်သဘောကောင်းသည်။ အမုန်းနက်ကို ကူညီမည်ဟု ကတိပေးထားသည်။

ညစာစားချိန်မှာ အမုန်းနက် အိပ်ခန်းတံခါးကို လာခေါက်သည်။ တံခါးဖွင့်လိုက်တော့ စောနေနတ် ကိုယ်တိုင်ဖြစ်ပြီး သူဝတ်ထားသည့် အဖြူရောင်ဝတ်စုံကြောင့် အမုန်းနက် ငေးခနဲ ဖြစ်သွားသည်။ သူကလည်း အမုန်းနက်ကို ငေးကြည့်ပြီး ပြုံးပြသည်။

"မင်း ရေမချိုးဘူးလား"

"ချိုးပါတယ်၊ ဘာဖြစ်လို့လဲ"

"အင်္ကျီလဲတာ မတွေ့လို့"

"အမုန်းနက် ဝတ်နေကြ အင်္ကျီတွေကိုပဲ အမုန်းနက် ဝတ်တတ်တယ်။ တခြားအင်္ကျီတွေ အမုန်းနက် မဝတ်ရဲဘူး"

မှန်သည့်အတိုင်း အမုန်းနက် ဝန်ခံလိုက်တော့ သူက အမုန်းနက်ကို ငုံကြည့်သည်။

"အမုန်းနက်အဘွားက အတော် စည်းကမ်းတင်းကျပ်ခဲ့ပုံပဲ"

"ဟုတ်တယ်၊ သူတို့က အမုန်းနက် ဘာပဲလုပ်လုပ် ဘယ်တော့မှ ကောင်းမမြင်ဘူး။ အမြဲ အပြစ်ပြောနေတာ"





"သူတို့မြေး အချောအလှကို စိတ်မချလို့ နေမှာပါ"

"အချောအလှ ဟုတ်လား"

ထိုစကားကို အမုန်းနက် တအံ့တသြ ရေရွတ်လိုက်သည်။

"ဟုတ်တယ်။ မင်းက သိပ်လှတယ်"

စောနေနတ်စကားကြောင့် အမုန်းနက်ရင်ထဲ အမျိုးအမည် မသိပြရန် ခက်ခဲသော ဝေဒနာတစ်မျိုး ခံစားလိုက်ရသည်။ သူစိမ်းတစ်ယောက်ထံမှ အမုန်းနက် လှကြောင်း၊ ချောကြောင်း ကြားရသည်မှာ ဘဝတွင် ဒါပထမဆုံးအကြိမ် ဖြစ်သည်။ မဟူရာစံအိမ်ကြီးမှာ အမုန်းနက်ကို ဘယ်သူမှ လှကြောင်း၊ ချောကြောင်း မပြော။ ကြားလည်း မကြားဖူး။

"အမုန်းနက်ကို အခုလိုချီးကျူးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း အမုန်းနက် တွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ အချောဆုံးပါ"

"တကယ်လား"

"တကယ်ပါ"

သူက အမုန်းနက် စကားအဆုံးမှာ ခပ်သဲ့သဲ့ ရယ်သည်။

"အမုန်းနက်လို မိန်းမလှလေးတစ်ယောက်ဆီက ကိုယ့်ကို ချီးကျူးစကားပြောခံရတာ ဒါပထမဆုံးပဲ"

"အမုန်းနက်ရော့ပဲ"

"ဘယ်သူမှ အမုန်းနက်ကို ဦးစောနေနတ်လို ချောတယ်၊ လှတယ်လို့ မပြောကြဘူး"

ဝိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဆန်းပါလား"

သူက အံ့သြသည့်လေသံနှင့်ဆိုရင်း အမုန်းနက်၏ အပြစ်ကင်းစင်နုနယ်လှပသော မျက်နှာလေးကို စူးစိုက်ကြည့်သည်။ သူမအလှက ထူးခြားသော အလှဖြစ်ခြင်းကို အမုန်းနက်ဆိုသည့် မိန်းမလှလေးကိုယ်တိုင် သိပုံမရ။ စောနေနတ်ကတော့ အမုန်းနက်ကို မြင်မြင်ခြင်း သူမ၏ ထူးခြားသည့်အလှကို စိတ်ဝင်စားခဲ့သည်။

အံ့သြခဲ့ရသည်။

အဆင်မပြေ၊ အချိုးမကျ၊ မလှမပဝတ်စုံကြားက အမုန်းနက်၏ ပျိုမြစ်နုသစ်သော အလှက မိုးပေါ်က လမင်းတစ်စင်းလို သူမပတ်ဝန်းကျင်ရှိ အလှတရားတို့ကို ညှိုးမှိန်စေလျက်။ သူမတစ်ယောက်တည်း ထင်ရှားရှင်းလင်းစွာ ပိုင်ဆိုင် ထားသော ကိုယ်ပိုင်အလှဖြစ်နေခြင်းကို အံ့သြဖွယ် မြင်တွေ့ခဲ့ရသည့်ခဏ သူ့စိတ်တွေ လှုပ်ရှားခဲ့ရသည်။ ညွတ်နူးပျော့ပျောင်းသွားခဲ့ရသည်။ မျက်ရည်တွေနှင့် လှပနေသည့် မျက်ဝန်းအစုံမှာ သူမအလိုကျ ဘာမဆိုလုပ်ပေးချင်သည့် စိတ်ဆန္ဒတို့ ရင်နှင့်အမျှ ပြည့်သိပ်ဖြစ်ထွန်း လာရခြင်းကို သူပဲသိသည်။

မြေကြီးပေါ်လဲပြီး မျက်ရည်စက်လက်ဖြစ်နေသော ထိုမိန်းကလေး အကြောင်းကို သူ သိချင်နေသည်။ အထူးသဖြင့် သူမ ဘာကြောင့် ဤမျှ ရိုးသားအပြစ်ကင်းပြီး လှချင်တိုင်း လှနေရသည်ကို သူ အသိချင်ဆုံး ဖြစ်သည်။

ညစာကို သူတို့ အတူစားကြသည်။

ဟင်းပွဲတွေ အများကြီးဖြစ်သော်လည်း ဘယ်သူမှ ဟုတ်တိပတ်တိ မစားဖြစ်။ စောနေနတ်က အမုန်းနက်ကို အထူးဂရုစိုက်ပြီး





သူမ စားကောင်းမည်ဟု ထင်သော ဟင်းအမယ်များကို အမုန်းနက်ပန်းကန်ထဲ သူကိုယ်တိုင် ရွေးထည့်ပေးသည်။

အမုန်းနက် မစားတတ်သည့် ကဏန်းဟင်း၊ ကျောက်ပုစွန်ဟင်းများကို သူကပဲ သူမ စားနိုင်အောင် ပြင်ဆင်ပေးသည်။

"ကျောက်ပုစွန်အသားက အရမ်းချိုပြီး နူးညံ့နေတာပဲ စားကြည့်"

"ဦးစောနေနတ်လည်း စားလေ။ အမုန်းနက်ကိုချည်း ဂရုစိုက်မနေပါနဲ့၊ အမုန်းနက် စားတတ်ပါတယ်"

"ဟုတ်ပါပြီဗျာ၊ ကိုယ်က အမုန်းနက်ကို စားစေချင်လို့ပါ"

"မနက်ဖြန် ဘယ်အချိန်သွားမှာလဲ ဟင်"

"မနက်စောစော သွားကြမယ်။ ဒါဆို အမုန်းနက် တွေ့ချင်တဲ့ မယ်မယ်ကြီးကို အချိန်မှီ တွေ့နိုင်မှာပါ"

မယ်မယ်ကြီး အကြောင်းတွေးလိုက်တာနှင့် အမုန်းနက် ရင်တွေခုန်လာသည်။ စိတ်တွေ လှုပ်ရှားလာသည်။

"တော်ပြီလား အမုန်းနက်၊ စားဦးလေ"

"ဟင့် အင်း အမုန်းနက် ဗိုက်ဝသွားပြီ"

စားသောက်ရတာ အမုန်းနက်ပါးစပ်ထဲ ဘာတစ်ခုမှ အရသာမတွေ့တော့။ မယ်မယ်ကြီးက အမုန်းနက်ကို လက်မခံခဲ့ရင်ဆိုသည့် အတွေးက အမုန်းနက်ရင်ကို ပြင်းစွာတုန်လှုပ်စေသည်။

စောနေနတ်က အမုန်းနက်မျက်နှာကို အရိပ်လိုကြည့်နေရှု သူမမျက်နှာပေါ်က အပြောင်းအလဲနှင့် စိတ်လှုပ်ရှားမှုကို တွေ့မြင်နေရ၏။ အမုန်းနက်က ဟန်ဆောင်ကောင်းသူ မဟုတ်။ သူမရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကို အရှိကိုအရှိအတိုင်း သူ့မျက်နှာမှာ ထင်ဟပ်ပေါ်လွင်စေသူ ဖြစ်သည်။

"ကိုယ်တို့ ကော်ဖီသောက်ရင်း စကားပြောကြရအောင် အမုန်းနက် ကော်ဖီကြိုက်လား"

"ဟုတ်ကဲ့"

အမုန်းနက် ခေါင်းညိတ်တော့ သပ်ရပ်စွာ ဝတ်စားပြင်ဆင်ထားသည့် စားပွဲထိုးရောက်လာပြီး ထမင်းစားပွဲကို သိမ်း၍ လှပစွာ ကော်ဖီပွဲကို ပြင်ဆင်သွားသည်။

"ဒီအိမ်ကြီးထဲမှာ တခြားလူတွေလည်း အများကြီးရှိမှာပဲနော်"

"မရှိပါဘူး။ ကိုယ်တို့အတွက် အစားအသောက်တွေ ချက်ပြုတ်ပေးမယ့် စားဖိုမှူးဦးဖွဲ့တို့ပဲ ရှိတာပါ"

"ဩော်"

"ကိုယ်က ဒီမှာ အမြဲနေတာ မဟုတ်ဘူး။ ခဏတာ အပန်းဖြေတာ"

"ဟုတ်လား"

စောနေနတ်ပြုံးပြီး ခေါင်းညိတ်လိုက်ရင်း အမုန်းနက်အတွက် ကော်ဖီပန်းကန်ကို သူကိုယ်တိုင် ကော်ဖီထည့်ပေးသည်။

"ဒီခြံထွက် ကော်ဖီစစ်၊ သောက်ကြည့်ပါဦး"

မည်းနက်သည့် ကော်ဖီရနံ့က သင်းပျံ့နေသလို သောက်လိုက်သည့် အချိန်မှာလည်း ရင်ထဲနွေးထွေး၍ အမုန်းနက် သဘောကျသွားသည်။ ထင်သလောက် သိပ်မခါး၊ သောက်ကောင်းရုံဖြစ်၍ နှစ်နှစ်ခြိုက်ခြိုက် သောက်ဖြစ်သွားသည်။





"ကော်ဖီက ကောင်းတယ်နော်"

"ဦးဖွဲ့လက်ရာလေ"

"ကြိုက်တယ်"

"မုန့်လည်း စားဦးလေ။ အားလုံးဒီမှာပဲ လုပ်ထားတာ"

လှပစွာ ခင်းကျင်းပြင်ဆင်ထားသည့် ကွက်ကီးမုန့် ပုံစံဆန်းဆန်း ပြားပြားလေးတွေက ချစ်စရာသေးသေးလေးတွေ ဖြစ်သလို အနံ့ကလည်း သင်းပျံ့ကာ စားချင်စဖွယ် ဖြစ်သည်။

"ရော့… ဒါလေး စားကြည့်"

စောနေနတ်က ချောကလက်ရည်ဆမ်းထားသည့် မုန့်အချိုပန်းကန်ကို အမုန်းနက် ရှေ့သို့ချပေးပြီး သူကိုယ်တိုင်လည်း တစ်ခုယူစားသည်။ အမုန်းနက် စားကြည့်တော့ သိပ်မချိုဘဲ စိမ့်စိမ့်လေးနှင့် လျှာမှာ ပျော်သွားသည်။

"ဒါကိုယ်အကြိုက်ဆုံး အချိုပွဲပေါ့။ အရသာ ဘယ်လိုနေလဲ"

"ကောင်းတယ်"

"ကောင်းရင် ထပ်စား"

"တော်ပြီ အမုန်းနက်အတွက် ဒီလောက်ဆိုရင် ပြည့်စုံသွားပြီ"

တစ်ခဏအတွင်း အမုန်းနက်နှင့် စောနေနတ်တို့ ခင်မင်ရင်းနှီးသွားသည်။ စောနေနတ်က ကော်ဖီဝိုင်းမှာ သူ့အကြောင်းတွေ အမုန်းနက်ကို ရင်းနှီးစွာပြောပြခြင်းမှာလည်း သူနှင့် အမုန်းနက်တို့ ခင်မင်မှုကို လျင်မြန်စွာ တိုးပွားစေခြင်းဟု အမုန်းနက် ထင်သည်။

"ကိုယ်က ငါးမျှားတာတို့ သစ်ပင်စိုက်ရတာတို့ သိပ်ဝါသနာပါတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရော"

"အမုန်းနက်က သစ်ပင်စိုက်တာကိုတော့ ဝါသနာပါတယ် ငါးမျှားတာကိုတော့ မမျှားတတ်ဘူး"

"နောက်တော့ တတ်သွားမှာပေါ့။ အမုန်းနက် ငါးမျှားတတ်သွားအောင် ကိုယ်သင်ပေးမယ်"

"အမုန်းနက်တို့က နောက်ထပ်ဆုံရတော့မှာမှ မဟုတ်တာ ဦးစောနေနတ် ဘယ်လိုသင်ပေးမှာလဲ"

အမုန်းနက်က နားမလည်သလိုမေးတော့ သူက ရယ်သည်။ အံ့ဩစရာကောင်းတာက သူရယ်လိုက်တိုင်း အမုန်းနက် သူ့မျက်နှာ ငေးကြည့်ဖြစ်သည်။ ဒါကို သူကလည်း သိဟန်တူသည်။ အမုန်းန သူ့မျက်နှာကို တအံ့တဩ ကြည့်လိုက်တိုင်း ဦးစောနေနတ်က မျက် လက်လက်တွေနှင့် အမုန်းနက်မျက်နှာကို ခပ်ပြုံးပြုံး ပြန်ကြည့်တတ်သည်။

"ဘယ်သူပြောလဲ ကိုယ်တို့ ထပ်မဆုံကြရတော့ဘူးလို့"

"ဘယ်သူမှ မပြောပါဘူး။ အမုန်းနက်ဘာသာ တွေးကြည့် တာပါ"

"ကံတရားကို အမုန်းနက် ယုံလား"

"ယုံတယ်"

အမုန်းနက် ခပ်သွက်သွက်ဖြေတော့ သူက အမုန်းနက်ကိုကြည့် ပြီး ခေါင်းညိတ်သည်။

"ကံမကုန်ရင် ကိုယ်တို့နှစ်ယောက် ပြန်ဆုံကြမှာပါ။ အ ကိုယ့်မျက်စိရှေ့ကို အမုန်းနက် ရောက်လာသလိုပေါ့"



"ကိုယ့်ဘဝမှာ အမုန်းနက်ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ ခုလို တွေ့ဆုံခင်မင်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားဘူး။ ပေမယ့် လောကကြီးက ဆန်းကြယ်တယ်။ မျှော်လင့်ထားတာတွေ မလာဘဲ မျှော်လင့်မထားတာတွေလည်း ဖြစ်လာတတ်တာပဲ"

"ဟုတ်တယ်နော်။ အမုန်းနက်လည်း အခုလိုအဖြစ်မျိုး ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ စိတ်ကူးတောင် ယဉ်မကြည့်ဖူးဘူး။ သက်လုံး မဟူရာစံအိမ်ကြီးထဲမှာ အမုန်းနက်ဘဝကို အဆုံးသတ်ရတော့မယ် ထင်နေတာ"

ပြောရင်း အမုန်းနက် မျက်ဝန်းထဲမှာ ဘိုးနှင့်ဘွား၊ ဒေါက်ဟာ တောက် မျက်နှာများကို မြင်ယောင်လာကာ မယ်မယ်ကြီးက န်းနက်ကို လက်မခံခဲ့ရင်ဆိုသည့် အတွေးနှင့် သက်ပြင်းချလိုက် သည်။

"အမုန်းနက်မှာ ဘယ်လိုအကူအညီပဲ လိုအပ်လိုအပ် ကိုယ့်ဆီကို နိုမရွေး ဆက်သွယ်ပါ။ အမုန်းနက်ရှေ့မှာ ကိုယ်ရှိနေမယ်ဆိုတာ န်းနက် မှတ်ထားစေချင်တယ်"

"ကျေးဇူးတင်ပါတယ်"

လှိုက်လှဲသော နှလုံးသားဖြင့် ဦးစောနေနတ်ကို အမုန်းနက် ဇူးတင်စကား ဆိုလိုက်သည်။ ဒီလို အဖြစ်မျိုး အမုန်းနက်ဘဝမှာ ဘူး။ ထူးဆန်းနေသည်။ သူစိမ်းတစ်ယောက်က အမုန်းနက် ယ်ထမှ ကူညီပေးမည်ဟု ဆိုသည်။ အမုန်းနက်စကား မှားမှားမှန်မှန် တစ်ချက်မပျက်။ ဒေါသမထွက်။ ပြုံးနေနိုင်သူက အမုန်းနက်၏ ပါးပစ္စည်းဖြစ်သည်။ မဟူရာစံအိမ်မှာ အမုန်းနက် စကားပြောပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် စကားတစ်လုံးမှ အမှားမခံ။

စကားများသည်နှင့် အဆူအငေါက်ခံရရုံမက စိတ်အခန့်မသ

လျှင် အပြစ်ပေးတာကိုပါ ခံရတတ်တာကို အမုန်းနက် ဘယ်တော့

မမေ့။

ဘယ်သူကမှလည်း ဦးစောနေနတ်လို အမုန်းနက်ကို အရေးတ

စကားပြောမည့်သူ မရှိသလို၊ ကြင်နာနွေးထွေးစွာ ပြောဆိုဆက်ဆံမ

သူလည်း မရှိပါ။ အမုန်းနက်မှာ သူ့မျက်စိရှေ့က ဦးစောနေနတ်

ဘာကြောင့်များ ဒီလောက်စိတ်သဘောထား ပြည့်ဝသူဖြစ်နေရတာ

လိမ့်ဟု တွေးရင်းလောကမှာ ဒီလိုလူတွေလည်း ရှိပါသေးလား

စဉ်းစားမိလျက်သား ဖြစ်သွားသည်။

"ဦးစောနေနတ်မှာ မိသားစုရှိမှာပေါ့နော်"

"မရှိဘူး။ ကိုယ်က တစ်ယောက်တည်း။ ကိုယ့်မိဘတွေ

ကိုယ်ငယ်ငယ်ကတည်းက ဆုံးသွားတာ"

အိမ်ထောင်မရှိ။

လူပျိုကြီးဟု သိလိုက်သည့်အတွက် အမုန်းနက်စိတ်ထဲ ထူးဆ

သလို ဖြစ်သွားသည်။ ရုပ်ရည်ချောမောပြီး၊ ချမ်းသာပြည့်စုံ

တစ်ယောက် အခုချိန်ထိ ဘာကြောင့် အိမ်ထောင်မပြုတာလဲ မသ

အမုန်းနက် တိုင်ကပ်နာရီရှိရာကို လှမ်းကြည့်လိုက်တာမြင်ရမှ စောနေ

အမုန်းနက်ကို အနားယူခိုင်းဖို့ သတိရသွားသည်။

"မနက်အစောသွားရမှာ ဆိုတော့ စောစောအိပ်ရာဝင်လိုက်

ကောင်းပါတယ်။ အမုန်းနက်အခန်းကို ကိုယ်လိုက်ပို့မယ်"

"ဟုတ်ကဲ့"





ပြောသည့်အတိုင်း စောနေနတ်က အမုန်းနက်အခန်းကို

သူကိုယ်တိုင် လိုက်ပို့သည်။

"ဂွတ်နိုက်ပါ ဦးစောနေနတ်"

"ဂွတ်နိုက်"

အိပ်ခန်းတံခါးပေါက်ဝမှာ ရပ်ပြီး စောနေနတ်ကို နှုတ်ဆက်စကား

ဆိုလိုက်သည်။

အိပ်ခန်းတံခါး ဆွဲပိတ်သွားမှ စောနေနတ် နေရာက လှည့်ထွက်

ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အလှွန်လှပသောကားကြီးက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေ၏။ ဤမျှကောင်းသော ကားကြီးကို အမုန်းနက် တစ်ခါမှ မစီးဖူး။ ကား တံခါးတွေကို အလုံပိတ်ထားသော်လည်း ကားထဲမှာ အေးမြလျက်၊ မွှေးရနံ့ သင်းပျံ့နေပုံ၊ အိစက်ညက်ညောနေပုံတို့က အိပ်မက်နယ်၊ ဦးစောနေနတ်ကိုယ်တိုင် ကားမောင်းနေ၍ ကားထဲမှာ အမုန်းနက်နှင့်သူ နှစ်ယောက်တည်း လွတ်လပ်ချင်တိုင်း လွတ်လပ်နေ၏။

'မနက်စာစားပြီး ဦးစောနေနတ် အစီအစဉ်ဖြင့် မယ်မယ်ကြီး ရှိသည့်နေရာကို သူကိုယ်တိုင် ကားမောင်း၍ လိုက်ပို့ခြင်း ဖြစ်သည်။ ကားကြီး၏ ဦးတည်ရာခရီးက အမုန်းနက် အလွန်သွားချင်၊ ရောက်ချင် နေသည့် မယ်မယ်ကြီးထံ ဖြစ်သည်။

အမုန်းနက် ရင်တွေ ခုန်နေသည်။

မယ်မယ်ကြီးသာလျှင် အမုန်းနက်ကို ကယ်တင်နိုင်မည့်သူဟု





ယုံကြည်မျှော်လင့်မိသည်။ မျှော်လင့်သည့်အတိုင်း ဖြစ်လာမည်လား ဆိုသည်ကိုက အမုန်းနက်လည်း သေချာမသိ။ ဘွားက အမုန်းနက်ကို အရွယ်ရောက်ပြီးသော မိန်းမပျိုလေးတစ်ယောက်အဖြစ် အိမ်ထောင်ချ ပေးဖို့ ကြိုးစားသည်။ တည်ငြိမ်ရင့်ကျက်သော ဘဝတစ်ခုကို တည်ဆောက်ရမည်ဟု သင်ကြားသော်လည်း အမုန်းနက်ကိုယ် အမုန်းနက် သော့ ဘွားပြောသည့် အိမ်ထောင်ရေးဆိုတာကြီးကို ဘဝတစ်ခုမှ ခံစား၍ ရေသလို ကိုယ့်ကိုကိုယ် တည်တည်ငြိမ်ငြိမ် ရင့်ကျက်သူတစ်ယောက် ဟု မထင်ချေ။

တစ်ခါတလေ ဘွားပြောသလို လူကြီးဆန်ဆန် တွေးခေါ်ကြည့်ဖို့ ကြိုးစားသော်လည်း များသောအားဖြင့် အမုန်းနက်သည် မည်သည့် အနှောင်အဖွဲ့ကိုမှ မလိုလား။ ကလေးတစ်ယောက်လို အပူအပင် ကင်းကင်းနှင့် လွတ်လပ်စွာ ပျော်ပျော်ရွှင်ရွှင်နေချင်သည့် စိတ်ကသာ သူမကို ဦးဆောင်သည်များသည်။ ရူးစမ်းချင်သော စိတ်၊ လောကကြီး အကြောင်း၊ လူတွေအကြောင်း သိချင်သည့်စိတ်က အမုန်းနက်ကို လွှမ်းမိုးသော်လည်း ထိုစိတ်က ဘွား၏တင်းကျပ်သော စည်းမျဉ်း စည်းကမ်းများအောက်မှာ ပျောက်ဆုံးဖြစ်ခဲ့ရသည်ချည်း ဖြစ်သည်။

တစ်လမ်းလုံး အမုန်းနက်စိတ်တွေ လှုပ်ရှားနေသလို မြင်သမျှ ကြားသမျှ အသစ်အဆန်းဖြစ်နေ၍ ကားကို ကျွမ်းကျင်စွာ မောင်းနှင် နေသည့် ဦးစောနေနတ်ဆိုသည့် လူကြီးကိုလည်း အမုန်းနက်စိတ်မှာ ထူးဆန်းနေသည်။

ကိုယ်နှင့် ဆွေမတော်၊ သားမစပ် သူစိမ်းမိန်းကလေး တစ်ယောက်ပေါ်မှာ ဘာကြောင့် ဤမျှအပင်ပန်းခံ ကူညီနေရသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကို နားမလည်။

"ဘာတွေ စဉ်းစားနေတာလဲ"

"ဦးစောနေနတ်အကြောင်း"

"ကိုယ့်အကြောင်း ဟုတ်လား"

အမုန်းနက်က ပုတ်သင်ညိုမလေးလို ခေါင်းညိတ်တော့ သူက ရယ်သည်။

"ပြောပါဦး၊ ကိုယ့်အကြောင်း ဘာတွေတွေးနေတာလဲ"

စောနေနတ်အသံက ထူးခြားစွာ နူးညံ့သိမ်မွေ့လျက် လှပသော အမုန်းနက်မျက်နှာကို ကြင်နာစွာ တစ်ချက်လှမ်းကြည့်ပြီး နှုတ်ခမ်းအစုံကို ပြုံးထားသည်။

"အမုန်းနက် တွေ့ဖူးသမျှ လူတွေထဲမှာ ဦးစောနေနတ်က သဘောအကောင်းဆုံး ဖြစ်နေလို့ပါ"

"အမုန်းနက်အတွက်ဆို တခြားသူတွေလည်း ကိုယ့်လို သဘောထား ကောင်းကြမှာပါ"

"အဲဒီလူတွေထဲမှာ ဘာလို့ မဟူရာစံအိမ်က လူတွေ မပါတာလဲ ဟင်"

အမုန်းနက်က သူအသိချင်ဆုံးစကားကို မေးလိုက်ရင်း စိတ်ထဲက ဘိုးနှင့်ဘွား မျက်နှာကို ပြေးမြင်မိသည်။

"သူတို့ကို ခြွင်းချက်လို့ သဘောထားလိုက်ပါ"

"ဒါဆို လူတွေအားလုံးက ဦးစောနေနတ်လို လူတွေချည်းပဲလို့ ပြောတာလားဟင်"

လှပသော မျက်လုံးဝိုင်းကြီးတွေက အပြစ်ကင်းစင် ရိုးသား ...င်းစွာ စောနေနတ်နှုတ်ဖျားက အဖြေကို မျှော်လင့်တကြီး စောင့်စား ...တာကို တွေ့လိုက်ရ၍ စောနေနတ် ပခုံးတွန့်လိုက်သည်။ သူ့အဖြေ ...လို့မဖြစ် ထိုကလေးမလေးက သူဘာ့ပြောပြော ယုံကြည်မည့် ...သဘောဖြစ်၍ စကားကို စဉ်းစားဆင်ခြင်ပြောမှဟု တွေးလိုက်၏။

"မဟုတ်ဘူး။ လူတိုင်း ကိုယ့်လို မဟုတ်ဘူး"

"နောက်တော့ အမုန်းနက် နားလည်လာမှာပါ"

ဘာကို အမုန်းနက် နားလည်လာမှာလဲ ဆိုတာကို အမုန်းနက်မသိ။ ...နေနတ် မျက်နှာကိုသာ မျက်ဝန်းနက်ကြီးနှင့် မော့မော့လေးကြည့်ပြီး ...နေသည်။

"အမုန်းနက်ကို ကိုယ်တစ်ခုမေးလို့ ရမလား"

"ဘာမေးမှာလဲ ဟင်"

"မယ်မယ်ကြီးနဲ့ အမုန်းနက် ဘယ်လိုပတ်သက်နေလဲ"

"အမုန်းနက် မသိဘူး"

"မသိဘူး ဟုတ်လား"

"ဟုတ်"

တကယ်လည်း အမုန်းနက် မသိ။

စောနေနတ်ကတော့ အမုန်းနက် အဖြေကြောင့် ထူးဆန်းစွာ ...န်းနက်မျက်နှာကို လှမ်းကြည့်သည်။ အမုန်းနက်ကိုယ်စား ...နေနတ် ရင်မောသွားသည်။ မယ်မယ်ကြီးအကြောင်း အမုန်းနက် ...ပေမယ့် စာနေနတ်တို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ပန်းနုရောင်က ...ယ်ကြီးအကြောင်း မသိသူ မရှိ။ အားလုံး မယ်မယ်ကြီးအကြောင်း ...ကြသည်။ နေရာပေး အလေးထားကြသည်။

www.burmeseclassic.com



ချမ်းသာကြွယ်ဝသော မင်းမျိုးမင်းနွယ်ဖြစ်ရုံမက သူ့ ပတ်ဝ
ကျင် သူ့အသိုင်းအဝိုင်းမှာ ဩဇာအာဏာရှိသူ ဖြစ်သည်။ မယ်မယ်ကြ
၏ ဆွေစဉ်မျိုးဆက်အားလုံးကို သူသိသည်။ ထိုသူတွေထဲမှာ အမု
နက်ဆိုသူ မပါ။ ထိုလှပသော မိန်းကလေးသာ မယ်မယ်ကြီးနှ
ဆွေစဉ်မျိုးဆက်ဆိုလျှင် မယ်မယ်ကြီးက အမုန်းနက်ဆိုသည့် မိန်းမ
လေး၏ အလှကို လှူတကာ အားကျအထင်ကြီး လိုချင်မက်မောလ
အောင် ပွဲလမ်းသဘင်အမျိုးမျိုးကျင်းပပြီး ပွဲထုတ်မှာ သေချာသည်

"အခု အမုန်းနက်ကိုယ်တိုင် သူမနှင့် မယ်မယ်ကြီး ဘယ်
ရင်းနှီးပတ်သက်မှုန်းပင် မသိ။ တစ်ယောက်အကြောင်း တစ်ယော
မသိသူက ဘာကြောင့် တွေ့ဆုံကြမည်နည်း။ စောနေနတ်လည
မသိပေ။ သေချာသည့်က အမုန်းနက် စိတ်လှုပ်ရှားနေခြင်း ဖြ
သည်။

"မယ်မယ်ကြီးဆီရောက်ရင် အမုန်းနက်ဖြစ်ချင်တာ ဖြစ်ခွင့်ရ
လား"

"သေသေချာချာတော့ အမုန်းနက် မသိဘူး။ ဒေါက်တ
မိုးတောက်ကို လက်မထပ်ရရင် ပြီးရော"

"ဘာဖြစ်လို့ အဲဒီလူကို ကြည့်မရအောင် မုန်းနေတာလဲ"

စောနေနတ်စကားကြောင့် အမုန်းနက် မျက်နှာလှလှလေး မဲ့သွ
၏။

"အမုန်းနက်ကို မျက်လုံးပြူးကြီးတွေနဲ့ စားတော့ဝါးတော့မ
ပြူးပြဲကြည့်နေတာ ဦးစောနေနတ်မှ မမြင်ဘဲ"

စိတ်ဆိုးဒေါသဖြစ်နေသည့် အမုန်းနက် မျက်နှာလှလှလေး





ကြည့်ပြီး စောနေနတ် ပြုံးလိုက်သည်။

"သူ့နေရာမှာ တခြားသူဆိုရင်လည်း သိပ်လှတဲ့ အမုန်းနက် မျက်နှာလှလှလေးကို မကြည့်ဘဲ နေနိုင်ကြမှာ မဟုတ်ဘူး"

"အဲဒီလူက တခြားသူနဲ့ကို မတူတာပါ"

"ဟုတ်လား။ ဘယ်လို မတူတာလဲ"

အမုန်းနက်စကားကို ထောက်ခံအားပေးသလို ပြောလိုက်မှ အမုန်းနက်မျက်နှာလေး တည်ကြည်သွားသည်။ သူမစိတ်ထဲမှာ ဒေါက်တာမိုးတောက်ဆိုသည့် လူကို နည်းနည်းမှ မကျေနပ်သလို ကြည့်၍လည်း မရ။ ယောက်ျားချင်းအတူတူ စောနေနတ်လို လူကြတော့ အမုန်းနက်ကို ချောကြောင်း၊ လှကြောင်း ပြောနေတာလည်း အမုန်းနက် စိတ်အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူမျိုး တစ်စက်ကလေးမှ မရှိ။ စောနေနတ် လှုပ်ရှားမှု၊ ပြောဆိုမှုအားလုံး အမုန်းနက်မျက်လုံးထဲမှာ ကြည့်ကောင်းနေရုံသာမက ဘာလုပ်လုပ် အမုန်းနက်က လိုက်ငေးကြည့်ချင်နေအောင် ဆွဲဆောင်မှုအပြည့်ရှိသူ ဖြစ်သည်။ ဒေါက်တာမိုးတောက်နှင့် လုံးဝမတူ။

"ဦးစောနေနတ်လို မဟုတ်လို့ပေါ့"

"ကိုယ့်လို ဟုတ်လား"

"ဟုတ်တယ်"

ပုတ်သင်ညိုမလေးလို ခပ်သွက်သွက်ခေါင်းညိတ်ပြလိုက်သည့် အမုန်းနက်ကြောင့် စောနေနတ် နှုတ်ခမ်းမှာ အပြုံးထင်သွားသည်။ ဘာကြောင့် ဒီကလေးမလေးက ဒီလောက်ချစ်စရာ ကောင်းနေရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး။ ကိုယ်က ဘာတွေထူးခြားနေလို့လဲ"

"အားလုံး"

"အဟွန်း··· ဟွန်း··· ဟွန်း"

သူအသံထွက်၍ ရယ်လိုက်သည်။

"ဟုတ်ပါပြီ။ အဲဒီထူးခြားတာကိုလည်း ကိုယ့်ကိုပြောပါဦး"

"ဟိုလူလို မျက်လုံးပြူးတွေနဲ့ လူကိုမကြည့်ဘူး။ အရမ်းလည်း ဣန္ဒြေသိက္ခာရှိတယ်။ ပြီးတော့ အမုန်းနက် စိတ်ညစ်အောင်လည်း မပြောဘူး၊ မလုပ်ဘူး"

"ဒါပဲလား"

"ဒီလောက်ပဲ အမုန်းနက် ပြောတတ်တယ်။ တခြား ဟာတွေတော့ အမုန်းနက် သေချာ မပြောတတ်ဘူး"

"အခုပြောတာနဲ့တင် လုံလောက်ပါပြီ"

ဘာကို ကျေးဇူးတင်မှန်း အမုန်းနက် မသိ။ အလွန်ခန့်ညား လှပသောကားကြီးက ညက်ညောစွာ လမ်းအတိုင်း တရိပ်ရိပ် ပြေးနေ၏။ ဦးတည်ရာခရီးကို ရော်ရမ်းမှန်းဆရင်း အမုန်းနက်ရင်မှာ လှုပ်ရှားနေ၏။

"အမုန်းနက်တွေ့ချင်တဲ့ မယ်မယ်ကြီးကို သိပ်မကြာခင် တွေ့ရတော့မယ်"

အမုန်းနက် သူ့စကားကို မည်သို့မှ မတုံ့ပြန်နိုင်ခင်မှာ စောနေနတ်၏ ကားအကောင်းစားကြီးက တောင်ကုန်းတစ်ခုပေါ်သို့ ရောက်သွား၍ ရှေ့မှမြင်ကွင်းအားလုံးကို အပေါ်စီးမှမိုးလျက် လင်းရှင်းစွာ တွေ့မြင်နေရ၏။ သူတို့ရှေ့မှာ ကားတစ်စီးသွားနေသည်။

"အဲဒီကားက မယ်မယ်ကြီးအိမ်က ကားပဲ"





"ဟုတ်လား"

စောနေနတ်က သူ့ကားကိုပို၍ အရှိန်မြှင့်လိုက်ပြီး ရှေ့မှသွားနေသည့်ကားကို ဝေါခနဲ ကျော်တက်လိုက်၍ တစ်ဖက်ကားပေါ်က လူတွေက အမုန်းနက်တို့ကားကို စိတ်ဝင်တစား လှမ်းကြည့်ကြသည်။ စောနေနတ်က သူ့ကားကို ရှေ့မှဦးဆောင်ကျော်တက်ပြီး တစ်ဖက်က လာနေသည့် ကားရှေ့မှာ လမ်းပိတ်၍ ရပ်လိုက်သည့်အတွက် တစ်ဖက်ကားက ကျွီခနဲ ဘရိတ်ဖမ်းကာ စောနေနတ်ကားကြီးကို ဝင်မတိုက်အောင် အမြန်ရပ်လိုက်ရသည်။

"သခင်လေးပါလား။ ကျွန်တော့်ကားရှေ့မှာ ရုတ်တရက် ဘခြားကား ရပ်လိုက်တော့ တိုက်မိမှာစိုးပြီး လန့်သွားတယ်ဗျာ"

"အခု မလန့်တော့ဘူး မဟုတ်လား"

ပြောပြီး စောနေနတ်က ရယ်သည်။

"ကဲ··· လာ"

ရပ်ထားသည့်ကားထဲမှ ထိုင်နေသည့်အမုန်းနက်ကို သူကိုယ်တိုင် ကားတံခါးဖွင့်ပေးပြီး သူ့လက်တစ်ဖက်ကို ကမ်းပေးလာ၍ ဖြူနုသော အမုန်းနက်လက်ကလေးတစ်ဖက်ကို စောနေနတ်ကမ်းပေးထားသည့် လက်ထဲ အသာထည့်ပေးလိုက်ရသည်။

ကြွံခိုင်ပူနွေးသော စောနေနတ်လက်ချောင်းများက သန်မာစွာ သူမလက်ကလေးကို အုပ်မိုးကိုင်လိုက်ချိန်မှာ အမုန်းနက်တစ်ကိုယ်လုံး ကြက်သီး ဖြန်းခနဲ ထသွားသလို ထိုလက်များဖြင့် လိုက်ပါသွားလို စိတ်များ ဖြစ်လာသည်။

"ကြည့်စမ်း။ အမုန်းနက်လက်ကလေးတွေက သိပ်လှတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလက်ကိုသာ အခုလိုအမြဲတွဲထားခွင့် ရမယ်ဆိုရင် ကိုယ်တေ
တော်တော်စိတ်ချမ်းသာလိမ့်မယ်ထင်တယ်''

''ဘယ်သူတွေလဲ မောင်ဒီပ''

တစ်ဖက်ကားထဲမှ ထွက်ပေါ်လာသော အသံဖြစ်ပြီး ကာ
ပြတင်းပေါက်မှန်မှ လိုက်ကာစကိုဖယ်၍ ကြည့်လိုက်သော မယ်မယ်ကြ
မျက်နှာကို မြင်လိုက်ရ၍ အမုန်းနက်လည်း ဦးစောနေနတ်နှင့် အတူ
ပဲဆိုသည့် သူမရင်ထဲက စကားကို ပြန်ပြောခွင့်မရလိုက်။ စိတ်လှုပ်ရှားမှ
မယ်မယ်ကြီးမျက်နှာကို လှပပိုင်းစက်သည့် မျက်ဝန်းများဖြင့် အားက
တကြီး လှမ်းကြည့်လိုက်မိသည်။

''ငွေဝတ်မှုံစံအိမ်က သခင်လေးပါ မယ်မယ်ကြီး''

ကားဒရိုင်ဘာ ဦးဒီပအသံဖြစ်သည်။ စောနေနတ်က အမုန်းန
ကိုဆွဲပြီး မယ်မယ်ကြီးကားရှိရာသို့ အမုန်းနက်ကို ခေါ်သွားသည်

''မင်းတွေ့ချင်တဲ့သူနဲ့ တွေ့ရပြီဆိုပြီး ကိုယ့်ကို မေ့သွားလို့တေ
မရဘူးနော် အမုန်းနက်''

''ဦးစောနေနတ်ကို အမုန်းနက် ဘယ်တော့မှ မမေ့ပါဘူး''

''တကယ်လား''

''တကယ်ပါ''

စောနေနတ်ကိုမကြည့်ဘဲ သူ့ကို စကားပြန်ပြောနေမိသော်လည်
အမုန်းစိတ်ထဲ ထူးဆန်းစွာ မယ်မယ်ကြီးကို ကြောက်ရွံ့စိတ်နှင့် သူမဝ
လက်မခံခဲ့ရင် ဆိုသည့်အတွေးကြောင့် လှမ်းလက်စ ခြေအစုံက သူ့အဝ
လို တုန့်ရပ်သွားသည်။

''ဘာဖြစ်လို့လဲ အမုန်းနက်''





''ကြောက်လို့''

''ဘယ်သူ့ကိုလဲ မယ်မယ်ကြီးကိုလား''

''အားလုံးပဲ။ အမုန်းနက် ဘွားတို့ဆီကို ပြန်သွားတာပဲ ကောင်း
ယ် ထင်တယ်''

''ဦးစောနေနတ် အမုန်းနက်ကို အခုလိုကူညီတာ ကျေးဇူးတင်
တယ်။ အမုန်းနက် အိမ်ကိုပဲ ပြန်တော့မယ်''

''ဒီအထိရောက်လာပြီးမှ အမုန်းနက် အခုလို ဆုံးဖြတ်ရင် သိပ်မှား
းမှပေါ့။ အမုန်းနက် အင်မတန်ရှုံ့မုန်းတဲ့လူနဲ့ အမုန်းနက်
က်ထပ်ရမှာကို ပြန်မတွေးတော့ဘူးလား''

''လာပါ… အမုန်းနက်နားမှာ ကိုယ်ရှိတယ်။ ဘာမှ မကြောက်
''

တွန့်ဆုတ်တွေဝေနေသည့် အမုန်းနက်လေးကို ပိုင်ပိုင်ဆွဲယူပြီး
န်းနက်ရှေ့က ဦးဆောင်လျှောက်သွား၏။ သူ့နောက် အရုပ်ကလေး
ရုပ်လို လိုက်ပါခဲ့ရသူက အမုန်းနက် ဖြစ်သည်။ လွှန်ဆွဲနေသည့်
န်းနက် အတွေးတွေကို ပြတ်သားအောင် ဆုံးဖြတ်ပေးသူက
နေနတ်ဖြစ်သည်။

စောနေနတ်ကို မြင်လိုက်သည်နှင့် မယ်မယ်ကြီးက သူ့ကားတံခါးမှန်
ချလိုက်သည်။

''စံအိမ်ကိုရောက်တဲ့အထိ မစောင့်နိုင်လောက်အောင် ဘာကိစ္စ
ာက်အရေးကြီးနေလဲ မောင်စောနေနတ်''

''ဟောဒီ မိန်းမလှလေး မယ်မယ်ကြီးကို သိပ်အရေးကြီးသ
နဲ့ တွေ့ချင်ပါတယ်ဆိုလို့ စံအိမ်ရောက်အောင် မစောင့်နိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်ကြီးကိုတွေ့အောင် ကြိုးစားရတာပေါ့ဗျာ''

''ကလေးမက ဘယ်သူလဲ၊ ဟင်… မင်း မဟူရာစံအိမ်ကပဲ''

''ဟုတ်ပါတယ် မယ်မယ်ကြီး။ မဟူရာစံအိမ်က အမုန်းန ပါ''

''ဘုရားရေ… ဘယ်လိုလုပ်ပြီး မဟူရာစံအိမ်ကနေ မောင် နေနတ့်ဆီ ရောက်နေရတာလဲကွယ်။ အမုန်းနက် ဘိုးနှင့်ဘွား သိကြရဲ့လား''

မယ်မယ်ကြီး အမုန်းနက်ကို မြင်မြင်ချင်း အံ့သြထိတ်လန့်သ အမူအရာနှင့် သူသိချင်သည့်စကားများကိုမေးရင်း စောနေနတ်နှင့်အ ရှိနေသည့် အမုန်းနက် တစ်ကိုယ်လုံးကို ရှုးလက်တောက်ပ ထက်မြက်သည့် မျက်ဝန်းအစုံဖြင့် သိမ်းကျုံးကြည့်လိုက်သည်။

''အမုန်းနက် မဟူရာစံအိမ်ကနေ ထွက်ပြေးလာတာပါ မယ် ကြီး''

''အလိုလေး၊ မကြံကောင်း မစည်ရာတွေပါလား အမုန်းန ရယ်။ မဟူရာစံအိမ်မှာ အမုန်းနက် မရှိတော့တာနဲ့ မိုးမီးလောင် မှာပေါ့ ကွယ်''

''မယ်မယ်ကြီးကိုယ်တိုင် မဟူရာစံအိမ်ကို ပြန်လိုက်ပို့မယ်''

''ဟင့်အင်း။ အမုန်းနက် မဟူရာစံအိမ်ကို မပြန်ဘူး။ အမုန်း ကို ပြန်မပို့ပါနဲ့''

''ဟုတ်တယ် မယ်မယ်ကြီး။ အမုန်းနက် မဟူရာစံအိမ်ကို ပြန် ရင် မှော်ဆရာနဲ့တူတဲ့ အမုန်းနက် သိပ်မုန်းတဲ့ မျက်လုံးပြူးကြီး လူကို လက်ထပ်ရပါလိမ့်မယ်''





''ဘယ်လိုကွဲ့''

စောနေနတ်က အမုန်းနက်ကိုယ်စား မဟူရာစံအိမ်က ဘိုးနှင့်ဘွား ပေးစားမည့် ယောကျ်ားကိုမယူချင်၍ ထွက်ပြေးလာသည့် အမုန်းနက် အကြောင်း မယ်မယ်ကြီးကို ရှင်းပြနေ၍ အမုန်းနက် ငြိမ်နားထောင် နေမိသည်။

စောနေနတ်စကားပြောနေသည့် တစ်ချိန်လုံး မယ်မယ်ကြီးက အမုန်းနက် မျက်နှာလေးကို သနားကြင်နာစွာ ရှုစိုက်ကြည့်ရင်း ခေါင်း ညိတ်ညိတ် လုပ်နေ၏။

''ကိုယ့်ထက် အသက်အများကြီးကြီးပြီး မှော်ဆရာနဲ့တူတဲ့ မျက်လုံးပြူးကြီးနဲ့လူကို လက်မထပ်ချင်လို့ ထွက်ပြေးလာတာ အမုန်းနက် မှန်ပါတယ်''

''ကဲ… ကားပေါ်တက် ပန်းနုရောင်ကို မယ်မယ်ကြီးတို့ ဆိုးဆက်ကြမယ်''

မယ်မယ်ကြီးစကားကြောင့် အမုန်းနက် လက်တစ်ဖက်ကို အခု ထိ ဆုပ်ကိုင်ထားသည့် စောနေနတ်မျက်နှာကို အမုန်းနက် မော့မော့ လေး ကြည့်လိုက်သည်။ အမုန်းနက် မျက်နှာလှလှလေးကို တုံ့ပြန် ကြည့်နေသည့် စောနေနတ်၏ မျက်ဝန်းတောက်တောက်များနှင့် ဆုံလိုက်မိသည့်အခိုက် အမုန်းနက်ကိုယ်မှာ ခတ်လိုက်ခံရသလို ဖြစ် သွားသည်။

''အမုန်းနက်ကို မယ်မယ်ကြီးဆီရောက်အောင် ခေါ်ပေးတဲ့ မင်းကို မယ်မယ်ကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးမြေးနဲ့ ဆက်ထပ်တွေ့ဖို့ မင်းဖက်က မကြိုးစားစေချင်ဘူး မောင်စောနေနတ်''



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားတင်းမာသည့် မယ်မယ်ကြီးထံမှ စကားလုံးနှင့် အမူအရာများကြောင့် အမုန်းနက် အားတုံ့အားနာဖြစ်သွားကာ စောနေနတ်မျက်နှာကို အလန့်တကြားလေး မော့ကြည့်မိလျက်သား ဖြစ်သွားသည်။ ဘာကြောင့် မယ်မယ်ကြီးဘက်က စောနေနတ်လို လူတစ်ယောက်အပေါ် ဤမျှပြင်းထန်သောစကားကို ဆိုရသနည်း။

မယ်မယ်ကြီး၏ သဘောထားကို အမုန်းနက် နားမလည်။ အမုန်းနက် နားလည်သည်က အမုန်းနက်အပေါ် အစစအရာရာ ကူညီပေးခဲ့သည့် အဆင့်အတန်းမြင့်မားသော လူယဉ်ကျေးတစ်ယောက်အား မယ်မယ်ကြီးအနေနှင့် အခုလို မပြောသင့်ဟု နားလည်ခြင်း ဖြစ်သည်။

"ဒါ ကျွန်တော်ရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်ပါ။ မယ်မယ်ကြီးဘက်က တားမြစ်ပိတ်ပင်ခွင့် မရှိဘူးလို့ ထင်ပါတယ်"

"အရင်က ဟုတ်ပါလိမ့်မယ်။ အခု အမုန်းနက်က မယ်မယ်ကြီးရဲ့မြေးဖြစ်သွားပြီ မောင်စောနေနတ်။ ဒီတော့ မယ်မယ်ကြီးရဲ့မြေးအတွက် မယ်မယ်ကြီးဘက်က တားမြစ်ခွင့်ရှိတယ်။ ပိတ်ပင်ခွင့်ရှိတယ်"

မယ်မယ်ကြီးစကားကြောင့် စောနေနတ်၏ မျက်နှာမှာ မာနရောင်တောက်လာ၏။ ဖြူဖွေးသော အသားမှာလည်း ချက်ချင်း အနီရောင်ပြောင်းသွားကာ တစ်ခုမှ နားမလည်နိုင်စွာ အံ့သြငေးကြောင်ကြည့်နေသည့် အမုန်းနက်မျက်နှာလေးကို စူးစိုက်ကြည့်လိုက်သည်။

"ကျွန်တော်ဖြစ်ချင်ရင် ဘာမဆိုဖြစ်ခွင့်ရှိတယ်ဆိုတာ မယ်မယ်ကြီးလည်း သိပါတယ်"

"တခြားနေရာမှာ မင်းဖြစ်ချင်တာ ဖြစ်ခွင့်ရှိတယ်။ ဖြစ်လည်း





ဖြစ်နိုင်တယ်။ မယ်မယ်ကြီးရဲ့ မြေးအပေါ်မှာတော့ မင်းဖြစ်ချင်တိုင်း ဖြစ်လို့ မရဘူး။ မောင်စောနေနတ်"

"ကုန်ကုန်ပြောမယ်ကွယ် မယ်မယ်ကြီးရဲ့မြေးကို မင်း မချစ်လိုက်နဲ့"

"မယ်မယ်ကြီးပြောတာ သိပ်ကို နောက်ကျသွားပြီ"

စောနေနတ်စကားကြောင့် မယ်မယ်ကြီးမျက်နှာ သိသာစွာ ပျက်သွားကာ အမုန်းနက်ကို တစ်ချက်လှမ်းကြည့်လိုက်၏။

"ကားပေါ်တက်တော့ အမုန်းနက်၊ မယ်မယ်ကြီးတို့ သွားကြမယ်"

"ဟုတ်ကဲ့ပါ မယ်မယ်ကြီး"

မယ်မယ်ကြီးအမိန့်ကို မလွန်ဆန်နိုင်ပါ။

အမုန်းနက်လက်ကို အခုချိန်ထိ မလွှတ်သေးဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် စောနေနတ်လက်ထဲက သူမလက်လေးကို မရုန်းရဲဘဲ အသာရုန်းဖယ်လိုက်တော့ သူက အမုန်းနက်လက်ကလေးကို ဖွဖွတစ်ချက်ဆုပ်ညှစ်ပြီး အသာအယာ ဖြေလွှတ်ပေးလိုက်သည်။

"ကိုယ်တို့ နောက်မှ ပြန်ဆုံကြမယ်နော် အမုန်းနက်"

"ဟုတ်ကဲ့ပါ"

"အမုန်းနက် သွားပြီနော်"

"ကောင်းပါပြီ ဗျာ"

မယ်မယ်ကြီး၏ ကားဒရိုင်ဘာ ဦးဒီပ ဖွင့်ပေးထားသည့် တံခါးမှတဆင့် မယ်မယ်ကြီးနှင့် မျက်နှာချင်းဆိုင်ခုံမှာ အမုန်းနက် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''မောင်းတော့ ဒီပ''

''ဟုတ်ကဲ့ပါ မယ်မယ်ကြီး''

ဒရိုင်ဘာကြီး ဦးဒီပ ကားတံခါးကို ပိတ်သည့်နောက် စောနေ... ၏ မျက်နှာကို နောက်ထပ်မမြင်ရတော့ပါ။ မယ်မယ်ကြီး၏ ကားကြီး... ညင်သာစွာ နေရာက မောင်းနှင်ထွက်ခွာသွားသည့် တစ်ပြိုင်နက်တ... အမှန်းနက်ရင်ထဲ ဖော်မပြနိုင်သော လှိုက်လှဲနင့်ဟာမှုကြောင့် ဝမ်းန... အားငယ်လာကာ မျက်ရည်ပေါက်ကြီးများ စီးကျမလာအောင် မန... ကြိုးစား၍ ထိန်းချုပ်ထားလိုက်ရသည်။



## အခန်း (၇)

လွတ်ပြီ။

ကျွတ်ပြီ။

အမှန်းနက် အလွန်မုန်းသော မဟူရာစံအိမ်ကြီးနှင့် ဒေါက်တာ ...ဘာက်ဆိုသည့် လူကြီးရှိရာ ဘယ်တော့မှ မပြန်ရတော့။ တွေးလိုက် ...ည်နှင့် အမှန်းနက်တစ်ကိုယ်လုံး ကျေနပ်ကြည်နူးသော စိတ်များဖြင့် ...ည့်သိပ်သွားသည်။

မယ်မယ်ကြီးကတော့ အင်မတန် နုနယ်ငယ်ရွယ်လှပသော ...န်းနက်ကိုကြည့်ကာ မကြာခဏ သက်ပြင်းချနေ၏။

''မြေးကြောင့် မောင်စောနေနတ်လို လူကြီးလူကောင်း ...ယောက်ကို မယ်မယ်ကြီး ရှိုင်းစိုင်းသလို ဖြစ်သွားတယ်။ ဘာ... ...ကြောင့် ဒီလိုပြောရတာလဲဆိုတော့ မယ်မယ်ကြီး အသက်ကြီးပြီ။ ...င်စောနေနတ်အကြောင်းလည်း မယ်မယ်ကြီး သိတယ်။ ...ိုးကလေး



www.burmeseclassic.com

www.burmeseclassic.com



ဘဝကတည်းက မောင်စောနေနတ်နဲ့ မယ်မယ်ကြီးတို့က သိကျွ
ခင်မင်ခဲ့ကြတာ''

''မြေးအနေနဲ့တော့ မောင်စောနေနတ်အပေါ် တန်းတူရည်
ဆက်ဆံခွင့် မရှိဘူး။ မြေးက အသက်အများကြီး ငယ်တယ်။ မြေး
ဘိုးဘွားတွေကြောင့် ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ပြတ်နေတဲ့မြေး
ယန်းနုရောင်ကိုရောက်ရင် မိန်းကလေးတစ်ယောက်ဟာ ဣန္ဒြေသိက္ခ
ဘယ်လို နေရထိုင်ရမယ်၊ အထက်တန်းလွှာတွေနဲ့ ဆက်ဆံရင် ဘယ်
ဆက်ဆံရမယ်ဆိုတာတွေ မြေးကို သင်ပေးမယ်''

''ဘာမှအားမငယ်နဲ့ ဟုတ်လား''

''ဟုတ်ကဲ့ မယ်မယ်ကြီး''

မယ်မယ်ကြီးထံမှ ပြောသမျှစကားများ၊ ကြားရသမျှ စကားမျ
မှာ အမုန်းနက်အတွက် အားတက်စရာ၊ ဝမ်းသာဂုဏ်ယူစရာ၊ ကျေ
နှစ်သိမ့်စရာများဖြစ်၍ အမုန်းနက် ပျော်ရွှင်မှုက တာရှည်မခံ။

''မြေးကို မယ်မယ်ကြီးကိုယ်စား လိုအပ်တာတွေအား
တာဝန်ယူ သင်ကြားပေးမယ့်သူက ဟောဒီက ဒေါ်ကေသီပဲ''

''ကေသီက မြေးကို ထိန်းကျောင်းပြုပြင်ပေးလိမ့်မယ်။ အထ
တန်းလွှာတွေကြားထဲမှာ ဣန္ဒြေရရ ဝင်ဆန့်နိုင်တဲ့အထိ သူပဲ တာဝန်
သင်ကြားပေးလိမ့်မယ်''

''အခုချိန်ကစပြီး အမုန်းနက်ကို ကေသီ့လက်ထဲ အပ်လိုက်

''ဟုတ်ကဲ့ မမ''

ဒေါ်ကေသီဆိုသည့် အဒေါ်ကြီးက မဟူရာစံအိမ်က ဒေါ်ပုပုံ
သိပ်ပြီး မထူးခြားပါ။ နာမည်နှင့် အနေအထိုင် အသုံးအဆောင်မျာ





ဘွာချင်ကွာမည်။ မျက်နှာထားတင်းမာပုံ၊ အမုန်းနက်ကို သဘောမကျ
ဟန်၊ မနှစ်မြို့ဟန် ကြည့်ပုံချင်းကတော့ အတူတူဖြစ်သည်။ သူ့ထံမှ
အကြည့်က အမုန်းနက်ကို မုန်းတီးမှုအပြည့်ပါသော အကြည့်ဖြစ်၍
ဒေါ်ပုရဲ့ အကြည့်နှင့်အတူတူ ဖြစ်သည့်အတွက် အမုန်းနက် စိတ်ညစ်
သွားသည်။

ပျော်ရွှင်နေသည့်စိတ်ကလေး ပျောက်သွားကာ အမုန်းနက်
စိတ်ထဲက လာပြန်ပြီ နောက်ထပ်ဒေါ်ပုတစ်ယောက်ဟု တွေးမိလျက်
သားဖြစ်သွားသည်။ အမုန်းနက်ခေါင်းထဲမှာ အတွေးပေါင်းစုံဖြင့်
ရှုပ်လည်နေ၏။ သို့သော် အမုန်းနက် သွားရသည့်ခရီးကတော့ သူမဘဝ
တစ်သက်တာတွင် ဘယ်သောအခါမှ မေ့မရသောခရီး ဖြစ်သည်။
ရောက်ဖူးသေးသော နေရာဒေသများ၏ ပတ်ဝန်းကျင်သစ်၊ မြင်ကွင်း
သစ်များကို စိမ့်ပြေနပြေ အားရပါးရ ကြည့်သည်။ ဘယ်လောက်
ကြည့်ကြည့် ကြည့်၍မဝနိုင်။ မယ်မယ်ကြီးက အမုန်းနက်ဘက်ခြမ်းမှ
ကားမှန် ပြတင်းပေါက်ကို ချထားပေး၍ သွားရမည့်ခရီးက တစ်စက်
ကလေးမှ ငြီးငွေ့စရာ မရှိချေ။

မယ်မယ်ကြီးနှင့် သူ့အဖော် ဒေါ်ကေသီဆိုသည့် အဘွားကြီး
ကတော့ တစ်လမ်းလုံးလုံး မျက်စိမှိတ်ပြီး မှိန်းလိုက်လာသည်။ ဘယ်
သူမှ စကားမပြော။ အသက်ကြီးသူများဖြစ်၍ မျက်နှာပေါ်က အရေး
အကြောင်းများကို ထင်ရှားစွာ မြင်နေရ၏။

ဒေါ်ကေသီဆိုသည့် အဘွားကြီးကတော့ မျက်လုံးဖွင့်သည်နှင့်
အမုန်းနက်ကို မုန်းတီးဟန်ဖြင့် သဘောမကျသလို ခပ်တည်တည်လေး
သူ့ကိုပြန်ကြည့်သော်လည်း သူ့မျက်လုံးများကို တခြား ဘယ်သို့



www.burmeseclassic.com

www.burmeseclassic.com



မရွေ။ အမုန်းနက်နှင့် မျက်လုံးချင်းဆုံလျှင် သူမက စပြီး ဘယ်တော့အကြည့်မလွှဲ။

နောက်ဆုံး ဒေါ်ကေသီ အရှုံးပေးသွားသည်။

သူ့မျက်နှာလွှဲသွားမှ အမုန်းနက်လည်း မျက်လွှာပြန်ချထားလိုက်သည်။ ထိုအခါ အမုန်းနက်အပေါ် ကြွင်နာသည့် စောနေနတ်မျက်နှာက ပေါ်လာ၏။

အမုန်းနက်လက်လေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် နွေးထွေးသန့်မာသည့် လက်များ။ ပြီးတော့ မယ်မယ်ကြီးရှေ့မှာ အမုန်းနက်ကို ချစ်နေပြီဟု သူ့နှုတ်က ထုတ်ဖော်မပြောသော်လည်း ထုတ်ဖော်ပြောသည်ထက် ထိရောက်သည့်စကားများကို ဆိုသွားလေသည်။

နောက်ဘယ်အချိန်ကြမှ သူနှင့် ထပ်ဆုံရမည်မသိ။ မယ်မယ်ကြီးကတော့ အမုန်းနက်နှင့် နောက် မပတ်သက်ပါနှင့်ဟု ဆိုထားသည်။ ဘာကြောင့် သူ့လိုလူနှင့် အမုန်းနက်ကို သဘောမတူရသနည်း။ မယ်မယ်ကြီးသဘောကို အမုန်းနက် နားမလည်။

နားလည်နိုင်စရာလည်း အကြောင်းမရှိ။ အမုန်းနက်နှင့် မယ်မယ်ကြီးက အခုမှ တွေ့မြင်သိကျွမ်းကြသူများဖြစ်၍ တစ်ယောက်သဘော တစ်ယောက်ဘယ်လိုမှ နားလည်နိုင်ရန်မှာလည်း မဖြစ်နိုင်။ အမုန်းနက်တို့ ဦးတည်နေသော ခရီးက တဖြည်းဖြည်း ပန်းတိုင်ရှိရာသို့ ပို၍နီးကပ်လာနေသည်။

မယ်မယ်ကြီး၏ စံအိမ်ကို စိတ်ကူးဖြင့် မှန်းဆပုံဖော်ကြည့်သော်လည်း အရာမထင်။ သေချာသည်က ဘိုးနှင့်ဘွားတို့နေသည့် မဟူရာ





ိမ်ကြီးထက် အဆပေါင်းများစွာ သာလွန်ကောင်းမွန်သည့်နေရာဟု ကြည့်သည်။

ပန်းနုရောင်စံအိမ်ကြီးမှာ ဘယ်သူတွေရှိလဲ။ သူတို့ကရော ်းနက်ကို ဘယ်လို ဆက်ဆံကြမှာလဲ။ ဒေါ်ကေသီဆိုသည်မှာ ်သူနည်း။ ဘာကြောင့် အမုန်းနက်ကို ကြည့်မရအောင် မုန်းတီး သနည်း။

အမုန်းနက်ဆိုသည့် သူမနာမည်ကပဲ အမုန်းနက်ကို တွေ့သည့် သည့်နေရာမှာ မုန်းတီးဖို့ဖြစ်စေခဲ့သလားဟု မတွေးတတ် တွေးတတ် လျှောက်တွေးနေ ကြည့်နေမိသည်။

မဟူရာစံအိမ်မှာ ကျန်ခဲ့သည့် ဘိုးနှင့်ဘွားတော့ ဘာတွေဖြစ်ကြ သိ။ ရဲစခန်းမှာ လူပျောက်တိုင်ပြီး လူတစ်ယောက်လုံး ကိုယ်ဖျောက်စိ ာ ပျောက်သွားတာ မသိရအောင် ညံ့ဖျင်းအသုံးမကျကာကို အပြစ် ်နေကြပြီလား မဆိုနိုင်။

အမုန်းနက်အတွေးထဲ အကြောင်းအရာမျိုးစုံ ရောက်နေသလို ွေးတွေကလည်း ပေါင်းစုံဖြစ်သည်။ ဦးစောနေနတ်က အမုန်းနက် သည်ဟု ဆိုသည်။ တကယ်လေ့ာပြောခြင်း ဟုတ်မဟုတ်တော့ သူတကယ် အမုန်းနက်ကို ချစ်သည်ဆိုလျှင် ဘယ်လောက် ရာ ကောင်းလိမ့်မလဲဟု တွေးကြည့်သည်။

နောက်တစ်ခါ သူနှင့်ထပ်ဆုံလျှင် ဘာကြောင့် မယ်မယ်ကြီးက ်အမုန်းနက်ကို မပတ်သက်စေချင်ရတာလဲဟု မေးဖြစ်အောင် ် စဉ်းစားထား သည်။ အမုန်းနက် ကြည့်နေစဉ်မှာ ပတ်ဝန်းကျင် ွင်းက ပြောင်းသွားသလို အမုန်းနက်တို့ စီးလာသည့်ကားကြီးက



www.burmeseclassic.com

www.burmeseclassic.com



လည်း လမ်းမကြီးမှ ဘေးသို့ ဖဲ့ဆင်းချိုးကွေ့သွား၏။

တစ်ခဏအတွင် တောအုပ်ဟစ်ခုထဲ ရောက်သွားသလို ပ ဝန်းကျင်က သစ်ကြီးဝါးကြီးများဖြင့် စိမ်းမှောင်ဝေမှိုင်းသွား ကျေးငှက်တို့ အော်မြည်သံတို့ကိုပင် ကြားလာရသည်။ စိတ်ဝင် လွန်း၍ အမုန်းနက်မျက်ဝန်းတို့ အရောင်တဖိတ်ဖိတ် တောက်ပနေသေ လည်း ဒေါ်ကေသီမျက်နှာကတော့ ဘာတစ်ခုမှ ထူးခြားမှု မရှိ။

မယ်မယ်ကြီး၏ မျက်လုံးများ ပွင့်လာ၏။ ပြတင်းပေါ အပြင်သို့ ငေးမျှော်ကြည့်သည်။ ပြီးတော့ အမုန်းနက်ကို လှမ်းကြ သည်။ ဘာစကားမှတော့ မပြော။ သူ့မျက်နှာပေါ်မှာလည်း ထူးခြ သော အမူအရာ မရှိ။

အမုန်းနက်ကို ဘာကြောင့် စကားမပြောမှန်း မသိ။ မဟူရာစံ က ဘိုးနှင့်ဘွားက အမုန်းနက်ကို စိတ်ဆိုးလျှင် စကားမပြေ မယ်မယ်ကြီးလည်း ဘိုးနှင့်ဘွားလိုလားမသိဟု တွေးကြည့်သည ဒေါ်ကေသီကတော့ အမုန်းနက် လှုပ်ရှားသမျှကို သဘောမကျသ မျက်လုံးများဖြင့် လိုက်ကြည့်နေ၏။

ပထမဆုံး အမုန်းနက် သတိထားမိသည်က အသွေးအရေ စုံလင်လှပစွာ နေရာချစိုက်ပျိုးထားသည့် ပန်းဥယျာဉ်များဖြစ်သည ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်သော်လည်း ပန်းရောင်စုံတွေထဲမှာ အမုန်းန မမြင်ဖူး မတွေ့ဖူးသော ပန်းများ၊ သစ်ပင်များကို တွေ့ရခြင်းဖြစ်သ

စိမ်းအုပ်ညှို့မှိုင်းသော တောသည် ပန်းဥယျာဉ် ကျေးငှက်တို့ တင့်တယ်လျက်။ ရေတံခွန်တုများ၊ မြက်ခင်းစိမ်းစိမ်းများ၊ ပန်းနုရေ အဆောက်အဦများ၊ ပန်းနုရောင် တံတားများဖြစ်၏။ ပန်းနုရောင်စံ





ဘာကြောင့် နာမည်ပေးထားရသည်ကို အခုမှ သဘောပေါက် ားလည်သောသည်။

မယ်မယ်ကြီးကိုယ်ပေါ်ရှိ ဝတ်စားထားသည့် အဝတ်အစား၊ အသုံးအဆောင်များအားလုံး ပန်းနုရောင်တို့ ပြည့်လျှမ်းနေယုံမက ယ်မယ်ကြီး၏ ပတ်ဝန်းကျင်၊ မယ်မယ်ကြီး၏ အသိုင်းအဝိုင်းအားလုံး န်းနုရောင်တိမ်တိုက်တို့ မျောလွင့်နေသကဲ့သို့ ဖန်တီးထားခြင်းမှာ ယ်မယ်ကြီး၏ စိတ်ကူးဆန်းကြယ်ပုံကို ဖော်ပြခြင်းဖြစ်သည်။

ကားက မြေပြန့်ခရီးကို ကျော်လွန်၍ တောင်တက်ခရီးကို တောင်စ ပြုလာ၏။ ကွေ့ပတ်လာသော ခရီးက တဖြည်းဖြည်း မြင့်တက်လာနှင့်အမျှ ပတ်ဝန်းကျင်မြင်ကွင်းက ပို၍လှပတင့်တယ် ှချင်ဖွယ် ဖြစ်လာလေ ဖြစ်သည်။

ရှေ့ဆက်ပြီး ဘာတွေမြင်ရဦးမည် မသိ။

အမုန်းနက် စိတ်တွေ လှုပ်ရှားလာ၏။ ပတ်ဝန်းကျင်သစ်၊ လူသစ် ဆာနှင့်တွေ့လျှင် မည်သို့မည်ပုံ ပြောဆိုဆက်ဆံရမည်နည်းဟု တွေးရင်း ယ်မယ်ကြီးရှိရာသို့ တစ်ချက်မျှ ဝေ့ဝဲကြည့်လိုက်သည်။

မယ်မယ်ကြီးက အမုန်းနက်ကို မကြည့်။

သူ့အတွေးနှင့်သူ ငြိမ်သက်အေးချမ်းစွာ ပတ်ဝန်းကျင်ကို ကြည့်နေပုံမှာ ငြိမ်းအေးသောအသွင်ကို ဆောင်နေ၏။ တောင်ကုန်းမြင့် ၏ ထိပ်ဖျားတွင် ရဲတိုက်တစ်ခုပမာ ခန့်ညားထည်ဝါသည့် ပန်းနုရောင် အသွေးတို့နှင့် လင်းလက်တောက်ပသည့် သုံးထပ်အမြင့်တိုက်လှလှကြီး တစ်ခုက အမုန်းနက်တို့ကို စိုးမိုးကြည့်နေပုံက အိပ်မက်ထဲရောက်သွား သလို ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားကတော့ ပတ်လမ်းအတိုင်း တက်သွားပြီး ထည်ဝါခန့်ညား သော တိုက်မြင့်ကြီးရှေ့မှာ ရပ်လိုက်သည်နှင့် အလုပ်သမား သုံးလေးယောက် ကားနားအပြေးရောက်လာပြီး မယ်မယ်ကြီးကို ကြိုဆိုကြသည်။

ဦးညွှတ် အရိုအသေ ပေးကြသည်။

ပါလာသည့်ပစ္စည်းများကို အပြေးအလွှား သယ်ယူကြသည်။ အိမ်ကြီးက ကြီးကျယ်ခမ်းနားသလို အိမ်အတွင်းရှိ ပရိဘောဂ အပြင်အဆင်တွေကလည်း ပန်းနုရောင်၊ အဖြူရောင်၊ ရွှေရောင်တို့ ရောစပ်အသုံးပြုထားသော ပစ္စည်းများဖြစ်၍ ကြည့်ရသည်မှာ အမြင်ဆန်းပြီး တစ်မျိုးတစ်ဘာသာ ထူးခြားလာသလို ဖြစ်နေ၏။

"ဒါမြေးနေရမည့် မယ်မယ်ကြီးနှင့် စံအိမ်ပဲ။ စိတ်ချမ်းသာသလိုနေ။ မြေးအတွက် အခန်းကို လီလီလိုက်ပြလိမ့်မယ်"

"ဟုတ်ကဲ့ပါ မယ်မယ်ကြီး"

အိမ်ရှိ အလုပ်သမားအားလုံးနှင့် အမုန်းနက်ကို မယ်မယ်ကြီးက မိတ်ဆက်ပေးသည်။ အားလုံးက ရိုသေလေးစားစွာ ဆက်ဆံကြ၍ အမုန်းနက်ရင်ထဲ ကျေနပ်သွားသည်။

"အိမ်သားတွေကို အမုန်းနက်နဲ့ မိတ်ဆက်ပေးရအောင် ကေသီပဲ သွားခေါ်ပါဦးကွယ်"

"ဟုတ်ကဲ့ မမ"

ဒေါ်ကေသီ အမုန်းနက်ဝိုင်နားက ထွက်သွားသည်။ အမုန်းနက်ကတော့ မယ်မယ်ကြီးရဲ့ အိမ်သားတွေဆိုတာနှင့် စိတ်ထဲက လန့်နေသည်။ မယ်မယ်ကြီး ဩဇာလွှမ်းမိုးနိုင်သည့် နေရာမှာလည်း လိုက်မိသ





။ ထိုကဲ့သို့သော သူနှင့်အတူ နေထိုင်ကြသူများမှာ မည်သို့သော များဖြစ်မည်နည်း။

တွေးကြည့်နေစရာပင် မလို။

အားလုံး မယ်မယ်ကြီးနှင့်သာတူလျှင် ဘယ်သူ့ကိုမှ လူလိုင်ကြမည်သူများ မဟုတ်။

အတွေးနှင့် အမုန်းနက်ရင်ထဲ မောသွားသည်။

ဧည့်ခန်းထဲမှာ မယ်မယ်ကြီးနှင့်အတူ မယ်မယ်ကြီး အိမ်သားသူတွေအလာကို စောင့်နေရသည့်အချိန်ကို ကမ္ဘာပေါ်မှာ အကြာဆုံးချိန်ဟု အမုန်းနက် ထင်မိသည်။

"သားတော် ထိပ်တင်မောင်မောင်ကြီးနှင့် သမီးကော်တို့ ကက်လာပါပြီ မမ။ ကျန်တဲ့ မြေးတော်တွေ၊ ချွေးမတော်တွေတော့ န်းဖြေခရီး သွားနေကြတာ ပြန်မရောက်လာကြသေးဘူးလို့ သိရတယ်"

"ကေသီ တာဝန်ကျေပါတယ်။ နားလိုက်တော့ ဟုတ်လား"

"ဟုတ်ကဲ့ပါ မမ"

ဒေါ်ကေသီက မယ်မယ်ကြီးကို အရိုအသေပြုပြီး ထွက်သွားချိန် မယ်မယ်ကြီး၏ သားတော် ထိပ်တင်မောင်မောင်ကြီးနှင့် သမီးတော်သူတို့ ရောက်လာသည်။ အားလုံးဖြူဖြူ မြင့်မြင့်များဖြစ်၍ ဥပမိရုပ်မှာ ခန့်ညားကျက်သရေရှိလျက်။ ထောင်ထောင်မောင်းမောင်းများနှင့် လိုက်ဖက်ညီသော ကိုယ်နေဟန်ကို ပိုင်ဆိုင်ကြသူများသည်။

"လာကြ… ဒီမှာထိုင်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"သားတို့၊ သမီးတို့ မယ်မယ်ရဲ့မြေး အမုန်းနက်နဲ့ မိတ်ဆက်ေ မလို့ နောက်ဆို အမုန်းနက်က ဒီစံအိမ်ရဲ့ မိသားစုဝင်ဖြစ်ပြီ"

"ဟုတ်ကဲ့ပါ မယ်မယ်"

အသက်ခြောက်ဆယ်ကျော်အရွယ် ဦးထိပ်တင်မောင်မောင်ကြီး သမီးတော်ဆိုသူက အမုန်းနက်ကို ကြည့်ပြီး ပြိုင်တူခေါင်းညိတ်လို ကြသည်။

"အမုန်းနက်လည်း မှတ်ထား။ မယ်မယ်ကြီးရဲ့ သားနဲ့ သ ထိပ်တင်မောင်မောင်ကြီးနှင့် ထိပ်တင်မမကြီးပဲ"

"ဟုတ်ကဲ့ပါ မယ်မယ်ကြီး"

"အေး… အေး… ဒီမြေးက အမုန်းနက်ဆိုတာပဲ"

"ရှိစ့်ရဲ့ သမီးလေးလား မယ်မယ်"

"ဟုတ်တယ် သား"

"မြင်ကတည်းက ရှိစ့်ပြန်ရောက်လာသလားလို့ ထင်မိတ မယ်မယ်ရယ်။ ကြည့်စမ်းပါဦး မယ်မယ်ရယ်။ ရှိစ့်မှ ရှိစ့်ပဲ သူ့အဘိုးသာသိရင် ဘယ်လောက်အံ့သြလိမ့်မလဲ မသိဘူး"

ထိပ်တင်မမကြီးနှင့် ထိပ်တင်မောင်မောင်ကြီးက အမုန်း မျက်နှာကို တအံ့တသြကြည့်ရင်း တရင်းတနှီးဆိုကြခြင်းဖြ အမုန်းနက်၏ မိခင်အမည်မှာ ရှိစ့်ဖြစ်ကြောင်း အမုန်းနက် သိလို သည်။

"အဲဒီအကြောင်းတွေ နောက်မှ ပြောကြတာပေါ့ကွ အခုတော့ မယ်မယ်ရော ကလေးပါ နားချင်ပြီ"

"ဟုတ်ကဲ့ပါ မယ်မယ်"





"လီလီရေ…"

"လာပါပြီ မယ်မယ်ကြီး"

"အမုန်းနက်ကို ဧည့်ခန်းဆောင်ထဲက နှင်းဆီဆောင်ကို လိုက်ပို့ ေးပါကွယ်။ ကလေးအတွက် လိုအပ်တာတွေကိုလည်း သေချာ ဦစဉ်ပေးလိုက်"

"ဟုတ်ကဲ့ပါ"

"ကဲ… ကဲ… လီလီ့နောက် လိုက်သွားတော့"

"ဟုတ်ကဲ့"

"အမုန်းနက်ကို သွားခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီကွယ်"

အမုန်းနက်က မယ်မယ်ကြီး၏ သားနှင့်သမီးကို ကြည့်၍ ဦးညွှတ်နှုတ်ဆက်လိုက်တော့ မောင်နှမနှစ်ယောက် အမုန်းနက်ကို ံ့သြစွာ ကြည့်ကြပြန်သည်။

"ရုပ်ကတူတာ မဟုတ်ဘူး မောင်မောင်ရေ၊ အသံကလည်း သူ့အမေအသံမှ သူ့အမေအသံ အစစ်ပဲ"

မမကြီးဆိုသူထံမှ မှတ်ချက်ချသံ ဖြစ်သည်။ ဘိုးနှင့်ဘွားက ကြည့်မရအောင် မုန်းတီးခဲ့ကြသည်။ ကမ္ဘာပေါ်တွင် မျက်နှာများထဲတွင် အမုန်းနက်မျက်နှာလောက် လှပမှားသော မျက်နှာမျိုးမရှိ။ ပြောဆိုစွပ်စွဲ ကြသည့် အမုန်းနက် မျက်နှာပေါ်ရှိ အရာအားလုံး အမှားတွေချည်း ဦးသူများကြောင့် အမုန်းနက်ကိုယ်တိုင် သူ့မမျက်နှာကို သူမ စိတ်ပျက် ရသူ ဖြစ်သည်။

ဘာဖြစ်လို့များ အမုန်းနက်၏ မျက်နှာကို ဘိုးနှင့်ဘွားအပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



မဟူရာစံအိမ်က လူတွေ မချစ်နိုင်ရတာလဲ။ အမုန်းနက် မေမေ
အမုန်းနက်မျက်နှာကို ဘိုးနှင့်ဘွားချစ်အောင်၊ ကြည့်လို့ရအောင် မွေးပေး
ရင် သိပ်ကောင်းမှာပဲဟု တွေးမိတာ ပြန်အမှတ်ရမိသည်။

"ခုမေတူသမီးဖြစ်ရတာ ဘယ်လောက်ကံကောင်းလဲ"

နောက်ထပ် ထွက်ပေါ်လာသည့် အသံတွေကို အမုန်းန
ဆက်ပြီး မကြားရတော့ပါ။ သို့သော် မိခင်ဖြစ်သူနှင့်တူ၍ ကံကော
သောသူတစ်ယောက်အဖြစ် အသိအမှတ်ပြုခံရခြင်း အပေါ်မှာ အမုန်းန
ကျေနပ်စွာ ဂုဏ်ယူမိသည်။

မေမေ။

အမုန်းနက် မေမေက ကံကောင်းတဲ့ မိန်းကလေးလား။

"ဒီအခန်းပဲ မမလေး"

လီလီဆိုသည့် အဒေါ်ကြီးက အမုန်းနက်နေရမည့် အခန်း
သူကိုယ်တိုင် လိုက်ပို့ပြီး အခန်းထဲရှိ အသုံးအဆောင်ပစ္စည်းများကို
အမုန်းနက်သိအောင် တစ်ခုခြင်း လိုက်ပြသည်။

"လိုအပ်တာရှိလို့ ခိုင်းစရာရှိရင် ဒီခလုတ်လေးကို နှိပ်လိုက်ပါ
မမလေးအတွက် ချက်ချင်းလူတစ်ယောက် ရောက်လာပါလိမ့်မယ်"

"အမုန်းနက်ကို မမလေးလို့မခေါ်ဘဲ အမုန်းနက်လို့ပဲ ခေါ်ပါလား
အဒေါ်ကြီးရယ်"

"ဒီမှာက အားလုံး ဒီလိုပဲ ခေါ်ကြရတယ်။ အဲဒီအတွက်
စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့။ နောက်တော့ ကျင့်သားရသွားမှာပါ"

ဒေါ်လီက သူပြောစရာရှိတာအားလုံး ယဉ်ကျေးသိမ့်မွေ့စွာ
အမုန်းနက်ကို ရှင်းလင်းပြောသွားပြီး အမုန်းနက်ဝတ်ရန် အသစ်စက်စက်





ဝတ်စုံများပါ ယူလာပေးသည်။

"ဒီအဝတ်တွေအားလုံး ဘယ်သူမှ မဝတ်ရသေးတဲ့ အဝတ်တွေ
ပါ။ မမလေးတို့လို ဧည့်သည်တွေလာရင် အဆင့်သင့် သုံးလို့ရအောင်
ယ်မယ်ကြီးကိုယ်တိုင် သေချာစီစဉ်ပေးထားတာပါ"

"ဆိုဒ်စုံရှိပါတယ်။ အဲဒီထဲကမှ မမလေးကိုယ်နဲ့ သင့်တော်မယ့်
ဝတ်စုံဆိုဒ်ကို ဒေါ်ကြီးရွေးလာတာပါ။ ကြိုက်တဲ့ဝတ်စုံ ဝတ်လို့
ရပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်ကြီး"

"တခြားခိုင်းစရာမရှိရင် အောက်ထပ်မှာ လုပ်စရာလေးတွေ
ရှိလို့ ဒေါ်ကြီးသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

အခန်းတံခါးကို ဒေါ်လီကိုယ်တိုင် သေချာပိတ်ပေးသွား၍ အိပ်ခန်း
ကျယ်ကြီးထဲမှာ အမုန်းနက်တစ်ယောက်တည်း ကျန်ခဲ့သည်။ ဇာပန်း
လှတို့ဖြင့် မဟူရာစံအိမ်က သူမအိပ်ခန်းကို အမုန်းနက် ပြန်သတိ
သွားသည်။ အိမ်ကြီးတစ်အိမ်လုံး၏ အပြင်အဆင်ကို ဒေါ်ပုနှင့် ဒေါ်စိန်
က တာဝန်ယူရသည်။ ဘွားက ချမှတ်ပေးထားသည့် ခေါင်းစဉ်အောက်
မှာ ဘယ်သူမှ ဘာမှမလုပ်ရဲ။

အားလုံး ဘွားစိတ်၊ ဘွားဆန္ဒ၊ ဘွားသဘောကိုသာ ဦးစားပေး
ကြရ၍ မဟူရာစံအိမ်ကြီး တစ်အိမ်လုံး ဘွားစိတ်ကြိုက်ဖြစ်သော အရောင်
မှိုင်းမှိုင်း ခန်းစီးလိုက်ကာများကိုသာ အသုံးပြုရပြီး အိပ်ရာခင်း၊
ခေါင်းအုံးစွပ်၊ စောင်၊ ခြင်ထောင်များမှာလည်း ဘွား၏စီမံချက်အတိုင်း
ခပ်တုံးတုံး၊ ဖျော့ပေါ့ပေါ့၊ ရိုးရိုးရှင်းရှင်း ဒီဇိုင်းများကိုသာ သုံးကြရ

www.burmeseclassic.com



သည့်အတွက် ဘာတစ်ခုမှ အလှအပမပါ။

ကျန်းမာရေးသည်သာ အဓိက။

ငွေကို အလကားမဖြုန်းတီးနိုင်ဘူးဆိုသည့် ဘွားဆောင်ပုဒ်အတိုင်
တစ်ပတ်ကိုတစ်ကြိမ် အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးစွ
လဲရသည်။ မီးပူ ကော့နေသော၊ ပရုပ်နံ့သင်းနေသော အိပ်ရာခင်
သန့်သန့်၊ စောင်၊ ခြင်ထောင်များဖြစ်၍ ကျန်းမာရေး ရှုထောင့်က
ကောင်းသည်မှန်သော်လည်း အမုန်းနက် မျက်စိထဲ ဘာတစ်ခု
သဘောမတွေ့။

အခု အမုန်းနက်ဖြစ်ချင်သည့် အမုန်းနက် စိတ်ကူးထဲက အ
အစည်တွေ လက်တွေ့ဘဝထဲ ရောက်လာရုံမက အမုန်းနက်မျှော်လ
မထားသည့် အရာတွေပါ အမုန်းနက် မျက်စိရှေ့ရောက်လာသည်
ထိုအရာက တခြားမဟုတ်။ အရောင်အသွေးစုံလင်သော ပုံစံလှ
ဆန်းပြားသည့် အဝတ်အထည်မျိုးစုံ ဖြစ်သည်။

အမုန်းနက်ကိုယ်ပေါ်မှာ စောနေ့တက်ကိုယ်တိုင် ရွေးချယ် ဝတ်ဆ
စေသော တစ်ဆက်တည်း ဂါဝန်ရှည်တစ်ထည်သာ ရှိသည်။

တခြား အပိုဝတ်စုံ မပါ။

မဟာ့ရာစုံအိမ်က ထွက်ပြေးလာတုန်းက ဝတ်စုံကို မယ်မယ်ကြီးနှ
တွေ့ရသည့်အချိန်က စိတ်လှုပ်ရှားပြီး စောနေ့တက်ကားပေါ်က မယူခဲ့မိ
အမုန်းနက်မှာလည်း တခြားဝတ်စုံပိုလည်း မရှိ။

အိစက်မွှေးပျံ့နေသော လှပသောအိပ်ရာပေါ်သို့ သူမကိုယ်လေ
ကို အမုန်းနက် လှဲချလိုက်တော့ တစ်ကိုယ်လုံး ညောင်းညာပင်ပ
နေတာ သတိထားမိသည်။ အဲယားကွန်းဖွင့်ထားသည့် အခန်းဖြစ်





မကိုယ်သူမ သတိမထားမိလိုက်ပဲ နှစ်ခြိုက်စွာ မှေးခနဲအိပ်ပျော်
သွား၏။

အိပ်ရာက ဖျတ်ခနဲ လန့်နိုးတော့ ပတ်ဝန်းကျင်ကို အလန့်တကြား
ကြည့်မိပြီး ကိုယ့်ကိုကိုယ် အံ့သြသွားသည်။ ယန်းနုရောင်စံအိမ်မှာ
ရောက်နေတာကို ကိုယ်ဘာသာ မယုံနိုင်လောက်အောင် ဖြစ်နေ၏။

အမုန်းနက် လုပ်ထားတာတွေ မှန်ကန်မှုရှိရဲ့လားဟု ပြန်တွေး
ကြည့်မိသည်။ မဟာ့ရာစံအိမ်က ဘိုးနှင့်ဘွားသည် အမုန်းနက်၏
သွေးသားရင်းချာများ ဖြစ်သည်။ ယန်းနုရောင်စံအိမ်က မယ်မယ်ကြီးနှင့်
မုန်းနက်၏ သွေးသားတော်စပ်မှုကို အမုန်းနက် သေချာမသိဘဲ
န်းနုရောင်စံအိမ်ကြီးပေါ် ရောက်နေသည်။

ပြီးတော့ မဟာ့ရာစံအိမ်ကြီးကို ဘယ်တော့မှ ပြန်မသွား။
န်းနုရောင်စံအိမ်ကြီးမှာ မယ်မယ်ကြီးဆိုသူနှင့်အတူ ရာသက်ပန်
တော့မည်ဟု လူငယ်ပီပီ စိတ်လိုက်မာန်ပါ ဆုံးဖြတ်ခဲ့သည်။ အခုတော့
မုန်းနက်အဖြစ်က ရှေ့ဆက်တိုးရမလို၊ နောက်ပြန်ဆုတ်ရမလို
ဖြစ်နေပေမယ့် ဒေါက်တာမိုးတောက် မျက်နှာကြီးကို ပြန်မြင်ယောင်
က်မိသည်နှင့် တွေဝေနေသည့် အမုန်းနက်စိတ်တွေ ချက်ချင်း
ကြည်လင်လာပြီး ငရဲခန်းနှင့်တူသော သူမ ရွံမုန်းသည့် လူကြီး
က်က ပြေးထွက်လာခြင်းမှာ မှန်ကန်သည့် ဆုံးဖြတ်ချက်အဖြစ်
တည်ပြုပြီးလျက်သား ဖြစ်သွားသည်။

“မပြန်ဘူး”

“မဟာ့ရာစံအိမ်ကြီးကို အမုန်းနက် ဘယ်တော့မှ မပြန်ဘူး”
စိတ်ထဲက တိကျခိုင်မာသော ဆုံးဖြတ်ချက်ကို အမုန်းနက်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဖျားက ထုတ်ဖော်လိုက်ခြင်း ဖြစ်သည်။

ဒီတစ်ခါပြန်လျှင် အမုန်းနက်အတွက် ဒီတစ်သက် ဘယ်တော လွှတ်လမ်းမရှိတော့တာ အမုန်းနက် သိသည်။ တစ်ကြိမ်တစ်ခါ ထွ ပြေးဖူးသည့် အမုန်းနက်ကို နောက်တစ်ကြိမ်အခုလို မဖြစ်အော ဘယ်လိုအနှောင်အဖွဲ့၊ ဘယ်လိုပြစ်ဒဏ်တွေ စီရင်ကြမည်ဆို အမုန်းနက် သိသည်။

ကိုယ့်ကိုကိုယ် ငရဲသား အဖြစ်မခံနိုင်။

အိပ်ရာကထပြီး ရေပူရေအေးရောပြီး ရေတစ်ဝကြီး ချိုးလိုက် စိတ်တွေ လန်းသွားသည်။ မှန်တင်ခုံပုံပေါ်မှာ အမုန်းနက် မမြင် မသုံးဖူးသည့် အလှပြင်ပစ္စည်းတွေနှင့် ပြည့်နေသည်။ အဝတ် အံဆွဲထဲမှာ အတွင်းခံပစ္စည်းမျိုးစုံ၊ ဆိုဒ်မျိုးစုံ ပါကင်နှင့် အထပ်လို ဖြစ်၍ ထိုထဲက အမုန်းနက်နှင့် ကိုက်ညီမည့် ပစ္စည်းတွေ ရွေးထု ဝတ်ဆင်ရင်း၊ မှန်ထဲက ပုံရိပ်ကို မကြည့်ဝံ့ကြည့်ဝံ့နှင့် ကြည့်လိုက်ဓ လှပကျော့ရှင်းသည့် မိန်းမလှလေးတစ်ယောက်က မှန်ထဲကတစ်ဆ အမုန်းနက်ကို ပြန်ငေးကြည့်နေ၏။

မျက်နှာလေးကို ပေါင်ဒါပါးပါးရိုက်၊ နှုတ်ခမ်းဆိုးဆေး ခပ် ပြေ ဆိုးသည်ဆိုရုံဆိုး၍ အဝတ်အစားထဲမှာတော့ ပန်းနုရောင် အဖြူရောင် ရောထွေးနေသည့် ချစ်စရာ ခြေဖျားဖုံး လည်ပင်းနှင့်လ လုံခြုံသော ဂါဝန်ရှည်တစ်ထည်ကို ရောဝတ်လိုက်ပေမယ့် လိပ်ပြာ ပေ့ာ သိပ်မလုံ။ ဘွားသာမြင်ရင် အမုန်းနက်ကို ဘယ်လောက် ပြစ်တင်ခံရမည်မသိ။

မှန်တင်ခုံရှေ့မှာ တစ်ယောက်တည်းထိုင်ရင်း အတွေးတွေ





ရောက်ဒီရောက်ဖြစ်နေသည့်အချိန်မှာ အခန်းတံခါးခေါက်သံ ပေါ ာ၏။

"ခေါက်… ခေါက်"

"မမလေး… ဒေါ်ကြီးလီပါ"

"ဟုတ်ကဲ့ တံခါးဖွင့်ထားပါတယ်"

အခန်းတံခါးဖွင့်သံနှင့်အတူ အမုန်းနက်ရှေ့ကို ဒေါ်ကြီးလီ ရောက်လာသည်။

"နေ့လယ်စာ သုံးဆောင်ရအောင် မယ်မယ်ကြီးက မမလေးကို ခေါ်လွှတ်လိုက်ပါတယ်"

"ဒေါ်ကြီးနဲ့ လိုက်ခဲ့ပါ"

ဒေါ်လီလီက အမုန်းနက် တစ်ကိုယ်လုံးကို ကစ်ချက်မျှ ဝေ့ဝဲ ခတ်ကြည့်လိုက်ပြီး ရှေ့မှဦးဆောင်ထွက်သွား၍ သူ့နောက်က န်းနက် လိုက်ခဲ့သည်။

အိမ်ကြီးကကြီးသလို အိပ်ခန်းတွေကလည်း များသည့်အတွက် န်းနက် ဘာကိုမှ မမှတ်မိနိုင်ဘဲ မျက်စိလည်နေသည်။

"ဒီဘက်ကိုကြွပါ မမလေး"

ထမင်းစားခန်းထဲရောက်တော့ လူစုံနေသည်။

မယ်မယ်ကြီးနှင့်အတူ ဦးထိပ်တင်မောင်မောင်ကြီး၊ ဒေါ်ထိပ် မကြီးတို့က အမုန်းနက် ဝင်လာတာကို ကြည့်နေသည်။

"လာ… မြေး ဒီမှာထိုင်"

မယ်မယ်ကြီးက အမုန်းနက်ကို သူ့နားကခုံမှာ ထိုင်ရန်နေရာပေး၍ နက် ဝင်ထိုင်လိုက်သည်။ ထမင်းပွဲ စပြင်သည်။

www.burmeseclassic.com



''နောက်ရက်ကြရင် အမုန်းနက်ကို ကေသီကိုယ်တိုင် အခ
အစား လိုက်ဝယ်ပေးလိမ့်မယ်။ တခြား မြေးဝယ်ချင်တာတွေလည်း
ဝယ်ပေါ့ဟုတ်လား''

''ဟုတ်ကဲ့ပါ မယ်မယ်ကြီး''

ထမင်းပွဲမှာ ဟင်းတွေစုံသလို အရသာကလည်း မဟူရာစ်
ကလို ပေါ့ရွှတ်ရွှတ်အရသာမျိုး မဟုတ်၍ အမုန်းနက်စိတ်ထဲ သဘေ
ကျသွားသည်။

အစားအသောက်ဆိုတာ အဲလိုဖြစ်နေရမည်။

မဟူရာစ်အိမ်မှာတော့ အခုလိုမဟုတ်။ သွေးတိုးရောဂါရှိသ
ဘွားနှင့် ဆီးချိုသမားဘိုးကြောင့် အမုန်းနက်တို့ စားသမျှဟင်း
မှန်သမျှ ဘာအရသာမှ မရှိဖြစ်နေတတ်သည်က များသည်။

''ဒီဟင်းလေး ထည့်စားကြည့်ပါဦးကွယ်။ မမကြီးကိုယ်
ချက်ထားတာ''

ထိပ်တင်မမကြီးကိုယ်တိုင် သူချက်ထားသည်ဆိုသော ဆတ်
နှပ်ချက်ဟင်းကို အမုန်းနက် ထမင်းပန်းကန်ထဲက တယုတယ ခပ်
ထည့်ပေးရင်း အမုန်းနက်ကို ကြင်နာစွာ ကြည့်သည်။

''မမကြီးက အပျိုကြီးဆိုတော့ သူ့မှာ သားသမီးမရှိတော့ သူ
တစ်နေ့တစ်နေ့ ဘုရားခန်းနဲ့ မီးဖိုချောင်ကူးနေရင်း အချိန်ကုန်နေရ
ပဲ''

''အခုတော့ မမကြီးလက်ရာကို အားပေးမယ့်သူ တစ်ယော
တိုးလာတာ ဝမ်းသာစရာပေါ့ကွယ်။ အချက်အပြုတ်၊ အချုပ်အ
သင်ချင်ရင် မြေး မမကြီးကိုသာ အားကိုးထား အမုန်းနက်''





မယ်မယ်ကြီးက ကျေနပ်အောင် အမုန်းနက် ခေါင်းညိတ် လိုက်ရ
မယ့် အမုန်းနက် စိတ်ထဲ ထိုစကားကိုကြားရတာနှင့်ပင် လန့်နေ
သည်။ မဟူရာစ်အိမ်ကြီး၏ တစ်နေ့တာ မဖြစ်မနေ သင်ယူရသည့်
ဘတ်ပညာထဲတွင် မယ်မယ်ကြီးပြောသည့် အချက်အပြုတ်၊ အချုပ်
လုပ်ပညာမှာ မပါမဖြစ်၍ အမုန်းနက် စိတ်ပါပါ မပါပါ သင်ကြား
ရသည့်ပညာ ဖြစ်သည်။

''မင်းသားသမီးတွေ ဘယ်တော့ပြန်ရောက်ကြမလဲ မောင်မောင်''

''ရက်အတိအကျတော့ မသိရသေးဘူး မယ်မယ်။ ဒေဝီကိုတော့
ဆက်ထားတယ်''

''ဒီမှာက ကေရီတို့အတွက် ပွဲက ရှိသေးတယ် မဟုတ်လားကွဲ့။
မှာ ရက်ကြာနေလို့ ဘယ်ဖြစ်မလဲ။ မယ်မယ်က ပြောတယ်။ ဒီ
တ်ပိုင်းအတွင်း အားလုံးပြန်လာခဲ့ရမယ်လို့ ပြောလိုက်''

''ဟုတ်ကဲ့၊ ဒေဝီကို ဒီနေ့ပဲ ဖုန်းဆက်ပြောလိုက်ပါ့မယ်''

ထမင်းဝိုင်းက စကားသံ ပြန်တိတ်သွားသည်။ မယ်မယ်ကြီးမှာ
းသမီးနှစ်ယောက်တည်း ရှိသော်လည်း သားရော သမီးမှာ မယ်မယ်
ကြီးနှင့် မတူကြတာ သတိထားမိသည်။ ဘယ်သူမှ မယ်မယ်ကြီး၏
ခြရာကို မမီ။

မယ်မယ်ကြီးက ထက်မြက်သည်။ မာန်မာနကြီးသည်။ ဩဇာ
ညာင်းပေမယ့် ဦးထိပ်တင်မောင်မောင်ကြီးနှင့် ဒေါ်ထိပ်တင်မမကြီးတို့
တော့ ထက်မြက်မှု မရှိသလို၊ မာန်မာနနှင့် တင်းမာခက်ထန်မှုမျိုး
တွေ့ရ။ နူးညံ့သိမ်မွေ့သော အသွင်ကိုသာ ဆောင်လျက်။ သူတို့
ခင်ကြီးပြောသမျှ မြေဝယ်မကျ နားထောင်သော သားသမီးမှာ၊



www.burmeseclassic.com

www.burmeseclassic.com



သမီးလိမ္မာများ ဖြစ်နေကြပုံမှာ တကယ့်ကလေးများအတိုင်း ဖြစ်သည်

ထမင်းပွဲမှာ အမည်ခံမျှသာဖြစ်၍ ဘယ်သူမှ ဟုတ်တိပတ်
မစားချေ။ ဟိုဟာနည်းနည်း ဒီဟာနည်းနည်းနှင့် ပြီးသွားကာ အချိုပွဲ
သယ်သွားကြပြန်သည်။ စကားလမ်းကြောင်းကလည်း ပြောင်းသွား
အလုပ်ကိစ္စများ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများနှင့် တခြ
အမုန်းနက် မသိသည့် ပူများအကြောင်း ပြောဆိုရင်း ကော်ဖီခွ
သေးသေးလေးကို တစ်ငုံချင်း အရသာခံသောက်လိုက်၊ စကားပြောလို
လုပ်နေကြသည်။

အမုန်းနက်ကတော့ သူမအတွက်ပေးထားသည့် ကော်ဖီခွက်
သူတို့လို အချိန်အကြာကြီး ဆွဲမသောက်တတ်၍ နှစ်မြိုက်စွာ သ
ကျိုက်နှင့် ပြီးအောင် သောက်ပစ်လိုက်၍ တခြားဘာမှ ထပ်သော
စရာမရှိဘဲ သူတို့ပြောသမျှကို ပျင်းရိစွာ နားထောင်နေရသည်။

"အမုန်းနက် ကိုယ့်အခန်းကို သွားနားချင်နားတော့။ ကိုယ့်အခ
ကိုယ်ပြန်တတ်ရဲ့လား"

"ပြန်တတ်ပါတယ် မယ်မယ်ကြီး"

"အမုန်းနက်ကို ခွင့်ပြုပါ"

အားလုံးကို နှုတ်ဆက်ပြီး အမုန်းနက် သူမအခန်းကို ပြန်ခဲ့သ
ဆိုပေမယ့် တကယ့်လက်တွေ့မှာ အမုန်းနက် သူမအခန်းကို သူမဘာသ
ပြန်မသွားတတ်ဘဲ နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှာ တဝဲလည်လည်ဖြစ်က
သူမတစ်ခါမှ မရောက်ဖူးသည့်နေရာကို ရောက်သွားသည့်အတွ
အမုန်းနက် ရင်ထိတ်သွားသည်။

မယ်မယ်ကြီးပြောသလို ဒေါ်ကြီးလီကို အဖော်မခေါ်ခဲ့ခြင်း





မှ နောင်တရနေလို့လည်း အကျိုးမထူး။ စမ်းတဝါးဝါးနှင့် လျှောက်
သွားရင်း တခြားသူ့အိပ်ခန်းထဲ ရောက်မှန်းမသိ ရောက်သွားမှ
န်းနက် မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားသည်။

ဒုက္ခပါပဲ။

ဒါအမုန်းနက်ကို ပေးထားတဲ့ အမုန်းနက်အခန်းလည်း မဟုတ်

အခုချိန်ကြမှ ဒေါ်ကြီးလီကို ဘယ်လိုခေါ်ရမှန်းလည်း မသိ။
န်းနက်တစ်ယောက်တည်း ဘာဆက်လုပ်ရမှန်း မသိဘဲ သူမ
က် နေသည့် အိပ်ခန်းကအထွက် အိပ်ခန်းထဲဝင်လာသည့်
တစ်ယောက် နှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိသည်။

"ဟေး"

"အို... အမေ့"

အမုန်းနက်နှင့် ဝင်တိုက်မိသူက ယောက်ျားတစ်ယောက် ဖြစ်သည်။
ဒါ်အကျဆိုရလျှင် အမုန်းနက်ထက် အသက်လေးငါးခြောက်နှစ်ခန့်
ကြီးသော လူပုံချောချောနှင့် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး လူတစ်ယောက်
သည်။

"မင်း ဘယ်သူလဲ"

သူက အမုန်းနက်ကို မြင်တော့ အံ့ဩသော မျက်နှာနှင့် မေးလိုက်
သို့ အမုန်းနက်ကလည်း သူမကို မယ်မယ်ကြီး မိတ်ဆက်ပေးသည့်
ထဲ ပါမလာသည့် ကိုလူချောကို ကြည့်ပြီး အံ့ဩနေမိသည်။

"ရှင်ကရော"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကရော ဘယ်သူလဲလို့ မေးတာ"

"ကိုယ်ကလား"

"ဟုတ်တယ်"

အမုန်းနက်ကိုကြည့်ပြီး အံ့သြသော အသွင်မှ သဘောကျသော အသွင်ကို ပြောင်းသွားကာ မျက်နှာချိုချိုကို မြင်ရသည်။

"ကိုယ်က ဘလက်(ခ်)"

"ဘလက်(ခ်)"

အမုန်းနက်က ဘလက်(ခ်)ဆိုသူ၏ မျက်နှာချောချောကို အံ့သြ သလို ပြန်ကြည့်ပြန်သည်။ ဘလက်(ခ်)ဆိုတာ အနက်ပဲ။ လောကကြီး အမုန်းနက်တစ်ယောက်တည်း အနက်ဆိုသည့်အမည် ရှိမည်ထင်နေတာ အမုန်းနက်မျက်စိရှေ့က ဘလက်(ခ်)ဆိုသည့် လူရှိနေ၍ သူမ အမည် မုန်းနေရတာ ပြန်အားတက်သွားသည်။

BURMESE CLASSIC

"ရှင်က အနက်ပေါ့နော်"

"Yes"

"မင်းကရော"

"အမုန်းနက်နက်"

သူက အမုန်းနက်စကားကို နားမလည်သလို ပြန်မေး အမုန်းနက် ပြုံးလိုက်သည်။ ဒီလိုပဲ အမုန်းနက်နက်ဆိုသည့် အမည် ကြားရသူတိုင်း အမုန်းနက်ကို အထူးအဆန်း သတ္တဝါတစ်ကောင် တအံ့တသြကြည့်သည်။ နားမလည်နိုင်အောင် ဝေဖန်ကြတာမျိုး အမုန်းနက်နက်ဆိုသည့် သူမဘဝမှာ သိပ်ကိုရိုးစင်းနေပါပြီ။

"အမုန်းနက်နာမည်က အမုန်းနက်နက်လို့ ပြောတာ"





"အား… ရေလည်မိုက်တဲ့ နာမည်ပဲ။ မင်းနာမည်ကို ပေးတဲ့ သူကိုတော့ အပြစ်လေးစားသွားပြီ။ ကိုယ်က ဒါမျိုးမှ သဘောကျ တာ"

"မုန်းတာကိုလား"

"ဘယ်သူက မုန်းတာလဲ"

"အမုန်းနက် ဘိုးနဲ့ဘွားက သူတို့ အမုန်းနက်ကို ကြည့်မရအောင် မုန်းလို့ အမုန်းနက်နက်လို့ နာမည်ပေးထားကြတာ"

"မင်းကို မုန်းလို့"

"အင်း"

"ထူးဆန်းလှချည်လား။ မင်းလိုမြေး အချောအလှလေးကို သူတို့က ဘာဖြစ်လို့ ကြည့်မရအောင် မုန်းကြတာလဲ။ ကိုယ်တော့ နားမလည်နိုင်တော့ဘူး"

ဘလက်(ခ်)ဆိုသည့် ကိုလူချောက အမုန်းနက်နက်ဆိုသည့် အမည်နှင့် သိပ်လှနေသည့် မိန်းမလှလေးကို ကြည့်ကာ ကြားရသမျှ အားလုံးတိုင်းကို မယုံကြည်နိုင်ဖြစ်နေ၏။

"အမုန်းနက်က မေမေနဲ့ တူနေလို့တဲ့"

"ဒါဂုဏ်ယူရမှာပေါ့ကွာ၊ အမေတူ သမီးလေးဆိုပြီးတော့"

"မေမေက ဘွားသမီးမှ မဟုတ်တာ။ အမုန်းနက် မေမေက ဘွားရဲ့ ချွေးမ"

"သြော်… ဟုတ်ပြီ။ သဘောပေါက်ပြီ၊ နားလည်ပြီ၊ ယောက္ခမ နဲ့ ချွေးမဆိုတာ ဘယ်တော့မှ မတည့်ဘူး ရန်သူ။ ဒီတော့ အမုန်းနက် မေမေနဲ့တူတဲ့ အမုန်းနက်ကို အမုန်းနက်ဘွားက မုန်းလို့ အမုန်းနက်နက်



www.burmeseclassic.com

www.burmeseclassic.com



လို့ နာမည်ပေးတာ ဒီလိုမဟုတ်လား"

"ဟုတ်တယ်"

"အဟား… ဟား… ဟား"

ဘလက်(ခ်)က သူ့စကားသူ သဘောတကျစွာ အသံထွက်၍ ရယ်လိုက်တော့ ဘလက်(ခ်)မျက်နှာက ပိုပြီးနုနယ် ချောမွေ့သွားသည်။

"ကိုယ်က ဘလက်(ခ်)၊ မင်းက အမုန်းနက်နက် အနက် နှစ်ယောက်တွေ့ပြီ။ ဘဝတူချင်း ကိုယ်တို့ မိတ်ဆွေဖြစ်လိုက်ကြရအောင်"

"အမုန်းနက်နက်ဆိုတဲ့ မင်းကို တွေ့ရတာ ဝမ်းသာပါတယ် အမုန်းနက်နက်"

"အမုန်းနက်လည်း ဘလက်(ခ်)ကို တွေ့ရလို့ ဝမ်းသာပါတယ်"

BURMESE CLASSIC

အမုန်းနက်နက်တို့နှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး အပြုံးကိုယ်စီဖြင့် လက်ဆွဲနှုတ်ဆက်လိုက်မိကြသည်။ ထူးခြားသည်က ဘလက်(ခ်)ဆိုသည့် လူချောနှင့် လက်ဆွဲ နှုတ်ဆက်ရချိန်မှာ ထူးဆန်းစွာ ဦးစောနေနတ်လို သတိရသွားမိခြင်း ဖြစ်သည်။ သူ့လက်တွေနှင့် အမုန်းနက်အတွက် ကမ္ဘာကြီးတစ်ခုလုံး ပြည့်စုံနွေးထွေး၍ အပေါင်းနှင့် စိတ်ချလုံခြုံသွားရသည့် ခံစားချက်လိုမျိုး ဦးစောနေနတ်ကလွဲပြီး တခြားဘယ်သူမှ အမုန်းနက်ကို မပေးနိုင်။

"အခုချိန်ကစပြီး ကိုယ်တို့ တစ်ယောက်အကြောင်း တစ်ယောက်ပြောလို့ ရပြီ"





"ကိုယ်က မယ်မယ်ကြီးရဲ့ မြေးအငယ်ဆုံး"

"ဦးထိပ်တင်မောင်မောင်ကြီးရဲ့ သားပေါ့နော်"

"အင်း"

ဘလက်(ခ်) ခေါင်းညိတ်ပြရင်း အမုန်းနက်မျက်နှာကို ပြုံးကြည့်နေသည်။

"ဦးထိပ်တင်မောင်မောင်ကြီး ပြောတုန်းက ဘလက်(ခ်)တို့ မိသားစုအားလုံး အပန်းဖြေခရီး သွားနေကြတာဆို"

"ကိုယ်က မာမီမသိအောင် တစ်ယောက်တည်း တိတ်တိတ်လေးပြန်လာတာ"

"ဘလက်(ခ်)မာမီက ဘလက်(ခ်) ပျောက်သွားလို့ စိတ်ပူနေမှာပဲနော်"

"ကိုယ်က ဒီလို အမြဲလုပ်နေကြပါ။ ကိုယ်ပျောက်သွားလည်း စိတ်မပူပါဘူး။ စိတ်ချလုံခြုံတဲ့ နေရာတစ်ခုမှာ ကိုယ်ရှိနေမယ်ဆိုတာ သူတို့သိတယ်"

"ကဲ… အမုန်းနက်နက်ဆိုတဲ့ ကောင်မလေးအကြောင်း ပြောတော့"

"အမုန်းနက်လည်း အိမ်က ထွက်ပြေးလာတာ"

"ကိုယ့်လိုပေါ့"

ပြောပြီး သူက ရယ်သည်။

သူရယ်ပေမယ့် အမုန်းနက် မရယ်နိုင်။

ချမ်းသာပြည့်စုံသည့် ဘလက်(ခ်)ဆိုသည့် ကိုလူချောက ပျော်ရွှင်စရာ မိသားစုထဲမှာ လူဖြစ်ခွင့်ရသလို မိသားစုအားလုံးလည်း ပိုင်းဝန်း



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက်ခံကြရသည့် အချစ်ခံလူသား တစ်ယောက်။ အမုန်းနက်လ
ဘဝအတွက် အိမ်က ထွက်ပြေးခဲ့ရသူ မဟုတ်။ မိသားစုကို အပျော
သဘော စချင်နောက်ချင်၍ သူ့သဘောနှင့်သူ အိမ်က ထွက်လာသူ

"အခုချိန်ဆို အမုန်းနက် ဘိုးနှင့်ဘွားလည်း အမုန်းနက် ပျောက်
သွားလို့ စိုးရိမ်နေလောက်ပြီထင်တယ်"

ဘလက်(ခ်)အမေးကို အမုန်းနက် မဖြေ။

ဖြေလို့လည်း အကျိုးမထူး။

အမုန်းနက် မဟူရာစံအိမ်က ထွက်ပြေးလာတာ ယောကျ်ား
မယူချင်လို့ဆိုတာ အမုန်းနက်ပဲ သိတယ်။

"အမုန်းနက်အိမ်ကို ဘယ်တော့ပြန်မှာလဲ"

"ဘယ်တော့မှ မပြန်ဘူး"

"တကယ်လား"

"တကယ်"

ဘလက်(ခ်)မျက်ခုံးထူထူတွေ မြင့်တက်သွားပြီး အမုန်းနက်
အံ့သြသလို ကြည့်သည်။

"အမုန်းနက်ကို မယ်မယ်ကြီးက ဒီမှာနေဖို့ ခွင့်ပြုလိုက်ပြီ"

"မယ်မယ်ကြီးနဲ့ အမုန်းနက် ဘယ်တုန်းက သိတာလဲ"

"အခုမှ"

"အာ… ကိုယ်က အကောင်းမေးနေတာကွ"

"အမုန်းနက်ကလည်း အကောင်းဖြေနေတာပဲ"

"ကိုယ် ဘာမှ နားမလည်နိုင်တော့ဘူး။ ဒါပေမယ့် အမုန်းနက်
မိန်းမလှလေးနဲ့ တစ်မိုးအောက်တည်း အတူနေရမှာကိုတော့ သဘော





ကျပါတယ်"

"လိုအပ်တဲ့ အကူအညီရှိရင်လည်း ကိုယ့်ကိုပြော"

"အမုန်းနက်အခန်းကို မပြန်တတ်လို့ လိုက်ပို့ပေးနိုင်မလား"

"ဟင်"

"သြော်… ဒီလိုကိုး။ မင်းအခန်းမှားပြီး ကိုယ့်အခန်းထဲ ရောက်
လာတာ မဟုတ်လား"

"ဟုတ်တယ်"

"ကဲ… လာ၊ မင်းအခန်းကို လိုက်ပို့မယ်။ မင်းနေတဲ့
အဆောင်က"

"နှင်းဆီ"

"အိုကေ"

"ဟုတ်ကဲ့"

ဘလက်(ခ်)က ဦးဆောင်ပြီး အမုန်းနက်ကို ခေါ်သွား၍ သူ့နောက်က
အမုန်းနက် လိုက်ခဲ့သည်။

"ရပြီနော်"

အမုန်းနက် အခန်းရှေ့အရောက်မှာ ဘလက်(ခ်)က ရယ်ပြီး
နေမြန်းခြင်းဖြစ်သည့်အတွက် ကျေးဇူးတင်စကား ဆိုလိုက်သည်။

"နောက်ထပ် ကျေးဇူးတင်စရာတွေ အများကြီး အမုန်းနက်မှာ
ရှိလာဦးမှာပါ။ ကိုယ်သွားပြီ"

ဘလက်(ခ်)ထွက်သွားမှ အမုန်းနက် အိပ်ခန်းတံခါးကိုပိတ်ပြီး
အိပ်ရာပေါ် လှဲချလိုက်သည်။

ဘလက်(ခ်)တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်ကြီးရဲ့ မြေးအငယ်ဆုံးလေးက အမုန်းနက်ထက် အသက်လေးငါးနှစ် ပိုကြီးတာဆိုတော့ အားလုံးမှာ အမုန်းနက်က အသက်အငယ်ဆုံးပေါ့။ ကိုယ့်ထက် အသက်ကြီးတဲ့သူတွေနဲ့ချည်း ဆက်ဆံရမှာဆိုတော့ အမုန်းနက်ဘက်က သတိထားနေရမှာတွေ ဆောင်ရန်၊ ရှောင်ရန်တွေလည်း အများကြီးဟု စဉ်းစားနေမိသည်။

နောက်ရက်ကစပြီး အမုန်းနက်ကို ဒေါ်ကေသီက ပြောဆို နေထိုင်မှု၊ လမ်းလျှောက်ပုံ၊ စကားလေယူလေသိမ်း၊ အဝတ်အစား ပြင်ဆင်မှု အားလုံး၊ စာရင်းဇယားနှင့် အတိအကျ သင်ပေးသည်။ မနက်ခင်းဝတ်စုံ၊ နေ့ခင်းဝတ်စုံ၊ ညနေခင်း ဝတ်စုံ၊ ညအိပ်ဝတ်စုံက အစ ဒေါ်ကေသီကပဲ အစအဆုံး စီစဉ်ပေးသူ ဖြစ်လာသည်။

"လောလောဆယ် ဒီမှာရှိတဲ့ ဝတ်စုံတွေထဲက အဆင်ပြေအောင် ကြည့်စီစဉ်ထားရတာ။ နောက်လာမယ့် ဝတ်စုံတွေအတွက် စံအိမ်က မိသားစုဝင်အတွက် သီးသန့်ပုံစံထုတ်ပြီး ချုပ်တဲ့ ဒီဇိုင်းနာက အမုန်းနက်နဲ့ လိုက်ဖက်သင့်တော်တဲ့ ဝတ်စုံအဆင်တွေကို ကြည့်စီစဉ်ပေးလိမ့်မယ်"

ဒေါ်ကေသီပြောတဲ့အတိုင်း အမုန်းနက်အတွက် ဝတ်စုံအလှ ဖန်တီးပေးမည့် ဖက်ရှင်ဒီဇိုင်နာ ရောက်လာသည်။ တစ်ယောက်တည်း မဟုတ်။ သုံးလေးယောက်ပါဝင်သော အုပ်စုဖြစ်သည်။ အမုန်းနက် အသားအရေနှင့် လိုက်ဖက်သည့် ဝတ်စုံတွေကို သူတို့ဘာသာ ရွေးထုတ်ကြ၊ စီစဉ်ကြနှင့် အလုပ်ရှုပ်နေကြသည်။

သူတို့ဖြစ်ချင်တာ၊ သူတို့ လိုချင်တာ ဒေါ်ကေသီနှင့် တိုင်ပင် ဆွေးနွေးကြပြီး အမုန်းနက်ကတော့ သူတို့ခိုင်းသည့်အတိုင်း လိုက်လုပ်





ပေးရသော လှပသည့် သက်ရှိရုပ်ကလေး ဖြစ်သည်။

ကိစ္စအားလုံးပြီးသွားတော့ အမုန်းနက်တစ်ယောက်တည်း သူမ အိပ်ခန်းထဲ စိတ်မောလူမောနှင့် ကျန်နေခဲ့သည်။

"သိပ်ပင်ပန်းသွားပြီလား မမလေး"

"ဒေါ်ကြီးလီ"

"မမလေးကို မယ်မယ်ကြီးက ခေါ်ခိုင်းလိုက်လို့ ဒေါ်ကြီး လာခေါ်တာပါ"

"အခုလားဟင်"

"ဟုတ်တယ်… အောက်ထပ်မှာ မမလေးကို မိတ်ဆက်ပေးမယ့် ဧည့်သည်ရောက်နေတယ်"

"ဧည့်သည်"

ထိုစကားကို အမုန်းနက် နှုတ်မှ ရေရွတ်လိုက်ခြင်း ဖြစ်သည်။ မယ်မယ်ကြီးက အမုန်းနက်ကို သူ့အသိမိတ်ဆွေတွေနှင့် မိတ်ဆက်ပေးမှာကို သိ၍ အမုန်းနက်ကိုယ်အမုန်းနက် မှန်တင်ခုံရှေ့သွားပြီး သပ်ရပ်လှပအောင် ပြင်ဆင်လိုက်သည်။ အမုန်းနက်အတွက် လိုအပ်တာတွေကို ဒေါ်ကြီးလီက အသေးစိတ်ကျကျ ဂရုတစိုက် ပြင်ဆင်ပေးသည်။

သူမစိတ်ကျေနပ်မှ အမုန်းနက်ကိုခေါ်ပြီး မယ်မယ်ကြီးရှိသည့် အောက်ထပ်က ဧည့်ခန်းမကျယ်ကြီးထဲ ခေါ်သွားသည်။ အမုန်းနက်ကို မြင်တာနှင့် ဧည့်သည်အမျိုးသမီးကြီးက မယ်မယ်ကြီးနှင့် စကားဆက်ပြောနိုင် ရပ်တန့်သွားကာ အံ့ဩသွားသည်။

"ရိုစ့်သမီးလေး မဟုတ်လား မယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ကြည့်ပါဦး ရိုစ့်မှ ရိုစ့်အစစ်ပါ"

ညှိသည့်အမျိုးသမီးကြီး အံ့သြနေတာကိုကြည့်ပြီး မယ်မယ်ကြီး ကျေနပ်စွာ ပြုံးလိုက်သည်။

"ရိုစ့်နဲ့ခွဲမရအောင် တူတဲ့ ရိုစ့်သမီးမှာ ရိုစ့်လို စိတ်ထား မရှိနိုင်ဘူးလား မာလာ"

"သိပ်ရှိနိုင်တာပေါ့ မယ်မယ်ရယ်၊ ရုပ်ချင်း ဒီလောက်တူ တော့ စိတ်ချင်းလည်း အတူတူဖြစ်နိုင်ပါတယ်"

ဒေါ်မာလာဆိုသည့် မိန်းမဝဝကြီး အမုန်းနက်တစ်ကိုယ် မျက်လုံးပြူးကြီးနှင့် ခြေဆုံးခေါင်းဆုံးပြန်ကြည့်ပြီး အားပါးတရ ထော ခံခြင်းဖြစ်သည်။ ဒေါ်မာလာဆိုသည့် မိန်းမကြီးနှင့် အကြည့်ချ အဆုံးမှာ အမုန်းနက် သူ့ကို ချစ်စရာကောင်းအောင် ပြုံးပြလိုက်သည်။

"နေကောင်းပါရဲ့လား တီတီ"

"ကောင်းပါတယ်ကွယ်"

"လာ... မြေး ဒီမှာထိုင်"

အမုန်းနက်က မယ်မယ်ကြီးလှူယုံတော် သင်ကြားထားသည့် အတိုင်း ညှိသည့်အမျိုးသမီးကြီးကို အပြုံးနှင့် ဦးညွှတ်နှုတ်ဆက်လိုက် ပုံကို သဘောကျဟန် မယ်မယ်ကြီးက အမုန်းနက်ကို ပြုံးကြည့်နေ

"ရိုစ့်သမီးလေးက သူ့အမေထက် ပိုလှနေပါလား မယ်မယ်"

"သူ့အဖေကလည်း လူချောပဲကွယ်။ ဒီလောက်တော့ ရှိ ပေါ့"

မယ်မယ်ကြီးအသံက ကျေနပ်သံဖြစ်သည်။ အမုန်းနက်ကို သူ မျက်နှာချင်းဆိုင်ထိုင်စေ၍ အမုန်းနက် မျက်နှာကို တစိမ့်စိမ့်ကြည့်နေ





"တီတီမာလာက ဝန်ကြီးကတော်နော်၊ အမုန်းနက်၊ သေချာ တ်ထား။ မယ်မယ်ကြီး စံအိမ်မှာ ကျင်းပတဲ့ပွဲတိုင်း တီတီမာလာက အမြဲကူညီပေးနေကြ။ နောက်မှ တီတီမာလာ့သားနဲ့သမီးကို အမုန်းနက် နဲ့ မိတ်ဆက်ပေးမယ်"

"ဟုတ်ကဲ့ပါ မယ်မယ်ကြီး"

"အမုန်းနက်ဆိုတာ သူပဲ မာလာ"

"မယ်မယ်ကတော့ နောက်ထပ်မြေး အချောအလှတစ်ယောက် ထပ်ရောက်လာလို့ ပိုပြီး နာမည်ကြီး သတင်းကြီးရဦးမယ်"

"ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲကွယ်။ ဘယ်တတ်နိုင် လဲ"

"ဒေဝီတို့ ပြန်မလာသေးဘူးလား မယ်မယ်"

စကားလမ်းကြောင်းက မယ်မယ်ကြီး ချွေးမထံပြောရင်း ရှာကာ အခြားအကြောင်းတွေ ရောက်သွားသည်။

"ဟိုတစ်လောက စောနေနတ်နဲ့ လက်ထပ်မယ်လုပ်ပြီးမှ ပျက် သွားတဲ့ ပြာရီနဲ့ တွေ့သေးတယ်။ စောနေနတ်လည်း အခုထိ အိမ် ထောင်မပြုသေးဘူးနော်"

"သူ့အကြောင်း မပြောစမ်းပါနဲ့ မာလာရယ်။ ကြားရတာ နားခါးလွန်းလို့ပါ"

"ဘာဖြစ်လို့လဲ၊ မယ်မယ့်မှာ အကြောင်းထူး ရှိနေလို့လား"

ဒေါ်မာလာ စိတ်ဝင်စားသလို မယ်မယ်ကြီးထံမှ ဖြေစကားကို အမုန်းနက်ကိုယ်တိုင်လည်း မျှော်လင့်သော စကားကို မကြားရ။

"ထားလိုက်စမ်းပါ သူ့အကြောင်း အခုမပြောချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အခု လုပ်တဲ့ပွဲကို သူ့လိုလူ မဖိတ်ဘဲထားလို့ကတော့ မဖြ
ဘူးနော် မယ်မယ်"

"ဖိတ်မှာပါ သူ့လိုလူမပါရင် ဘယ်ဖြစ်မလဲ"

အမုန်းနက်ကတော့ ဦးစောနေနတ် မယ်မယ်ကြီးဖိတ်သည့်ပွဲ
လာမည်ဆို၍ စိတ်ထဲ ကျိတ်ကျေနပ်သွားသည်။ ဘာကြောင့်မှ
မသိပေမယ့် ဦးစောနေနတ် မျက်နှာကို နောက်တစ်ကြိမ် တွေ့မြင်ရ
စိတ် သူမမှာ ထူးဆန်းစွာ ဖြစ်နေ၍ ဦးစောနေနတ်နှင့် တွေ့ခွင့်ရမ
မယ်မယ်ကြီး အိမ်ကပွဲ မြန်မြန်ရောက်ပါစေဟု ဆုတောင်းလိုက်သည်



## အခန်း (၈)

ဆယ်ရှက်အတွင်း အမုန်းနက် စံအိမ်ကြီးမှာ နေသားကျလာ
သည်။ ဒီဖိုင်းဆန်းပြားသော်လည်း လှ၍ ဣန္ဒြေရသော အထက်တန်း
ကျ အကောင်းစား အဖိုးတန် ဝတ်စုံများသည်လည်း အမုန်းနက်ထံ
အရောင်အသွေးစုံ ရောက်လာသည်။

ဒေါ်ကေသီ၏ ကျေးဇူးကြောင့် အမုန်းနက်အတွက် ပေးထားသည့်
အခန်းထဲရှိ အလှပြင်ပစ္စည်းများကို စနစ်တကျ သုံးစွဲတတ်လာသလို
အပြောအဆိုကစ၍ သူတို့ပြောသလို ပြောတတ်လာ၏။

ဖွန်းခက်ရင်းကို လှလှပပလေး ကိုင်တွယ်ကာ အစားအသောက်
ကို သေသေသပ်သပ် စားတတ်လာ၏။ အမုန်းနက် လုပ်ပုံကိုင်ပုံ
ရာမကျ မှားယွင်းနေလျှင် ဒေါ်ကေသီက သင်ပြပေးသည်။
အလည်တာကို နားလည်အောင် ရှင်းလင်းပြသည်။ ဒေါ်ကေသီက
သင်ထားသလောက် မဆိုး၍ အမုန်းနက်နှင့် သူ့ကြားက အမုအထစ်တို့
ပြေလျော့စ ပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမုန်းနက်ကို ပြောဆိုဆက်ဆံပုံက တစ်မျိုးဖြ သူနှင့် အမုန်းနက်ကြားက သိပ်တော့ အဆင်မပြေ။ တစ်ခါတ အမုန်းနက်ကလည်း သူဘာပြောပြော ဂရုမစိုက်သည့်အချိန်တွေလည်း ရှိသည်။ ထိုအခါမျိုးမှာ ခေါ်ကေသီက အမုန်းနက်ကို မကျေနပ် မုန်းတီးစက်ဆုပ်စွာ ကြည့်နေတတ်သည်။ အမုန်းနက် စံအိမ်ကြီး ကို ရောက်ပြီး ရက်ပိုင်းအတွင်း မယ်မယ်ကြီး ပတ်ဝန်းကျင် အသ အပိုင်းမှာ အမုန်းနက်သတင်းက ပျံ့နှံ့လျက် လူသိများ၊ သတိထား ဖြစ်နေခြင်းကို အမုန်းနက်ကိုယ်တိုင်လည်း မသိ။ ထိပ် မောင်မောင်ကြီးက စကားနည်းနည်းအေးဆေးသူဖြစ်၍ အမုန်းနက် တွေ့လျှင် ပြုံးပြနှုတ်ဆက်ရုံ၊ ခေါင်းညိတ် အသိအမှတ်ပြုရုံဖြစ် လည်း ထိပ်တင်မမကြီးကတော့ အမုန်းနက်အပေါ် သနားကြင်နာ အပြည့်နှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံသဖြင့် အမုန်းနက် ကျေနပ်မိသည် ထိပ်တင်မမကြီးထံမှ ရရှိသော နွေးထွေးလှိုက်လှဲမှုမျိုးက အမုန်းန အတွက် ရှားပါးပစ္စည်း ဖြစ်သည်။

အမုန်းနက်အတွက် မေမေသာရှိလျှင်ဟု တွေးမိသည်က ထိပ် မမကြီးထံမှ အကြင်နာနှင့် မေတ္တာတရားကို ရရှိသည့်အချိန် ဖြစ်သည်။ မယ်မယ်ကြီးက အမုန်းနက်အတွက်ဟုဆိုကာ ပ တစ်ဆင်ဆာပေးသလို ထိပ်တင်မမကြီးက အမုန်းနက်အတွက် ငယ်စဉ်ကဝတ်သည့် အဖိုးထိုက်၊ အဖိုးတန် အဝတ်အစား၊ အ အဆောင်ပစ္စည်းများကို အမုန်းနက်အတွက် ရက်ရောစွာ ပေးရုံမ ထိပ်တင်မမကြီး ငယ်စဉ်ကဝတ်သည့် စိန်နှင့်မြရံထားသည့် လက် ကိုပင် အမုန်းနက်အတွက်ဟုဆိုကာ ပေးလိုက်သေးသည်။





အမုန်းနက် ငြင်းပေမယ့် မရ။

ပေးသည့်သူက ဇွတ်ပေးနေ၍ ထိပ်တင်မမကြီး စိတ်ချမ်းသာ ယူလိုက်ရ၏။

"ဒီလက်စွပ်ကလေးကို အမြဲဝတ်ထား အမုန်းနက်၊ အမုန်းနက် ကံကောင်းနေလိမ့်မယ်"

"ဒီလက်စွပ်က အဆောင်လက်စွပ်လားဟင် မမကြီး"

လှပသော လက်စွပ်လေးကို ကြည့်ရင်း အမုန်းနက် စိတ်ဝင်စား မေးလိုက်တော့ ထိပ်တင်မမကြီးက ခေါင်းကို ညိတ်သည်။

"ဟုတ်တယ်။ ဒီသဘောပဲ။ မမကြီး လက်စွပ်ကို အမုန်းနက် ကြိုက်ရဲ့လား"

"သိပ်ကြိုက်တာပဲ။ လှလည်း သိပ်လှတယ်နော်"

"အမုန်းနက်လို မိန်းမလှလေး ဝတ်လိုက်လို့ ပိုလှသွားတာပါ ယ်"

"ကျေးဇူးတင်ပါတယ် မမကြီး"

မမကြီးဟုခေါ်မှ ကြိုက်သူကို အမုန်းနက်ကလည်း မမကြီးဟု ခေါ်ရသည်။ အသက်အရွယ်နှင့် မဆိုင်။ တကယ်တော့ ထိပ်တင်မမကြီး အသက်ငါးဆယ်ကျော်နေပြီ ဖြစ်သည်။ ပန်နရောင်စံအိမ်ကြီးမှာ ရတော့မှ မဟူရာစံအိမ်ကြီး၏ သွေ့ခြောက်ပုံ၊ စိတ်မချမ်းသာစရာ ကောင်းပုံ၊ အမြဲအလိုမကျ ဖြစ်နေမှုတွေကြားက လွတ်မြောက်လာရခြင်း ကို ပိုကျေးဇူးတင်စရာ ဖြစ်လာသည်။

အမုန်းနက်ကိုယ်အမုန်းနက် ဘယ်တော့မှ နောင်တမရ။ ကိုယ့်ကို ချစ်သူ၊ အလိုမကျသူတွေနှင့် နေရခြင်းကို အမုန်းနက် မုန်းသလို



www.burmeseclassic.com

www.burmeseclassic.com



မဟူရာစံအိမ်က လူတွေကလည်း အမုန်းနက်ကို မုန်းကြသည်။ သွေးရင်းသားရင်းတွေ ဖြစ်ပေမယ့် ဘိုးဘွားထံမှ အကြင်နာ၊ မေတ္တာကို မခံစားခဲ့ရ၊ မရရှိခဲ့ရ၍ အမုန်းနက်ကလည်း သူတို့အပေါ်မှာ ပြန်ကြင်နာစိတ်မရှိသည်မှာ သိပ်တော့မဆန်း။

"အမုန်းနက် ဘိုးနဲ့ဘွား အမုန်းနက်ကို လိုက်ရှာနေကြတယ်"

မယ်မယ်ကြီးစကားကို အမုန်းနက် ဘာတစ်ခုမှ မတုံ့ပြန် ငြိမ်၍နားထောင်နေသည်။ ပျောက်သောသူကို ရှာကြမည်။ ဒါသဘာဝဖြစ်သည်။ ထိုထက်ပို၍ မဟူရာစံအိမ်က ထွက်လာသည်ဆိုကတည်းက ထိုနေရာကို ပြန်မသွားချင်တော့၍ ဆိုသည်မှာ အဖြေက ရှင်းနေသည်။

"မယ်မယ်ကြီးဆီကိုတော့ သူတို့ လှမ်းမမေးရဲကြပါဘူး။ ခရီးထွက်သွားတယ်လို့ ပြောခိုင်းထားတယ်"

"ကျေးဇူးတင်ပါတယ် မယ်မယ်ကြီး"

"မလိုပါဘူးကွယ်။ လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တဲ့သဘောပါ။ ဒါ့အပြင် တခြား မရှိပါဘူး"

"မနက်ဖြန် ဒေဝီတို့ပြန်လာကြမယ်။ မိသားစုဆုံတော့ ပိုပျော်စရာကောင်းသွားတာပေါ့"

မယ်မယ်ကြီးအသံက အေးဆေးညင်သာလှသလို ကိုယ်နေဟန်ထားကလည်း တင့်တယ်ခန့်ညားစွာ ကျက်သရေရှိပေသည်။ အဝတ်အစားအရောင်နှင့် လိုက်ဖက်သော လက်ဝတ်ရတနာအမျိုးမျိုးမှာ လှပလွန်းသော လက်ရာဒီဇိုင်းများဖြစ်၍ အမုန်းနက် တစ်ခါမှ မမြင်ဖူးသော အရောင်အသွေးစုံသော ကျောက်မျက်ရတနာများကို အမုန်းနက်မှာ အမြဲငေးနေရသည်။





"အမုန်းနက် မယ်မယ်ကြီးကို တစ်ခုလောက်မေးပါရစေ"

"မေးပါ"

"ဟို... အမုန်းနက်နဲ့ မယ်မယ်ကြီးက ဘယ်လိုတော်စပ်လဲဆိုတာ"

"သိချင်တယ်ပေါ့"

"ဟုတ်ကဲ့"

စူးလက်တောက်သွားသည့် မယ်မယ်ကြီးထံမှ အကြည့်စူးများကို အမုန်းနက် မသိဟန်ဆောင်နေလိုက်ပေမယ့် ရင်ထဲကတော့ မယ်မယ်ကြီးနှုတ်ဖျားက ထွက်ပေါ်လာမည့် အဖြေစကားလုံးကို စောင့်စားရင်း ရင်တထိတ်ထိတ် ခုန်နေ၏။

"အမုန်းနက်က ဘယ်လိုဖြစ်စေချင်လို့လဲ"

"ရှင်"

မယ်မယ်ကြီး၏ အမေးစကားကို အမုန်းနက် နားမလည်သလို မယ်မယ်ကြီး၏မျက်နှာကို မော့ကြည့်လိုက်တော့ မယ်မယ်ကြီးက အမုန်းနက်ကို မကြည့်ဘဲ ကော်ဖီပန်းကန်ကို လှပစွာ မယူလိုက်ပြီး တစ်ရှိုက်မျှ သောက်လိုက်၏။

"အမုန်းနက်ဆိုတာ မယ်မယ်ကြီးမြေး"

မယ်မယ်ကြီး၏ အဖြေစကားကို အမုန်းနက် သဘောမကျ။ စိတ်ထဲ တစ်မျိုးဖြစ်သွားကာ မယ်မယ်ကြီးမျက်နှာကို ပြန်ကြည့်လိုက်သည်။

"အမုန်းနက် လိုချင်တာ။ ဒါပဲ မဟုတ်လား"

"အမုန်းနက်လိုချင်တာ အဲဒီအဖြေတစ်ခုတည်း မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်ကြီး”

အမုန်းနက်စကားကြောင့် မယ်မယ်ကြီး မျက်ခုံးတစ်ဖက်က လှပစွာ မြင့်တက်သွားသည်။

“ကဲ… ဆိုပါဦး။ အမုန်းနက်က ဘာကိုသိချင်တာလဲ”

“သွေးသားတော်စပ်မှုကို သိချင်တာပါ။ မဟူရာစံအိမ်က ဘိုးနဲ့ ဘွားက အမုန်းနက်ဖေဖေရဲ့ မိဘတွေပါ။ မယ်မယ်ကြီးက ဖေဖေရဲ့ ဆွေမျိုးမဟုတ်ရင် အမုန်းနက်မေမေရဲ့…”

“ဟုတ်တယ်။ အမုန်းနက်မေမေရဲ့ ဆွေတော်မျိုးတော်ပဲ။ ဒါပေမယ့် အမုန်းနက်မေမေဟာ မယ်မယ်ကြီးရဲ့ သမီးတော့ မဟုတ်ဘူး”

မယ်မယ်ကြီး အဖြေစကားအဆုံးမှာ အမုန်းနက် မယ်မယ်ကြီး မျက်နှာကို စိတ်လှုပ်ရှားစွာ မော့ကြည့်လိုက်သည်။ အမုန်းနက် မျှော်လင့်ထားသလို မယ်မယ်ကြီးဆိုတာ အမုန်းနက်မေမေရဲ့ မေမေ၊ အမုန်းနက်ရဲ့ အဘွားမဟုတ်ပါလား။

“ပြောရရင် အမုန်းနက်မေမေရဲ့အဖေ အမုန်းနက်အဘိုးနဲ့ မယ်မယ်ကြီးက မောင်နှမဝမ်းကွဲ တော်တယ်။ အမုန်းနက်မေမေနဲ့ကြတော့ နှစ်ဝမ်းကွဲ တော်တာပေါ့”

သွေးဝေးကြသူများဖြစ်၍ မယ်မယ်ကြီးနှင့် အမုန်းနက်က စပ်မှတော်ကြရသော ဆွေမျိုးများဟု သိလိုက်ရ၍ အမုန်းနက် ခေါင်းလေးငုံ့သွားသည်။ စကားအလှသုံး ပြောနေတာပဲရှိသည်။ တကယ်တော့ အမုန်းနက်နှင့် မယ်မယ်ကြီးက ဆွေသားရင်းချာများ မဟုတ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ အမုန်းနက် ငြိမ်နေမိသည်။ အမုန်းနက်





သိချင်တာ သိရပြီမဟုတ်လား။ နောက်ထပ်အမုန်းနက်မှာ ပြောစရာ စကားမရှိတော့။ အမုန်းနက် ထင်ထားသည်က မယ်မယ်ကြီးဆိုတာ အမုန်းနက်မေမေရဲ့ သွေးသားရင်းချာဟု ထင်ခဲ့သည်။

လက်တွေ့မှာ အမုန်းနက် မျှော်လင့်ချက်တွေ့ သဲထဲရေသွန်ချလိုက်သလို ဘာတစ်ခုမှ အရာမထင်ဖြစ်သွားသည်။

“အခုကျင်းပမယ့် မယ်မယ်ကြီးရဲ့ မွေးနေ့ပွဲမှာ မယ်မယ်ကြီးမြေး အမုန်းနက်အလှကို ပွဲထုတ်မှာ”

အမုန်းနက်က မယ်မယ်ကြီး နောက်ထပ်ပြောနေသော စကားများ မကြားတော့။ အမုန်းနက်က မေမေရဲ့ ဆွေသားအရင်းအချာ အဘိုးအဘွားတွေ ဘယ်မှာလဲ။ ဘာဖြစ်လို့ သူတို့တွေက အမုန်းနက်ကို မရှာကြတာလဲဆိုတာကို သိချင်နေသည်။ စိတ်ဝင်စားနေသည်။

“အမုန်းနက်မှာ အဘိုးအဘွားတွေ ရှိသေးလားဟင် မယ်မယ်ကြီး”

“မမဒေဝီတို့ ပြန်ရောက်လာပါပြီ မယ်မယ်ကြီး”

“မနက်ဖြန်မှ ရောက်မှာဆို ဘယ်နှယ့် မြန်လှချည်လား”

မယ်မယ်ကြီးက အမုန်းနက်မေးစကားကို စိတ်ဝင်စားချိန် ရလိုက်သလို ပြန်လည် ဖြေဆိုရန်လည်း အချိန်မရတော့ပါ။ အမုန်းနက် ရှိနေသည့် ခန်းမဆောင်ကြီးထဲသို့ အရုပ်ကလေးများလို ဖြူဖွေးလှပ၍ သွယ်သော ခန္ဓာကိုယ်ရှိသည့် မိန်းမလှလေး နှစ်ယောက်နှင့် မိလှပသော အသက်နှစ်ဆယ်ကျော်အရွယ် မိန်းမလှလေး ယောက်၊ ဘလက်(ခ်)နှင့် အသက်ချင်း သိပ်မကွာသော ယောက်ျား ယောက်၊ အသက်ငါးဆယ်ကျော်အရွယ် ဦးထိပ်တင် မောင်မောင်၏ မမဒေဝီဆိုသည့် ဒေါ်ဒေဝီတို့ အုပ်စုလိုက်ကြီး ရောက်လာ၍



www.burmeseclassic.com

www.burmeseclassic.com



အမုန်းနက်ကိုယ်တိုင် ဘာစကားမှမဆိုနိုင်ဘဲ သူတို့ အုပ်စုကိုသာ တအံ့တသြ ငေးနေမိသည်။

"နေကောင်းတယ်နော် မယ်မယ်ကြီး"

"ကောင်းပါတယ်။ ဘယ်လိုလဲ ဝေဖြာ မြေးကမ္ဘာ၊ ဟိုမှာ တော်တော်မှ ပျော်ခဲ့ကြရဲ့လား"

"ပျော်တော့ ပျော်ပါတယ်၊ မယ်မယ်ကြီး ပါမလာတော့ ထင်သလောက် ဘယ်ပျော်ပါ့မလဲ။ မယ်မယ်ကြီးကို လွမ်းနေရတာနဲ့ အချိန်ကုန်တာပဲ"

"ဝေဖြာတို့ကတော့ ချွဲနေပြီဟေ့"

"ကမ္ဘာနော်၊ ဝေဖြာက အမှန်ကို ပြောနေတာ"

"ပြောပါစေကွယ်"

ဝေဖြာနှင့် ကမ္ဘာဆိုသည့် ဆယ်ကျော်သက်မလေးနှစ်ယောက်က အမုန်းနက်နဲ့ အသက်ချင်းအတူတူ ဖြစ်သော်လည်း အလှချင်းကျတော့ မတူ။ မြေးနှစ်ယောက်စလုံး အလုအယက် သူတို့ မယ်မယ်ကြီး ရင်ခွင်ထဲ ပျော်ရွှင်နေတာကို ကျန်သည့် မိသားစုဝင်အားလုံးက ပြုံး ကြည့်နေကြသလို မယ်မယ်ကြီး မျက်နှာကလည်း ပြုံးနေတာကို ကြည့်၍ သူ့မြေးတွေကို မယ်မယ်ကြီး အသက်မျှချစ်ကြောင်း ဖော်ပြနေ သည်။

"အသားတွေ ညိုသွားလိုက်တာကွယ် နေပူထဲ အမိုးမပါ အကာမပါ ဒီလိုပဲ ထင်ရာလျှောက်သွားနေတယ် ထင်တယ်"

မယ်မယ်ကြီးက သူ့မြေးအချစ်တွေကို ကြည့်ရင်း ခပ်ပြုံးပြုံးဆို နေချိန်မှာ မိသားစုအားလုံး မယ်မယ်ကြီးနား ရောက်လာသည်။





"မယ်မယ်ကြီးမြေးတွေက အကဲတွေကို ဒေဝီဖြင့် သူတို့ကို ဟာ မလုပ်နဲ့ ဒီဟာမလုပ်နဲ့ ပြောနေ တားနေတဲ့ကြားက သူတို့ထင်ရာ ပ်ကြတာပဲ"

"ကလေးတွေပဲကွယ်။ ပျော်စရာရှိတာ စိတ်လွတ် လက်လွတ် ပ်ပါစေ ဒေဝီရယ်"

"မယ်မယ်ကြီး ပြောတာကြားတယ်နော် မာမိ"

ဝေဖြာ့စကားကြောင့် ဒေါ်ဒေဝီက သူ့သမီးကို ချစ်စနိုးအမူအရာ င်သဘောမကျသလို ဟန်ဆောင်ကြည့်သော မျက်နှာက သားသမီးကို သော မိခင်မေတ္တာဖြင့် ဝင်းလက်တောက်ပနေပုံကို အမုန်းနက် နေမိသည်။

"ကဲ… ပြောပါဦး ကညာတို့ ဇယာတို့ရော ပျော်ခဲ့ကြရဲ့ း"

"ပျော်ပါတယ် မယ်မယ်ကြီး"

အသက်နှစ်ဆယ်ကျော် အရွယ်နှစ်ယောက်ထံမှ ပြိုင်တူထွက်ပေါ် သော အသံဖြစ်၍ သူတို့ သံပြိုင်ဖြေသံကို သူတို့ဘာသာ သဘော ပြီး ချစ်စရာကောင်းအောင် လှပစွာ ရယ်ကြပြန်သည်။

"မောင်ဥက္ကာနဲ့ မောင်နန္ဒ၊ မောင်ဂန္ဓကရော"

"ကျွန်တော်တို့လည်း ပျော်ပါတယ်"

ဥက္ကာဆိုသူက ဦးဆောင်ဖြေခြင်းဖြစ်၍ ကျန်နှစ်ယောက်က ပြုံးရုံ ငြိမ်နေကြသည်။ သုံးယောက်လုံး လူချောလေးများ ဖြစ်သော်လည်း ပုံခြင်းတော့မတူ တစ်ယောက်တစ်မျိုးစီ ဖြစ်သည်။

"ဒါနဲ့ မောင်သီဟလည်း မမြင်ပါလား ဒေဝီ"



www.burmeseclassic.com

www.burmeseclassic.com



"မယ်မယ်မြေးကတော့ ပြောမနေနဲ့မယ်မယ် ထုံးစံအတိုင်း လူကြီးမိဘက ဒါဆို သူက ဟိုဟာလုပ်လိုက်ရမှဆိုတာမျိုး မိသားစု အတူသွားနေတဲ့ ခရီးကို သူက ပျင်းလို့ဆိုပြီး ဘယ်သူမှ အသိမပေးဘဲ စာရေးပြီး ပြန်သွားတာ။ အခုလည်း အိမ်မရောက်သေးဘူးဆိုတော့ တခြားနေရာ ဝင်နေတာပဲနေမှာပေါ့ မယ်မယ်ရယ်"

"ဒေဝီတို့ သီဟကြောင့် သိပ်စိတ်ညစ်တာပဲ။ သူ့ဒယ်ဒီတို့ ပြောတော့လည်း စိတ်မပူနဲ့ဆိုတာချည်းပဲ"

"မောင်သီဟက တမင်ဆိုးချင်လို့ ဆိုးနေတာပေါ့ကွယ်။ ဒီအတွက်တော့ စိတ်မညစ်စမ်းပါနဲ့။ မယ်မယ်ကြီးတို့မှာ သူ့လို အဆိုး မျိုးလေး တစ်ယောက်ပါမှ အိမ်မှာရှိတဲ့မိသားစု အပျင်းပြေမှာပေါ့ကွယ်။ အားလုံးလိမ္မာနေရင် ဘယ်လောက် ပျင်းစရာကောင်းလိုက်မလဲ"

မယ်မယ်ကြီး စကားအဆုံးမှာ အားလုံးက ရယ်ကြသည်။ မယ်မယ်ကြီး မျက်နှာကလည်း ပြုံးနေ၍ သူ့အချစ်ဆုံး မြေးအကြောင်း ပြောနေတာကို ကျေနပ်နေပုံဖြစ်သည်။

"သူက ဘယ်သူလဲ မယ်မယ်"

ဒေါ်ဒေဝီ့စကားကြောင့် အားလုံးအကြည့်တွေက အမုန်းနက်ထံ စုပြုံရောက်လာကြကာ စိတ်ဝင်စားသလို၊ အကဲခပ် ရှုစမ်းဟန်ဖြင့် လှမ်းကြည့်ကြသည်။

"မယ်မယ့်မြေးလေ။ အမုန်းနက်နက်··· တဲ့"

"ဟွန်း··· နာမည်ကလည်း အရုပ်ဆိုးလိုက်တာ။ အမုန်း နက်နက်တဲ့"

အမုန်းနက်နက်ဆိုသည့် အမည်ကို ဖေဖြောက သွက်လက်စွာ





ဆဖန်လိုက်ခြင်း ဖြစ်သည်။ ကမ္ဘာက ဖေဖြောစကားကို ထောက်ခံသည့် အနေဖြင့် ခေါင်းညိတ်သည်။

"လူက မနက်လို့ တော်သေးတယ်"

"ကညာတို့က အသားမည်းတဲ့သူဆို သိပ်မုန်းတာ"

"အနက်ရောင် အဝတ်ဆိုလည်း ဘယ်တော့မှ မဝတ်ဘူး"

ကညာက သူ့သဘောကို အားလုံးသိအောင် ပြောရင်း အမုန်း နက်ကို သေချာကြည့်သည်။

"သူက ဒီမှာနေမှာလား မယ်မယ်ကြီး"

"ဒါပေါ့။ နှင်းဆီဆောင်ကို အမုန်းနက်ကို ပေးလိုက်ပြီ"

"ကောင်းပါတယ်။ မိသားစုဝင်တစ်ယောက် တိုးတာပေါ့ မယ်မယ်"

ဒေါ်ဒေဝီက ပြောလိုက်ခြင်းဖြစ်သည်။ မယ်မယ်ကြီးမျက်နှာက ဒေါ်ဒေဝီစကားကြောင့် ကျေနပ်သွား၏။

"အမုန်းနက်လည်း မှတ်ထားနော်။ ဒါအမုန်းနက်ရဲ့ မိသားစုပဲ"

"ဟုတ်ကဲ့ပါ မယ်မယ်ကြီး"

အားလုံးကို နာမည်နှင့်အတူ တွဲပြီး မယ်မယ်ကြီးကပဲ မိတ်ဆက် ပေးသည်။ အားလုံးက အပြုံးနှင့် ခေါင်းညိတ် အသိအမှတ် ပြုကြ သော်လည်း ဘယ်သူမှ လိုက်လှဲခြင်းတော့ မရှိ။

ခရီးပန်းလာကြသူများဖြစ်၍ မယ်မယ်ကြီးကို နှုတ်ဆက်စကား ပြောကာ ပါလာသမျှ လက်ဆောင်ကိုယ်စီပေးပြီး အားလုံး ကိုယ့်အခန်း ကိုယ်ပြန်သွားကြ၍ အမုန်းနက်လည်း မယ်မယ်ကြီးကို အလိုက်အသိ နှုတ်ဆက်ပြီး ပန်းဥယျာဉ်ထဲ ဆင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ လက်ရှိအနေအထားအပေါ် သိပ်ဘဝင် ဖြစ်နေသည်။ အမုန်းနက် အခုရောက်နေသောနေရာသည် သူ့စိတ် အလယ်တွင်ဖြစ်သည်။

အမုန်းနက်၏ သွေးသားအရင်းအချာ အဘိုးနှင့်အဘွား ဘယ်မှာနည်း။ အမုန်းနက် စိတ်ထဲ မိခင်ဖြစ်သူ၏ သွေးမျိုးရင်းချာများ ပြင်းပြင်းထန်ထန် တွေ့ချင်မြင်ချင်စိတ် ဖြစ်လာ၏။

"ဟိတ်... ကောင်မလေး"

"ဘလက်(ခ်)"

တစ်ယောက်တည်း ငူငိုင်နေချိန်မှာ ဘလက်(ခ်)ကို တွေ့လိုက် အမုန်းနက် ပျော်သွားသည်။ ဘလက်(ခ်)က ခင်စရာကောင်းသ ချစ်စရာလည်း ကောင်းသည့်အတွက် အမုန်းနက် ဘလက်(ခ်) ခင်မင်သည်။ အမုန်းနက်ကိုယ်အမုန်းနက် မယ်မယ်ကြီးရဲ့ သွေးသ ရင်းချာထဲကဟု ထင်ခဲ့သည့်အတွက် ဘလက်(ခ်)ဆိုတာ အမုန်းနက် အစ်ကိုအဖြစ် သတ်မှတ်နားလည်ကာ ခင်မင်ရင်းနှီးစွာ နေခဲ့သည်။

အခုတော့ ဘလက်(ခ်)ဆိုတာ အမုန်းနက်နဲ့ ဘာမှ မပတ်သက် သိရတော့ စိတ်ထဲက သူ့အလိုလို ဝမ်းနည်း အားငယ်လာသည်။

"ရော့... ဒီမှာ အမုန်းနက်အတွက် ကိုယ်ယူလာတာ"

"ဘာတွေလဲ ဟင်"

"သိချင်ရင် ဖွင့်ကြည့်"

ဘလက်(ခ်)အသွင်က ရှင်းသန့်နေ၏။

ပြုံးနေသည့် မျက်နှာကြောင့် တစ်မျိုးဆွဲဆောင်မှုရှိကာ ချစ်စ ကောင်းနေသည်။ ဘလက်(ခ်)ကမ်းပေးသည့် လက်ဆောင်ထုပ်ကြီး သူ့ရှေ့မှာ ဖွင့်လိုက်တော့ သူက အမုန်းနက်မျက်နှာကို ပြုံးပြီး ကြည့် နေသည်။

"ဟယ်... ပစ္စည်းတွေ အများကြီးပါလား။ စားစရာတွေလည်း ပါတယ်။ အမုန်းနက် ပျော်လိုက်တာ"

"ကျေးဇူးပဲနော် ဘလက်(ခ်)"

"ဒီလို ကျေးဇူးတင်လို့ မရဘူး"

"ဟင်... ဒါဖြင့် အမုန်းနက်က ဘယ်လိုကျေးဇူးတင်ရမှာလဲ"

"ကိုယ်ယူလာတဲ့ မုန့်ကို အခုချက်ချင်း စားပြရမယ်"

သူ့စကားအဆုံးမှာ အမုန်းနက် ရယ်လိုက်တော့ သူကလည်း ယ်သည်။

"အမုန်းနက် တစ်ယောက်တည်း မစားဘူးနော်။ ဘလက်(ခ်) ည်း အမုန်းနက်နဲ့အတူ စားမှ စားမှာ"

"အိုကေ"

"ဒီနေရာ သိပ်မကောင်းဘူး။ လာ... ဟိုဘက်က ပန်းတွေ တဲ့နေရာမှာ ဘလက်(ခ်)နဲ့ အမုန်းနက် ပျော်ပွဲစားထွက်ကြမယ်"

အမုန်းနက် သူမစိတ်ကြိုက် အလှဆုံးပန်းတွေ ပွင့်နေသည့် နေရာကို ရွေးပြီး ဘလက်(ခ်)နှင့်အတူ ရယ်မောရင်း မုန့်အတူတူ းနေတာကို စံအိမ်ကြီးအပေါ်က သူမတို့နှစ်ယောက်ကို စူးစိုက်ကြည့် နေသော မျက်လုံးတစ်စုံကို သတိမထားမိလိုက်ကြချေ။

"ဒီမှာနေရတာ ပျော်ရဲ့လား အမုန်းနက်"

"မဟူရာစံအိမ်ကြီးမှာ နေရာထက်စာရင် ဒီမှာနေရတာ ပိုပျော် ရော ကောင်းတယ်။ ဘလက်(ခ်)ရော... ဒီမှာ နေရတာ မပျော်လို့လား



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

"အင်း"

ဘလက်(ခ်) ခေါင်းညိတ်လိုက်တော့ အမုန်းနက် အံ့ဩသွာ

သည်။ အမုန်းနက်ဘဝမှာ ပန်းနုရောင်စံအိမ်ကြီးလောက် ပျော်ရွှင်စေ

ကောင်းသော၊ လွတ်လပ်တာ မရှိဟု ထင်နေပေမယ့် ဘလက်(

ကြတော့ မပျော်ဘူးဆိုပါလား။

"ဘာဖြစ်လို့ မပျော်တာလဲ ဟင်။ ဘယ်သူက ဘလက်(ခ်)

စိတ်ညစ်အောင်လုပ်လို့လဲ"

"အားလုံးပဲ"

"အားလုံးဟုတ်လား"

"ဟုတ်တယ်။ တစ်နေ့တစ်နေ့ ကိုယ်မလုပ်ချင်တာတွေ လု

ကိုယ်မပြောချင်တာတွေ ပြော၊ ကိုယ်မရယ်ချင်ဘဲ ဟန်ဆောင်ရယ်

နေရတာ ဘယ်လောက်ပင်ပန်းလဲ၊ ဘယ်လောက် စိတ်ညစ်

ကောင်းလဲဆိုတာ အမုန်းနက် စဉ်းစားကြည့်"

"ကိုယ်က ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ခံစားရတဲ့အတိုင်း ပြော

ပြန်တော့လည်း လူဆိုး၊ လူရိုင်းတဲ့ မခက်ဘူးလား အမုန်းနက်"

ဘလက်(ခ်)က သူ့စကားသူ သဘောကျသလို အသံထွက်

ရယ်တော့ ဘလက်(ခ်)က ပိုချစ်စရာ ကောင်းသွားသည်။

"ဘလက်(ခ်)ပြောတဲ့ စကားက အမုန်းနက်အတွက် မရယ်

ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမုန်းနက်ကိုယ်တိုင်က ဘလက်(ခ်)

လူတွေကို စိတ်ထဲရှိတဲ့အတိုင်း ပြောတတ်လို့ လူဆိုးဘွဲ့ရထားလို့လေ"

"တကယ်လား"



"တကယ်ပေါ့။ မဟူရာစံအိမ်မှာ အမုန်းနက်က အပြစ်အများဆုံး

သားလေ။ ဒါကြောင့် ဘိုးနဲ့ဘွား အပါအဝင်အားလုံးက အမုန်းနက်

ရင် ဘယ်သူမှ ကြည့်ရကြတာ မဟုတ်ဘူး"

"ဒါကြောင့် အမုန်းနက်ဖြစ်လာတာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

နှစ်ယောက်အတူတူ ရယ်မိကြသည်။

"ကိုယ်တော့ တစ်နေ့တခြား အမုန်းနက်ကို ပိုသဘောကျလာပြီ။

ယ်လိုချင်တဲ့အငယ်က အမုန်းနက်လို ကိုယ်နဲ့တူတဲ့လူကို လိုချင်တာ"

"မနက်ဖြန် စံအိမ်ကလူတွေ ဘယ်သူမှ မသိအောင် လျှောက်

ည်မယ် လိုက်မလား"

"လိုက်တော့ လိုက်ချင်ပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီး

ရင်…"

"သူ မသိအောင် သွားမှာ"

"ဒါဆို ပြီးရော"

"ည ဆယ်နာရီ အဆင်သင့်ပြင်ထား ကိုယ်လာခေါ်မယ်"

စဉ်းစားဆင်ခြင်ဉာဏ်မဲ့သော အလုပ်တစ်ခုကို ဘာကြောင့်

န်းနက် လက်ခံမိမှန်း မသိ။ စွန့်စားရတာကို ဝါသနာပါသူအဖြစ်

ာလက်(ခ်)ချိန်းသည့်အချိန်မှာ သူပြောသလို အနက်ရောင် ဘောင်းဘီ

ည်၊ အနက်ရောင် အင်္ကျီလက်ရှည်ဝတ်ပြီး စိတ်လှုပ်ရှားစွာ စောင့်နေ

က်သည်။

"ဟိတ်… လာ"

ဘလက်(ခ်)ကိုယ်တိုင် အနက်ရောင်ဝတ်စုံ ဝတ်ထားပြီး အမုန်း



www.burmeseclassic.com

www.burmeseclassic.com



နက်ကို သူက ဦးဆောင်ခေါ်သွား၍ သူ့နောက်က အမုန်းနက် လိုက်ခဲ့ရပုံက တကယ့်စွန့်စားခန်း ဖြစ်သည်။ သူရယ်လျှင် ရယ်သည်။ သူသွားလျှင် သွားသည်။ သူက ကပ်ဆို အမုန်းနက်ကိုယ်လေးကို သူ့နောက်မှာ ပူးကပ်ပြီး ကပ်လိုက်သည်။

ဘယ်ရောက်၍ ရောက်မှန်း မသိ။

အချိုးအကွေ့ အရှောင်အတိမ်း နေရာတွေများလွန်း၍ သေချာ မမှတ်မိပေမယ့် ဘလက်(ခ်)နှင့်အတူ သွားကြည့်မှ စံအိမ်ကြီး၏ ကြီးကျယ်ခမ်းနားမှုကို သတိထားမိလာ၏။

"လာ… ရပြီ"

"ဒါက ဘာလဲဟင်"

"သိချင်ရင် ဒီမှာကြည့်"

"ဟယ်… ပြိုင်ကားလေးပါလား"

အနက်ရောင်မိုးကာ အောက်က ထွက်လာသည့် ပြိုင်ကားနီနီလေးပေါ် ဘလက်(ခ်)တက်ပြီးမှ အမုန်းနက် တက်လိုက်သည်။

"ရူး"

ကားကလေးကို စက်နှိုးပစ်လိုက်ကာ ဝေါခနဲ ပြေးထွက်သွားတော့ အမုန်းနက်ရင်တွေ တထိတ်ထိတ် ဆောင့်ခုန်သွားသည်။

"အခု ဘယ်ကို သွားမှာလဲ"

"ကိုယ်ပြောလည်း အမုန်းနက် သိမှာ မဟုတ်ပါဘူး။ ရောက်ရင် သိပါလိမ့်မယ်"

"မယ်မယ်ကြီးသိရင် အမုန်းနက်ကို ဆူမှာပဲနော်"

"ဒါပေါ့"





ဘလက်(ခ်)က ခပ်ပြုံးပြုံးထောက်ခံပြီး ကားအရှိန်ကို မြှင့်ပြီး မောင်းသဖြင့် ပတ်ဝန်းကျင်က တရိပ်ရိပ် ကျန်ခဲ့သည်။

"အမုန်းနက်ကို မယ်မယ်ကြီး အပြစ်ပေးမယ်ဆို ပေးချင်စရာပါ။ ဘလက်(ခ်)က နောက်ကို ဘယ်သူမှ မသိအောင် အမုန်းနက်သဘောနဲ့ အမုန်းနက်လိုက်လာတာကိုက အပြစ်ဖြစ်နေပြီပဲ"

"ဒီလိုမလုပ်လို့လည်း မရဘူး အမုန်းနက်၊ သူတို့ကို တရားဝင် ခွင့်ပန်လုပ်ပါရစေ၊ ညာလုပ်ပါရစေ ခွင့်တောင်းနေကတော့ ဘယ်တော့မှ ခွင့်ပြုမှာ မဟုတ်ဘူး"

"ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရဆိုတဲ့ ကန့်သတ်ချုပ်ချယ်မှုတွေကို ကိုယ်မုန်းလွန်းလို့ ဘယ်သူ့ကိုမှ မပြောဘူး။ ကိုယ်လုပ်ချင်တာ ကိုယ်ဖြစ်ချင်တာကို ကိုယ်သဘောနဲ့ ကိုယ်လုပ်ပစ်လိုက်တော့ ပြီးသွားတာပဲ"

"ဘယ်လောက် စိတ်ချမ်းသာစရာကောင်းလဲ။ ဘယ်လောက် ပျော်စရာကောင်းလဲ"

ဘလက်(ခ်)ပုံစံက သိပ်ပြီးလွတ်လပ်တပ်ကြွကာ မြူးနေသည်။ လူကြီးတွေ မသိအောင် ကိုယ်လုပ်ချင်တာ ခိုးလုပ်ခွင့်ရသည့် အပေါ်မှာလည်း သူ့ပုံစံက ကျေနပ်နေဟန် အပြည့်ဖြစ်သည်။ အမုန်းနက်ကတော့ သူမဘဝမှာ ဘလက်(ခ်)ထက်ပိုပျော်ပြီး ပိုစိတ်လှုပ်ရှားနေကာ အကြောင်းမဲ့ မကြာခဏ ရယ်နေမိသည်။

"ပျော်လား အမုန်းနက်"

"ပျော်လည်း ပျော်တယ်။ ကြောက်လည်း ကြောက်တယ်"

အမုန်းနက်အဖြစ်ကို ဘလက်(ခ်)က သဘောကျစွာ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အမုန်းနက် ကားမောင်းတတ်သလား''

''ဟင့် အင်း''

''ကိုယ်သင်ပေးမယ်''

''ဘယ်တော့လဲ ဟင်''

''အမုန်းနက် သင်ချင်ရင် အခုသင်ပေးမယ်''

''ဖြစ်ပါ့မလား တော်ကြာ အမုန်းနက်ကြောင့် ဘလက်(ခ်)ကား တစ်ခုခုဖြစ်သွားရင် ဘယ်နှယ့်လုပ်ရမလဲ''

''အနားမှာ ကိုယ်ရှိနေတာပဲ ဘာမှဖြစ်စရာ မရှိဘူး''

''ကျွိ''

ဘလက်(ခ်)က သူ့ကားကို လမ်းပေါ်ချက်ချင်း ထိုးရပ်လိုက်တော့ အမုန်းနက် လန့်သွားသည်။

''ကဲ... လာ''

''အမုန်းနက်ကို တကယ် သင်ပေးမလို့လား''

''ဩော်... တကယ် သင်မလို့ ဟန်ဆောင်သင်နေရဦးမှာလား။ လာစမ်းပါ... နောက်ဆို ကိုယ်တို့ ကားခရေစီ ဖြစ်သွားမယ်''

ကားမောင်းသူနေရာကို အမုန်းနက်ရောက်သွားတော့ ရင်တွေ တအားခုန်လာသည်။ အမုန်းနက် အိပ်မက်ထဲမှာ ထည့်မမက်ဖူးသည့်အတွက် ဘဝကို လက်တွေ့ရောက်နေတာကို ကိုယ့်ဘာသာ အံ့သြမယုံနိုင်။ ဘလက်(ခ်)က အမုန်းနက်ကို ကားမောင်းနည်း သင်ပေးသည်။ သဘောတရားတွေ သေချာရှင်းပြသည်။ လက် ... ့လည်း သင်ပေးသည်။

အမုန်းနက်ကိုယ်တိုင် စိတ်ဝင်စားသော အလုပ်ဖြစ်၍ ခဏ





အတွင်းမှာ ဘလက်(ခ်)ပြောတာတွေ ချက်ချင်းသဘောပေါက် လက်ခံနားလည်းသွားသည်။ မဟူရာစံအိမ်က ဒေါ်ပုသင်ပေးသော ဇာထိုးပန်းထိုးပညာကို သင်ရတာကမှ ပျင်းရိပြီး စိတ်ပျက်စရာဖြစ်ပေမယ့် ကားကောင်းသင်ရတာကိုတော့ အမုန်းနက် ပျော်သည်။

ဘလက်(ခ်)ပြောသည့်အတိုင်း စိတ်ပါလက်ပါ မှတ်သားသည်။ အမှားအယွင်းမရှိ လိုက်လုပ်သည်။ ရပ်လိုက် ပြန်မောင်းလိုက်နှင့် ကားမောင်းသင်တာ ပိုပြီးစိတ်ဝင်စားသလို ဘလက်(ခ်) အသင်အပြကောင်း၍ ချက်ချင်း ကားအကြောင်း နားလည်သွားသည်။

''မင်းက ဉာဏ်ကောင်းသားပဲ''

''ဉာဏ်ကောင်းလို့ ဆယ်တန်းကို ဂုဏ်ထူးငါးဘာသာနဲ့ အောင်ထားတာလေ။ ဆေးတက္ကသိုလ် အမှတ်မီရဲ့သားနဲ့ ဘိုးနဲ့ဘွားက အမုန်းနက်ကို ကျောင်းဆက်တက်ခွင့် မပေးကြဘူး''

''ဘာဖြစ်လို့လဲ''

''အမုန်းနက်လည်း သေချာမသိပါဘူး။ အမုန်းနက် ဆရာဝန်ဖြစ်ပြီး လူတွေအသက်ကို ကယ်နေရမှာစိုးလို့ နေမှာပေါ့''

ပြောပြီး အမုန်းနက် ရယ်ပစ်လိုက်သည်။

ဘလက်(ခ်)က အမုန်းနက်ကို လိုက်မရယ်။ လုပ၍ စိတ်ဝင်စားစရာ အကြောင်းအရာများနှင့် ပြည့်နေသည့် အမုန်းနက်ကို သူ စိတ်ဝင်စားလာသည်။

''အမုန်းနက် ဆရာဝန်ဖြစ်ချင်သလား''

''သိပ်ဖြစ်ချင်တာပေါ့''

''မယ်မယ်ကြီးကရော အမုန်းနက်ကို ဆေးကျောင်း ... က်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်လား''

''အမုန်းနက် မသိဘူး ဘလက်(ခ်)''

''ကိုယ်သဘောအရဆိုရင် အမုန်းနက် ဆေးကျောင်းတက်ပြ
ဆရာဝန်ဘွဲ့ကို ရအောင်ယူသင့်တယ်။ ဒါမှ အမုန်းနက်ဘဝမှ
အမုန်းနက် ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရမှာ''

''အမုန်းနက် ဘာဖြစ်ချင်တာလဲ ဘလက်(ခ်)''

''ဟေး… မင်း ကိုယ့်ကို ပြဿနာ မရှာနဲ့နော်''

ဒီတစ်ခါတော့ အမုန်းနက်တို့နှစ်ယောက်အတူ သဘောကျ
ရယ်ဖြစ်သည်။ ကားလျှောက်မောင်းရတာ အမုန်းနက်ပျော်သ
အမုန်းနက် ပျော်နေတာကိုကြည့်ပြီး ဘလက်(ခ်)လည်း ပျော်နေသည်

''မင်းက တော်တော်လှတာပဲ အမုန်းနက်''

''ဘလက်(ခ)လည်း လူချောတစ်ယောက်ပါ''

''ကျေးဇူးနော်''

''အမုန်းနက် တကယ်ပြောတာ၊ မယုံရင် ဘလက်(ခ်)ကိုယ်
ဘလက်(ခ်) မှန်ထဲမှာ ပြန်ကြည့်ကြည့်''

''သင့်ခ်ယူ့ပါဗျာ၊ ကဲ… အိမ်ကို ပြန်ကြရအောင်''

''ဘလက်(ခ်) သွားမယ်ဆိုတဲ့နေရာကို မရောက်သေးဘူးလေ''

''နောက်မှ သွားမယ်၊ အခု အမုန်းနက် ကားလျှောက်မောင်းခ
တာနဲ့ အချိန်မရတော့ဘူး''

အပြန်လမ်းကိုတော့ ဘလက်(ခ်)ပဲ ပြန်မောင်းလာသည့်အတွက်
ခဏလေး အိမ်ပြန်ရောက်လာသည်။ အမုန်းနက်တို့သွားတာ ဘယ်သူမှ
မသိလိုက်ကြ၍ ကျေနပ်သွားသည်။





''နောက်နေ့ရော အခုလိုသွားဦးမှာလား ဟင်''

''အခြေအနေအရပဲ၊ မနက်ဖြန် ကိုယ်တခြားကို သွားရဦးမယ်''

''ဘယ်ကိုလဲဟင်''

''ကိုယ့် ကောင်မလေးဆီ''

ပြုံးနေသည့် ဘလက်(ခ်) နှုတ်ခမ်းတွေကြည့်ပြီး အမုန်းနက်
လည်း ပြုံးလိုက်သည်။

''ဂွတ်နိုက် ဘလက်(ခ်)''

''ဂွတ်နိုက်''

အမုန်းနက် အခန်းထိ ပြန်လိုက်ပို့ပေးပြီးမှ ဘလက်(ခ်) ပြန်သွား
သည်။ အမုန်းနက်က သူ့မအတွက် အတွေ့အကြုံသစ်၊ ပတ်ဝန်းကျင်
သစ်၊ ခံစားမှုအသစ်အကြောင်း စဉ်းစားရင်းကျေနပ် နှစ်ခြိုက်စွာ အိပ်ပျော်
သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ညနေ့သည်တွေ တဖွဲဖွဲရောက်လာသလို ခြံဝန်းကျယ်ကြီးအနှံ့
လည်း ရောင်စုံကားတွေ ပုံသဏ္ဌာန်အမျိုးမျိုး အရွယ်အစားအမျိုး
နေရာအပြည့် ဖြစ်လာ၏။

မယ်မယ်ကြီး၏ မွေးနေ့ပွဲက အမုန်းနက် မြင်ဖူးတွေ့ဖူးသမျှ
အကြီးအကျယ်ဆုံး အခမ်းနားဆုံး။ အလှအပ အဆန်းပြားဆုံး
လူချမ်းသာ ဂုဏ်သရေရှိ မင်းစိုးရာဇာ သူဌေးသူကြွယ်များအား
စုဝေးသောပွဲကြီးတစ်ပွဲ ဖြစ်သည်။

တချို့က နာမည်ကြီး မော်ဒယ်များ၊ နာမည်ကြီး ရုပ်ရှင် သ
ဆောင်များနှင့်အတူ တွဲပြီး ပွဲတက်လာကြသည်။ နာမည်ကြီး ဖက်
ဒီဇိုင်းနာများ၏ လက်ဝတ်ရတနာဒီဇိုင်းလှလှ၊ ဖက်ရှင်ဆန်းဆန်း
ကြောင့် အားလုံးကို အမုန်းနက် အထင်ကြီးအားကျစိတ်နှင့် လိုက်
နေရသည်။





မျက်နှာတွေ အမျိုးမျိုးဖြစ်သလို အသက်အရွယ်ကလည်း စုံသည်။ ထိုမျက်နှာတွေထဲမှာ အမုန်းနက် မြင်ချင်တွေ့ချင်သော မျက်နှာတစ်ခုတော့ မပါ။

ဦးစောနေနတ် ဘယ်ရောက်နေပါလိမ့်။

မယ်မယ်ကြီးပြောတော့ ဒီပွဲကို လာကိုလာမှာပါတဲ့။ လက်တွေ့မှာ ဦးစောနေနတ်ကို မတွေ့။ အမုန်းနက် တွေ့ရသူက မယ်မယ်ကြီး၏ တူတော်မောင်ဆိုသည့် မင်းယုဂန်ဆိုသူ ဖြစ်သည်။

"အမုန်းနက်နက်တဲ့ တူတော်မောင်"

မယ်မယ်ကြီးက အမုန်းနက်နှင့် မိတ်ဆက်ပေးတော့ မင်းယုဂန်ဆိုသည့်လူက အမုန်းနက်မျက်နှာကို ခပ်စိမ်းစိမ်းနှင့် ရူးရူးရဲရဲ စိုက်ကြည့်ပြီး မျက်ခုံးထူတွေကို သဘောမကျသလို တွန့်ကုတ်ပစ်သလို နှုတ်ခမ်းအစုံကိုလည်း တင်းတင်းစေ့ဖြစ်သည်။ သူ့ထံမှ တင်းမာခက်ထန်သည့် အသွင်က အမုန်းနက်ကို သဘောမကျဟန် အပြည့်ဖြစ်ပြီး အမုန်းနက်ကို ကြည့်ရှုပုံမှာလည်း မတူသလို မတန်သလို ကြည့်ရှုပုံမျိုးဖြစ်၍ အမုန်းနက်စိတ်ထဲ မင်းယုဂန်ဆိုသည့်လူကို တစ်ခါတည်း ကြည့်မရအောင် မုန်းသွားသည်။

"သူက ဘယ်မှာနေမှာလဲ အန်တီ"

"ဒီမှာပဲ နေမှာပေါ့၊ မောင်ယုဂန်"

"သူ့ပုံစံနဲ့ ဖြစ်ပါ့မလား"

မင်းယုဂန်စကားကြောင့် အမုန်းနက်ရင်ထဲ အခံရခက်စွာ ရှက်ရွံ့ထူပူသွားသည်။ စကားအဆုံးမှာ အမုန်းနက်တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်လိုက်ပုံကလည်း အထင်သေးသလို ဒို၊ စိတ်မရှည်သလိုလို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်မသာပုံစုံဖြစ်၍ အမုန်းနက် ထိုလူကို ပို၍ မုန်းလာ၏။

သူပြောချင်တာ အမုန်းနက် သိသည်။

မယ်မယ်ကြီးတို့ အသိုင်းအဝန်းထဲမှာ အမုန်းနက်ပုံစံက တစ်မျ
ဖြစ်နေသည်။ ထူးခြားနေသည်။ နူးညံ့သိမ်မွေ့မှုကင်းသော အမုန်းန
ကိုယ် အမုန်းနက်လည်း သူတို့အသိုင်းအဝိုင်းနဲ့ မဝင်ဆန့်နိုင်၍ အများကြ
ကြိုးစားရဦးမည်။ လက်ရှိအနေအထားနှင့် ဘယ်လိုမှ လိုက်လျောညီထွေ
မရှိတာ သိသည်။

ဒါကို မင်းယုဂန်ဆိုသည့်လူက ပြောခြင်းဖြစ်သည့်အတွ
သူစိမ်းယောကျ်ားတစ်ယောက်၏ နိမ့်ချစော်ကားမှုအောက်မှာ အမုန်းန
အရှက်ရ ဒေါသဖြစ်ရပေမယ့် သူမရင်ထဲက ဒေါသကို နှုတ်က ဖေ
ထုတ်ခွင့်မရ။ နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပြီး မင်းယုဂန်ဆိုသည
လူကို ရန်စ စိန်ခေါ်သောအကြည့်နှင့်သာ တုံ့ပြန်ကြည့်ရင်း တစ်ဖ
လူကို သူမလို စိတ်အနှောင့်အယှက်ဖြစ်အောင် ဒေါသဖြစ်အော
ပြန်လုပ်ပစ်လိုက်သည်။

ဒါကို မင်းယုဂန်ဆိုသည့်လူက သိသည်။ ရိပ်မိသည်။ မယ်မ
ကြီးကတော့ အမုန်းနက်တို့နှစ်ယောက်၏ အသံတိတ် ရန်ပွဲကို မသ
မင်းယုဂန်ဆိုသည့်လူရဲ့အမေးကို ခပ်ပြုံးပြုံးပင် ရယ်ရယ်မောမော ပြန်ဖြေ
သည်။

"နောက်တော့ သူ့ဘာသာ ဖြစ်လာမှာပေါ့ကွယ်၊ အမုန်းနက်
ထက်မြက်တဲ့မိန်းကလေးပါ။ အခုပဲကြည့်လေ အားလုံးက အမုန်းန
အလှကို စိတ်ဝင်စားနေကြပြီ၊ အန်တီလိုချင်တာ ဒါပဲ"

"လှတိုင်း ကောင်းတာမှ မဟုတ်တာ"





"ဒါပေမယ့် လှတာကိုတော့ လူတိုင်းသဘောကျတယ် မဟုတ်
သားကွယ်"

"ကျွန်တော် သွားတော့မယ်"

မယ်မယ်ကြီးစကားကို ဆက်ပြီး နားမထောင်ချင်ဟန်ဖြင့်
င်းယုဂန်ဆိုသည့်လူ အမုန်းနက်တို့နားက ထွက်သွားချိန်မှာ နောက်
ည့်သည်အသစ်တွေ ထပ်ရောက်လာ၍ ရယ်မောနှုတ်ဆက်သံ၊ စကား
ပြောသံတွေထဲ အမုန်းနက် အလိုက်သင့် စီးမျောရပြန်သည်။

"ဟော့… အမုန်းနက်"

"ဘလက်(ခ်)"

ဘလက်(ခ်)ရောက်လာ၍ အမုန်းနက် ပျော်သွားသည်။ ဘာကိုမှ
သည်း ထပ်ဂရုမစိုက်ဖြစ်တော့။ ဘလက်(ခ်)က အမုန်းနက်ကို ရယ်မော
ရာတွေပြောနေ၍ အမုန်းနက် မျက်နှာတော်လေး တစ်ချိန်လုံး ပြုံးရယ်
နေမိ၏။ ဒါကို သဘောမကျဟန်၊ ဒေါသဖြစ်နေဟန် အကြည့်တွေနှင့်
အမုန်းနက်ကို မကြာခဏ လူတွေကြားထဲက လှမ်းလှမ်းကြည့် နေသူက
င်းယုဂန်ဆိုသည့်လူ။

အမုန်းနက်နှင့် အကြည့်ချင်းဆုံလျှင် မျက်နှာတင်းတင်းနှင့်
ျက်ချင်း အကြည့်လွှဲသွားသည်။ အမုန်းနက် မမြင် မသိတော့ဟု
ထင်သည်နှင့် သူ့အကြည့်တွေက အမုန်းနက်ထံ ပြန်လည်ရှူးစိုက်
ရောက်ရှိလာတာကို အမုန်းနက် တွေ့မြင်နေရပေမယ့် မတွေ့ဟန်
မမြင်ဟန်ဆောင်နေလိုက်ပြီး သူမကိုယ်သူမ ပိုလှအောင် နေပြလိုက်
သည်။

ပိုပြီး ချစ်စရာကောင်းအောင် လုပ်ပြလိုက်သည်။ အမုန်းနက်လှ



www.burmeseclassic.com

www.burmeseclassic.com



ကို သဘောမကျသည့်လူကြီး အခု ဘာတတ်နိုင်သေးလဲ။ အလှ
ကိုယ်နေဟန်၊ အလှပဆုံး အပြုံးအရွှင်တွေနှင့် သိပ်ချစ်စရာကောင်း
သိပ်လှသည့် အမုန်းနက်ကို ယောကျ်ားတိုင်း စိတ်ဝင်စားနေကြ
ကြည့်ပြီး အမုန်းနက် ရယ်ဖြစ်သည်။

ဒီပုံက မယ်မယ်ကြီးပြောသလို အမုန်းနက်၏ အချော
ပွဲထုတ်သည့်ပွဲဆိုသည်မှာ မှန်သည်။ လာသမျှလူအားလုံးကို မယ်
ကြီးက အမုန်းနက်နှင့် မိတ်ဆက်ပေးသည်။ တရင်းတနှီး ရယ်
မောမော ပြောဆိုဆက်ဆံသည်။ အားလုံး ပျော်နေကြသလို အမုန်း
လည်း ပျော်သည်။

စားသောက်စရာတွေက မထပ်စေရ။ အစီအစဉ်ကျသလို ခ
မှုနှင့် လှပမှုက ဘယ်သူမှ လိုက်မမီအောင် ခေတ်မီသည်။ အမုန်း
ကိုယ်ပေါ်မှာ လှပကြွရွနေသည့် ဇာအဖြူရောင်တို့နှင့် သီဖွဲ့ချုပ်
ထားသော ဂါဝန်အင်္ကျီအဖြူနှင့် လေဒီရှူးအဖြူ၊ စိန်လည်ဆွဲ၊ စိန်
တို့က အမုန်းနက် ကိုယ်ခန္ဓာ လှုပ်ရှားလိုက်တိုင်း အရောင်တဖျ
လက်ပုံကအစ ဆွဲဆောင်မှုအပြည့်ဖြစ်သည်။

"အမုန်းနက် ဟုတ်ပါတယ်နော်"

"ဦးစောနေနတ်"

အမုန်းနက်ရင်ထဲက အပျော်က အတိုင်းထက်မက ပို၍
သွား၏။ မယ်မယ်ကြီးပွဲမှာ ဘယ်နေရာမှ ရှာမတွေ့တော့၍
မလာတော့ဘူးဟု ထင်ထားသော ဦးစောနေနတ်ကို အဖြူရောင်
ဖြင့် ခန့်ညားချောမောစွာ ကျက်သရေရှိရှိ တွေ့လိုက်ရ၍ အမုန်း
ပျော်သွားသလို စောနေနတ်ကိုယ်တိုင်လည်း သိပ်လှသည့် အမုန်း





ကြည့်ပြီး လိုက်လှဲစွာ ပြုံးနေသည်။

"ဦးစောနေနတ် မလာတော့ဘူးလို့ အမုန်းနက် ထင်နေတာ"

"ဒီလိုပွဲမျိုး ကိုယ်မလာလို့ ဘယ်ဖြစ်မလဲ၊ အထူးသဖြင့်
မုန်းနက်နက်ရှိတဲ့ နေရာမျိုးပေါ့"

"ဦးစောနေနတ်ကျေးဇူးကြောင့် အမုန်းနက် မယ်မယ်ကြီးဆီ
ရောက်လာတာပါ"

"ထင်လို့ပါ၊ ကိုယ်မပို့လည်း အမုန်းနက်သွားချင်တဲ့နေရာကို
မုန်းနက် ရောက်အောင်သွားမှာပဲ မဟုတ်လား"

သူ့စကားကြောင့် အမုန်းနက် ရယ်လိုက်သည်။ သူက အမုန်းနက်
စိုက်ကြည့်ရင်း ပြုံးနေချိန်မှာ အမုန်းနက်တို့နားကို မင်းယုဂန်ဆိုသည့်
ရောက်လာသည်။

"တစ်ယောက်တည်းလား စောနေနတ်"

"မြင်တဲ့အတိုင်းပဲလေ၊ မင်းလို ငါက မိန်းမလှလေးတွေကို
သိမ်းရုံးနိုင်ဘဲ"

စောနေနတ်စကားအဆုံးမှာ မင်းယုဂန့်မျက်နှာက ပို၍ တင်းမာ
ကုပ်သွားကာ အမုန်းနက်မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

"လက်ထပ်မယ်ပြောပြီးမှ လက်မထပ်တော့ မင်းနားမှာ ဘယ်
မိန်းကလေးက နေချင်မှာလဲ"

"မင်းပြောသလို ငါ ဘယ်သူ့ကိုမှ ကတိမပေးခဲ့ဘူး ယုဂန်၊
သူတို့ဘာသာ သူတို့ပြောချင်ရာပြော နေကြတာတော့ ငါလည်း မတတ်
နိုင်ဘူး။ ကိုယ်မဟုတ်ဘဲ လိုက်ဖြေရှင်းရမှာလည်း ဝါသနာမပါတော့
လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဝါသနာပါတာက သူတစ်ပါးအသက်ကို ရက်ရက်စက်စက် သတ်ဖြတ်တဲ့ အမဲလိုက်တဲ့အလုပ်ပဲ"

"ဟိုး… ဟိုး… ဒီစကားတွေ ဒီမှာပဲ ရပ်ကြရအောင် တော်ကြာ အမုန်းနက် ငါ့ကို တကယ့်လူဆိုးကြီး လူရမ်းကားကြီးလို့ ထင်နေပါဦးမယ်"

"အမုန်းနက်တော့ အဲဒီလို မထင်ပါဘူး။ ဦးစောနေနတ် သနား ကြင်နာတတ်တာ၊ လူတွေကို အလကားနေရင်း ရန်မလိုတတ်တာ အမုန်းနက် သိသားပဲ"

ထိုစကားကို အမုန်းနက်က မင်းယုဂန်ဆိုသည့်လူကို တမင် စောင်းပြောခြင်း ဖြစ်သည်။ ဒါကို မင်းယုဂန်ကလည်း သိသည်။ သိပ်လှသည့် အမုန်းနက်ကို တွေ့တွေ့ချင်း မျက်နှာတင်းတင်းနှင့် ရန်သူတစ်ယောက်လို ပြုမူဆက်ဆံသည့် ယုဂန်ကို အမုန်းနက်ကလည်း ရန်သူလို တုံ့ပြန်ကြည့်သည်။

"ဟိတ်… ယူ ပျောက်လို့ လိုက်ရှာနေတာ။ လာစမ်းပါ ယူ့ကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့"

"ခဏနော် အမုန်းနက်"

ခေါ်သည့်လူက ဆွဲခေါ်သွားသလို ပါသည့်လူကလည်း ပါသွားသည်။ ကျန်ခဲ့သူက အမုန်းနက်နှင့် ယုဂန်ဆိုသည့်လူ ဖြစ်သည်။ နှစ်ယောက်စလုံး အမုန်းနက်ထက် အသက်ကြီးသည်။ အရပ်မြင့်မြင့် မျက်ခုံးထူထူ၊ မျက်အိမ်ကျယ်ကျယ်၊ နှာတံပေါ်ပေါ်နှင့် တစ်ယောက် တစ်မျိုးစီ ကြည့်ကောင်းသော လူချောများဖြစ်သော်လည်း ယုဂန်ဆို သည့်လူကိုတော့ အမုန်းနက် ကြည့်မရ။





စိတ်ထဲ အလိုလို မုန်းနေသည့်အတွက် အရေးလုပ်ပြီး သူ့ကို …ားလည်း မပြော။ ဘလက်(ခ်)က စောနေနတ်လက်က အသာ …ဲထွက်သွား၍ အမုန်းနက်နားမှာကလည်း ယုဂန်ဆိုသည့်လူကလွဲပြီး …ခြားက အဖော်မရှိ။

"ဒီကိုရောက်လာတာ ဘယ်လောက်ကြာပြီလဲ"

"ရက်မှတ်မထားလို့ မသိဘူး"

ယဉ်ကျေးဖွယ်ရာစကားအဖြစ် ကြိုးစားပြီးပြောလိုက်ပေမယ့် …ဂန်ဆိုသည့်လူကိုတော့ စကားကောင်းမပြောချင်။ ဂျစ်တိုက်ချင်သည်။ …ခွဲတိုက်ချင်သည့်အတွက် သူမကြိုက်သောစကားကို တမင်ရွေးပြော …သည်။

ထင်သည့်အတိုင်း အလိုမကျသည့် မျက်နှာကြီးနှင့် အမုန်းနက် …ားကို သဘောမကျသလို မျက်လုံးတွန့်လိုက်တာ မြင်ရပေမယ့် …မုန်းနက် ဂရုမစိုက်။ ဖြစ်နိုင်ရင် ယုဂန်ဆိုသည့်လူကြီးကို အခု …ီး စိတ်ဆိုးဒေါသဖြစ်တာ မြင်ချင်သည်။

"မိန်းကလေးဖြစ်ပြီး ဒီလောက်ပေါ့ဆလို့ဖြစ်မလား"

"အမုန်းနက် ဒီလိုပဲ နေတတ်တယ်"

"အဖြစ်သေးပါဘူး၊ ဒီပုံစံနဲ့ မင်းကိုယ်မင်း လွယ်မယ်ထင်နေ …ား"

"အမုန်းနက်ဘဝမှာ ခက်တာ ဘာတစ်ခုမှ မရှိသေးဘူး"

သူ့ထံမှ ဒေါသအကြည့်က စူးခနဲ ရောက်လာသည်။ အမုန်းနက် …လည်း သူ့ကို ပြန်ကြည့်သည်။ သူ့အကြည့်မလွှဲသလို အမုန်းနက် …လည်း အကြည့်မလွှဲ။ ဒီလိုအချိုးမျိုးကို အမုန်းနက်ဘဝမှာ ရိုးနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အရေထူနေသည်။ မဟူရာစံအိမ်က ဘိုးနှင့်ဘွားလို အမုန်းနက်ကို တစ်ရှည်တလျား ဆုံးမစကားပြောကြ၊ သွန်သင်ဆုံးမကြတာမျိုး သူမ အခု ရောက်ရှိနေသော ပတ်ဝန်းကျင်မှာ အလိုမရှိ။

စိတ်ညစ်လို့ စိတ်ပျက်လို့ မဟူရာစံအိမ်က ထွက်ပြေးလာခဲ့ပြီး ပြီ။ နောက်ထပ် ပုံစံတူ တွေ့နေတာကို ပိုအလိုမရှိ။ အမုန်းကြီး မုန်းသည်။ အမုန်းနက် မိန်းမ မပီသကြောင်း အမုန်းနက် အများကြီး မှားနေကြောင်း ပြောလာသည့်လူဆို ဘယ်သူဖြစ်ဖြစ် အမုန်းနက် ကြည့်မရ။

"မင်းဘဝက အခုမှအစပဲ ရှိသေးတာ အမုန်းနက်"

"အမုန်းနက်ကို ဆုံးမစကားပြောချင်တာဆိုရင် ဆောရီး။ ဦးလေး ပြောတဲ့ စကားတွေ နားထောင်ဖို့ အမုန်းနက် ဒီကိုရောက်လာတာ မဟုတ်ဘူး"

ပြောပြီးနေရာက ချာခနဲ လှည့်ထွက်လိုက်တော့ မျက်နှာကြီးနီရဲ ပြီး အမုန်းနက်ကို စိတ်ဆိုးဒေါသဖြစ်ကျန်ခဲ့သည်။

တော်ပြီ…။

နောက်ဘယ်တော့မှ ဒီလူနှင့် မျက်နှာချင်းမဆိုင်မိအောင်နေမည်ဟု ဆုံးဖြတ်ပေမဲ့ အမုန်းနက်ဆုတောင်းက မပြည့်။ ညွှန့်ခံပွဲအပြီးမှာ အမုန်းနက်တို့နှင့် တစ်အိမ်တည်း အတူနေမည့်သူက တခြားသူ အဟုတ် ဘဲ ယုဂန်ဆိုသည့်လူဖြစ်၍ အမုန်းနက် စိတ်ညစ်သွားသည်။

စောနေနတ်က အမုန်းနက်ကို ဖုန်းတစ်လုံးလက်ဆောင်ပေးသွား သည်။ သူနှင့် အဆက်အသွယ်လုပ်ရန် ဖြစ်သည်။ အမုန်းနက် ငြင်းနေ တာနှင့် လက်ခံလိုက်ရသည်။ မယ်မယ်ကြီးကိုတော့ ထိုအကြောင်း





ပြော။ စောနေနတ်ကို မယ်မယ်ကြီးက သိပ်ကြည့်မရတာ အမုန်းနက် သိသည်။

အမုန်းနက်ကို ဘာတစ်ခုမှ အဆက်အသွယ်မလုပ်ရဟု အမုန်းနက် ရှမှာ မယ်မယ်ကြီးကိုယ်တိုင် ပြောထားသည်။ စောနေနတ်နှင့် အမုန်း က် အဆက်အသွယ်ရှိသည်ဆိုလျှင် ဘာတွေဘယ်လို ဆက်ဖြစ်လာမည် သိ။ ထို့ကြောင့် စောနေနတ်ပေးသည့်ဖုန်းကို ဖွတ်ထားလိုက်သည်။ ုတ်သုံးဖို့လည်း မစဉ်းစား။

ပြဿနာတစ်ခုခုဖြစ်ပြီး မယ်မယ်ကြီးစံအိမ်က လွင့်သွားလျှင် အမုန်းနက်မှာ တခြားသွားစရာမရှိ။ မယ်မယ်ကြီး စိတ်ဆိုးဒေါသ ဖြစ်အောင် မလုပ်တာ အမုန်းနက်အတွက် အကောင်းဆုံးဆိုတာကို အမုန်းနက် သိသည်။

မနက်ပိုင်း ဘရိတ်ဖက်စားချိန်မှာ ကိုယ်အုပ်စုနှင့်ကိုယ်ဖြစ်သော် ည်း နေ့ခင်း လန့်ချ်စားချိန်မှာတော့ မယ်မယ်ကြီးနှင့် မိသားစုဝင် တော်များများ ကြိုးစား၍ အတူစားဖြစ်အောင် စားကြသည်။ ားသောအားဖြင့် လူမစုံတတ်။

ဦးထိပ်တင်မောင်ကြီးနှင့် ဒေါ်ထိပ်တင်မမကြီးတို့သာ မယ်မယ်ကြီး ှင့်အတူ ရှိတတ်သော်လည်း တခြားသူတွေက ကိုယ်အလုပ်နှင့်ကိုယ် ကြောင်းပြချက်မျိုးစုံဖြင့် အပြင်ရောက်နေကြသည်ကများသဖြင့် ယ်မယ်ကြီးကို အမြဲ အဖော်လုပ်သူက အမုန်းနက် ဖြစ်သည်။

ညွှန့်ခံပွဲပြီးနောက်နေ့မှာ ဒေါ်တင်မမကြီးက အမုန်းနက်ကို ာ်ဆက်ပြီး သူ သီးသန့်နေသည့် အဆောင်ကို ပြောင်းသွားသည်။ ဦးထိပ်တင်မောင်မောင်ကြီးက သူ့ကုမ္ပဏီအလုပ်ထဲ ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်နေသူ၊ သင်တန်းတက်နေသူ၊ အလုပ်လုပ်နေသူတွေကြ
အမုန်းနက်က လူပိုလိုဖြစ်နေ၍ ဟိုနေရာ ဒီနေရာ အမြဲပါဝင်ရ
ဖြစ်နေသည်။

မယ်မယ်ကြီး မြေးအုပ်စုက အမုန်းနက်ကို စိတ်မဝင်စား
ရင်တော့ ပြုံးရယ်၊ နှုတ်ဆက်ပြီး သူတို့လုပ်စရာရှိတာလုပ်။ သူ
စားစရာ ရှိတာစားပြီး ကိုယ့်အုပ်စုနှင့်ကိုယ် ပြန်ထွက်သွားကြ၍ အမုန်းန
တစ်ယောက်တည်း အဖော်မဲ့ပြီး ကျန်ခဲ့သည်။

ဘလက်(ခ်)က ဒေါ်ဒေဝီ၏ သားအငယ်သီဟဖြစ်မှန်း အမုန်းန
သိပြီးနောက်မှာ မပြောမဆိုနှင့် စံအိမ်ကြီးထဲက ပြန်ပျောက်သွာ
အမုန်းနက်တစ်ယောက်တည်း ဘာအလုပ်မှမရှိဘဲ ပျင်းကျန်ခဲ့သ
အချိန်မှာ အမုန်းနက်စိတ်ထဲ ဆေးတက္ကသိုလ် တက်ချင်စိတ် ပြင်း
လာသည်။

မယ်မယ်ကြီးကို ဖွင့်ပြောရန် စိတ်ကူးပေမဲ့ ကြီးမားသည့် ကျော
စရိတ်နှင့် သွားတက်ရမည့် ကျောင်းအခြေအနေကြောင့် အမုန်းန
နှုတ်က ပြောမထွက်။ တစ်ယောက်တည်း စိတ်ညစ်နေတုန်း အမုန်းန
မျက်စိရှေ့ကို ဒေါ်ကေသီ ရောက်လာသည်။

"မယ်မယ်ကြီး ခေါ်ခိုင်းလိုက်တယ်။ သူ့အခန်းကို လာခဲ့ပါတဲ့"

အမုန်းနက် ဒေါ်ကေသီနောက်က လိုက်သွားတော့ မယ်မ
ကြီးကို သူ့အခန်းမှာ တွေ့လိုက်ရသည်။

"လာ… အမုန်းနက် ထိုင်"

"ဟုတ်ကဲ့"

မယ်မယ်ကြီး ညွှန်ပြသည့်နေရာမှာ ထိုင်လိုက်တော့ ဒေါ်ကေ





အခန်းတံခါးကိုပိတ်ပြီး အလိုက်တသိ အပြင်ပြန်ထွက်သွားသည်။

"ပြောရရင် မဟူရာစံအိမ်က အမုန်းနက် ဘိုးနဲ့ဘွားက မယ်မယ်ကြီးဆီ ဖုန်းဆက်ပြီး မယ်မယ်ဆီမှာ အမုန်းနက်ရှိမရှိ စုံစမ်းတယ်ပေါ့ကွယ်"

မဟူရာစံအိမ်ဆိုတာနှင့် အမုန်းနက် ရင်ထဲမွန်းကြပ်သွားသည်။ ထိတ်လန့်မှုတွေနှင့် မယ်မယ်ကြီးမျက်နှာကို လှမ်းကြည့်လိုက်တော့ မယ်မယ်ကြီးမျက်နှာ အေးငြိမ်းနေမှ သက်ပြင်းကျိတ်ချလိုက်သည်။

"အမှန်အတိုင်း ပြောလိုက်ပြီလားဟင် မယ်မယ်ကြီး"

အမုန်းနက် သူသိချင်တာကို စိတ်လှုပ်ရှားစွာ မေးလိုက်တော့ မယ်မယ်ကြီးထံမှ ရှုးလက်သည့်အကြည့်က အမုန်းနက်ထံ ရောက်လာသည်။

"ဖြစ်နိုင်ရင် မယ်မယ်ကြီး အသက်အရွယ်နဲ့ လိမ်တာညာတာတွေ ဘယ်လုပ်ချင်မှာလဲကွယ်… ဒါပေမဲ့ အဖြစ်မှန်ကို ပြောလိုက်လို့ အမုန်းနက် ပြန်သွားရရင်လည်း ကိုယ်မချစ်မနှစ်သက်သူရဲ့ လက်ထဲ အမုန်းနက်ဘဝလေး ဆုံးရှုံးရတော့မှာဆိုတော့လည်း စကားကို ဝိနည်းလွတ်အောင် ပြောရတယ်"

မယ်မယ်ကြီး ဘယ်လိုပြောလိုက်တာလဲဆိုတာ သိချင်စိတ်နှင့် အမုန်းနက် မယ်မယ်ကြီး အဖြေကို စိတ်ဝင်စားစွာ စောင့်နားထောင်နေမိသည်။

"အမုန်းနက်လို အိမ်ထဲက အိမ်ပြင် မထွက်ရတဲ့ ကလေးမလေးက ဘယ်လိုလုပ် ကျွန်မဆီကို လာတတ်မှာလဲလို့ ပြန်မေးလိုက်တော့မှ ငြိမ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန်က မယ်မယ်ကြီး ပြောတဲ့အတိုင်းပါ။ မယ်မယ်ကြီး အိမ်ကို အရဲစွန့်ပြီး ထွက်လာပေမယ့် မယ်မယ်ကြီး ဘယ်မှာနေမှန်း ဘယ်လို သွားရမှန်း အမုန်းနက် တကယ်မသိ။ ဦးစောနေနတ် ကြောင့်သာ အမုန်းနက် မယ်မယ်ကြီးထံ ရောက်လာရခြင်း ဖြစ်သည်။

"သူတို့လည်း ဆက်မမေးတော့ပါဘူး။ မယ်မယ်ကြီးကို တောင်းပန် ပြီး ဖုန်းချသွားတယ်။ ဆိုလိုတာက မဟူရာစံအိမ်နဲ့ပတ်သက်ပြီး အမုန်းနက် စိတ်ပူနေစရာ မလိုတော့ဘူးလို့ ပြောချင်တာ"

"ကျေးဇူးတင်ပါတယ် မယ်မယ်ကြီး"

"ကျောင်းဖွင့်ရင် အမုန်းနက် တက်ချင်တဲ့ ဆေးတက္ကသိုလ် တက်ရမယ်"

"ရှင်"

"အံ့သြသွားလား အမုန်းနက်"

"ဟုတ်"

ဝိုင်းစက်လှပသော အမုန်းနက် မျက်လုံးတွေကိုကြည့်ပြီး မယ်မယ် ကြီးက ခေါင်းကို ဆက်ခနဲ ညိတ်သည်။

"မယ်မယ်ကြီး ဖြစ်ချင်တာ။ မယ်မယ်ကြီး သိချင်တာ အားလုံး ဖြစ်ခွင့်၊ သိခွင့် မယ်မယ်ကြီးမှာ ရှိတယ်။ အမုန်းနက် ဘာပြီးရင် ဘာလုပ်ရမယ်ဆိုတာလည်း မယ်မယ်ကြီးအားလုံး စီစဉ်ပြီးသား။ ဘာမှ တွေးပြီး စိတ်ပူမနေနဲ့ ဟုတ်လား"

"ကိုယ့်ဘာသာကိုယ် စိတ်ချမ်းသာအောင်နေ"

"ကဲ... ကဲ သွားနားတော့"

အမုန်းနက်မှာ နောက်ထပ်ပြောစရာ စကားမရှိတော့ မယ်မယ်





ကြီးအခန်းက ထွက်လာသည်နှင့် အမုန်းနက်စိတ်တွေ ပေါ့ပါးသွားကာ ကလေးတစ်ယောက်လို ပန်းခြံရှိရာသို့ တအားပြေးအထွက်။ စံအိမ် အတွင်းသို့ လှမ်းဝင်လာသည့် လူတစ်ယောက်နှင့် အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိကာ နှစ်ယောက်စလုံး လုံးထွေးလဲပြိုသွား၏။

"ဟေး"

"ဟာ..."

"ဟိတ်..."

"အို... အမယ်လေး"

ယုဂန်က သူ့ထံရိုပ်ခနဲ ပြေးဝင်လာသူကို ဖမ်းထိန်းဖို့ ကြိုးစားရင်း သူလည်း အရှိန်မထိန်းနိုင်ဘဲ လဲပြိုသွားသဖြင့် သူ့ရင်ခွင်ထဲ ထွေးထွေး အိအိ ရောက်နေသူကို ငုံ့ကြည့်လိုက်တော့ အမုန်းနက်ဖြစ်နေ၍ မျက်ခုံး ကြွန့်သွားသည်။

"မင်းကိုး"

"ဆောရီး"

အမုန်းနက်က တင်းမာသည့်မျက်နှာနှင့် သူမကို သဘောမကျ ဟန် မကျေမနပ် ကြည့်လာသည့် ယုဂန်ကို မျက်နှာထား တည်တည် လေးနှင့် တောင်းပန်စကား ဆိုလိုက်သည်။ စိတ်ထဲကတော့ ဒီလူနဲ့မှ ကြုံဖန်ဆုံရလေဟုတွေးပြီး စိတ်ညစ်သွားသည်။

"မင်းကိုမင်း စိတ်ရှိလက်ရှိ ခုန်ပေါက်ပြေးလွှားနေရအောင် ကလေးပေါက်စလေးများ ထင်နေလား အမုန်းနက်"

"အို... လူကြီးဖြစ်တော့ရော မပြေးရ မလွှားနေရဘူးလို့ ဘယ်သူက အမိန့်ထုတ်ထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ အမိန့်မထုတ်လည်း ငါ အမိန့်ထုတ်တယ်။ ဒီမှာ နေရင် နောက်တစ်ခါ ဒါမျိုးဖြစ်လို့ကတော့ လုံးဝ ခွင့်မလွှတ်ဘူး"

"ဟွန်း… သူ့ကို ဝင်တိုက်မိတာလေးနဲ့ ဖြစ်နေလိုက်တာ မယ်မယ်ကြီးတောင် အခုလို မပြောဘူး"

အမုန်းနက်ထံမှ မကျေမနပ် ရေရွတ်သံလေးနှင့်အတူ ယုဂန် ရင်ခွင်ထဲက သူမကိုယ်လေးကို ဆောင့်ရုန်းလိုက်၍ သူ အသာလွှတ် ပေးလိုက်ပေမယ့် နှုတ်ခမ်းစူပြီး သူ့ကို ရန်သူတစ်ယောက်လို ကြည့် လာသည်။ အလွန်လှပသည့် မျက်ဝန်းအစုံကိုတော့ ယုဂန် မျက်တောင် မခတ် စူးစိုက်ကြည့်ပစ်လိုက်သည်။

သူကြည့်နေတာကို အမုန်းနက်က ဂရုမစိုက်ဘဲ ခြေဆောင့်ပြီး ထွက်သွားမှ သူ မမြင်အောင် ယုဂန်ပြုံးလိုက်သည်။

ယုဂန် အသည်းယားနေမိတာ ဒါတွေဖြစ်သည်။ ယုဂန် နိုင်ငံခြား ကိုသွားနေတုန်း ပန်းနုရောင်စံအိမ်ကြီးထဲ အလွန်လှပသော မိန်းကလေး တစ်ယောက် ရောက်နေလိမ့်မည်ဟု မထင်ခဲ့။ သူအလုပ်ကိစ္စနှင့် ပြန် လာတော့ အမုန်းနက်ဆိုသည့် မိန်းမလှလေးသတင်းက သူတို့ အသိုင်း အဝိုင်းတဲမှာ ပန်းလေးတစ်ပွင့်လို သတင်းမွှေးနေကာ လူတိုင်းပါးစပ် ဖျားမှာ ပြောစရာစကားတစ်ခု ဖြစ်နေသည်။

ထိုထက်ပို၍ အမုန်းနက်ကို သူစိတ်ဝင်စားစေသည်က သူမ မိသားစု၏နောက်ကြောင်း ရာဇဝင်ဖြစ်သည်။ အမုန်းနက်နက် ဘယ်သူ လဲ။ ဘယ်ကလဲဆိုတာကို ဘယ်သူမှ မသိ။ ဘယ်သူမှလည်း မပြော။ မယ်မယ်ကြီးကို မေးကြည့်တော့လည်း ဖြေကြားပုံက စိတ်မပါ လက် မပါ။





"ထားလိုက်ပါကွယ် သူ့အကြောင်းနဲ့သူ ဖြစ်လာတာ။ ပြော ခွင့်တဲ့အချိန်ကျ အန်တီကိုယ်တိုင် ပြောမယ် အခုတော့ မမေးနဲ့ဦး"

ဘယ်သူမေးမေး မယ်မယ်ကြီး ကိုယ်တိုင်က ဒါပဲဖြေတော့ သိချင်သူတွေလို စိတ်ဝင်စားကာ အသည်းယားကြသည်။ ထိုသူတွေ ထဲမှာ ယုဂန်လည်း ပါသည်။ အမုန်းနက်နက်ဆိုတာ ဘယ်သူလဲ သိချင်သည်။ မေးချင်သည်။ ဖြေမည့်သူက မရှိ။

ယုဂန်ကလည်း အမုန်းနက်နက် နာမည်ကို ကြားကတည်းက သူ့ကို မမြင်ဖူးဘဲ ထိုအမည်ပိုင်ရှင်ကို စိတ်ဝင်စားခဲ့သည်။ တွေ့မြင် ချင်စိတ် ဖြစ်ခဲ့သည်။ သူ့အလုပ်ကိစ္စတွေ အားလုံးပြီး၍ စိတ်ချသည့် အယုံနှင့်လွဲပြီး စံအိမ်ကိုပြန်ရောက်တော့ ယုဂန် မြင်ချင်တွေ့ချင်သူကို သူက အန်တီဟုခေါ်သော မယ်မယ်ကြီး မွေးနေ့မှာ တွေ့ရသည်။

အမုန်းနက်အလှကို မြင်မြင်ခြင်း သူ့ကိုယ်သူ သိလိုက်တာက ယုဂန်လိုချင်သည့် အချစ်။ ယုဂန် မျှော်လင့်တောင့်တနေသည့် ချစ်သူကို တွေ့လိုက်ရပြီဟူ၍ ဖြစ်သည်။ သူတို့လည်း အမုန်းနက်အလှကို စိတ်ဝင်စားနေကြသူတွေ တွေ့လိုက်ရတော့ ယုဂန်ရင်ထဲ ပူလောင်မှု တွေနှင့် မနာလိုဝန်တိုမှုတွေ ဝင်လာသည်။

ဘယ်လိုလူနှင့် အမုန်းနက် ရယ်မောနေတာကို မကြိုက်။ စကား ပြောဆိုကျနေတာကို မမြင်ချင်။ ချစ်စရာကောင်းအောင် အမုန်းနက် ရယ်မောလိုက်လျှင်တော့ ယုဂန်မျက်နှာထားမှာ စိတ်အနှောင့်အယှက်ဖြစ်မကျခြင်း တွေနှင့် တင်းမာလျက် ဘာဖြစ်လို့ ဒီလောက်ရယ်နေရတာလဲ။

ဘာကြောင့် တခြားသူတွေနဲ့ ရင်းနှီးလျက်နေရတာလဲဟု တစ်ယောက်တည်း ဒေါသတွေ လိုမ့်ထွက်နေသူ ဖြစ်မှန်းမသိဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါတွေကို အမုန်းနက် မသိ နားလည်းမလည်။ သူက အမုန်းနက်ကို မျက်နှာထားတင်းတင်းနှင့် စိတ်မဝင်စားလို။ ဂရုမစိုက်သလို အပေါ်ယံ ဟန်ဆောင်နေတော့ အမုန်းနက်က ပိုဆိုးသည်။ ယုဂန်ကို မုန်းတီးစွာ ကြည့်သည်။ မကျေမနပ်ဒေါသနှင့် ဆက်ဆံသည်။ သူနှင့် အမုန်းနက်ကြားမှာ ပြေလည်မှုတွေ မရှိပေမယ့် ယုဂန်စိတ်မှာ အမုန်းနက်အကြောင်းက အမြဲကြီးစိုးနေသည်။

အမုန်းနက် ဘာလုပ်လုပ်။

ဘယ်လိုနေနေ ချစ်စရာကောင်းသည်။ မြတ်နိုးဖွယ်ရာ ဖြစ်သည်။ အမုန်းနက်မှာ သူ့အရင် လူတစ်ယောက်ရှိနေ၏။ ထိုသူက စောနေဝင်းဆိုသည့်လူ။ ဂုဏ်ချင်း တူသည်။ ရုပ်ရည်ချောမောမှုမှာလည်း နာမည်ကြီးသည်။ ငွေကြေးချမ်းသာမှုအပိုင်းမှာလည်း ဘာတစ်ခုမှ ပြောစရာမရှိ။ နှစ်ယောက်စလုံး လူပျို့လူလွတ် ပျို့တိုင်းကြိုက်တဲ့ နှင်းဆီနှစ်ယောက်။

မိန်းမချော မိန်းမလှတွေ အလယ်မှာ ဝင့်ထည်စွာ ဂုဏ်ယူခေါင်းမော့နေတာခြင်း တူကြသူတွေက အမုန်းနက်ဆိုသည့် မိန်းမလှလေး အပေါ်မှာတော့ ကိုယ်စီ စိတ်လှုပ်ရှားမှုတွေနှင့် သူမအချစ်ကို အပြိုင်ရယူချင်နေတာကို အချင်းချင်း သိနေ၏။ နားလည်နေသည်။

အမုန်းနက်က စောနေနတ်ကို ပြောဆိုဆက်ဆံသည့်အပေါ်မှာ နှစ်လိုကြည်ဖြူမှုတွေနှင့် ရွှန်းစက်ဝင်းလက်နေတာ မြင်ရတိုင်း ယုဂန်နှလုံးသားတွေ အခံရခက်သည်။ နာကျင်ရသည်။ သူ့ကလွဲပြီး အမုန်းနက်ကို တခြားဘယ်လို ယောကျ်ားနှင့် စကားမပြောစေချင်။ အမုန်းနက် ရယ်မောနေလျှင် ပိုဆိုးသည်။ သူမကို ဘယ်သူနဲ့မှ မကြည်ဖြူ။





ဖြစ်နိုင်လျှင် သူတစ်ယောက်တည်း အမုန်းနက်ကို အပိုင်သိမ်းထားချင်စိတ်ဖြင့် သူ့ကိုယ်သူ မနည်းထိန်းနေရသည်။ အခုလည်း အမုန်းနက် ယုဂန်ကို ဝင်တိုက်ပြီး ပန်းရောင်စုံဖူးပွင့်နေသည့် ခြံဝန်းကျယ်ကြီးထဲ ပြေးဆင်းသွားတာကို ကြည့်ပြီး သူမ လှုပ်ရှားမှုမှန်သမျှ လိုက်ကြည့်ချင်စိတ် ဖြစ်လာသည်။

အမုန်းနက်က ယုဂန်အဖြစ်ကို မသိ။

သူမအတွေးနှင့်သူမ ပန်းရောင်စုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးထဲ စိတ်လွတ်ကိုယ်လွတ် လျှောက်သွားနေမိသည်။ သူမဖြစ်ချင်တာတွေ ဖြစ်ရတော့မည်။ ဘာမှ စိတ်ပူစရာမရှိ။ အားလုံးကို မယ်မယ်ကြီးက အမုန်းနက်အတွက် အသေးစိတ်ကစပြီး စီစဉ်ပေးထားသည်။

မယ်မယ်ကြီး ကျေးဇူးတွေက အမုန်းနက်အတွက် ဆပ်စရာမရှိ။ အခုဆိုလျှင် အမုန်းနက်ကိုယ်ပေါ်မှာ အဆင်အသွေးလှပသော သူမခန္ဓာကိုယ်အလှကို အရှိအရှိအတိုင်း ပေါ်လွင်စေမည့် ဝတ်စုံအမျိုးမျိုးရှိသည်။ လှပသော လက်ဝတ်ရတနာ အဖိုးတန်တွေရှိသည်။ အချိန်တန်လျှင် အမုန်းနက် တက်ချင်သည့် ဆေးတက္ကသိုလ်တက်ပြီး လူတွေ အသက်ကို ကယ်တင်ရသော ဆရာဝန်မကြီး ဖြစ်ရတော့မည်။

ဘယ်လောက် ပျော်စရာကောင်းလိုက်လဲ။ စိတ်ညစ်နေတာတွေ စိတ်ရှုပ်နေတာတွေ အမုန်းနက်နှင့်ဝေးရာ လွင့်ပြေးသွားသည်။ အမုန်းနက်ခေါင်းဘက် အဘိုးနှင့်အဘွား ဆွေမျိုးတွေအကြောင်း တွေးမိတော့ သူမခြေအစုံက လှမ်းလက်စနေရာမှာ ရပ်တန့်သွားသည်။

မယ်မယ်ကြီးလို အမုန်းနက်နှင့် တွေ့ပေးသူ တစ်ယောက်မှာ ဆောင် အမုန်းနက်နဲ့ပတ်သက်ပြီး အမုန်းနက် ဘဝတိုးတက်ရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် စီစဉ်စဉ်းစားပေးနိုင်ရင် အမုန်းနက်မေမေရဲ့ အဘိုးအဘွား တွေဆိုရင် အမုန်းနက်ကို ဘယ်လောက်ချစ်လိုက်မလဲ။ ဘယ်လောက် အလိုလိုက်မလဲဟုတွေးရင်း မိခင်ဘက်က ဆွေမျိုးသားချင်း အရင်း အချာဆိုသူတွေကို တွေ့ချင်မြင်ချင်စိတ် ပြင်းထန်လာပြန်သည်။

"လမ်းလျှောက်နေတာလား ကလေး"

"ဦးအောင်ကြီးပါလား"

"ဟုတ်ပါတယ် ဗျာ။ အလုပ်နားချိန်လေး ပန်းပင်တွေ ဂရု စိုက်ပြီး ပြင်ပေးနေတာ"

ဦးအောင်ကြီး မျက်နှာပြုံးပြုံးလေးကို အမုန်းနက် ခင်မင်နှစ်လိုစွာ ကြည့်လိုက်သည်။ ဒီစံအိမ်ကြီးထဲမှာ အမုန်းနက်အပေါ် ကိုယ့်မြေး ကိုယ့်သမီးလေးလို နွေးထွေးလှိုက်လှဲသည့် ချစ်ခြင်းမေတ္တာဖြင့် ပြောဆို ဆက်ဆံသူနှစ်ဦးက ဦးအောင်ရှနှင့် ဘွားဇနီး ဒေါ်နန်းဆတို့ ဖြစ်သည်။

လင်မယားနှစ်ယောက်စလုံး ဤစံအိမ်ကြီးမှာ အလုပ်လုပ်ကြ သူများဖြစ်ပြီး တခြားမိသားစုဝင်တွေလည်း စံအိမ်ကြီးအနီးအနား ပတ်ဝန်း ကျင်မှာသာ အလုပ်လုပ်ကြသူများ ဖြစ်သည်။

စံအိမ်ကြီးမှာ မြင်းတွေ ရှိသည်။

အလှမွေးသော မြင်းများဖြစ်၍ မြင်းအားလုံးက လှပကြွရွနေကာ မြင်းသူတိုင်း ငေးနေရသည်။ မြင်းအလိမ္မာတွေဖြစ်၍ ဘယ်သူတက်စီးစီး ဘာအန္တရာယ်မှမရှိ။ အမုန်းနက် ဒီကို စရောက်ကထဲက အမြဲ သတိထားနေမိတာ တစ်ခုရှိသည်။

ထိုတစ်ခုက တခြားမဟုတ်။

စံအိမ်ရှိလူတိုင်း မြင်းစီးတတ်ကြသူများ ဖြစ်နေခြင်း ဖြစ်သည်။





မြင်းစီးဝတ်စုံဝတ်၍ အလွန်လှပသော မြင်းလိမ္မာကြီးတွေကို ပေါ့ပါး သွက်လက်စွာ ရယ်မောပျော်ရွှင်စွာ စီးနင်းသွားကြသူတွေကိုကြည့်ပြီး အမုန်းနက်ကိုယ်တိုင်လည်း သူတို့လို မြင်းစီးတတ်ချင်လာသည်။ ထို့ကြောင့် သဘောကောင်းသော ဦးအောင်ကြီးကို မြင်းစီးချင်ကြောင်း အသာပြောဆိုမိသည်။

"အမုန်းနက်ကို မြင်းစီးသင်ပေးပါလား ဦးအောင်ကြီးရယ် အမုန်းနက် မြင်းစီးတတ်ချင်လို့ပါ"

"ကလေးက မြင်းစီးရဲလို့လား"

"သိပ်စီးရဲတာပေ့ါ။ ဦးအောင်ကြီးသာ သင်ပေး၊ အားလုံးရှေ့မှာ အမုန်းနက် အလှဆုံးဖြစ်အောင် စီးပြမယ်"

"ဖြစ်ပါ့မလားကွယ်"

"ဖြစ်ပါတယ် အမုန်းနက်ကို သင်ပေးပါနော် ဦးအောင်ကြီး"

"အေးပါကွယ်။ ဒီလောက် သင်ချင်နေရင် ဦးအောင်ကြီး သင်ပေးပါ့မယ်"

ဦးအောင်ကြီးက အမုန်းနက်ကို မြင်းစီးသင်ပေးသည့်အတွက် အမုန်းနက် အပျော်ကြီး ပျော်မိသည်။ ပန်းနုရောင်စံအိမ်ကို ရောက်ပြီးမှ အမုန်းနက်မှာ ဖြစ်ချင်တာတွေ၊ တတ်ချင်တာတွေ တစ်ခုပြီးတစ်ခု ဖြစ်နေသည်။ မယ်မယ်ကြီး၏ မြေးတွေက အမုန်းနက်ကို မခေါ်ကြဘဲ သူတို့ချည်းနေ၍ အမုန်းနက်စိတ်ထဲ လူငယ်ပီပီ မခံချင် ဖြစ်နေတာ လည်း ပါသည်။

မယ်မယ်ကြီးက အမုန်းနက်ကို အရေးတယူရှိသလောက် မယ်မယ် ကြီးမြေးတွေက အမုန်းနက်ကို ပန်းနုရောင်စံအိမ်ကြီးထဲမှာ ရှိသည်ဟုပင်



www.burmeseclassic.com

www.burmeseclassic.com



မထင်ကြ။ မယ်မယ်ကြီးရှေ့မှာ ပြုံးရယ်ကြနှုတ်ဆက်ကြပေမယ
မယ်မယ်ကြီးကွယ်ရာမှာတွေ့လျှင် သူတို့က အမုန်းနက်ကို အ
အပြော မပြု။ အဆက်အဆံ မလုပ်ကြသဖြင့် အမုန်းနက်စိတ်
လှုငယ်ပီပီ အခံရခက်နေသည်။

သူတို့ ဂရုစိုက်လာအောင် အမုန်းနက် လုပ်ပြချင်သည်။ အမုန်း
ဆိုတာ သူတို့ထင်သလို မဟုတ်ကြောင်း ရင်ကော့ခေါင်းမော့ ပြ
သည်။ ထိုအတွက် အမုန်းနက်ဘက်က ရပ်တည်ပေးမည့်သူ မရှိ

"သတိထားနော် အမုန်းနက် မြင်းလိမ္မာဆိုပေမယ့်၊ အမုန်းနက်
မြင်းကို တစ်ခါမှ မစီးဖူးဘူးဆိုတော့..."

"ရပါတယ် အမုန်းနက်က..."

"အမယ်လေး"

"ဟာ... မြင်းပေါ်က ပြုတ်ကျပြီ"

ဦးမောင်ကြီး ပြောလို့မှ စကားမဆုံးသေး။

အမုန်းနက်ကို ဦးအောင်ကြီး သင်ပေးနေသည့် တိမ်ပျံဆိုသည်
မြင်းကြီး တစ်ချက်လှုပ်ခါလိုက်တာနှင့် အမုန်းနက် ကိုယ့်ကိုကိုယ
မထိန်းနိုင်ဘဲ မြင်းပေါ်က ပြုတ်အကျမှာ ဦးအောင်ကြီး ဝင်ထိန်းလိုက်၍
အကျ မနာသော်လည်း ခြေထောက်တစ်ဖက်တော့ နာသွားသည်။

"အာ... ကျွတ်... ကျွတ်"

"ခြေထောက် နာသွားလားကွယ်။ ဖြစ်မှဖြစ်ရလေ"

"ရပါတယ်။ ဒီလောက်နဲ့ အမုန်းနက် ဘာမှမဖြစ်ပါဘူး"

အမုန်းနက်က သူမကို မြင်းစီး ဆက်မသင်ပေးတော့မှာစိုးပြ
သူမ ခြေထောက်နာနေတာကို မနာသလို ရယ်မောဟန်ဆော





လိုက်သည်။

"ဒီနေ့တော့ နားလိုက်ပါကွယ်။ နောက်ရက်မှ မြင်းစီး သင်ကြရ
အောင်"

"ဟုတ်ကဲ့"

မြင်းစီးတာကို ရပ်နားလိုက်ရသည်။

မနားလို့ကလည်း မဖြစ်။ သွေးအေးလာမှ အမုန်းနက် ခြေ
ထောက် ပိုနာလာ၍ ခြေထောက်ဒဏ်ရာအတွက် ဒေါ်ကေသီထံမှ
ဆေးယူလိမ်းပြီး အခန်းတံခါးပိတ်၍ နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဖြစ်ရဲ့လားကွယ်။ တော်ကြာ ဟိုတစ်နေ့ကလို မြင်းပေါ်
ပြုတ်ကျနေမှဖြင့်..."

"ဖြစ်ပါတယ် ဦးအောင်ကြီးရဲ့၊ ဒီတစ်ခါ အမုန်းနက် မြ
ပေါ်က ပြုတ်မကျအောင် သေချာသတိထားမှာပါ"

တားသူက တားသည်။

အမုန်းနက်က လက်မခံ။ မြင်းစီးသင်ခွင့်မရမှာကို စိုးရိမ်
ကလွဲပြီး မြင်းပေါ်က ပြုတ်ကျတာလောက်ကိုတော့ အမုန်းနက်
မြင်းစီးသင်ချင်လျှင် မြင်းပေါ်က ပြုတ်ကျမည်။ ဘာမှမဆန်း။ အ
ကြီးတာက တခြားသူတွေလို မြင်းစီးပြီး လှလှပပလေး ကြွားလုံး
ပြနိုင်ဖို့ ဖြစ်သည်။

"ကဲ... ပြောမရလည်း သင်ပေးရုံ ရှိတာပေါ့။ မြင်းပေါ်
သတိထားပြီးတက်။ ပြီးရင် ဇက်ကြိုးကို သေချာကိုင်"

"ဟုတ်"





"ဟိုနေ့ကစီးတဲ့ တိမ်ပျံကို မစီးနဲ့၊ လေညင်းသာကိုပဲစီး"

"လေညင်းသာဆိုတာ..."

"ဒီမြင်းညိုကြီးလေ၊ မလှဘူးလား"

ဦးအောင်ကြီး ညွှန်ပြသည့် မြင်းညိုကြီးက လှပါသည်။ ဒါပေမဲ့ အမုန်းနက်က လေညင်းသာဆိုသည့် ထိုမြင်းကြီးကို မကြိုက်။ တိမ်ပျံဆိုသည့် မြင်းဖြူကြီးကိုပဲ သဘောကျနေ၍ တိမ်ပျံကိုပဲ စီးချင်နေ၏။ ဦးအောင်ကြီးစကားကို စိတ်ပါလက်ပါ ထောက်ခံခြင်း မပြု။

"လေညင်းသာက လှတော့လှပါတယ်။ ဒါပေမဲ့ အမုန်းနက်က တိမ်ပျံကြီးကို စီးချင်တာ။ တိမ်ပျံကြီးနဲ့ပဲ အစီးသင်မယ်နော်။ ဦးအောင်ကြီး... နော်"

အမုန်းနက် သူဖြစ်ချင်တာကို ဦးအောင်ကြီးကို ကပ်ချွဲပြီးပြောရင်း
ာက်ကလည်း တိမ်ပျံကြီးကို သွားဆွဲသည်။

"တိမ်ပျံကြီးကို စီးလို့မဖြစ်ဘူးကွယ် လေညင်းသာကိုပဲစီးပါ"

"ဟင့် အင်း... ဟင့် အင်း တိမ်ပျံကြီးကိုပဲ အမုန်းနက်က
ီးချင်တာ။ တိမ်ပျံကြီးကိုမှ မစီးရရင်"

"ဘာလဲ တိမ်ပျံကြီးကိုမှ မစီးရရင် မင်းက မြင်းစီး မသင်တော့
ူး ဒီလိုလား"

"ဦးယုဂန်"

"မောင်ယုဂန်ပါလား"

အသံလာရာကို အမုန်းနက် လှည့်ကြည့်လိုက်တော့ ဦးယုဂန်ကို
ုန်းနက်နားမှာ နီးကပ်စွာ တွေ့လိုက်ရသလို ဦးအောင်ကြီးကိုယ်တိုင်
ည်း သူ့သခင်ကို တွေ့လိုက်ရ၍ ရိုကျိုးသော အမူအရာကို ချက်ချင်း

www.burmeseclassic.com



ပြောင်းလဲသွားတာ မြင်လိုက်ရသည်။

"မင်းက အခုမှ မြင်းစီးစသင်တာ၊ တိမ်ပျံနဲ့ မဖြစ်ဘူး။ သူ့ သိဝ်ကြီးလွန်းတယ်။ သိဝ်သန်မာတယ်။ ဦးအောင်ကြီး ပြောသ တိမ်ပျံကို မင်း တက်မစီးပါနဲ့"

"ဒါပေမယ့်…"

"ကျုပ်ပိုင်တဲ့ မြင်းစောင်းထဲက ကျုပ်ပိုင်တဲ့မြင်းတွေကို မြင်း နေသမျှ ဘယ်မြင်းကို မင်းစီးရင် အန္တရာယ်ဖြစ်မယ်။ ဘယ်မြင်းကိုစီး မင်းအတွက် အန္တရာယ်မဖြစ်ဘူးဆိုတာ ကျုပ်သိတယ်။ ဒီတော့ ကျ ပြောတာကိုပဲ နားထောင်ပါ"

"နောက်တစ်ခုက မြင်းစီးသင်တဲ့လူတွေက ဇက်ကြိုးကို ကောင် ကောင်း မထိန်းတတ်တော့ မြင်းပါးစောင် ပျက်စီးတတ်တယ်"

"သြော်… တိမ်ပျံကြီးကို မစီးနဲ့ဆိုတာ… ရှင့်မြင်း ပျက်စီးမှာ လို့ကိုး"

"ဟုတ်တယ်။ မင်းပြောတာ ကျုပ်မငြင်းဘူး"

"ဟင်"

အမုန်းနက်မျက်နှာမှာ ဒေါသကြောင့် အနီရောင်ပြောင်းသွား သူမနားမှာ မားမားကြီး ရပ်နေသည့် ယုဂန်အရပ်မြင့်မြင့်ကြီးကို စိတ် မာန်ဆိုး မော့ကြည့်လိုက်သည်။ ယုဂန်ကလည်း အမုန်းနက်၏ စိတ် ဒေါသဖြစ်နေသည့် မျက်နှာလေးကို စူးစိုက်ငုံ့မိုးကြည့်ရင်း သူပြော တာကို ဆက်ပြောသည်။ မပြောလို့လည်းမဖြစ် အမုန်းနက်က သူ ချင်တာကိုပဲ သိသည်။

သူမအပေါ် ကျရောက်လာမည့် အန္တရာယ်ကို မသိ။ နားလည်





လည်။

စေတနာနှင့်ပြောသည့် ယုဂန်ကို စိတ်ဆိုးဒေါသဖြစ်နေပုံကို ချစ် နိုးငုံ့မိုး စူးစိုက်ကြည့်နေသော်လည်း သူ့ရင်ထဲက အချစ်တွေကို သူ့မျက်နှာပေါ် ရောက်မလာအောင် ထိန်းသိမ်းထားသည့်အတွက် သူ့ ရင်ထဲ ဘာဖြစ်နေတာကို အမုန်းနက် မသိ။

"ဘယ်မြင်းပိုင်ရှင်မဆို ကိုယ့်မြင်းပျက်စီးမှာကို လက်ပိုက်ကြည့် နိုင်မှာ မဟုတ်ဘူး။ နောက်တစ်ခုက မင်းအပေါ် ကျရောက်လာမယ့် အန္တရာယ်ကိုသိလျက်နဲ့ မသိချင်ဟန်ဆောင်နေလို့ မရဘူး။ တာဝန်နဲ့ တ္တရားအရ ပြောသင့်တာကို ပြောရမှာပဲ"

"မင်းကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အခုချိန်ကစပြီး င်းစီးရမှာ လေညင်းသာဆိုတဲ့ မြင်းပဲ။ လေညင်းသာကို မင်း ဖျက်စီး ို့မရသလို လေညင်းသာကလည်း မင်းကို ဘာအန္တရာယ်မှ မပေး ူး"

"ကျွန်တော် ပြောတာကို ဦးအောင်ကြီး သိတယ်နော်"

"သိပါတယ် မောင်ယုဂန်"

"ဒါဆို ကျွန်တော်ပြောတဲ့ အတိုင်းပဲ လုပ်ပါ"

"ကောင်းပါပြီကွယ်"

စကားအဆုံးမှာ ချာခနဲ လှည့်ထွက်သွားသည့် ယုဂန်ဆိုသည့် ူကိုကြည့်ပြီး ခံပြင်းဒေါသလေး ဖြစ်ကျန်ခဲ့သူက အမုန်းနက်နက် ဖြစ်သည်။ အပြုံးအရယ်မရှိသော မျက်နှာက ချောမောခန့်ညားမှု ပြည့်ရှိသော်လည်း ကြင်နာစာနာမှုကို ရှာမတွေ့။ အမုန်းနက်ကို ဘယ်နေရာမှာတွေ့တွေ့ ခပ်တည်တည် လှမ်းကြည့်ပြီး သဘောမကျ



www.burmeseclassic.com

www.burmeseclassic.com



သလို မျက်နှာလွှဲသွားပုံက အမုန်းနက်အပေါ်မှာ အထင်အမြင်သေးဟန် အကြည့်ဖြစ်၍ အမုန်းနက် ကိုယ်တိုင်လည်း သူ့ကို တစ်ခါမှ ကြည့်ခဲ့ပါ။

အခုလည်း အမုန်းနက် သူ့ကို မုန်းသည်။

အရင်ကထက် ပိုမုန်းသော မုန်းခြင်းဖြင့် မုန်းရသည့်အတွက် အမုန်းနက်ရင်ထဲ ခါးနေသည်။ နောက်တစ်ခါ ယုဂန်ဆိုသည့်လူနှင့် ထပ်မဆုံချင်တော့သည့်အထိ ဖြစ်သည်။

"မောင်ယုဂန်က သဘောကောင်းပါတယ် ကလေးရယ်၊ လေညင်းသာကို စီးနိုင်းတာ ကလေး အန္တရယ်ဖြစ်မှာ စိုးရိမ်လို့ပါ"

အခုမှတော့ အမုန်းနက်မှာ တခြားရွေးစရာလမ်း မရှိတော့သည် အတူ သူချမှတ်ပေးသွားသည့် လမ်းစဉ်ကို လိုက်နာရုံအပြင် မရှိ ဦးအောင်ကြီး ယူလာပေးသည့် လေညင်းသာဆိုသည့် မြင်းညိုကြီးကို မစီးချင် စီးချင်နှင့် စီးလိုက်ရသည်။ လေညင်းသာဆိုသည့်အတိုင်း မြင်းညိုကြီးက ညင်သာသလို လိမ္မာ၍ အမုန်းနက် ပိုရဲတင်းလာပြီး လေညင်းသာကို တစ်ခါတည်း စီးတတ်သွားသည်။

"ကလေးက ဉာဏ်ကောင်းတော့ သူများတွေလို အကြာကြီး သင်နေစရာ မလိုဘူးပေါ့ကွယ်။ အချိန်တိုတိုနဲ့ ဒီလောက်တတ်တာ ဝမ်းသာစရာပါ"

ဦးအောင်ကြီးက အမုန်းနက် မြင်းစီးတတ်သွားတာ ကြည့်၍ ဝမ်းသာနေသလို မြင်းညိုကြီးလေညင်းသာကို ပုံသဏ္ဌာန်အမျိုးမျိုး လုပ်စီးနေသည့် အမုန်းနက်ကိုကြည့်ပြီး သူမ မမြင်သည့်တစ်နေရာက ပြုံးနေသူတစ်ယောက်လည်း ရှိနေပါသည်။





ထိုသူက မင်းယုဂန်ဖြစ်သည်။

သူဖြစ်ချင်တာ ဖြစ်ခွင့်ရလိုက်ပြီမို့ စိတ်ကျေနပ်စွာ နေရာက ထွက်လာချိန်မှာ သူ့မျက်လုံးထဲ ပြေးဝင်လာသည့် ကားတစ်စီးကြောင့် ယုဂန်မျက်ခုံးထူတွင် စိတ်အလိုမကျစွာ တွန့်ကုပ်သွားသည်။ သူကြည့်နေဆဲ ကားက စံအိမ်ကြီးရှေ့မှာ ရပ်သွားပြီး ကားပေါ်က စောနေနတ် ဆင်းလာတာ မြင်လိုက်ရသည်။

ခန့်ညားချောမောသော အသွင်အပြင်၊ တည်ငြိမ်လေးနက်သော မျက်နှာထား၊ အရောင်ခပ်မှိုင်းမှိုင်း ဝတ်စုံကို ဝတ်ထားသော်လည်း ဘုန်းဖိုးမည်မျှဖြစ်ကြောင်း ထုတ်ပြောနေစရာမလိုသော ဝတ်စားဆင်ယင်မှုနှင့် စံအိမ်ကို ဘယ်တုန်းကမှ မလာဖူးသည့်သူက သူ့သဘောနှင့်သူ လာလည်ခြင်းက ထူးခြားနေ၏။

ထိုထက်ပို၍ ထူးခြားသည်က အမုန်းနက်ကို ဤစံအိမ်ကြီး ရောက် ပို့ဆောင်ပေးခဲ့သူမှာ တခြားသူမဟုတ်။ စောနေနတ်ကိုယ်တိုင် ဖြစ်နေ၍ ယုဂန်ရင်ထဲ ပိုခံရခက်စရာ ဖြစ်နေ၏။

အမုန်းနက်ကို ပထမဆုံးတွေ့ရသူက စောနေနတ်ဖြစ်ရုံမက အမုန်းနက်နှင့် သူအိမ်ကြီး တစ်မိုးအောက်မှာ နှစ်ယောက်တည်း နေခွင့်ရသည့် သူ့အဖြစ် စောနေနတ်သတင်းက သူတို့ဝန်းကျင်အသိုင်းအဝိုင်းမှာ ပျံ့ချင်တိုင်း ပျံ့နေတာ မကြားချင်ဆုံးဖြစ်သည်။

"ဟေး... ယုဂန်"

ရှောင်ပြေးရန် အချိန်မရလိုက်။

စောနေနတ်က ယုဂန်ကို မြင်တွေ့သွားပြီး နှုတ်ဆက်သံနှင့်အတူ သူရှိရာ လျှောက်လာနေ၍ အိမ်ရှင်ပီသစွာ ညှော်သည်ကို တုံ့ပြန်

www.burmeseclassic.com



နှုတ်ဆက်၍ ယဉ်ကျေးစွာ အသိအမှတ်ပြုလိုက်ရသည်။

"ဘယ်ကလှည့်လာလဲ ကိုစောနေနတ်"

"ဒီကိုပဲ တမင်လာတာ ယုဂန်၊ အမုန်းနက်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ ဆိုပါတော့"

စောနေနတ်က သူလာရင်းကိစ္စအတွက် ရိုးရှင်းစွာ ဝန်ခံလိုက်၍ ယုဂန်ဘာမှ ပြောစရာမရှိ ဖြစ်သွားသည်။

"အမုန်းနက်နှင့် တွေ့ချင်ရင် ဒီမှာမရှိဘူး ကိုစောနေနတ် ဦးအောင်ကြီးနဲ့ မြင်းစီးသင်နေတယ်"

"တယ်ဟုတ်ပါလား။ မြင်းစီးသင်နေတဲ့ နေရာကို ကိုယ်လိုက် သွားလိုက်မယ်"

ယုဂန်ကို နှုတ်ဆက်ပြီး စောနေနတ်က ဦးအောင်ကြီးရှိနေသည့် မြင်းဇောင်းရှိရာ ထွက်သွား၍ ယုဂန်တစ်ယောက်တည်း ထိုနေရာ၌ ကျန်ခဲ့သည်။ စောနေနတ်အကြောင်း ယုဂန်သိသလို ယုဂန် ဘယ်လို လူလဲဆိုတာ စောနေနတ်လည်း သိသည်။ နှစ်ယောက်စလုံး အမုန်းနက်ကို တစ်ယောက်တစ်မျိုး စိတ်ဝင်စားနေကြတာကိုလည်း မြွေမြွေချင်း ခြေမြင်ပေမယ့် ရိုးသားသော အမုန်းနက်က ဘာမှမသိ။

သူမ ဖြစ်ချင်တာတွေ ဖြစ်ခွင့်၊ သူမလုပ်ချင်တာတွေ လုပ်ခွင့်ရ၍ အပျော်ကြီးပျော်နေ၍ မြင်းညိုကြီးကို သူမစိတ်ကြိုက်စီးရင်း မြင်းစီး ကွင်းကျယ်ကြီးထဲ သူမရယ်မောသံကလေးများ တခိုးခိုး တခစ်ခစ် ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်လျက်ရှိသည်။ စောနေနတ်က ဤစံအိမ်ကြီး၏ အမြဲအဝင်အထွက် ရှိသူဖြစ်ပြီး ဤစံအိမ်ကြီးထဲက တစ်စုံတစ်ယောက်နှင့် လက်ထပ်ရန် ရည်ရွယ်ထားသည့် အထူးဧည့်သည်ဖြစ်ခြင်းကြောင့်





န်းနုရောင်စံအိမ်ကြီးက စောနေနတ်လို့ လူတစ်ယောက်အတွက် တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခွင့်ရထားသူလည်း ဖြစ်သည်။

စောနေနတ်က မြင်းဇောင်းထဲက သူ့စိတ်ကြိုက်မြင်းကိုစီး၍ အမုန်းနက်ရှိရာ စိုင်းပြင်းလာခဲ့သည်။ မြင်းစီးကွင်းအတွင်း ဦးအောင်ကြီးက မြင်းတစ်စီး။ အမုန်းနက်က မြင်းတစ်စီး စီးရင်း အမုန်းနက် လှုပ်ရှားမှုကို စောင့်ကြည့်ပေးနေတာ တွေ့လိုက်ရသဖြင့် စောနေနတ် မျက်နှာ ပြုံးသွားသည်။ အမုန်းနက်က စောနေနတ်ကို မြင်လိုက်ရ၍ ပျော်ရွှင်စွာ လက်လေးတစ်ဖက် ဝှေ့ယမ်းပြီး စောနေနတ်ကို လှမ်းနှုတ်ဆက်သည်။

"ဟေး… ဦးစောနေနတ်"

အမုန်းနက်က သူမမြင်းကို စောနေနတ်ရှိရာဘက် ဦးလှည့်ပြီး စီးလာ၍ စောနေနတ်က သူ့မြင်းကို အမုန်းနက်ရှိရာ ဦးတည်လိုက်ပြီး သူမမြင်းညိုကြီးနားမှာ သူ့မြင်းကို အသာကပ်ပြီး တုန့်ရပ်လိုက်သည်။

ဦးအောင်ကြီးက စောနေနတ်ကို နှုတ်ဆက်ပြီး အမုန်းနက်ကို စောနေနတ်လက်ကိုအပ်ကာ သူ့မြင်းကြီးကို အသားကျစီးပြီး သူ့မြင်းဇောင်းရှိရာ ပြန်သွား၍ အမုန်းနက်နှင့်စောနေနတ် နှစ်ယောက်တည်း ကျန်ခဲ့သည်။

"ပျော်နေလား အမုန်းနက်"

"သိပ်ပျော်တာပဲ ဦးစောနေနတ်ရယ်။ အမုန်းနက်ဘဝမှာ ဒီလိုမျိုး တစ်ခါမှ စိတ်ကူးယဉ်မကြည့်ခဲ့ဖူးဘူး…။ အဲဒါ ဦးစောနေနတ် ကျေးဇူးကြောင့် အမုန်းနက်အခုလို ပျော်ရတာသိလား"

"ကိုယ့်ကြောင့်ဆိုတာ တစ်စိတ်တစ်ဒေသတော့ မှန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မငြင်းပါဘူး။ ဒါပေမယ့် အမုန်းနက်ကိုယ်တိုင် အမုန်းနက် ဖြစ်ချင်တဲ့ဘဝ အမုန်းနက်ရောက်ချင်တဲ့ နေရာကို ကိုယ်တိုင်စွန့်စား ခဲ့တာဆိုတာ မမေ့နဲ့လေ''

''ဟုတ်တယ်နော်။ အမုန်းနက်သာ မဟူရာစံအိမ်ကြီးမှာ ဆက်နေ ခဲ့ရင် အခုလောက်ဆို အမုန်းနက်နဲ့ သိပ်မှန်းတဲ့ ဟိုမော်ဆရာကြီးနဲ့ လက်ထပ်ရမှာ သေချာတယ်… အမယ်လေး…တွေးရင်းနဲ့တောင် အမုန်းနက် ကြောက်လာပြီ''

တစ်ဆက်တည်း အမုန်းနက် ကြောက်ပါသည့် လူတွေ အကြောင်း၊ လောကကြီးအကြောင်း ဘာဆိုတာမှမသိဘဲ အိမ်ထောင်ရေး ဆိုသည့် အကျဉ်းထောင်ကြီးထဲ အမုန်းနက်ရဲ့ ဖြူစင်ရိုးသားသည့် ဘဝလေး ဆုံးရှုံးမသွားအောင် အမုန်းနက် စွန့်စားခဲ့ရကျိုးနပ်ခဲ့ရပြီ မဟုတ်လား။

''ကိုယ်ကိုရော အမုန်းနက် မကြောက်ဘူးလား''

ချစ်စရာကောင်းသည့် အမုန်းနက် မျက်နှာလှလှလေးကို ခပ် ပြုံးပြုံး ရှုးစိုက်ကြည့်နေရင်း စောနေနတ်မေးတော့ အမုန်းနက်က သူ့ မျက်နှာကို သေချာကြည့်ပြီး ခစ်ခစ်နဲ့ရယ်သည်။

''ဦးစောနေနတ်ကို အမုန်းနက်ဖြင့် မကြောက်ပေါင်၊ ချစ်တောင် ချစ်သေးတယ်''

''ဘယ်လို''

''အမုန်းနက်ပြောတာ ဦးစောနေနတ်ကို အမုန်းနက် ဦးလေးလို အမုန်းနက်အစ်ကိုကြီးလို ရိုးရိုးသားသား ချစ်တာကိုပြောတာ''

ကိုယ်ကတော့ အမုန်းနက်ကို စတွေ့ကတည်းက ဆန်းဆန်း





ပြားပြားစိတ်တွေနဲ့ အမုန်းနက်ကို သိပ်ချစ်နေပြီဆိုသည့်စကားကို စောနေနတ် စိတ်ထဲကပဲ ပြောလိုက်တာကိုတော့ အမုန်းနက် မကြား လိုက်ပါ။

''မယ်မယ်ကြီးဆီ လာလည်တာလား။ ဦးစောနေနတ်''

''မဟုတ်ဘူး။ အမုန်းနက်ဆီ လာတာ''

''အမုန်းနက်ဆီ ဟုတ်လား''

''အင်း''

''ကိုယ်သတိရသလို အမုန်းနက်ရော သတိမှရသေးရဲ့လား သိချင်လို့''

စောနေနတ်စကားကြောင့် အမုန်းနက် ရယ်လိုက်သည်။

''အမုန်းနက်က ကိုယ့်ကို ရယ်တယ်လား''

''ဦးစောနေနတ်ကို အမုန်းနက် မရယ်ပါဘူး။ အမုန်းနက်ကို အမုန်းနက် သဘောကျလို့ ရယ်တာပါ။ ဒီလောကကြီးထဲမှာ အမုန်းနက် ကို သတိရနေတဲ့လူ ရှိပါသေးလားလို့ တွေးမိလို့ပါ''

''အမုန်းနက်လို မိန်းမလှလေးကို တွေ့တဲ့မြင်တဲ့သူတိုင်း သတိ ရဘဲ မနေနိုင်ကြပါဘူးဗျာ''

စောနေနတ် စကားအဆုံးမှာ အမုန်းနက် မျက်လုံးလေးတွေ သက်ခနဲ ဖြစ်သွားကာ စောနေနတ်မျက်နှာကို မယုံသလို တစ်ချက် သုမ်းကြည့်လိုက်သည်။

''အမုန်းနက် တကယ်လှလို့ပြောတာ တမင်မြှောက်ပင့်ပြောနေ တာလား ဟင်''

''ဩော် ခက် နေပါပြီ အမုန်းနက် တကယ်လှလို့ လှတယ်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



အမုန်းနက် မယုံဘူးလား''

''ဟင့်အင်း မယုံဘူး''

''ပြဿနာပါလား''

ပြုံးနေသည့် စောနေနတ်မျက်နှာ ပိုပြုံးသွားကာ သူမအလှ
သူမ မယုံသကဲ့ ဖြစ်နေသည့် မိန်းမချောလေး၏ မျက်နှာကို
မြတ်နိုးစွာ စူးစိုက်ကြည့်လိုက်မိသည်။ အမုန်းနက်က သူ့ကို မကြည့်
လှပသော စင်ရော်တောင် မျက်ခုံးလေးကို ချစ်စရာကောင်းအော
တွန့်ကုပ်လျက် တစ်စုံတစ်ခုကို စဉ်းစားသလို ငြိမ်နေသည်။

''ဝေဖြာတို့ ဧယာတို့ သိပ်လှတာ အမုန်းနက် သိတယ်
အားလုံးကလည်း သူတို့အလှကို ဘယ်သူမှ အသိအမှတ်မပြုဘဲ မ
နိုင်ကြဘူး… ဒီကြားထဲက အမုန်းနက်ကို လှတယ်လို့ ပြောနေတ
ဘယ်လောက်ရယ်စရာကောင်းလဲ…''

''အမုန်းနက်ကို လှောင်နေသလို ခံစားရတယ်''

''ကိုယ် အမုန်းနက်ကို လှောင်တာ မဟုတ်ဘူး။ ဝေဖြာ
ဧယာတို့လည်း လှကြပါတယ်။ ဒါကို ကိုယ်မငြင်းဘူး။ ဒါပေ
သူတို့အလှနဲ့ အမုန်းနက်လှပုံခြင်းက မတူဘူး။ ဆွဲဆောင်နိုင်တာခြ
ကလည်း လုံးဝ တခြားစီဆိုတာ အမုန်းနက်မှ မသိဘဲ''

''အမုန်းနက် စိတ်မာတ်မကျအောင် ပြောပေးတာ ကျေးဇူးတ
ပါတယ်''

''ကိုယ် တကယ်ပြောနေတာ။ အမုန်းနက် ထင်သလို မဟု
ဘူး''

အမုန်းနက်က စောနေနတ်စကားကို ဝေဖန်ခြင်းမပြုတော့





မြင်းညိုကြီးပေါ်က ဆင်းလိုက်၍ စောနေနတ်လည်း သူ့မြင်းကြီးပေါ်
ကဆင်းကာ အမုန်းနက်နှင့်အတူ စိမ်းမြသော မြက်ခင်းပြင်ကျယ်ကြီး
အတိုင်း အတူယှဉ်၍ လျှောက်လာသည်။ နှစ်ယောက်စလုံး အဖြူရောင်
ဝတ်စုံများ ဝတ်ထား၍ စိမ်းမြသော မြက်ခင်းပြင်နှင့် လိုက်ဖက်
ပဏာရနေသည်။

''ကိုယ်ပြောတာကို အမုန်းနက် မယုံဘူးလား''

''ယုံချင်ပါတယ်''

အမုန်းနက်လေသံက စိတ်ပါလက်ပါ မဟုတ်။ ဝတ်ကျေတန်းကျေ
ပြောသောလေသံဖြစ်၍ စောနေနတ်စိတ်ထဲ အမုန်းနက် မျက်နှာလှလှ
လေးကိုကြည့်၍ မချင့်မရဲ ဖြစ်လာသည်။

''အမယ်လေး''

အမုန်းနက် ခလုတ်တိုက်ပြီး လဲပြိုတော့မလို ဖြစ်သွား၍ စောနေ
နတ်က ကိုယ်လေးကို ဖျတ်ခနဲ ဆွဲယူဖမ်းထိန်းသည့်အတွက် အမုန်းနက်
ကိုယ်လေး စောနေနတ်ရင်ခွင်ထဲ ဆွေ့ခနဲ ရောက်သွားတာကိုကြည့်ပြီး
ဒေါသလှိုင်းထန်သွားသူက ယုဂန်ဖြစ်သည်။

စောနေနတ်နှင့် အမုန်းနက်တို့ကို တစ်နေရာက စောင့်ကြည့်နေ
သော ယုဂန်ရှိနေခြင်းကို နှစ်ယောက်စလုံး မသိ။ တစ်ယောက်မျက်နှာ
ကြည့်ပြီး ရယ်မောလိုက်ကြပုံက ယုဂန်အသည်းကို ကျွဲခတ်သည့်ထက်
အခံရဆိုးသွား၏။

''တော်ပါသေးရဲ့ ဦးစောနေနတ်ရယ် အမုန်းနက်ကို ဦးစောနေနတ်
လှမ်းမဆွဲလိုက်ရင် အမုန်းနက်တော့ ရုပ်ပျက်ဆင်းပျက် လဲတော့မှာ
သိလား''



www.burmeseclassic.com

www.burmeseclassic.com



"အမုန်းနက်နှားမှာ ကိုယ်ရှိနေသ၍ ဘယ်တော့မှ အမုန်းနက် ရုပ်ပျက်ဆင်းပျက် မဖြစ်စေရဘူးဆိုတာ ယုံပါဗျာ"

"ယုံပါတယ်။ ဦးစောနေနတ်က အမုန်းနက်ရဲ့ ကျေးဇူးရှင်ပဲ"

"ဟော့… ကိုယ်ပြောတဲ့အထဲမှာ အဲဒီစကား မပါဘူးနော်"

"ဘာပဲဖြစ်ဖြစ် အမုန်းနက်ကတော့ ဦးစောနေနတ်ကို အမြဲ ကျေးဇူးတင်နေမှာပါ"

"ပြောမရလည်းသဘော တစ်ခုတော့ ကြိုပြောထားစရာ ရှိတယ်"

"ဘာလဲ ဟင်"

"ကိုယ်တို့ ခြံကြီးထဲကို ပျော်ပွဲစားထွက်မလို့ အခုကတည်းက အမုန်းနက်ကို ကြိုဖိတ်ထားတာ"

ပျော်ပွဲစားဆိုတာနှင့် အမုန်းနက် မျက်နှာအရောင် လက်သွားကာ စောနေနတ်စကားကို စိတ်ဝင်စားသွားသည်။

"တခြားသူတွေလည်း အများကြီးပါမှာလားဟင်"

"ဒါပေါ့ ကိုယ့်အသိမိတ်ဆွေတချို့နဲ့ ပန်းနုရောင်စံအိမ်က မယ်မယ်ကြီးမြေး အချောအလှတွေအားလုံး သွားကြမှာ"

မယ်မယ်ကြီးမြေး အချောအလှတွေ အားလုံးဆို၍ အမုန်းနက် ပိုစိတ်ဝင်စားသွားသည်။

"မြင်းတွေကို ကျွန်တော်ပဲ သိမ်းလိုက်မယ် မောင်စောနေနတ်"

အမုန်းနက်တို့အနား ဦးအောင်ကြီး ရောက်လာပြီး မြင်းတွေကို သိမ်းယူသွား၍ မြက်ခင်းပြင်အတိုင်း အမုန်းနက်တို့နှစ်ယောက်တည်း စိတ်လွတ်လပ်ပေါ့ပါးစွာ ဆက်လျှောက်ခဲ့ကြသည်။





"ဥယျာဉ်ကြီးထဲမှာ ဘာတွေရှိလဲဟင်။ ပြီးတော့ အမုန်းနက် တို့က ဘာတွေလုပ်ရမှာလဲ"

"ပန်းခူးရမယ်။ သီချင်းဆိုရမယ်"

"ဟင်… ဒီလိုမျိုးတော့ မလုပ်ချင်ပါဘူး ပျင်းစရာကြီး"

စောနေနတ်စကားကို အဟုတ်ထင်ပြီး စိတ်ပျက်လက်ပျက် ဖြစ်သွားသည့် အမုန်းနက်ကိုကြည့်ပြီး စောနေနတ်က ရယ်သည်။

"ကဲ… ပြော၊ မိန်းကလေးပီပီ ပန်းမခူးချင်၊ သီချင်းမဆိုချင်၊ အမုန်းနက်က ဘာတွေလုပ်ချင်လဲ"

ညီမငယ်ကို အလိုလိုက်တတ်သော အစ်ကိုကြီးပုံစံနဲ့ပြောတော့ အမုန်းနက်မျက်နှာ လှပစွာ ပြုံးလာသည်။

"အမုန်းနက် လုပ်ချင်တာတွေက အစုံပဲ။ ဒါပေမဲ့ မိန်းကလေး အလုပ်တွေတော့ မဟုတ်ဘူး။ ဥပမာ ငါးမျှားတာတို့၊ အမဲလိုက်ရတာ တို့၊ သေနတ်ပစ်ရတာတို့ အဲဒီလိုမျိုး လုပ်ချင်တာ"

"ကိုယ်သင်ပေးမယ်"

"မယ်မယ်ကြီးက ကြိုက်ပါ့မလား"

"သူကြိုက်စရာ မလိုပါဘူး။ အမုန်းနက် ကြိုက်တယ်၊ ပျော် တယ်ဆိုပြီးတာပဲ"

"မယ်မယ်ကြီးသိရင် အမုန်းနက်ကို ဆူမှာ"

"သူ မသိအောင် သင်ရင်ရတာပဲ"

ထိုစကားကို အမုန်းနက် စိတ်ဝင်စားသည့်အတွက် စောနေနတ် မျက်နှာကို စိတ်လှုပ်ရှားစွာ မော့ကြည့်လိုက်သည်၊

"မယ်မယ်ကြီး မသိအောင် အမုန်းနက်ကို ဘယ်လိုသင်ကြ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ ဟင်"

"နှစ်ယောက်တည်း သင်မှာပေါ့"

'နှစ်ယောက်တည်း' စောနေနတ်စကားကို အမုန်းနက်လိုက်ပြီး ရွတ် ဆိုကြည့်သည်။

"ဟိုရောက်ရင် လူတွေအားလုံး ကိုယ့်အုပ်စုနဲ့ကိုယ် ဖြစ်သွား ကြမှာဆိုတော့ ကိုယ်တို့ ဘာလုပ်တယ်။ ဘယ်သွားတယ်ဆိုတာ လိုက်ကြည့်မယ့်သူ မရှိဘူးလေ။ အဲဒီအချိန်ကြ အမုန်းနက်ပြောတာ ဖြစ်ချင်တာအားလုံး ဖြစ်ခွင့်ရအောင် ကိုယ်ဖန်တီးပေးမယ်"

"ဟေး"

ကလေးတစ်ယောက်လို စိတ်လွတ်ကိုယ်လွတ် ပျော်သွားသည့် အမုန်းနက်ကိုကြည့်ပြီး စောနေနတ် မျက်နှာချောချောက ပြုံးရယ်နေ သော်လည်း သူတို့နှစ်ယောက်ကို တစ်ချိန်လုံး တစ်နေရာက လိုက် ကြည့်အကဲခတ်နေသည့် ယုဂန်ကတော့ အမုန်းနက်ထံမှ ရယ်သံ လွင့်လွင့်လေးနှင့် ချစ်စရာကောင်းအောင် လုပနေသော သူမ အပြုံး မျက်နှာကိုကြည့်ကာ သူ့မျက်နှာတစ်ခုလုံး တင်းမာမှုတွေနှင့် မှုန်ကုပ် ခက်ထန်သွားသည်။



## အခန်း (၁၁)

စောနေနတ် ခြံက အကျယ်ကြီး ဖြစ်သည်။

မည်မျှ ကျယ်ဝန်းသည်ကို အမုန်းနက် မသိ။

သို့သော် စောနေနတ်၏ ခြံက ခြံဝန်းနှင့်မတူ။ တောအုပ်တစ်ခု နှင့်တူတာကို သတိထားမိသည်။ ခြံကျယ်ကြီးဟုဆိုသော်လည်း ထို ခြံထဲတွင် သဘာဝအလျောက် စီးဆင်းနေသော ရေတံခွန်တစ်ခုရှိသလို ကျောက်ဆောင်ကျောက်တုံးများ ပါဝင်သော စမ်းချောင်းတစ်ခုလည်း ရှိနေသည့်အတွက် ပတ်ဝန်းကျင်က သာယာသည်။

စိမ်းစိုမှိုင်းညို့သော်လည်း ပြာလွင်သည့် မိုးကောင်းကင်ကို နောက်ခံပြုထား၍ တွေ့မြင်ရသမျှ တောက်ပစွာ လင်းဖြာနေ၏။ ပျော်ပွဲ စားထွက်သည်ဆို၍ အမုန်းနက်က အစားအသောက်ကို မြေမှာ အခင်း ခင်းပြီး ဖက်ရွက်များဖြင့် တပျော်တပါး အတူဝိုင်းဖွဲ့ စားသောက်ရမည် ဟု ထင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမုန်းနက် ထင်သလိုမဟုတ်။

စားပွဲ၊ ကုလားထိုင်များ၊ အိုးခွက်ပန်းကန်များကို ကားတစ်စီးဖြင့် သယ်ယူလာပြီး အရိပ်ကောင်းကောင်းရသောနေရာမှာ လှပစွာ အစီအရီ ခင်းကျင်းပြင်ဆင်ပေးထားပုံက ချစ်စရာဖြစ်သည်။ တစ်နည်းပြောရလျှင် သူတို့အဆင့်အတန်းနှင့် လိုက်ဖက်ညီသော ခင်းကျင်းပြင်ဆင်မှုဖြစ်သည်။

အလုပ်သမားတွေက သူတို့လုပ်စရာရှိတာ လုပ်နေကြသည်။ အမုန်းနက်တို့လို ဖိတ်ကြားခံထားရသည့် ဧည့်သည်အုပ်စုတွေကလည်း ကိုယ့်အုပ်စုနှင့်ကိုယ် သန့်ရာသန့်ရာသာ လုပ်ကြမည်။ ဘယ်နေရာသွားကြမည့် စသည်ဖြင့် စီစဉ်နေကြသည်။

အားလုံး ပျော်နေကြသည်။ ရယ်မောစကားဆိုနေကြသည်။ တစ်ယောက်လိုအပ်တာ တစ်ယောက်ကူညီနေကြသည်ဆိုပေမယ့် မယ်မယ်ကြီး၏ မြေးအုပ်စုထဲမှာ အမုန်းနက် မပါ။ ဘယ်သူကမှလည်း အမုန်းနက်ကို ခေါ်မည့်သူ မရှိ။ သူတို့ထဲမှာ ဘာလက်ခံပါမလာ၍ အမုန်းနက်ကလည်း တခြားသူတွေကို ဂရုမစိုက်။

အမဲလိုက်မည့်အုပ်စု။

ငါးမျှားမည့်အုပ်စု။

သစ်ခွ... ပန်းခူးကြမည့်သူ။ ဆေးဘက်ဝင်သစ်ပင် ရှာမည့်သူများအားလုံး ကိုယ်အုပ်စုနှင့်ကိုယ် စကားပြောဆို တိုင်ပင်နေကြချိန်မှာ အမုန်းနက်ကို စောနေနတ်က ငါးဖမ်းမည့်အုပ်စုထဲ ပါဝင်စေသည်။

ငါးမျှားမည့်သူတွေထဲမှာ မင်းယုဂန်လည်း ပါသည်။ သူက ငါးမျှားတံကို သေချာပြင်ဆင်ထား၏။ မင်းယုဂန်ကို မြင်လိုက်ရတော့





အမုန်းနက်ကိုယ်တိုင် ငါးမျှားမည့်ကိစ္စကို စိတ်မပါတော့သလို ဖြစ်သွားသည်။ ဒီလူနှင့် မလွယ်။

အစကတည်းက မင်းယုဂန်ဆိုသည့်လူနှင့် အမုန်းနက် အဆင်ပြေသည် မဟုတ်။ အခုလို အုပ်စုတစ်ဖွဲ့တည်းဆိုလျှင် ပိုဆိုးမည်။ စောနေနတ်က အရင်းအနှီးဆုံးလူတွေကို ရွေးဖိတ်ထားသည် ဆိုသော်လည်း ဧည့်သည်တွေက ငါးဆယ်ကျော်နေသည်။ အားလုံး တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းရင်းနှီးကြပြီးသား လူရင်းတွေဖြစ်၍ ချက်နှာစိမ်းဧည့်သည်မှာ အမုန်းနက်တစ်ယောက်တည်း ဖြစ်နေသည့်အတွက် အားလုံး၏ စိတ်ဝင်စားမှု၊ အရေးပေးမှု၊ ဆက်ဆံမှုကို ခံယူနေရသူလည်း ဖြစ်သည်။ ပြောရလျှင် အမုန်းနက်အလှကို ယောကျ်ားအုပ်စုက စိတ်ဝင်စားနေကြပြီး မိန်းကလေးအုပ်စုကတော့ အမုန်းနက်အလှနှင့် ငယ်ရွယ်နုပျိုမှုအပေါ် အားကျစိတ်နှင့် မနာလိုဝန်တိုဖြစ်ကြခြင်း ဖြစ်သည်။

အစီအစဉ်အရ သတ်မှတ်ထားသည့် အချိန်မှာ အားလုံး ဤနေရာသို့ ပြန်ဆုံကြရမှာဖြစ်ပြီး ကိုယ်ဆီ ရရှိလာသည့် သားကောင်၊ ပန်း၊ သစ်ပင်များကို အလုပ်သမားများလက်သို့ပေးအပ်ပြီး သားကောင်များကို အပျော်သဘော ချက်ပြုတ်ကြော်လှော်ကြမည်။ ရလာသည့် ပန်းများကို အလှဆင်ကာ ပျော်ပျော်ရွှင်ရွှင် ဝိုင်းဖွဲ့စားသောက်ရန် ဖြစ်သည်။

အားလုံးကလည်း ထိုအစီအစဉ်ကို သဘောတူနှစ်မြို့ကြသဖြင့် သတ်မှတ်ချိန်မှာ ကိုယ်အုပ်စုနှင့်ကိုယ် ဆိုင်ရာနေရာများကို ဦးတည်ထွက်ခွာကြသည်။ အမုန်းနက်က ငါးမျှားအုပ်စုထဲ စောနေနတ်နှင့်အတူပါလာသော်လည်း မင်းယုဂန်ထံမှ မှုန်တည်တည် အကြည့်စူးစူးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဖက်မတန်သလို ကြည့်ရှုပြောဆိုမှုကို မကျေနပ်သလို သဘောလည်း မကျ။

"ဒီမှာက ကျောက်ငါးကြင်းတွေ အများကြီးဆိုတော့ ငါးမျှား ရတာကို အမုန်းနက် ပျော်မှာပါ"

စောနေနတ်က လှပသော အမုန်းနက် မျက်နှာလေးကိုကြည့်ပြီး ခပ်ပြုံးပြုံး ပြောလာသော်လည်း အမုန်းနက်မှာ ထင်သလောက် မပြုံးနိုင်။

"နေမကောင်းဘူးလား အမုန်းနက်"

စောနေနတ်က အမုန်းနက် မျက်နှာရိပ်ကို အမြဲမပြတ် အကဲခတ် နေသူဖြစ်၍ အမုန်းနက် မျက်နှာပေါ်က အပြောင်းအလဲကို စိတ်ဝင် တစားမေး၏။

"ဟင်အင်း… အမုန်းနက် ဘာမှမဖြစ်ပါဘူး။ အမုန်းနက် နေကောင်းပါတယ်"

"ဒါဖြင့် စိတ်မကောင်းတာလား"

"ရှင်"

"အမုန်းနက် မျက်နှာညှိုးနေတာ မြင်ရလို့ ကိုယ်မနေတတ်တော့ ဘူး"

ပြောပြီး စောနေနတ်က သူ့စကားသူသဘောကျစွာ ရယ်လိုက် ၍ သူနှင့်အတူ လိုက်ပြုံးမိသည်။

"အမုန်းနက်ပုံစံက တခြားသူတွေ ရိပ်မိအောင် အရမ်းသိသာ နေလားဟင်"

အမုန်းနက်က လိပ်ပြာမလုံသလို ဘောပတ်ဝန်းကျင်ကို လှမ်း





ကြည့်တော့ စောနေနတ်က အပြုံးနှင့်ခေါင်းခါသည်။

"ကိုယ်တစ်ယောက်တည်းပဲ သိတာပါ။ အလာတုန်းက အမုန်းနက် ပျော်နေတာ ကိုယ်သိသားပဲ။ အခု ငါးမျှားထွက်တော့မှ အမုန်းနက် စိတ်ညစ်နေတာ ဟုတ်တယ် မဟုတ်လား"

"ဦးစောနေနတ် ဘယ်လိုသိလဲ"

အမုန်းနက်က အံ့သြမေးတော့ စောနေနတ်က ပခုံးတွန့်သည်။

"ကိုယ်က အမုန်းနက်ကို အမြဲအကဲခတ်နေတဲ့သူပဲ သိတာ ပေါ့"

"ဟိုလူပါလာလို့ပါ"

"ဘယ်သူလဲ မင်းယုဂန်လား"

"ဟုတ်တယ်"

"သြော်… ဒါကြောင့်ကိုး"

အခုမှ အမုန်းနက် ဘာကြောင့် မျက်နှာလှလှလေး မကြည်မသာ ဖြစ်နေရတာလဲဆိုတာ စောနေနတ် သဘောပေါက်သွားသည်။

"ငါးမမျှားဘဲ တခြားနေရာသွားမလား အမုန်းနက်"

"ဘယ်ကိုလဲဟင်"

"ဟိုမှာလေ… သူများတွေလို ပန်းခူးကြမလား"

စောနေနတ် ညွှန်ပြသည့်နေရာကို အမုန်းနက် လှမ်းကြည့်လိုက် တော့ ဘယ်သူ့ကိုမှ မတွေ့။

"ပန်းခူးတဲ့လူတွေက ဘယ်မှာလဲ"

"တောထဲမှာ… အမုန်းနက် သွားချင်ရင် ကိုယ်လိုက်ပို့မယ်"

"ပန်းမခူးချင်ပါဘူး၊ ဒီအတိုင်းပဲ ကျောက်ဆောင်တွေရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာကို သွားကြတယ်ဆိုရင်ရော”

“ရတယ်။ အမုန်းနက် သွားမယ့်နေရာမှာ ကျောက်ပုစွန်ဖြ
ရှိတယ်။ အမုန်းနက်အတွက် ကိုယ်ဖမ်းပေးမယ်”

“ဘယ်လို ဖမ်းမှာလဲဟင်”

“ဟိုရောက်တော့ ကြည့်လေ”

ကျောက်ပုစွန် ဖမ်းရမည်ဆိုတာနှင့် အမုန်းနက် စိတ်ဝင်စားသွာ
တာ ဘာကိုမှ ထပ်မပြောဖြစ်တော့။ စောနေနတ်နှင့်အတူ တောလ
လေးအတိုင်း လျှောက်သွားရချိန်မှာ အမုန်းနက်တစ်ကိုယ်လုံး မင်းယု
ရှေ့မှာရှိနေရတာထက်စာလျှင် အများကြီး လွတ်လပ်ပေ့ါပါးသွားသည်

စမ်းချောင်းရေက အောက်ခံမြေအရောင်ကြောင့် တချို့နေရာမှာ
စိမ်းမှောင်မှောင်အသွင် ဖြစ်နေသော်လည်း ကျောက်ငန်းကျောက်သ
များကို ဖြတ်ကျော်စီးဆင်းလာခြင်းကြောင့် တချို့နေရာမှာ ရေထဲ
သဲမြေကို မြင်နေသည့်အထိ ကြည်လင်နေပြန်သည်။

“လာ… အမုန်းနက်၊ ကိုယ်တို့ ရေထဲဆင်းကြမယ်”

“အမုန်းနက်ရော ရေထဲဆင်းရမှာလား”

“ဒါပေ့ါ”

“အို”

စောနေနတ် စကားကြောင့် အမုန်းနက် စိတ်လှုပ်ရှားသွားသည်
ကိုယ်တိုင် ရေထဲကို ဆင်းရလိမ့်မည်ဟု အမုန်းနက် မျှော်လင့်မထာ
သူမ မျက်စိရှေ့က စောနေနတ်ကိုယ်တိုင် ရေထဲဆင်းသွားတေ
အမုန်းနက် တစ်ယောက်တည်း ကုန်းမြေပေါ်က မဆင်းဘဲ ရပ်ကြည့်
မိသည်။





“ဟိတ်… လာလေ”

“ဟင်အင်း… အမုန်းနက် ကြောက်တယ်”

စောနေနတ်က အမုန်းနက် ရေထဲဆင်းရမှာ ကြောက်နေတာကို ကြည့်ပြီး ရယ်သည်။

“ကိုယ်က အမုန်းနက်ကို သတ္တိရှင်မလေးလို့ ထင်ထားတာ အခုတော့ ကိုယ်ထင်ထားနဲ့ တခြားစီ ဖြစ်နေပါလား”

“ရေက တိမ်တိမ်လေးပါ၊ ပြီးတော့ အမုန်းနက်နားမှာ ကိုယ်ရှိနေတာပဲ အမုန်းနက်က ဘာကိုကြောက်နေတာလဲ”

“ရေစိုမှာကို”

“အဟွန်း… ဟွန်း… ဟွန်း”

“ရေစိုမှာ ကြောက်တဲ့ကောင်မလေးကို အခုကတည်းက ရေနဲ့ လှမ်းပက်ထားမှ ထင်တယ်”

ပြောပြောဆိုဆို စောနေနတ်က အမုန်းနက်ကို ရေနှင့်ပက်၍ အမုန်းနက် တကယ်လန့်သွားသည်။

“ဦးစောနေနတ် မလုပ်နဲ့နော် ဒီမှာ အမုန်းနက် ရေတွေ စိုကုန်ပြီ”

“မရဘူး။ အမုန်းနက် တစ်ကိုယ်လုံး ရေမစိုချင်ရင် ကိုယ့်ဆီ အခုလာခဲ့”

“မလာချင်ပါဘူးဆို၊ အမုန်းနက်မှာ အဝတ်အစားပါမလာဘူး”

“ရတယ်၊ ကိုယ်စီစဉ်ပေးမယ်”

“လာစမ်းပါ”

“အို… ဦးစောနေနတ်”



www.burmeseclassic.com

www.burmeseclassic.com



စောနေနတ်က မရ။ ဓွတ်အတင်း အမုန်းနက် လက်လေး ဆွဲပြီး ရေထဲဆင်းခိုင်းတော့ အမုန်းနက် သူနဲ့အတူ ရေထဲရောက်သွာ သည်။

"အား… ရေတွေက အေးလိုက်တာ"

"ရှူး… ဟိုနေရာမှာ ပုစွန်တွေရှိတယ်၊ လာ… ကိုယ် သွားဖမ်းရအောင်။ အမုန်းနက် ဒီမှာ ခဏနေဦး"

စောနေနတ်က အသင့်စီစဉ်ထားပုံရသော ရေပုံးနှင့် ပုစွန်ဖမ်း ပိုက်အသေးစားလေးကို ပုံးထဲက ဆွဲယူဖြန့်လိုက်သည်။

"ဒီမှာ… တွေ့လား၊ ဒါနဲ့ ရေထဲမှာ ပုန်းနေတဲ့ ကျောက်ပုစ တွေကို ဖမ်းရမှာ"

"ရော့… ဒီရေပုံးကိုင်ပြီး လိုက်ခဲ့"

အနီရောင်ရေပုံက အမုန်းနက်လက်ထဲ ရောက်လာ၍ အသ လှမ်းယူပြီး ပုစွန်ဖမ်းမည့် စောနေနတ် နောက်က အသံတိတ်၍ စိ ဝင်စားစွာ လိုက်ခဲ့ရသည်။ ရေက သိပ်အနက်ကြီးမဟုတ်။ စောနေ က ပိုက်ကိုဖြန့်ပြီး ကျောက်တုံး၊ ကျောက်မာတွေနှင့် သစ်ကိုင် သစ်ရိုပ်တို့ စိမ်းမှောင်ဝေဖြာနေသော နေရာမျိုးကို ရွေး၍ သူလက်ထဲ ပိုက်နှင့် ရေထဲ ထိုးနှစ်စိုက်ချပြီး အသာဆွဲယူ မတင်လိုက်သောအ ပိုက်ထဲမှာ စိမ်းမှောင်နေသော ပုစွန်ကြီးကြီး နှစ်ကောင်သုံးကော ပိုက်နှင့်အတူ ငြိပါလာပြီး ပိုက်ပေါ်မှာ ဆက်ဆက်ခုန်နေကြတ မြင်လိုက်ရသည်။

"ဟယ်… ပုစွန်တွေ တကယ်ဖမ်းမိတာပဲနော်"

"နောက်ထပ် အများကြီး ထပ်ဖမ်းရဦးမယ်"





"အမုန်းနတ်လည်း ကူဖမ်းပေးမယ်နော် ဦးစောနေနတ်"

"သဘော"

"ဟေး"

ဒီတစ်ခါ အမုန်းနက် တကယ်ပျော်သွားတာ ရေစိုမှာတွေ အင်္ကျီ အဝတ်အပိုမပါတာတွေ အားလုံးမေ့သွားသည်။ စောနေနတ် လုပ်တာကို သေချာ နောက်ကလိုက်မှတ်ပြီး စောနေနတ်ပုံစံကို အတုယူကာ ရေထဲက မမြင်ရသော ကျောက်ပုစွန်ဖမ်းပွဲကို စတင်ကြည့်သည်။

"ဟင်… ဘာမှလည်း ပါမလာဘူး"

"အစမို့ပါ… နောက်တော့ ပါလာမှာပေါ့ ဆက်ဖမ်းကြည့်ပါ ဦး"

ပိုက်ထဲ ဘာမှပါမလာသည့် အမုန်းနက်ကို စောနေနတ်က အားပေးသလို ပုစွန်များ ပုန်းခိုနေသည့်နေရာကို သေချာရွေးချယ်ပြီး ပုစွန်ဖမ်းနည်းကို အမုန်းနက် နားလည်အောင် သင်ပေးသည်။

"ဟယ်… မိပြီ… မိပြီ ဦးစောနေနတ်။ ဒီမှာ ပုစွန်သုံးကောင် ပါလာပြီ"

"ဒီလိုပဲ ဖြစ်ရမယ်လေ"

အမုန်းနက် ပျော်လွန်း၍ ရေထဲမှာ ခုန်နေသည်။ မဟူရာစံအိမ် ကြီးတွင် နေထိုင်ခဲ့ရသော အမုန်းနက်ဘဝနှင့် သူမ အခုရောက်ရှိနေသော အမုန်းနက်ဘဝက နှိုင်းယှဉ်မရအောင် ကွာခြားလွန်းသည်။ အမုန်းနက် အတွက် အလွန်သစ်ဆန်းသော ခံစားမှုများဖြစ်၍ သူမ တစ်သက် ဘယ်သောအခါမှ မေ့ပျောက်မရနိုင်သော ခံစားမှုများလည်း ဖြစ်သည်။

"ပျော်လား အမုန်းနက်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပျော်တာပဲ ဦးစောနေနတ်ရယ်၊ အမုန်းနက် ဘဝမှာ အခုလို နေခွင့်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ဘူး"

"နောက်ဆို အမုန်းနက် အခုထက် ပိုပျော်ရဦးမှာပါ အမုန်းနက် ဖြစ်ချင်တာတွေလည်း အားလုံးဖြစ်လာလိမ့်မယ်"

"တကယ်လားဟင်"

"တကယ်ပေါ့၊ အမုန်းနတ်ဆိုတာ သတ္တိရှိတဲ့ မိန်းမလှလေးပဲ သူဖြစ်ချင်တာ ဖြစ်ကိုဖြစ်ရမှာပေါ့ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အမုန်းနက် ဖြစ်ချင်တာမှန်သမျှ ဖြစ်ကိုဖြစ်ရမယ်"

ယုံကြည်မှုအပြည့်နှင့် ဆိုလိုက်သော အမုန်းနက်မျက်နှာလှလှလေးကိုကြည့်ပြီး စောနေနတ် ချစ်စနိုးပြုံးလိုက်သည်။ အချိန်တွေ ဘယ်လိုကုန်သွားမှန်းမသိ။ နှစ်ယောက်တည်း အတူရှိနေချိန်က စိတ်ချမ်းသာစရာကောင်းသလို ပျော်ရွှင်စရာ အကောင်းဆုံးအချိန်များဟုလည်း ဆိုနိုင်သည်။

"ကဲ... သတ်မှတ်ထားတဲ့ အချိန်ကိုရောက်ပြီး ကိုယ်တို့လည်း သွားကြမှဖြစ်မယ်"

"လာ"

အမုန်းနက်ကို ကမ်းပေးလာသည့် စောနေနတ်လက်ထဲ သူမ လက်လေးတစ်ဖက်ကို ထည့်လိုက်တော့ စောနေနတ်က အမုန်းနက် လက်လေးကို ကြင်နာယုယစွာ ဆွဲယူလိုက်သည်နှင့်...

"အမယ်လေး..."

"ဟိတ်..."





"အမေ့..."

ရေအောက်က ကျောက်တန်းကို နင်းမိ၍ ခြေချော်သွားသည်။ အမုန်းနက်ကိုယ်လေး အရှိန်မထိန်းနိုင်ဖြစ်သွားတာကို စောနေနတ် အချိန်မီ ဖမ်းထိန်းလိုက်ခြင်းဖြင့် သူမတစ်ကိုယ်လုံး စောနေနတ် ရင်ခွင်ထဲ ရောက်သွား၏။

"ခြေချော်သွားတာလား အမုန်းနက်"

"ဟုတ်ကဲ့"

"ဒီတစ်ခါ သတိထားလျှောက်နော် ရေထဲမှာဆိုတော့ သတိထားရတယ်"

"အမုန်းနက် သတိထားပါ့မယ်"

အမုန်းနက်ပြောပြီး စောနေနတ် ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားပေမယ့် သူက အမုန်းနက်ကို မလွှတ်။

"အမုန်းနက်"

"ရှင်"

"ကိုယ် အမုန်းနက်ကို ချစ်တယ်"

"အို"

မထင်မှတ်ဘဲ ချစ်ရေးဆိုခံလိုက်ရ၍ အမုန်းနက် ပါးလေးတွေ နီထွေးလျက် စောနေနတ် ရင်ခွင်ထဲက သူမကိုယ်လေးကို အသာရုန်းလိုက်သည်။

"အမုန်းနက်ကို လွှတ်ပါ"

"ကိုယ့်အချစ်ကို လက်ခံစဉ်းစားပေးပါ့မယ်လို့ ကတိပေးမလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



စောနေနတ် အသံက နူးညံ့သိမ့်မွေ့နေသလို စောနေနတ်မျက်ဝန်း အကြည့်တွေကလည်း ချစ်ခြင်းမြတ်နိုးခြင်းတို့ဖြင့် အရောင်တဖျတ်ဖျတ် လင်းလက်တောက်ပနေ၏။

"အမုန်းနက်တို့ သွားကြရအောင်"

"ကိုယ်တောင်းတဲ့ ကတိပေးဦးမှပေါ့ အချစ်ရယ်၊ ကိုယ် အမုန်းနက် ဆိုတဲ့ မိန်းမလှလေးကို စတွေ့တဲ့နေ့ကတည်းက ချစ်ခဲ့ရတဲ့သူပါ"

"အမုန်းနက် စဉ်းစားပါရစေဦးရှင်"

"ကောင်းပါပြီဗျာ၊ ကိုယ့်အချစ်ကို အမုန်းနက် လက်ခံတာနဲ့ မယ်မယ်ကြီးဆီမှာ ခွင့်တောင်းပြီး အမုန်းနက်ကို ကိုယ်လက်ထပ်မယ်"

"ကိုယ် အမုန်းနက်ကို ဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ် ဆိုတာ အမုန်းနက်သိရင် ကိုယ်ကျေနပ်ပြီ"

"ချစ်တယ် အမုန်းနက်ရယ်"

"အို"

ပါးလေးတစ်ဖက် နွေးခနဲဖြစ်သွား၍ စောနေနတ် မျက်နှာကို အထိတ်အလန့် မော့ကြည့်လိုက်တော့ သူက ချစ်စရာ ရယ်မောပြီး အမုန်းနက်ကိုယ်လေးကို အသာဖြေလွှတ်ပေးသည်။

"အခုချိန်ကစပြီး ကိုယ်က အမုန်းနက်ရဲ့ ချစ်သူနော်"

"မဟုတ်ဘဲနဲ့"

"ဘယ်နှယ့် မဟုတ်ရမှာလဲ၊ အခုလည်း ကိုယ် အမုန်းနက်ကို သိပ်ချစ်တဲ့အကြောင်း ပြောပြီးပြီ။ ဘာဖြစ်လို့ ကိုယ်က အမုန်းနက် ချစ်သူ မဖြစ်ရမှာလဲ"

"အမုန်းနက်ပြောတာ အဲဒါမဟုတ်ဘူး"





"ဒါဖြင့် ဘာလဲ"

"မသိဘူး"

"အမုန်းနက် သိသွားအောင် ကိုယ်သင်ပေးမှထင်တယ်"

"ဟာ... ဘာတွေလျှောက်ပြောနေမှန်း မသိဘူး။ အမုန်းနက် သွားတော့မယ်"

"ဟိတ်... နေဦးလေ"

စောနေနတ် ခေါ်ပေမယ့် အမုန်းနက်က နောက်ကို လှည့်မကြည့်ဘဲ သူ့နားက ပြေးထွက်သွားတာကြည့်ပြီး စောနေနတ်ရင်ထဲ အမုန်းနက်ကို ပိုချစ်သွားသည်။ ရိုးသားအပြစ်ကင်းသည့် အမုန်းနက်အတွက် အချစ်ရေးက သူမအတွက် အစိမ်းသက်သက်ဖြစ်မှန်း စောနေနတ် သိထားသည်။

သူကြောင့် အမုန်းနက် ရှက်သွားပုံလေးက သိပ်လှသည်။ ချွဲမက် မြတ်နိုးဖွယ်ရာ ဖြစ်သည်။ ခြေလှမ်းမှန်မှန်နှင့်လျှောက်ရင်း စောနေနတ် နှလုံးသားမှာ အမုန်းနက်အတွက် ပြည့်သိပ်နေသည့် ချစ်ခြင်းတွေ အကြောင်း စဉ်းစားနေစဉ်မှာ သူ့မျက်စိရှေ့မှ ပြေးထွက်သွားသူလေးက အပြေးရပ်ပြီး သူရှိရာ လှမ်းကြည့်တာ မြင်ရသည်။

"ဦးစောနေနတ်"

"ပြော"

"အမုန်းနက် အဝတ်တွေ ရေစိုနေတာ စီစဉ်ပေးမယ်ဆို"

ရေစိုအဝတ်တွေနှင့် လူတွေရှေ့ မသွားချင်သည့် အမုန်းနက် သဘောကို နားလည်စွာ သူခေါင်းညိတ်လိုက်သည်။

"ကိုယ့်နောက်လိုက်ခဲ့ အမုန်းနက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲဟင်"

"အချစ်ရှိတဲ့ ကမ္ဘာဆီ"

"အမုန်းနက်က အကောင်းမေးနေတဲ့ဟာကို"

"ကိုယ်ကလည်း အကောင်းဖြေနေတာပဲ အမုန်းနက်နဲ့နှစ်ယောက်တည်း အတူနေခွင့်ရရင် ဘယ်လောက်ပျော်စရာကောင်းမလဲ"

"တော်ပြီ အမုန်းနက် အဝတ်မလဲတော့ဘူး ဒီအတိုင်းပဲ နေတော့မယ်"

နှုတ်ခမ်းစူပြီး စောနေနတ်ကို စိတ်ကောက်သွားသူလေးကို ကြည့်၍ စောနေနတ် ပြုံးလိုက်သည်။

"နေဦး… ကိုယ်တို့ ဖမ်းလာတဲ့ ပုစွန်တွေကို စားဖို့မှူးလက်ထဲ အပ်လိုက်ဦးမယ်၊ ပြီးမှ အဝတ်သွားလဲတာပေါ့ ဟုတ်လား"

စောနေနတ်က သူ့လူတစ်ယောက်ကို လှမ်းခေါ်ပြီး ပုစွန်တွေပါသည့် ရေပုံးကြီးကို ပေးလိုက်သည်။ ပြီးမှ အမုန်းနက်ကို သူ သီးသန့်အနားယူရန် ဆောက်ထားသည့် အိမ်လေးရှိရာ ခေါ်သွားသည်။ တိတ်ဆိတ်နေသောအိမ်ထဲမှာ ဘယ်သူမှမရှိ။ အမုန်းနက်နှင့် စောနေနတ် နှစ်ယောက်တည်း ဖြစ်သည်။

"အိမ်ထဲမှာ ဘယ်သူမှ မရှိပါဘူးနော်"

"အင်း"

ခေါင်းညိတ်လိုက်သော စောနေနတ် မျက်နှာကိုကြည့်ပြီး အမုန်းနက် ဘာပြောရမှန်းမသိ။ စောနေနတ်က ပိတ်ထားသော တံခါးကိုဖွင့်ပြီး ရှေ့မှ ဦးဆောင်ဝင်သွားသည်။

"ဟိုဘက်က အခန်းထဲမှာ ကိုယ့်အဝတ်တွေရှိတယ်၊ ကြိုက်တာ





ဝတ်"

"မိန်းကလေးအင်္ကျီ မရှိဘူးလားဟင်"

ယောက်ျားလေး အင်္ကျီအဝတ်အစား ယူဝတ်ရမည်ဆိုရင် အမုန်းနက် တ်ညစ်သွားသည်။ စောနေနတ်အဝတ်တွေ ယူဝတ်လာတာမြင်ရင် အားလုံးက အမုန်းနက်ကို ဘယ်လိုကြည့်ကြမည်မသိ။

"ကိုယ်မှာ မိန်းကလေး အင်္ကျီမရှိပါဘူးကွာ။ အမုန်းနက် ရေစို နေတဲ့ အင်္ကျီတွေကို အခြောက်လှမ်းပေးလို့ရတဲ့ စက်တော့ရှိတယ်"

"ကိုယ့်အဝတ်တွေ ခဏဝတ်ထားလိုက်ပါ။ အမုန်းနက် အဝတ် တွေ ခြောက်ရင် ပြန်လဲဝတ်ပေါ့"

"ကြာမှာလားဟင်"

"သိပ်မကြာပါဘူး။ ကိုယ်တို့ကော်ဖီသောက်ရင်း စကားပြော နေတုန်း အဝတ်တွေက ခြောက်သွားမှာပါ"

အခုမှတော့ မတတ်နိုင်။

သူပြောသည့်အတိုင်း လုပ်ရုံအပြင် တခြားနည်းလမ်းလည်း မရှိ။ သူ့စကားကို အဟုတ်ထင်ပြီး အမုန်းနက်ကိုယ်တိုင် မစဉ်းစား၊ မဆင် ခြင်ပဲ ရေထဲဆင်းမိတာ နောင်တရနေလည်း အပိုဖြစ်သည်။ အခန်း တံခါးပိတ်ပြီး သူပြောသလို အဝတ်လဲလိုက်သည်။

စောနေနတ်က သူ့ရှပ်အင်္ကျီ ဝတ်ထားသည့် အမုန်းနက်ကို စူးစူး မ်းစမ်းကြည့်ပြီး ပြုံးသည်။

"အခုမှ ကိုယ့်အချစ်က ပိုလှသွားတယ်"

"အမုန်းနက်အင်္ကျီတွေကိုသာ အမြန်ခြောက်အောင် လုပ်ပေးပါ။ ဒီပုံနဲ့သူများတွေ မြင်သွားရင် အမုန်းနက်ကို လူပြောစရာဖြစ်နေဝါ

www.burmeseclassic.com



မယ်''

''သိပ်မကြာပါဘူး ခဏပါ...''

''လာ... ဒီမှာ ကော်ဖီသောက်၊ ကိုယ် အမုန်းနက်အကို အမြန်ခြောက်အောင် လုပ်လိုက်မယ်''

စောနေနတ် ဖျော်ပေးထားသည့် ကော်ဖီခွက်ကို အမုန်းနက်က လှမ်းယူပြီး သောက်လိုက်သည်။ စောနေနတ် ကိုယ်တိုင် အဝတ်လဲထားပြီးပြီဖြစ်၍ ကော်ဖီခွက်နှင့်အတူ အမုန်းနက်နား ပြန်ရောက်လာသည်။

''ကိုယ့်ဘဝမှာ အမုန်းနက်သာ မရှိရင် ဒီဘဝတော့ အိမ်ထောင်ပြုဖြစ်တော့မှာ မဟုတ်ဘူး''

''အမယ်... ဘယ်သူက ဦးစောနေနတ်ကို ချစ်တယ်လို့ ပြောသေးလို့လဲ''

''ကိုယ့်ကို တကယ်မချစ်ဘူးလား''

''မချစ်ပါဘူး''

အမုန်းနက် ခပ်သွက်သွက်လေးငြင်းတော့ သူက အမုန်းနက် မျက်နှာကို ခပ်ရဲရဲစူးစိုက်ကြည့်ပြီး ရယ်သည်။ သူ့အကြည့်ကြောင့် အမုန်းနက် အနေရခက်ပေမယ့် သူ အမုန်းနက်ကို မကြည့်အောင် ဘယ်လို ပြောရမှန်းမသိ ဖြစ်နေ၏။

''ဟိုတစ်ခါပြောတုန်းက ဒီလိုမဟုတ်ပါဘူး''

''ဘယ်တစ်ခါလဲ''

''မြင်းစီးသင်နေတုန်း အမုန်းနက်ပြောတော့ ကိုယ့်ကိုချစ်တယ်ဆို''





''အဲဒါက အစ်ကိုကြီးတစ်ယောက်လို ချစ်တာကိုပြောတာ''

''အိမ်ထောင်ဘက်တစ်ယောက်ဆိုရင် မချစ်ဘူးလား''

''မချစ်ဘူး''

''ကိုယ်ကတော့ အမုန်းနက်ကို သိပ်ချစ်နေပြီ''

ပြောရင်း အမုန်းနက်နားကို သူရောက်လာ၍ အမုန်းနက် လန့်ပြီး သူမ ခြေလှမ်းလေးများကို နောက်သို့ မသိမသာ ဆုတ်လိုက်သည်။

''အမုန်းနက်''

''ဟင်အင်း... ဒီအကြောင်းတွေနောက်မှ အမုန်းနက်တို့ ပြောကြရအောင်''

''မရတော့ဘူး အမုန်းနက်၊ ကိုယ်မင်းကို သိပ်ချစ်နေပြီ''

''မင်းကို ကိုယ်ချစ်တယ် အမုန်းနက်''

''အို... ဦးစောနေနတ်''

''အမုန်းနက်ကို လွှတ်ပါ''

အမုန်းနက်လက်ထဲက ကော်ဖီခွက်လေး အလန့်တကြား လွတ်ကျသွားပေမယ့် စောနေနတ်က ဂရုမစိုက်။ အမုန်းနက် ဘားနေသည့်ကြားမှ သူမကိုယ်လေးကို သိမ်းယူပွေ့ဖက်လိုက်ပြီး သူ့ရင်ခွင်ထဲမှာ လှုပ်မရအောင် တုပ်နှောင်လိုက်သည်။

''ချစ်တယ် အမုန်းနက်ရယ်''

''ဟင့်အင်းဆို...''

''အို''

ပြုံဆင်းအုပ်မိုးလာသည့် ချစ်အနမ်းတွေက လှပသော အမုန်းနက် မျက်နှာလေးထက်မှာ တစ်ပွင့်ပြီးတစ်ပွင့် ကြွေဆင်းလာသည်။ ဘားဆီး



www.burmeseclassic.com

www.burmeseclassic.com



ကန့်ကွက်ရန် ကြိုးစားသော်လည်း မရ။ လှိုက်လှဲသိပ်သည်းခြင်းတို့ ပြည့်လျှမ်းသည့် ချစ်ခြင်းမှ ဖြစ်ထွန်းလာသော ချစ်အနမ်းတွေက အမုန်းနက်ကို စကားဆိုရန်ပင် ခွင့်မပြု။

"ကိုယ့်ကို ချစ်တယ်လို့ ပြောပါလား အမုန်းနက်ရယ်"

"ချစ်တယ်နော်"

"အမုန်းနက်ကို လွှတ်ပါတော့"

"ချစ်တယ်ပြောမှ"

"အို… "

နွေးထွေးစိုစွတ်သော သူ့နှုတ်ခမ်းအစုံကို အမုန်းနက် မကြည့်တော့သလို လွှတ်လပ်ဆိတ်ငြိမ်သော ပတ်ဝန်းကျင်မှာ အမုန်းနက်တို့ နှစ်ယောက်တည်း ရှိနေသည့်အဖြစ်ကို အခုမှပိုပြီး ကြောက်ရွံ့ထိတ်လန့်လာသည်။

"အမုန်းနက်"

"အပြင်မှာ လူတွေရှိတယ်၊ ဖယ်ပါ"

"ကိုယ့်ကို ချစ်လား"

"အမုန်းနက် မသိဘူး။ ဒီလို ဖွတ်လုပ်နေရင် ဦးစောနေနတ်ကို အမုန်းနက် မုန်းလိုက်မှာ သိလား"

"ကောင်းပြီ၊ ကိုယ်အမုန်းနက်ကို အရှုံးပေးပါတယ်၊ ကိုယ့်ကို အမုန်းနက် ချစ်လာအောင် ကိုယ်ဘာလုပ်ရမှာလဲ ပြော"

"အမုန်းနက်တို့ အခုအပြင်ကို အချိန်မီသွားကြမယ်… ဒါပဲ"

တကယ်လည်း အချိန်မရှိတော့၍ စောနေနတ်က အမုန်းနက် နှုတ်ခမ်းလေးကို တစ်ချက်ငုံ့နမ်းပြီး အသာလွှတ်ပေးလိုက်သည်။





အပြင်ရောက်တော့ လူစုံနေပြီးဖြစ်သလို သူတို့နှစ်ယောက်ကို ရူးရူးရှရှ စိုက်ကြည့်နေသည့် မင်းယုဂန်၏ မျက်ဝန်းအစုံကို အမုန်းနက် မသိဟန်ဆောင်နေလိုက်ရပေမဲ့ ရင်ထဲမှာတော့ ထိတ်နေသည်။

စောနေနတ်က ဘာတစ်ခုမှ ဟန်မပျက်။

အားလုံးကို ရယ်ရယ်မောမော အလိုက်သင့် ပြောဆိုနှုတ်ဆက်ရင်း တခြားသူတွေနှင့် ရယ်စရာစကားတွေ ပြောနေနိုင်သော်လည်း အမုန်းနက်ကတော့ သူမရှေ့ရောက်လာသည့် ပန်းကန်ထဲက စားစရာတွေကို တစ်ခုပြီးတစ်ခု ယူစားရင်း မင်းယုဂန်အကြည့်တွေကို မမြင်သလို နေလိုက်သည်။

"ဒီမှာ ကိုယ်တို့ဖမ်းလာတဲ့ ကျောက်ပုစွန်ကင်တွေ စားလိုက်ဦး"

စောနေနတ်က အမုန်းနက်ရှေ့ကို နီရဲကျွတ်ရွနေသည့် ပုစွန်ကင်တွေ လာချပေးသည်။ ချိုစိမ့်နေသော ကျောက်ပုစွန်ကို အရသာမခံလိုက်ရ။ လူတစ်ယောက်ကြောင့် အံ့သြဝမ်းသာစိတ်နှင့် အမုန်းနက် ချက်နှာပေါ်မှာ အလှပဆုံး ပန်းတို့ အစွမ်းကုန် ဖူးပွင့်သွားသည်။

"ဟိတ်… အမုန်းနက်"

"ဘလက်(ခ်)"

ဘလက်(ခ်)ကို တွေ့လိုက်ရတော့ အမုန်းနက် ပျော်သွားသည်။

"ဘယ်လိုလဲ ပုစွန်တွေ တစ်ယောက်တည်းစားပြီး လောကကြီးကို မေ့နေတာလား"

"ကိုယ့်ကိုလည်း ကျွေးစမ်းပါဦး"

"ရော့… ဒီမှာ အမုန်းနက် ကိုယ်တိုင်ဖမ်းထားတဲ့ ကျောက်ပုစွန်



www.burmeseclassic.com

www.burmeseclassic.com



တွေ အရမ်းစားလို့ကောင်းတယ် သိလား”

“အမုန်းနက် လက်နဲ့ဖမ်းထားလို့လား မသိဘူး ကိုယ်စားဖူးတဲ့ ပုစွန်ကင်ထဲမှာ ဒီပုစွန်ကင်က အရသာ အရှိဆုံးပဲ”

ဘလက်(ခ်)က ရယ်ရယ်မောမောနှင့် အမုန်းနက်ပေးသည့် ပုစွန်ကင်တွေကို အားရပါးရစားနေ၍ အမုန်းနက် စိတ်ညစ်တာတွေ ပျောက်သွားသည်။

“ရှင်ရောက်လာတာ အမုန်းနက် သိပ်ပျော်တာဘဲ ဘလက်(ခ်)”

“ကိုယ့်လည်း အမုန်းနက်ကို တွေ့ရလို့ ပျော်ပါတယ်”

“ရှင် ဘယ်တွေသွားနေတာလဲ ဘလက်(ခ်)”

“ခရီးတစ်ခု သွားနေတာ ကိုယ့်ရည်းစားနဲ့လေ”

“အခု သူရော”

“ပြတ်သွားပြီ”

“ဟယ်”

သူ့ချစ်သူနှင့် ပြတ်သွားပြီဟု ပြောလိုက်သော ဘလက်(ခ်)ကို ကြည့်၍ အမုန်းနက် စိတ်မကောင်းဖြစ်သည်။

“ရှင် အသည်းကွဲနေမှာပဲနော်”

“အသည်းကွဲရင် ပြန်ဆက်လိုက်ရုံပေါ့”

“ရှင် တကယ်မခံစားရဘူးလား”

“ဘာကိုလဲ”

“ရှင့်ချစ်သူနဲ့ လမ်းခွဲရလို့လေ”

ဘလက်(ခ်)က အမုန်းနက်ကိုကြည့်ပြီး ရယ်သည်။

“မင်းတော်တော် အတာပဲ အမုန်းနက်။ ချစ်သူရည်းစားထား





တယ်ဆိုတာ ကိုယ်ပျော်ချင်လို့ထားတာ၊ အသည်းကွဲဖို့ထားတာ မဟုတ်ဘူး၊ မင်းကိုယ်ပြောတာကို နားလည်လား”

“ကိုယ့်မှာ ရည်းစားတွေ အများကြီး၊ တစ်ယောက်နဲ့ ပြတ်သွားတိုင်း ကိုယ့်အသည်း တစ်ခါကွဲရမယ်ဆိုရင် ကိုယ့်မှာ ကွဲစရာအသည်းတောင် ကျန်တော့မှာ မဟုတ်ဘူး”

“နောက်မှ မင်းကို ရည်းစားထားနည်း သင်တန်းပေးရဦးမယ်”

အံ့သြနေသော အမုန်းနက်က သူ့အတွက် ရယ်စရာဖြစ်နေဟန်ဖြင့် ဘလက်(ခ်)က အသံကျယ်ကြီးနှင့် ထရယ်၍ အားလုံးအကြည့်တွေက သူတို့ထံ စုပြုံရောက်လာသည်။

“ဘာလို့ အသံကျယ်ကြီးနဲ့ ရယ်ရတာလဲ၊ ဟိုမှာ လူတွေဝိုင်းကြည့်ကုန်ပြီ”

ဘလက်(ခ်)နားကပ်ပြီး အမုန်းနက် ခပ်တိုးတိုး သတိပေးလိုက်တော့ ဘလက်(ခ်)က အမုန်းနက်ကို သဘောကျသလို ကြည့်သည်။

“သူတို့ကို ဂရုစိုက်နေရရင် ကိုယ့်ဘဝ ဒီလိုတောင် ဖြစ်လာမှာမဟုတ်ဘူး၊ မင်းလည်း သူတို့ကို ဂရုစိုက်မနေနဲ့ အမုန်းနက်။ လောကကြီးမှာ စိတ်ချမ်းသာအောင် ပျော်ရွှင်အောင် နေချင်ရင် ကိုယ်မှန်တယ်ထင်တာကိုသာ လုပ်လိုက်ပြောတာ မင်းမှတ်ထား”

“လာ… ကိုယ်နဲ့လိုက်ခဲ့… ပျော်စရာကောင်းတဲ့ တခြားနေရာကို သွားကြမယ်”

“ဘလက်(ခ်)… နေဦးလေ”

“လာစမ်းပါ”

“အို”



www.burmeseclassic.com

www.burmeseclassic.com



လူတွေကြားထဲမှာ အမုန်းနက်ကို ခပ်တင်းတင်းဆွဲပြီး ထွက်သွား သည့် ဘလက်(ခ်)နောက်ကို အမုန်းနက် ရှန်းကန်ဖို့ ကြိုးစားနေ သူခေါ်ရာ နောက်ပါလာသည်။ ဘလက်(ခ်)ဆိုတာ စတွေ့တည်းက လူထူးလူဆန်း သူထင်ရာလုပ်တတ်သူမှန်း သိ၍ ဘလက်(ခ်)ကို တခြားစကားတွေ ပြောနေလို့လည်း အကျိုးမထူး။

စောနေနတ်နှင့် မင်းယုဂန်က ဘလက်(ခ်)နဲ့ အမုန်းနက် နှစ်ယောက်ကို တစ်ချက်လှမ်းကြည့်ပြီး လူကြီးဝိုင်းမှ ဣန္ဒြေမပျက် ထိုင်၍ ကျန်ရစ်နေပေမယ့် နှစ်ယောက်စလုံးရင်ထဲမှာ ကိုယ်စီ အမုန်းနက် အတွက် စိတ်မချဖြစ်နေသည့်အဖြစ်ကို မည်သူမျှ မရိပ်မိကြပါ။

"လူတွေအများကြီးမှာ ဘလက်(ခ်)ရယ်"

"ဘာဖြစ်လဲ… အမုန်းနက်လက်ကို ဆွဲပြီး ထွက်လာတဲ့ အမုန်းနက် ရည်းစားက ကိုယ်နဲ့အမုန်းနက်ကို အထင်လွဲမှာစိုးလို့လား"

ဘလက်(ခ်)စကားအဆုံးမှာ အမုန်းနက်မျက်လုံးထဲ ရည်းစား ဆိုသူ၏ မျက်နှာကို ပြေးမြင်လိုက်မိသူက စောနေနတ်ဖြစ်သည်။ နောက်တစ်ယောက်က မင်းယုဂန်၏ မျက်နှာ။

"သွားစမ်းပါ"

မင်းယုဂန်ဆိုတဲ့သူနဲ့ အမုန်းနက်က ဘာဆိုင်လို့လဲ။ ဘလက်(ခ်) အမုန်းနက်လက်ကို ဆွဲပြီး ထွက်လာတုန်းက သူတို့နှစ်ယောက်စလုံး ဘလက်(ခ်)မျက်နှာကို စူးစူးရှရှ ကြည့်လိုက်သည့်အကြည့်ကို ဘလက်(ခ်) သတိမထားမိပေမယ့် အမုန်းနက်က သတိထားမိသည်။

အထူးသဖြင့် အမုန်းနက်ကို ပူပူနွေးနွေး ချစ်ရေးဆိုထားသည့် စောနေနတ်အကြည့်တွေက ပိုပြီးစူးရှတောက်ပနေသည်ဟု ထင်သည်။





"ဘယ်လိုလဲ ကိုယ်ပြောလိုက်မှ အမုန်းနက်ချစ်သူကို သတိရ သွားပြီထင်တယ်"

"အမုန်းနက်မှာ ဘာချစ်သူမှ မရှိဘူး"

"ညှံ့လှချည်လား… အခုမရှိရင် နောက်တော့ ရှိလာအောင် ရည်းစားထားလိုက်… နေဦး…တစ်ယောက်တည်းဆို ပျင်းနေ ဦးမယ်… တစ်ပြိုင်တည်း နှစ်ယောက်ထား… တစ်ယောက်သွားရင် နောက်တစ်ယောက် ကျန်နေအောင်လို့"

ပြောပြီး ဘလက်(ခ်)က သူ့စကား သူသဘောကျသလို ရယ် သည်။ အမုန်းနက်က ဘလက်(ခ်)စကားကို မကျေနပ်။ ရယ်နေသည့် ဘလက်(ခ်)မျက်နှာကို ကြည့်ပြီး မျက်စောင်းထိုးလိုက်သည်။

"အမုန်းနက်ကိုများ ဘလက်(ခ်)လို မှတ်နေလား။ ရည်းစား နှစ်ယောက်ထားရအောင် အမုန်းနက်က မိန်းကလေး၊ ဘလက်(ခ်)လို ယောကျ်ားလေး မဟုတ်ဘူး သိလား"

"ကိုယ် ပြောတဲ့စကားကို မကျေနပ်ဘူးလား"

"ဟုတ်တယ်"

"အဟတ်… ဟား… ဟား"

ဘလက်(ခ်)က အမုန်းနက်ကို ထူးဆန်းသည့် သတ္တဝါကို ကြည့် သလို ကြည့်ပြီး ရယ်သည်။

"မိန်းကလေးဖြစ်ပြီး ရည်းစားနှစ်ယောက် တစ်ပြိုင်တည်း မထား ရဘူးလို့ ဘယ်သူပြောလဲ… တချို့ မိန်းကလေးဆို ရည်းစား လေးငါး ယောက် တစ်ပြိုင်တည်းထားတာတောင် ရှိသေးတယ်"

"အဲဒီ မိန်းမတွေထဲမှာ အမုန်းနက် မပါဘူး ဘလက်(ခ်)။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းနက် ဘယ်တော့မှ မီးနဲ့ မကစားဘူး"

"ကြိုက်သွားပြီ အမုန်းနက်၊ မင်းကို သဘောကျတာ အဲ တွေမဲ... ကဲ... လာပါ... ကိုယ်တို့ သွားမယ့်နေရာရောက်ရင် မင်း ပျော်ကိုပျော်စေရမယ်"

"ဟိုမှာ... တွေ့လား"

"ဟယ်... မြင်းတွေပါလား"

လှုပ်ကြွရွနေသော မြင်းတွေကို တွေ့လိုက်ရ၍ မြင်းစီးဝါသနာ ပါသော အမုန်းနက် ပျော်သွားသည်။

"မင်း စိတ်ကြိုက်တစ်ကောင်ကိုရွေး အမုန်းနက်၊ ကိုယ်တော့ ဒီမြင်းနက်ကြီးကို သဘောကျတယ်"

အမုန်းနက်က အနီရောင်မြင်းကြီးကို ရွေးလိုက်သည်။ ထိုအတွင်း အမုန်းနက်ကို မည်သူမှ တားမည့်သူ မရှိ။ တစ်ယောက် မြင်း တစ်ကောင်စီ စီးပြီး လေထုကို ခွင်းလိုက်သည်။ အရှိန်ပြင်းစွာ ပြေးထွက်သူများထံမှ ချိုမြိန်သော ရယ်သံတို့က လေထုမှာ စီးမျော စွာ ပျံ့လွင့်ကျန်ရစ်သည်။



## အခန်း (၁၂)

အစတုန်းက အလှစီးပါ။

နောက်တော့ တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ အရှုံးမပေး အပြိုင်စီးကြရမှ ဘလက်(ခ်)နှင့် အမုန်းနက် လူချင်းကွဲမှန်းမသိ ကွဲ သွားရသည့်အကြောင်း အမုန်းနက် တစ်ယောက်တည်း မြင်းတစ်စီးနှင့် အဖော်ကွဲကျန်ခဲ့မှ လက်ရှိအနေအထားကို သဘောပေါက်နားလည်ကာ ကြောက်လန့်လာ၏။

"ဘလက်(ခ်)..."

"ဘလက်(ခ်)ရေ"

"ဘလက်(ခ်)"

အမုန်းနက် အသံကုန်ဟစ်ပြီး ဘလက်(ခ်)အမည်ကို ဟစ်အော် ခေါ်သော်လည်း တုံ့ပြန်ထူးမည်သူက မရှိ။ ပတ်ဝန်းကျင်ကို ဝေ့ဝါး ကြည့်လိုက်တော့လည်း အမုန်းနက်နှင့် အလွန်စိမ်းသက်သော ဝန်းကျင် အဖြစ်၊ ကြီးမားသော သစ်ရိုပ်၊ ဝါးရိုပ်ကြီးများမှတစ်ပါး သက်ရှိလူသား ကို ရှာမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

အခု အမုန်းနက် ဘယ်ကိုရောက်နေတာလဲ။ မြင်းပေါ်က မဆင်းရဲ။ အကူအညီတောင်းရမည့်သူကိုလည်း ရှာမတွေ့။ ကြောက်ကြောက်နှင့် မြင်းကို လာရာလမ်းဟုထင်ရသော လမ်းအတိုင်း ပြန်စီးခဲ့ပေမယ့် လိုရာခရီး ဟုတ်မဟုတ်ကို လမ်းခရီးမသိသော အမုန်းနက်ကိုယ်တိုင်လည်း မသိ။ တဝဲဝဲ တလည်လည် မျက်စိလည်လမ်းမှားရင်း အချိန်ကုန်မှန်းမသိ ကုန်လာမှ ရွာဟုထင်ရသော နေရာတစ်ခုကို အမုန်းနက် ရောက်လာသည်။

စောနေနတ်တို့လူစု ဘယ်မှာကျန်ခဲ့သည် မသိ။ အမုန်းနက် လမ်းမှားလာသည်ကတော့ သူမ မျှော်လင့်မထားသော မြင်ကွင်းက သက်သေခံနေသည့်အတွက် အမုန်းနက် ငိုချင်လာသည်။

ဘလက်(ခ်) ဘယ်မှာ ကျန်ခဲ့သနည်း။ အခုလောက်ဆို သူလည်း အမုန်းနက်ပျောက်လို့ စိတ်ပူနေလောက်ပြီဟု တွေးနေချိန်။ ဘလက်(ခ်)ကိုယ်တိုင် သူ မကျွမ်းကျင်သည့်နယ်မှာ ပျောက်သွားသည့် အမုန်းနက်ကို လိုက်ရှာရင်း အမဲလိုက်သမားများ၏ ထောက်ချောက်အတွင်း သက်ဆင်းမိ၍ မြင်းရောလူရော ဒဏ်ရာပြင်းထန်စွာ ရသွားသည့်အဖြစ်ကို မည်သူမျှ မသိကြ။

အမုန်းနက်ကတော့ မြင်းပေါ်မှ သူမ မြင်တွေ့နေရသော မြင်ကွင်းကို မျက်စိတစ်ဆုံး မျှော်ငေးကြည့်ရင်း စောနေနတ်တို့ရှိရာ ဘယ်လိုပြန်ရမလဲဟု စဉ်းစားနေမိသည်။ သူမ မျက်စိရှေ့မှာ စိမ်းစိုသော ငှက်ပျော်ပင်တန်းနှင့် တခြားသီးနှံပင်များ စိုက်ပျိုးထားသည့် ခြံဝန်းကျယ်တစ်ခုနှင့် တဲအိမ်တစ်လုံး။





ရေတွင်းတစ်တွင်းနှင့် စိမ်းစိုသော မြက်ခင်းလွင်ပြင်ကျယ်တစ်ခု။ ကြက်သွန်ခင်း၊ ငရုတ်နှင့် ပဲခင်းတချို့မှတစ်ပါး လူရိပ်ကို မမြင်ရ။ င်းကိုထိုနေရာသို့ ဦးတည်ပြီး နှင်ခဲ့သည်။ အန္တရာယ်ပြုမယ့်သူတွေနှင့် တွေ့ဘဲ သူမကို ကူညီစောင့်ရှောက်မည့်သူနှင့် တွေ့ပါစေဟု ဘုရားမှာဆုတောင်းရင်း တိတ်ဆိတ်ငြိမ်သက်နေသည့် တဲအိမ်ရှေ့မှာ သူမ း်လာသည့် မြင်းကို ရပ်လိုက်သည်။

"အိမ်ရှင်တို့…"

"အိမ်ထဲမှာ လူမရှိဘူးလား"

"ကျွန်မ လမ်းသွားရင်း လမ်းမှားလာလို့ပါ"

အမုန်းနက်ကို တုံ့ပြန်ပြောဆိုမည့်သူ မည်သူမျှ မရှိ၍ အမုန်းနက် ချိန် အတော်ကြာအောင် အခြေအနေကို စောင့်ကြည့်ပြီးမှ သတိနေအထားနှင့် မြင်းပေါ်က ဆင်းလိုက်သည်။

"အိမ်ရှင်တို့… ဗျို့… အိမ်ရှင်တို့"

တိတ်ဆိတ်သော ဝန်းကျင်မှာ အမုန်းနက် အသံက ပဲ့တင်ထပ်တာပဲရှိသည်။ တဲတွင်းမှာ ဘာလှုပ်ရှားမှုမရှိ၍ စိတ်ကိုတင်းပြီး တဲအိမ်လေးတံခါးကို တွန်းဖွင့်လိုက်တော့ ဇေ့ရုံတင်ဇေ့ထားသည့် တဲအိမ် တံခါး ကျွိခနဲ အလွယ်တကူ ပွင့်သွားသည်။

အထဲမှာ လူမရှိ။

သို့သော် ပစ္စည်းအားလုံး သူ့နေရာနှင့်သူ သပ်ရပ်စွာ ရှိနေသည်။ ါးကွပ်ပျစ်တစ်ခု၊ သောက်ရေအိုးစင်တစ်ခု၊ မီးဖိုနှင့် မဲညစ်နေသော ရေနွေးခရားတစ်လုံး၊ ထမင်းဟင်းချက်ပြုတ် စားသောက်သည့် အိုးခွက် ချို့ံတချို့နှင့် မီးဖိုစင်သားမှာ ရှိနေသည့် ဆန်ကြမ်းအနည်းငယ်။ ဆီးသက်



www.burmeseclassic.com

www.burmeseclassic.com



ကျန်အနည်းငယ်ရှိ ဆီပုလင်းတစ်လုံး။ ရေတ်ကြက်သွန် အနည်းငယ်တို့ကို ချိတ်ဆွဲထားခြင်းအားဖြင့် ဤတဲအိမ်မှာ အမြဲနေသော တဲအိမ်မဟုတ်။

စိုက်ခင်းကို လာစောင့်နေသူတို့ ညအိပ်ညနေ လာနေသည့် လယ်စောင့်တဲ သဘောမျိုးဟု တွေးနေမိသည်။ လူကလည်း မောလှပါပြီ။ မြင်းလည်း အဘယ်မျှ မောနေပြီလဲ။ ရေတွင်းကရေကို ရေပုံးနှင့်ခပ်တိုက်တော့ အကုန်သောက်ပစ်သည်။ စိတ်မောလူမောဖြစ်နေသော အမုန်းနက်ကိုယ်တိုင်လည်း သောက်ရေအိုးထဲက ရေအေးကို သောက်လိုက်ရမှ စိတ်ထဲအေးသွားသည်။ သို့သော် ကြာကြာတော့ မဟုတ်။

ကူညီပေးမည့်သူ မရှိသော ပတ်ဝန်းကျင်မှာ အမုန်းနက်တစ်ယောက်တည်း ဘာဆက်လုပ်ရမှန်း မသိ။ အခုချိန်ဆို အားလုံးအမုန်းနက်အတွက် စိတ်ပူနေကြတော့မည်။

ဦးစောနေနတ်။

ရုတ်တရက် အမုန်းနက်စိတ်ထဲ စောနေနတ်ကို ပြေးသတိရလိုက်သည်။ အမုန်းနက် ပျောက်နေတာသိရင် သူ အမုန်းနက်ကို လိုက်ရှာမှာပါ။ ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ်။ အမုန်းနက်ရှိရာကို စောနေနတ်ရောက်ကို ရောက်လာမှာပါဆိုသည့် ယုံကြည်စိတ်ကြောင့် စိုးရိမ်သောက အနည်းငယ်လျော့သွားသည်။ မြင်းကြီးကို အစာရေစာပေးများသည့် မြက်ခင်းစိမ်းနေရာမှာ ချည်နှောင်ထားလိုက်ပြီး အနီးအနားပတ်ဝန်းကျင် ကို အမုန်းနက် လှေ့လာအကဲခတ် ကြည့်သည်။

မျက်စိတစ်ဆုံး မြင်တွေ့ရသည်က စိုက်ခင်းပျိုးခင်းဥယျာဉ်များသာဖြစ်ပြီး တခြားမည်သည့်အိမ်ကိုမျှ မတွေ့ရ။ တစ်ယောက်တည်း





စိတ်ညစ်ညစ်နှင့် ဝါးကွပ်ပျစ်လေးမှာ ထိုင်ရင်း အမုန်းနက်ကို လိုက်ရှာမည့်သူကို မျှော်လင့်စောင့်စားနေမိသည်။

အချိန်တွေသာ တစ်ရွေ့ရွေ့ ကုန်သွားသည်။

အမုန်းနက် မျှော်လင့်ထားတာသလို သူမရှိရှာ မည်သူမှ ရောက်မလာသဖြင့် အမုန်းနက် တုန်လှုပ်လာသည်။ ကြောက်ရွံ့လာသည်။ လူသူမရှိသော တောခေါင်ခေါင်နေရာမှာ အမုန်းနက်တစ်ယောက်တည်းဟု တွေးလိုက်တာနှင့် လူတစ်ကိုယ်လုံး အေးစက်သွားသည်။

မကြာမီ မိုးချုပ်တော့မည်။

နေမင်းကြီး ကွယ်ပျောက်သွားလျှင် လောကကြီး တစ်ခုလုံးကို အမှောင်ထုက ကြီးစိုးတော့မည်။ ထိုင်ရာက ဝုန်းခနဲထပြီး တဲအိမ်လေးအတွင်း ညအခါ အလင်းရောင်ပေးနိုင်မည့် မီးခြစ်၊ ဖယောင်းတိုင်တို့ကို အလောတကြီး ရှာကြည့်သည်။ ဖယောင်းတိုင် အဟောင်းသုံးလေးတိုင်နှင့် မီးခြစ်တစ်လုံးက ညအမှောင်ကို ဖြိုခွင်းနိုင်ကြမည်မဟုတ်။

အမုန်းနတ် ငိုချင်လာသည်။

တဲအပြင်ကိုထွက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်လှမ်းမျှော်ကြည့်သည်။ မိုးမချုပ်ခင် အမုန်းနက်ဆီကို တစ်ယောက်ယောက် ရောက်လာပါစေဟု ဘုရားမှာ အကြိမ်ကြိမ် ဆုတောင်းနေစဉ်မှာ မြင်းတစ်စီးနှင့်လူတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရ၍ အမုန်းနက်ရင်တွေ တဒိတ်ဒိတ်ခုန်သွားသည်။

"ဦးစောနေနတ်"

အမုန်းနက် နှုတ်ဖျားက စောနေနတ်၏ အမည်ကိုခေါ်ရင်း လူ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မြင်းစီးလာသူရှိရာ တအား ပြေးသွားသည်။

"ဦးစောနေနတ်... အမုန်းနက် ဒီမှာ"

မြင်းစီးသမားက အမုန်းနက်ကို မြင်သွားသည့်အတွက် သူ့မြင်းကို အမုန်းနက်ရှိရာ စိုင်းပြင်းလာသည်။ အမုန်းနက်မှာ သူ့မတောင့်တမျှော်လင့်နေသူ ရောက်လာ၍ အပျော်လွန်ပြီး ကလေးတစ်ယောက်လို အော်ဟစ်ခုန်ပေါက်နေမိသည်။

ဒီလိုဆိုတော့လည်း ကံတရားကြီးက အမုန်းနက်ဘက်မှာ ရှိနေတုန်းပါပဲလား။ မြင်းစီးသမား အမုန်းနက် နားမရောက်မီ အမုန်းနက်က မြင်းစီးသမားရှိရာ ပြေးသွားသည်။

"ဦးစောနေနတ်"

"ဟင်... ဦးစောနေနတ်လည်း မဟုတ်ဘူး"

ပြုံးပျော်နေသည့် အမုန်းနက် မျက်နှာလေးက မြင်းပေါ်ကလူ၏ မျက်နှာကို မြင်လိုက်ရသည့်အခိုက်မှာပဲ ချက်ချင်းလို ငြိမ်သက် တိတ်ဆိတ်သွား၏။

"ဘာလဲ... မင်းမျှော်နေတဲ့လူ မဟုတ်လို့ စိတ်ပျက်သွားတာလား"

ထိုအမေးစကားကို မျက်နှာထား တင်းတင်းနှင့် အမုန်းနက် မျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်၍ မေးလိုက်သူက တခြားသူ မဟုတ်။ မင်းယုဂန်ဆိုသည့်လူ။ ဘယ်တုန်းကမှ အမုန်းနက်အပေါ် အကောင်း မမြင်တတ်သည့်လူ၏ တင်းမာခက်ထန်သော မင်းယုဂန်မျက်နှာကို အမုန်းနက် မော့ကြည့်လိုက်တော့ အမုန်းနက်ကို စူးစိုက်ကြည့်နေသည့် မင်းယုဂန်မျက်လုံးနှင့် ဆုံသည်။





"ရှင်ကို ဘယ်သူက အဲဒီလိုပြောလို့လဲ"

မင်းပါးစပ်က ထုတ်မပြောလည်း ငါသိပါတယ်ဆိုသည့် အကြည့်င့်အမုန်းနက် မျက်နှာကို စိုက်ကြည့်ပြီး မင်းယုဂန်မြင်းပေါ်က လွှားခနဲန်ဆင်းလိုက်သည်။

"ပြောစမ်း... ဘာဖြစ်လို့ လူတွေကို စိတ်ပူအောင် မင်းလုပ်နေဘာလဲ"

"အမုန်းနက် ဘာလုပ်လို့လဲ ဘလက်(ခ်)က မြင်းစီးရအောင်ဆိုလို့ အမုန်းနက် မြင်းစီးရင်း လူချင်းကွဲသွားတာ"

"ပြောလိုက်ရင် လူတစ်ကိုယ်လုံး ဆင်ခြေချည်းပဲ"

"ရှင် အမုန်းနက်ကို အပြစ်တင်ချင်လို့ ဒီနေရာအထိ လိုက်လာဘာလား ဦးမင်းယုဂန်"

အမုန်းနက်က ဆတ်ဆတ်ထိမခံ သူ့ကို တုံ့ပြန်ရန်စွာ နေပုံကိုကြည့်ပြီး မင်းယုဂန် နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်သည်။ န့်လိုနေသည့် အမုန်းနက် အကြည့်စူးလေးတွေကို စိုက်ကြည့်ရင်းင်းယုဂန်ရင်ထဲ နူးညံ့သိမ်မွေ့သော ခံစားချက်တစ်ခု ဖျတ်ခနဲဝင်လာ၏။ ထိုအရာက အချစ်ဖြစ်သည်။ အချိန်အကြာကြီးနေမှ ဘလက်(ခ်)နှင့်သူမ ပျောက်တာကို အားလုံး သတိထားမိကြသည်။ လူစုခွဲပြီး လိုက်ရှာကြသူတွေထဲမှာ စောနေနတ်နှင့် မင်းယုဂန်က ထိပ်ဆုံးက ဖြစ်သည်။ ထိုသူတွေထဲမှာ မင်းယုဂန်က ကံကောင်းပြီး အမုန်းနက်ထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည်။ တွေ့တော့ ရန်ဖြစ်ရသည်။

"ဒီမှာ မင်းတစ်ယောက်တည်းလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အမုန်းနက်အသံက ဘုဆတ်ဆတ်။

မင်းယုဂန် သူမကို အပြစ်တင်နေတာကို ဒေါသထွက်နေမှန်း သိနေ၍ ဘာမှမပြောဘဲ မြင်းကို ရေတိုက်ပြီး တဲထဲဝင်လိုက်သည်။ မကြာခင် မိုးချုပ်တော့မည်။ ဒီခရီးလမ်းကို သူလည်း ကျွမ်းဝင်လှသည် မဟုတ်။ ကွပ်ပျစ်ပေါ်ထိုင်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ မြင်တာနှင့် လယ်စောင့်တဲဟု သိလိုက်သောနေရာမှာ တခြားသူ မရှိ။

"အမုန်းနက်တို့ ဘယ်ချိန်သွားကြမှာလဲ ဦးမင်းယုဂန်"

သူမ မြင်းကြီးကို ဆွဲလာသော အမုန်းနက်ကို မင်းယုဂန်ကြည့်ပြီး သက်ပြင်းချလိုက်သည်။

"ကိုယ်တို့ အခုသွားရင် လမ်းမှာ ဘာဖြစ်မယ်ထင်လဲ"

"ရှင်"

မင်းယုဂန်စကားကို အမုန်းနက် နားမလည်။

မျက်လုံးဝိုင်းကြီးနှင့် သူ့ကို ပြန်ကြည့်နေ၍ မင်းယုဂန် သူမနား လျှောက်ခဲ့သည်။

"အခု မိုးချုပ်တော့မယ် သွားရင်း လမ်းမှာမှောင်သွားရင် ကိုယ်တို့မှာ ဓာတ်မီးတွေ၊ ဘာတွေလည်း မပါဘူး။ ပြီးတော့ အမှောင်ထဲမှာ မမြင်ရတဲ့ အန္တရာယ်တွေ အများကြီးရှိတယ်ဆိုတာ မင်းမတွေးမိဘူး လား"

"ဒါဆို အမုန်းနက်တို့ အခုဘာလုပ်ရမှာလဲ"

"ဒီမှာ တစ်ညအိပ်ရမှာပေါ့"

"အို… မဟုတ်တာ"

ထိုစကားကို အမုန်းနက် ချက်ချင်းငြင်းပယ်ဖြစ်လိုက်သည်။





သူမလို ဖျိုရွယ်လှပသော မိန်းကလေးတစ်ယောက်နှင့် အိမ်ထောင်မရှိ ယောကျ်ားပျိုတစ်ယောက် လူသူမနီး၊ တောလမ်းခရီးမှာ အတူရှိနေတာပဲ လွန်လှပါပြီ။ ဒီတဲလေးထဲ နှစ်ယောက် ညအိပ်ဖို့ဆိုတာကို အမုန်းနက် မစဉ်းစားချင်။

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ အမုန်းနက်"

"အခုပြန်ရင် ဟိုကို အချိန်မီရောက်နိုင်မှာပါ"

"မရောက်ခဲ့ရင်ရော"

ဒါကိုလည်း အမုန်းနက်လည်း မပြောတတ်။

ဒီနေရာကို အမုန်းနက် မျက်စိလည်ပြီး ရောက်လာခဲ့ရတာကိုပဲ နောင်တရချင်နေသည်။

"ဟော… မိုးတွေ ရွာလာပြီ"

မင်းယုဂန်စကားမဆုံးသေးခင်မှာ မိုးက မချိမ်းဘဲနဲ့ သည်းသည်းမဲမဲ ရွာချလာ၍ အမုန်းနက် သူမ မြင်းကိုဆွဲပြီး တဲ့ထဲ ဝင်ပြေးတော့ မင်းယုဂန်က အမုန်းနက် လက်ထဲက မြင်းကို ဆွဲယူလိုက်သည်။

"မြင်းကို အပြင်မှာထားခဲ့ အမုန်းနက်"

"ဖြစ်မလားရှင်… အပြင်မှာ မိုးတွေရွာနေတာ မမြင်ဘူးလား"

"မင်းမြင်းကို တဲထဲမှာထားရင် ကိုယ်တို့လူတွေက ဘယ်မှာ နေရမှာလဲ…"

သူပြောတာ မှန်နေ၍ အမုန်းနက်လက်ထဲက မြင်းဇက်ကြိုးကို လွှတ်လိုက်ရသည်။

"သူတို့ဘာသာ မိုးလုံတဲ့နေရာမှာ သွားခိုနေလိမ့်မယ်… အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် မင်းစိတ်ပူမနေနဲ့"

အခုမှတော့ ပြောနေလည်း ထူးတော့မှာမဟုတ်။

ကိုယ်ကိုဖိုယ်သာ မိုးလွတ်သည်ထင်သည့် နေရာမှာ ရွှေးပြေး ရပ်နေလိုက်သည်။ မိုးနှင့်အတူ လေပြင်းပါ ကျလာ၍ ပတ်ဝန်းကျင်အ အမှောင်အတိကျသွားချိန်မှာ မင်းယုဂန်က သူအစောကတည်းက ကြိုကြည့်ထားသည့် ထင်းတွေကို စုပြီး မီးဖိုလိုက်၍ တဲလေးထဲမှာ အလင်းရောင် ဖြာကျလာသည်။

နှစ်ယောက်စလုံး ဘယ်သူမှာ စကားမပြော။ မိုးသံလေသံထဲမှာ ဗိုက်ဆာသည့်ဒဏ်ကို လူးလိမ့်ခံစားရရင်း အမုန်းနက် စောနေနတ်ကို သတိရမိသည်။ မင်းယုဂန်ဆိုသည့် လူရောက်မလာဘဲ စောနေနတ်သာ အမုန်းနက်ထံ ရောက်လာရင် ဘယ်လောက်ကောင်းလိုက်မလဲ။

အခုတော့ မတည့်အတူနေသူက မင်းယုဂန်ဖြစ်နေတော့ နေရ ထိုင်ရတာ ဘာတစ်ခုမှ အဆင်မပြေ။

"မင်းဗိုက်ဆာနေပြီလား"

"အင်း"

"ရော့… ဒီမှာ… အာလူးတွေလို့ မီးဖုတ်ထားတာ ရှိတယ်"

"မင်းစား"

ဘယ်အချိန်က မီးထဲထည့်ထားမှန်း မသိသော အာလူးမီးဖုတ် တွေ အမုန်းနက် ရှေ့ရောက်လာသည်။

"စားလေ"

"ဒီလောက် အပူကြီးကို ဘယ်လိုစားရမှာလဲ"

"မင်းစားလို့ရအောင် ကိုယ်လုပ်ပေးမယ်"





အာလူးမီးဖုတ်တွေကို အအေးခံပြီး အမုန်းနက် စားလို့ရအောင် စိတ်ရှည်လက်ရှည် လုပ်ပေးနေသော မင်းယုဂန် ပုံစံက အခုတော့လည်း အရင်ကနဲ့မတူအောင် နူးညံ့သိမ်မွေ့လို့ပါလား။

"မင်း ကိုယ့်ကို မုန်းနေလား အမုန်းနက်"

"ရှင်လည်း အမုန်းနက်ကို မုန်းနေတာပဲ"

အမုန်းနက်စကားကို သူကမဖြေဘဲ မီးဖိုက ဖြာထွက်လာသည့် မီးအလင်းရောင်ဖြင့် အမုန်းနက် မျက်နှာကို စိုက်ကြည့်သည်။

"မင်းကို ကိုယ်က မုန်းနေတယ်လို့ ဘယ်သူပြောလဲ"

"ပါးစပ်က ထုတ်မပြောလည်း သိနိုင်တဲ့ အမူအရာတွေက အများကြီးပါ"

ဘယ်တုန်းကမှ အမုန်းနက်ကို အမြင်မကြည်သော သူ့ကို စိတ်ထဲရှိသည့်အတိုင်း ထုတ်ပြောခွင့်ရလိုက်၍ အမုန်းနက် ကျေနပ်သွားသည်။

"တချို့ကိစ္စတွေက မင်းထင်တာနဲ့ ပြောင်းပြန်အချိုးကျနေတာ တွေလည်း ရှိတယ်"

"ရှင်ပြောတာ အမုန်းနက် နားမလည်ဘူး"

"မင်းကို မုန်းတယ်လို့ ထင်နေတဲ့ လူတစ်ယောက်က မင်းကို ချစ်နေတာလည်း ဖြစ်နိုင်တာပဲ"

"မဖြစ်နိုင်တာ"

သူ့စကားကို အမုန်းနက် လက်မခံ။ ခါးခါးသီးသီး ငြင်းလိုက် တော့ သူက အမုန်းနက်ကို စိုက်ကြည့်သည်။

"ကိုယ်မင်းကို ချစ်တယ် အမုန်းနက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုယ့်စကားကို မင်းယုံချင်ယုံ၊ မယုံချင်နေ။ မင်းကို စတွေ့တဲ့နေ့က မင်းကို ကိုယ်ချစ်ခဲ့တာပဲ"

"ရော့… ဒီမှာ စားလို့ရပြီ"

အမုန်းနက် ဘာမှပြန်မပြောနိုင်ခင် သူက အမုန်းနက်လက်ထဲကိုက အာလူးတစ်လုံးကို လှမ်းပေး၍ အမုန်းနက် ယူလိုက်ရသည်။ မင်းယုဂန်ဆိုသည့် လူက အမုန်းနက်ကို ချစ်သည်ဆိုပါလား။ အမုန်းနက်စိတ်ထဲ စောနေနတ်ကို သတိရလိုက်သည်။ ဒီလို စကားမျိုး တစ်နေ့တည်းမှာ ယောကျ်ားနှစ်ယောက်က အမုန်းနက်ကို ပြောနေကြတာ မယုံနိုင်စရာပါ။

"မင်းကို တခြားလူတွေနဲ့ တွဲတာပဲဖြစ်ဖြစ်၊ စကားပြောတာပဲဖြစ်ဖြစ် ကိုယ် လုံးဝကြည့်လို့မရဘူး အမုန်းနက်"

"ကိုယ့်ရင်ထဲက ခံစားချက်ကို မင်းနားလည်လား"

ဟင့်အင်း။ အမုန်းနက် နားမလည်ပါ။

"မင်းသာ ကိုယ့်ချစ်သူဆိုရင် တခြားဘယ်သူနဲ့မှ အရောတဝင်နေခွင့်ပေးမှာ မဟုတ်ဘူး"

"အမုန်းနက်ကလည်း ရှင့်ကို မချစ်ပါဘူး"

"ဘာ"

"ဟုတ်တယ်… ရှင့်ကို မချစ်ဘူး ဘယ်တော့မှလည်း ရှင့်ချစ်သူဖြစ်လာစရာ အကြောင်းမရှိဘူး"

"မင်း အဲ့ဖြေလား"

"ကြိုက်သလို ထင်ပါ။ ရှင်ဘာထင်ထင် အမုန်းနက်





ရှမစိုက်ဘူး"

တကယ်လည်း အမုန်းနက် သူ့ကို မချစ်ပါ။

အချစ်ဆိုတာ ဘယ်လိုအရာလဲဆိုတာ အမုန်းနက်ကိုယ်တိုင် သချာမသိပေမယ့် စောနေနတ်ကိုတော့ အမုန်းနက် မေ့လို့မရ။ ကြာခဏ သတိရနေတတ်ခြင်းက အချစ်ဆိုလျှင် စောနေနတ်ကို အမုန်းနက် ချစ်နေပြီဟု ဆိုရမည်ထင်သည်။

"မင်းကိုယ့်ကို ပြန်ချစ်လာမှာပါ အမုန်းနက်"

ပိုင်နိုင်တိကျစွာ ပြောလိုက်သည့် မင်းယုဂန်စကားကို အမုန်းနက် အံ့သြမယုံနိုင်သလို သူ့မျက်နှာကို မော့ကြည့်လိုက်သည်။

"ရှင်က ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးတဲ့သူပဲ ဦးမင်းယုဂန်"

"မင်းထင်လို့ပါ"

"အို… တော်ပြီ… တော်ပြီ။ ရှင်နဲ့ စကားမပြောတာဘဲ ကောင်းတယ်"

"အာလူးတွေ ကုန်အောင်စားလေ"

"မစားဘူး… ရှင့်အာလူး ရှင်ပဲစား"

နှုတ်ခမ်းစူ၍ စိတ်ဆိုးနေသော အမုန်းနက် မျက်နှာကို စိုက်ကြည့်ရင်း ပထမဆုံးအကြိမ်အဖြစ် မင်းယုဂန်ထံမှ ရယ်သံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် အမုန်းနက် သူ့မျက်နှာကို ခပ်တည်တည်လေး မော့ကြည့်လိုက်သည်။

ဒီလိုဆိုတော့လည်း မင်းယုဂန်ဆိုသည့် လူက ရယ်တတ်ပါသေးသား။

"ကိုယ်ရယ်လို့ မင်းအံ့သြနေလား အမုန်းနက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ရုပ်မျက်နှာနဲ့ တစ်လောကလုံးကို မကျေမနပ် ဖြစ်နေ
လူက ရယ်တာ အမုန်းနက်ဘဝမှာ ဒါပထမဆုံး မြင်ဖူးတာပဲ"

"ကျောက်ရုပ်မျက်နှာ ဟုတ်လား"

"ဟုတ်တယ်"

သူက အမုန်းနက်စကားကို သံယောင်လိုက် ရေရွတ်
အမုန်းနက် မျက်နှာကို မျက်လုံးလက်လက်တွေနှင့် စူးစိုက်ကြည့်
အသံထွက်၍ ရယ်သည်။

"မင်းက ကိုယ့်ကို ပေးထားတဲ့ နာမည်ထင်တယ်"

"အမုန်းနက်မှ မဟုတ်ပါဘူး လူတိုင်းက ဒီလိုပဲ ရှင့်ကိုပြော
ကြတာ"

မင်းယုဂန် ခဏတော့ ငြိမ်သွားသည်။

အရယ်အပြုံးကင်းသော လူတစ်ယောက် ဖြစ်လာရသည့်အဖြ
သူ့အတွေးအာရုံက ပြန်ရောက်သွားတော့ သူရင်မောသွားသည်။

"ကိုယ်မှာ အရင်က ချစ်သူတစ်ယောက်ရှိခဲ့ဖူးတယ် နောက်
တော့ အဲဒီချစ်သူက ကိုယ့်ကိုသစ္စာဖောက်ပြီး တခြားတစ်ယောက်
လက်ထပ်လိုက်တယ်။ သူ့ကြောင့် ကိုယ့်ဘဝကြီး တစ်ခုလုံး ပြောင်း
သွားသလို ဘယ်မိန်းမရဲ့အချစ်ကိုမှ အယုံအကြည် မရှိတော့
အထိပဲ"

"အပြုံးအရယ်မဲ့ ဘဝမှာ အချိန်အကြာကြီး နေတဲ့သူ ဖြစ်လာ
ပြီးမှ မင်းကြောင့် ကိုယ်ရယ်တတ်၊ ပြုံးတတ်တဲ့သူ ဖြစ်လာခဲ့ရ
အမုန်းနက်"

"ကိုယ် မင်းကိုချစ်တယ်"





တိုးရှိုက်နှင့်မောသော သူ့အသံက အဝေးက ပြန့်လွင့်လာသလို
ထင်ရပြီး တင်းမာခက်ထန်သော တုံ့ပြန်မှုကင်းသော သူ့မျက်နှာပေါ်က
အပြောင်းအလွဲက လှိုက်လှဲမှုတွေနှင့် ထူးခြားနေသည့်အတွက် အမုန်းနက်
စိတ်လှုပ်ရှားလာသည်။

"အမုန်းနက်"

"ပြောပါ"

"ကိုယ့်အချစ်ကို လက်ခံနိုင်လားဟင်"

"အချစ်ရေးကို အမုန်းနက် စိတ်မဝင်စားဘူး ဦးမင်းယုဂန်"

"အမုန်းနက် စိတ်ဝင်စားလာတဲ့အချိန်အထိ ကိုယ်စောင့်မယ်
ဆိုရင်ရော..."

နှစ်ယောက်သား အကြည့်ချင်း ဆုံသွားသည်။ စူးရှသည့် သူ့ထံမှ
အကြည့်တွေကြောင့် အမုန်းနက် ပါးလေးတွေဖြန်းခနဲ ပူနွေးသွားသည်။
အပြင်မှာ လေရော၊ မိုးပါ ပြင်းထန်စွာ ကျနေသည်။ မီးဖိုမှ မီးအလင်း
ရောင်က ဖျော့တော့မှေးမှိန်စ ပြုလာ၍ အမုန်းနက် ကြောက်လာသည်။

"အမုန်းနက်တို့ နောက်မှ ဒီကိစ္စကို ဆွေးနွေးကြရအောင်၊ အခု
မီးငြိမ်းတော့မယ်။ အမုန်းနက် မီးဖိုထဲကို ထင်းသွားထည့်လိုက်ဦးမယ်"

"အမုန်းနက် ဒီမှာပဲ နေပါ။ မီးထည့်တာ ကိုယ်လုပ်ပါ့မယ်"

ထင်းမီးကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး နွေးထွေးသော အလင်း
ရောင်ဖြင့် ဝင်းလက်သွားသည်။ တစ်ညတာ ဖြစ်သန်းရမည်။ အချိန်
တွေက အမုန်းနက် ဘဝမှာ အရှည်လျားဆုံးဟု ထင်သည်။

သူက အမုန်းနက်ကို ဘာစကားမှ ဆက်မပြောတော့သော်လည်း
သူ့ကိုယ်ပေါ်က ကုတ်အင်္ကျီကို ချွတ်ပြီး အမုန်းနက်ကိုယ်ပေါ်မှာ အသာ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းခြုံပေးသည်။ ရာသီဥတုက စိမ့်နေအောင် အေးသဖြင့် အမုန်းနက် မငြင်းဘဲ သူ့အင်္ကျီကို ယူဝတ်လိုက်သည်။

"အမုန်းနက် အိပ်ချင်အိပ်လေ၊ ကိုယ်စောင့်နေမယ်"

"ရတယ်၊ အမုန်းနက် မအိပ်ပါဘူး"

ရာသီဥတုကြောင့် အမုန်းနက် ကိုယ်တိုင် မီးဖိုနားက မခွာရ တစ်ယောက်တည်း ကွပ်ပျစ်ပေါ် သွားအိပ်ရမှာကိုလည်း စိတ် ကြောက်နေ၍ မီးဖိုဘေးမှာပဲ သူနဲ့အတူ ထိုင်နေမိသည်။ တစ်နေ့လုံး ပင်ပန်းထားသမျှ ကြာတော့ အိပ်ချင်စိတ်ကို မထိန်းနိုင်ဘဲ ဖြစ်လာ သည်။

စိတ်ကိုထိန်းပြီး မအိပ်အောင် ကြိုးစားလည်းမရ။ မင်းယုဂန် အမုန်းနက် ဖြစ်နေပုံကိုကြည့်ပြီး တစ်ယောက်တည်း ကျိတ်ပြုံးလိုက် သည်။ သူမကိုယ်သူမ အိပ်မပျော်သွားအောင် ကြိုးစားရင်း အိပ်ငိုက် ငိုက်သွားတတ်ပုံလေးက ချစ်စရာကောင်းသလို ရယ်စရာ၊ မြတ်နိုးစ အဖြစ် သူ့ရင်ခွင်ထဲမှာ အမုန်းနက်ကိုယ်လေးကို ထွေးပွေ့ချင်စိတ် ဖြစ်လာသည်။

"ကိုယ့်ပခုံးကို မှီအိပ်မလား အမုန်းနက်"

"ဟင့်အင်း အမုန်းနက်..."

"လာပါ... ဒီလောက်တော့ ကိုယ့်ဘက်က အမုန်းနက် ဘာအခွင့်အရေးမှ မယူဘဲ ရိုးရိုးသားသား ကူညီနိုင်ပါတယ်"

"ကိုယ့်ကို အမုန်းနက် ယုံလား"

"ဟုတ်"

တည်ငြိမ်လေးနက်သော မင်းယုဂန်မျက်နှာကို ကြည့်





အမုန်းနက် ခေါင်းညိတ်လိုက်သည်။

"သင့်ခ်ယူ... အခုချိန်ကစပြီး ကိုယ့်ပခုံးတစ်ဖက်ကို အမုန်းနက် အတွက် ပေးထားလိုက်ပြီ"

အမုန်းနက် သူ့ကို တစ်ချက်မော့ကြည့်လိုက်သည်။ နောက်တော့ မင်းယုဂန့် ပခုံးတစ်ဖက်ပေါ် သူမခေါင်းလေးကို မှီအိပ်ရင်း နှစ်မြိုက်စွာ အိပ်ပျော်သွားပြီးနောက် ဘာမှမသိတော့။ သူမ အိပ်ရာက လန့်နိုး လာချိန်မှာ အမုန်းနက်တစ်ကိုယ်လုံး မင်းယုဂန်ရင်ခွင်ထဲမှာ ရောက်မှန်း မသိ ရောက်နေကြောင်း သတိထားမိသွားကာ ပါးလေးတွေ နီရဲသွား သည်။

သူ့ရင်ခွင်ထဲက ရှန်းထွက်ရန် မင်းယုဂန်မျက်နှာကို မော့အကြည့် တဲန်းရဲကို မှီပြီး အမုန်းနက်ကိုယ်လေးကို ထွေးဖက်ထားသည့် အနေ အထားအတိုင်း နှစ်ခြိုက်စွာ အိပ်ခဲ့တာလားဆိုတာ ကိုယ့်ဘာသာ ပြန်စဉ်းစားရင်း သူ့ရင်ခွင်ထဲမှာ ဒီအတိုင်း ဆက်ငြိမ်နေရမှာလား၊ ရှန်းထွက်လိုက်ရမှာလား စဉ်းစားရင်း ဝေခွဲမရဖြစ်နေချိန်မှာ သူမတို့ နှစ်ယောက်ရှိနေသည့် တဲအိမ်လေးရှေ့သို့ ရောက်ရှိလာသည့် လူရိပ် ကြောင့် အမုန်းနက် မျက်လုံးလေး ဝိုင်းခနဲ ဖြစ်သွားသည်။

"ဦးစောနေနတ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဟုတ်ပါပြီကွယ်၊ အမုန်းနက် ပြောတာကို မယ်မယ်ကြီး နားလည်တယ်။ လက်လည်း လက်ခံတယ်။ ဒါပေမယ့် ယောကျ်ားပျို တစ်ယောက်နဲ့ မိန်းမပျိုလေးတစ်ယောက် တောထဲမှာ ညအိပ်ညဉ့်နေ အတူ တစ်ညပျောက်သွားတာကိုတော့ ဘယ်လိုမှ လက်မခံနိုင်ဘူး"

"မောင်ယုဂန် ကိုယ်တိုင်က အမုန်းနက်ကို လက်ထပ်ပါရစေလို့ မယ်မယ်ကြီးထံမှာ ခွင့်တောင်းထားပြီးသား။ အမုန်းနက်က တောထဲမှာ ယောကျ်ားပျိုတစ်ယောက်နဲ့ တစ်ညအတူ ပျောက်သွားပြီး နောက် တစ်ယောက်နဲ့ လက်ထပ်မယ်ဆိုတာမျိုးတော့ မယ်မယ်ကြီး လုံးဝ ခွင့်မပြုဘူး"

မယ်မယ်ကြီးလေသံက အေးစက်သလို တည်တင်းသော မျက်နှာကိုလည်း တစ်စက်တလေမှ မလျှော့။ အမုန်းနက် ဘာပြောပြော လက်မခံဘဲ ပယ်လှန်ချနေသဖြင့် ဒီပုံအတိုင်းဆို မင်းယုဂန်နဲ့ လက်ထပ် ရုံကလွဲပြီး တခြားမရှိတော့တာတွေးပြီး အမုန်းနက် အကြိတ် မျက်ရည် ဝဲနေမိသည်။





အမုန်းနက်တို့ တောထဲကို မနက်အစောရောက်သည့် သူက စောနေနတ် ဖြစ်သည်။ အမုန်းနက်ကြောင့် တစ်ညလုံး အိပ်မပျော်။ မင်းယုဂန် ပြန်ရောက်မလာတော့ စောနေနတ် ဘယ်လိုမှ နေလို့မရ။ မနက်အစောကြီး သူတစ်ယောက်တည်း တောနင်းရှာရင်း အမုန်းနက် ဆီ ရောက်လာခြင်းဖြစ်သည်။

မယ်မယ်ကြီးရှိရာ အမုန်းနက် ရောက်သွားချိန်မှာ အမုန်းနက် သတင်းတွေက ထိန်းမနိုင်၊ သိမ်းမရ ပျံ့နှံ့နေပြီ။ မယ်မယ်ကြီးက အမုန်းနက်ကို မင်းယုဂန်နှင့် လက်ထပ်ဖို့ အမိန့်ချမှတ်သည်။ အမုန်းနက် ကတော့ ထိုသို့မဟုတ်။ မင်းယုဂန်နှင့် လက်ထပ်မည့်အစား အမုန်းနက်ကို အစစအရာရာ အလိုလိုက်သည့် စောနေနတ်နှင့်သာ လက်ထပ်ချင်သည်။ စောနေနတ်ကိုယ်တိုင် မယ်မယ်ကြီးထံမှာ အမုန်းနက်ကို လက်ထပ်ခွင့်တောင်းထားသော်လည်း မယ်မယ်ကြီးက ခွင့်မပြု။

"အမုန်းနက် ဦးမင်းယုဂန်ကို လက်မထပ်ပါရစေနဲ့"

"ကောင်းပြီ။ မင်းယုဂန်ကို လက်မထပ်ချင်ရင် ဒီကိစ္စကို မယ်မယ်ကြီး ဆက်ပြီး မဆုံးဖြတ်တော့ဘူး။ အမုန်းနက်နဲ့ သက်ဆိုင်တဲ့ သူတွေကိုပဲ အမုန်းနက် ကိစ္စကို လွှဲပေးလိုက်တော့မယ်"

"ရှင်"

"မောင်ဒီပ ရောက်လာပြီလား"

"ရောက်ပါပြီ မယ်မယ်ကြီး"

"ဧည့်သည်တွေကို ခေါ်ခဲ့ပါ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်ကြီးထံမှ ထင်မှတ်မထားသည့် စကားနှင့် မျှော်လင့်မထားသည့် အစီအစဉ်ကြောင့် အမုန်းနက် ထိုင်ရာက ထရပ်လိုက်သည် အထိ စိတ်လှုပ်ရှားသွားသည်။

အမုန်းနဲ့ သက်ဆိုင်တဲ့ သူတွေဆိုတာ ဘယ်သူလဲ။ မဟူရာ စံအိမ်က ဘိုးနှင့်ဘွား မျက်နှာကို ပြေးမြင်လိုက်မိတော့ အမုန်းနက်နေရာမှ ထွက်ပြေးချင်လာသည်။ အမုန်းနက်နှင့် မယ်မယ်ကြီး ဆွေးနွေးပွဲမှာ ဘယ်သူမှမပါ။ အမုန်းနက်နှင့် မယ်မယ်ကြီးနှစ်ယောက်တည်းဖြစ်၍ ကားဒရိုင်ဘာကြီး ဦးဒီပခေါ်လာသည့် ဧည့်သည်ဆိုသူတွေကို စိတ်ဝင်တစား စောင့်မျှော်နေခဲ့သည်။ အမုန်းနက်တို့ရှိနေသည့် ခန်းမကျယ်ကြီးထဲကို ဒေါ်ကေသီနှင့်အတူ ဧည့်သည်နှစ်ယောက် ဝင်လာသည်။

ထိုလူနှစ်ယောက်က မယ်မယ်ကြီးအရွယ် ဘွားတစ်ယောက်နှင့် ထိုအဘွားကို တွဲလာသည့် ဦးထိပ်တင်မောင်မောင်အရွယ် လူကြီးတစ်ယောက်ဖြစ်သည်။

"နေကောင်းတယ်နော် ဝတီ"

"အခုမှ နလန်ထခါစလို့ပဲ ဆိုကြပါစို့ကွယ်"

မယ်မယ်ကြီးလို မာနသံမျိုးမဟုတ်။ ဝတီဆိုသည့် အဘွား၏ အသံက ငြိမ်းအေးသည်။

"ကိုယ်သိတယ်။ ဒါကြောင့် ဝတီ ကျန်းမာတဲ့အချိန်အထိ ကိုယ်စောင့်နေတာ။ ဒီမှာ... ကြည့်ပါဦး ဘယ်သူနဲ့တူလဲဆိုတာ"

မယ်မယ်ကြီးစကားအဆုံးမှာ ဘွားဝတီအကြည့်က အမုန်းနက် ထံ ရောက်လာသည်။

"ဟင်... သူ... သူလေးက..."





"ဟုတ်တယ်၊ ဝတီမြေး... အမုန်းနက်နက်ဆိုတာပဲ"

"အိုကွယ်... နာမည်ကိုက အမုန်းနက်နက်တဲ့လား"

ဘွားဝတီအသံက စိတ်ထိခိုက်သံဖြစ်ကာ အမုန်းနက်မျက်နှာလေးကို မျက်ရည်ဝေသီသော မျက်ဝန်းများဖြင့် တစိမ့်စိမ့် စူးစိုက်ကြည့်ရင်း အမုန်းနက်နား ရောက်လာသည်။

"ဟောဒီက ဘွားဝတီက အမုန်းနက်ရဲ့ ဘွားအေ အရင်းခေါက်ခေါက်ပဲ အမုန်းနက်"

"ရှင်"

အံ့သြတုန်လှုပ်သောစိတ်ဖြင့် အမုန်းနက်၏ ဘွားအေကြီး ဘွားဝတီ မျက်နှာကို အမုန်းနက် ကြည့်လိုက်တော့ ဘွားက မျက်ရည်သီသော မျက်လုံးအစုံဖြင့် အမုန်းနက်မျက်နှာကို ကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြသည်။

"မြေးလေး"

"ဘွား"

အမုန်းနက် ဘွားရင်ခွင်ထဲ ပြေးဝင်ပြီး ဘွားဝတီကိုယ်ပိန်ပိန်လေးကို တင်းကျပ်စွာ ဖက်ထားလိုက်သည်။

"ကြည့်ပါရစေဦးကွယ်။ ဒီအရွယ်တောင် ရောက်နေပြီ"

"ဘွားရယ်"

မြေးအဘွားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး မျက်ရည်ကျနေမိကြသည်။

"မြေးမျက်နှာကို မြင်ရတာ ဘွားငယ်ငယ်က ဘွားမျက်နှာကို ဘွားမြင်နေရသလိုပဲကွယ်။ မြေးက ဘွားထက်ပိုပြီး ချောတယ်၊ လှတာ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ရတော့ မြင်ရတော့ ဘွားဝမ်းသာတယ်''

ဘွားက အမုန်းနက် မျက်နှာကို စေ့စေ့ကြည့်ရင်း ပီတိဝေဖြာသော မျက်နှာဖြင့် တုန်ယင်လှိုက်လှဲစွာ ပြောသဖြင့် အမုန်းနက် ငြိမ်သက်စွာ နားထောင်နေမိသည်။ အမုန်းနက် အလွန်သိချင်သော အဖြေကိုရပြီးဖြစ်၍ အမုန်းနက် ပျော်သည်။ အမုန်းနက်များမှာ ဘွားရှိနေပြီဆိုသော အသိက အမုန်းနက်အတွက် ဘာနှင့်မျှ နှိုင်းယှဉ်မရသော အားဖြစ်သည်။

''ဝတီမြေးလေးကို စောင့်ရှောက်ထားတဲ့ ပင့်ခ်ကို ကျေးဇူးတင်ပါတယ်ကွယ်''

''မလိုပါဘူး ဝတီရယ်။ ကိုယ်တို့လက်ထဲ ဝတီ့မြေးရောက်လာတာကိုပဲ ကျေးဇူးတင်ပါ''

''ဘာပဲဖြစ်ဖြစ် ပင့်ခ်ကျေးဇူးတွေက ဝတီအတွက် အများကြီးပါကွယ်။ ဝတီနိုင်ငံခြားကို ဆေးသွားကုနေတဲ့ တစ်ချိန်လုံး ပင့်ခ်က ဝတီ့မြေးအတွက် အများကြီး ကြိုးစားပေးခဲ့တာ ဝတီသိပါတယ်''

မယ်မယ်ကြီးကို ဘွားဝတီက လှိုက်လှဲစွာ ကျေးဇူးတင်စကားဆိုရင်း အမုန်းနက်လက်ကို သူ့လက်ပိန်ပိန်လေးတွေနှင့် တင်းကျပ်စွာ ဆုတ်ကိုင်ထားသည်။

''ဟုတ်ပါပြီ၊ ဝတီပြောတာ ကိုယ်လက်ခံပါတယ်။ အခု ဝတီ့မြေးကိစ္စကို ဘယ်လိုလုပ်မှာလဲ''

''မြေးကို ဝတီခေါ်သွားမယ်''

''ဒါပဲလား''

မယ်မယ်ကြီးအကြည့်တွေက အမုန်းနက်ထံ ရောက်လာသည်။





''ဝတီမြေးအခြေအနေကို ကိုယ်ပြောထားတာ ဝတီ မေ့သွားပြီလား''

''မမေ့ပါဘူး ပင့်ခ်ရယ်၊ မြေးရဲ့ မင်္ဂလာကိစ္စကို ပင့်ခ်ပြောတဲ့အတိုင်းပဲ ဝတီလက်ခံပါတယ်''

''ဘွား''

မင်းယုဂန်ကို လက်ထပ်ရမည်ဆိုသည့် မယ်မယ်ကြီး အမိန့်အတိုင်း ဘွားက လိုက်နာအတည်ပြုလိုက်၍ အမုန်းနက် လန့်သွားကာ ဘွားအမည်ကို ခေါ်လိုက်သည်။

''မြေးမယ်မယ်ကြီး ဆုံးဖြတ်တာ မှန်ပါတယ်ကွယ်။ မောင်မင်းယုဂန်ကိုပဲ မြေးလက်ထပ်လိုက်ပါ''

အမုန်းနက်မှာ နောက်ထပ်ပြောစရာ စကားမရှိတော့ပါ။ ဘွားက အမုန်းနက်ဘွားဆိုတော့ ဘွားစီစဉ်တာကို နာခံရုံအပြင် တခြားမရှိ။ မယ်မယ်ကြီးကိုယ်တိုင်က အစကတည်းက သူ့သဘောထားကို အပြတ်ကြေညာထားပြီးသား ဖြစ်သည်။

''မဟူရာစံအိမ်က အမုန်းနက်ရဲ့ ဘိုးနဲ့ဘွားကို ဖိတ်ပေးပါလား ပင့်ခ်။ သူတို့လည်း သူတို့မြေး မင်္ဂလာပွဲကို တက်ကြပါစေကွယ်''

''ဝတီသဘောပါ။ ဝတီဖြစ်ချင်တဲ့အတိုင်း ကိုယ်အားလုံး စီစဉ်ပေးမယ်''

ဘွားဝတီက ပါးပါးနုနု၊ မကျန်းမာသော အသွင်ကို ဆောင်နေသော်လည်း မယ်မယ်ကြီးကျတော့ ဘွားဝတီနှင့် ဆန့်ကျင်ဖက်၊ ကျန်းမာသူ ဖြစ်သည်။ နှစ်ယောက်အတူ ယှဉ်ကြည့်မှ ပိုသိသာသည်။ ဘွားဝတီက စိတ်သာရှိ၍ လူက မယ်မယ်ကြီးလို သွားနိုင်လာနိုင်သူ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မပါ။

“အမုန်းနက် မင်္ဂလာပွဲကို ဒီမှာပဲ ကျင်းပပြီး ညစာစားပွဲကိုတော့ ဝတီတို့အိမ်မှာ လုပ်ကြတာပေါ့”

“ပင့်ခ် ကောင်းသလိုသာ စီမံပါ။ ဝတီက ပင့်ခ် ဘာလုပ်လုပ် သဘောတူပါတယ်”

ဘွားဝတီ အစီအစဉ်ဖြင့် မဟူရာစံအိမ်က ဘိုးနှင့်ဘွား ရောက်လာသည်။ ထုံးစံအတိုင်း မဟူရာစံအိမ်က ဘိုးနှင့်ဘွား မျက်နှာတွေက ခပ်တင်းတင်း အရယ်အပြုံးကင်းစွာ မယ်မယ်ကြီးနှင့် ဘွားဝတီပြောသမျှ ငြိမ်သက်စွာ နားထောင်ကြသည်။

ဘာဝေဖန်ချက်မှ မပေး။

မဟူရာစံအိမ်က ဘွားကတော့ အမုန်းနက် တစ်ကိုယ်လုံးကို သဘောမကျသော အကြည့်ဖြင့် မျက်ခုံးတစ်ချက်တွန့်ပြီး မျက်နှာလွှဲသွားသည်။ ဘွားအကြည့်ကို အမုန်းနက် သိသည်။ ပြောင်းလဲနေသော အမုန်းနက် ကိုယ်ပေါ်က အဝတ်အစားများ၊ ဆံပင်ထုံးဖွဲ့ ပြင်ဆင်မှုများ အရောင်တောက် ဝတ်စုံများနှင့် အမုန်းနက်ကို ကြည့်ရဟန်မတူ။

“အမုန်းနက်နက်ဆိုတာ ခင်ဗျားမြေးပဲ ဒေါ်ဝတီ၊ ခင်ဗျား ကျေနပ်တယ်ဆိုရင် ပြီးတာပဲ”

ဘိုးအသံက ခပ်ပြတ်ပြတ်ဖြစ်သည်။ အမုန်းနက်ကို တစ်ချက်လှမ်းကြည့်ပြီး နောက်ထပ်မကြည့်တော့။ သူတို့အိမ်ကြီးမှာ မနေချင်၍ ထွက်ပြေးလာသော အမုန်းနက်ကို မဟူရာစံအိမ်က ဘိုးနှင့်ဘွားက စိတ်နာနေသည့် ပုံစံဖြစ်သည်။

“အို… ဒီလိုလည်း မဟုတ်ပါဘူး”





မဟူရာစံအိမ်ရဲ့ အရှင်သခင်။ အမုန်းနက် ဘိုးနှင့်ဘွားက ဘယ်တုန်းကမှ အမုန်းနက်အပေါ်မှာ ကြည်ဖြူ နှစ်လိုခဲ့တာမှ မဟုတ်ပဲ။

“ရှင်ပြောတာလည်း မှန်သင့်သလောက် မှန်ပါတယ်။ ဒါပေမယ့် အမုန်းနက်နက် ရှင်တို့နဲ့ပဲ တစ်သက်လုံးအတူ နေလာခဲ့တဲ့မြေးဆိုတော့… ”

“ဒါတွေက ပြီးခဲ့ပါပြီ ဒေါ်ဝတီ။ ကျုပ်တို့စောင့်ရှောက်မှုအောက်က အမုန်းနက် လူလားမြောက်ခဲ့တာ မှန်တယ်။ အခု သူ့ဘဝ သူလျှောက်လှမ်းတော့မယ့်ခရီးကို သူကိုယ်တိုင် ရွေးချယ်ခဲ့ပြီးပြီ”

“ကျုပ်တို့ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဒီမင်္ဂလာပွဲကို ခင်ဗျားတို့ ကျင်းပမှာက ကျင်းပမှာပဲ။ ဒီတော့ ခင်ဗျားတို့ လုပ်စရာရှိတဲ့အတိုင်း အမုန်းနက်ရဲ့ နှစ်ဖက်ဘိုးဘွားနေရာက ကျုပ်တို့ ဝင်ရပ်ပေးမယ်”

ဘိုးက စကားများများ ပြောသူမဟုတ်။ အမုန်းနက် ကိစ္စနှင့်ပတ်သက်ပြီး သူ့သဘောထားကို ရှင်းပြပြီး နောက်ထပ်ဘာစကားမှ ထပ်မပြောဘဲ ငြိမ်သွားသလို ဘွားကလည်း ဘိုးသဘောအတိုင်းပါဆိုသည့်သဘောနှင့် မည်သူ့ကိုမှ စကားမပြော။ မျက်နှာထားတင်းတင်းနှင့် ငြိမ်နေ၍ မယ်မယ်ကြီးကပဲ ဘိုးနှင့်ဘွားကို ပြောစရာရှိတာ ဦးဆောင်ပြောသူ ဖြစ်သည်။

“ကောင်းပြီ။ ခင်ဗျားတို့ ပြောစရာရှိတာကုန်ပြီဆိုရင် ကျုပ်တို့ ပြန်မယ်”

“ဒီမှာ တစ်ညလောက်ဖြစ်ဖြစ်”

“ကျုပ်တို့ ဘယ်သူ့အိမ်မှာမှ မနေချင်ဘူး မတည်းဘူး ဒေါ်ဝတီ၊



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲနေ့ အချိန်မီရောက်အောင် လာမှာပါ''

''ကဲ… အဘွားကြီး ကျုပ်တို့ပြန်မယ်''

ဘိုးက သူ့ပြောစရာရှိတာပြောပြီး ဘွားဘက်ကို လှည့်ပြီး အိမ်ပြန်ရန် တိုက်တွန်းနှိုးဆော်လိုက်၍ အမုန်းနက် ဘိုးနှင့်ဘွားရှေ့မှာ ဒူးထောက်ပြီး အပြေးထိုင်ချလိုက်သည်။

''အမုန်းနက် ဘိုးနဲ့ဘွားကို ကန်တော့ပါရစေ''

ဘိုးက ဘာမှမပြော။

ဘွားကလည်း ငြိမ်နေ၍ အမုန်းနက်က သူမ အမှားတွေကို ခွင့်လွှတ်ပါရန် တောင်းပန်ပြီး မဟူရာစံအိမ်က ဘိုးနှင့်ဘွားကို ကန်တော့လိုက်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ်၊ သူတို့ကလည်း အမုန်းနက်ရဲ့ ဘိုးနဲ့ ဘွားများ ဖြစ်သည်။

''ကျုပ်တို့ ပြန်မယ် ဒေါ်ဝတီ''

''ကောင်းပါပြီရှင်''

အသင့်ရပ်ထားသည့် ကားပေါ်တက်သွားသည့် အဘိုးအိုနှင့် အဘွားအိုကို ကြည့်ကာ အမုန်းနက် ဖော်မပြနိုင်သော ခံစားချက်တစ်မျိုးကို ခံစားလိုက်ရသည်။ ဘယ်လို ဝေဒနာဟု သူမကိုယ်သူမလည်း အသေအချာမသိ။ သူမ ငေးကြည့်နေဆဲမှာပင် မဟူရာစံအိမ်က ဘိုးနှင့် ဘွားစီးလာသည့်ကားက သူမ မျက်စိရှေ့က ပျောက်ကွယ်သွားသည်။

မင်္ဂလာကိစ္စကို ဘွားနှင့်မယ်မယ်ကြီးတို့ သဘောအတိုင်း စီစဉ်ကြပြီး အမုန်းနက်ကတော့ ဘာတစ်ခုမှပင် စိတ်ပင်ပန်း၊ လူပင်ပန်း မခံလိုက်ရပါ။ မျက်နှာကြီး အသိုင်းအဝိုင်းဖြစ်၍ နာမည်ကြီး မိတ်ကပ်ဆရာ၊ နာမည်ကြီး ဒီဇိုင်းနာနှင့် တိုင်ပင်ပြီး အကြီးအကျယ်ဆုံး အခမ်းနားဆုံး မင်္ဂလာတစ်ပွဲဖြစ်အောင် အစွမ်းကုန် ကြိုးစားအားထုတ်ကြသည့် ပွဲဖြစ်သည်။





အကြောင်းကိစ္စမရှိဘဲ အမုန်းနက်ကို အိမ်ထဲကအိမ်ပြင် မထွက်စေရ။ အမုန်းနက် မင်္ဂလာပွဲမှာ ဝတ်ဆင်ရမည့် ရတနာပစ္စည်းများ အားလုံး ဘွားဝတီပိုင် စိန်ထည်ပစ္စည်းအစစ်တွေချည်း အသုံးပြုထားသည်။

''ဒါတွေအားလုံး မြေးပိုင်တဲ့ ရတနာပစ္စည်းတွေချည်းပဲ… မင်္ဂလာဆောင်ပြီးရင် မြေးရသင့်ရထိုက်တဲ့ တခြားပစ္စည်းတွေကိုလည်း မြေးနာမည်နဲ့ လွှဲပေးဖို့ ဘွားအားလုံး စီစဉ်ထားပြီးပြီ''

''ဘွားရယ်''

ဘွားရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်တော့ ဘွားက အမုန်းနက် ကိုယ်လေးကို သူ၏လက်ကလေးများနှင့် ကြင်နာယုယစွာ ပြန်လည်ပွေ့ဖက်ထားရှာပါသည်။ အမုန်းနက်နှင့် ဘွားဝတီတို့ တွေ့ဆုံမှုက နောက်ကျလှသည်။ အစကတည်းကသာ အဘွားလက်ထဲမှာ အမုန်းနက် ကြီးပြင်းရှင်သန်ခွင့်ရခဲ့လျှင် အမုန်းနက်ဘဝဟာ ဘယ်လောက်များ ဝင့်ထည်လှပခမ်းနားနေမည် မသိ။

အခုတော့ မဟူရာစံအိမ်လို နေရာမျိုးမှာ အမုန်းနက်ကို မုန်းသောသူတွေနှင့် အမုန်းနက်ဘဝကို ခါးသီးစွာ ဖြတ်သန်းခဲ့ရပုံကို ဝမ်းနည်းမှုတွေနှင့် နာကျင်ကျေကွဲစရာ ဖြစ်သည်။

''မငိုပါနဲ့ မြေးရယ်။ ဘဝဆိုတာ ဒီလိုပဲ။ ကိုယ်ဖြစ်ချင်တာ မဖြစ်ဘဲ သူဖြစ်ချင်တာတွေချည်း ဖြစ်နေတတ်တယ်ဆိုတာ နောက်တော့ မြေး နားလည်သွားမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဆန္ဒနဲ့ဘဝ တစ်ထပ်တည်း ကျခဲ့ရသူတွေထဲမှာ ဘွားတို့မပါခဲ့ဘူးဆိုတာ မြေးသိမှာပါ"

သိပါသည်။

သိလွန်း၍ အမုန်းနက် နှလုံးသားမှာ နာကျင်မှုတွေ ခံစားခဲ့ရသည့် အချိန်တွေ ဘယ်လောက်ကြာခဲ့လဲ။ ဘွားရင်ခွင်မှာ အမုန်းနက်ကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ရှိုက်ငိုမိသည်။

"မြေး ခံစားချက်ကို ဘွားနားလည်ပါတယ်ကွယ်။ မဟူရာစံအိမ်က ဘိုးနဲ့ဘွားကိုလည်း မြေးမမုန်းပါနဲ့။ သူတို့ရဲ့ ပြုစုစောင့်ရှောက်မှုအောက်မှာ မြေးလေးလူလားမြောက် ရှင်သန်ခွင့်ရတာကိုပဲ ဘွားကျေးဇူးတင်နေတာပါ"

"သူတို့သာ ဘွားမြေးလေးကို အဲဒီအချိန်က စွန့်ပစ်ခဲ့ရင် ဘွားနဲ့မြေး ခုလို ဘယ်ပြန်ဆုံနိုင်မှာလဲ မြေးရယ်"

ဘွားပြောတာ မှန်ပါသည်။

မဟူရာစံအိမ်က ဘိုးနဲ့ဘွား အမုန်းနက်ကို ကြည့်မရအောင် မုန်းပေမယ့် သူတို့မြေးကို စွန့်ပစ်သည့်အထိတော့ မရက်စက်ခဲ့ကြပါ။

"ဘွားပြောတာ မြေးနားလည်လားဟင်"

"နားလည်ပါတယ် ဘွားရယ်။ မဟူရာစံအိမ်က ဘိုးနဲ့ဘွားကို အမုန်းနက် မမုန်းပါဘူး"

"ဘွားဝမ်းသာပါတယ် ကွယ်"

"အခုချိန်ကစပြီး မြေးဘဝ တစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင် နေရတော့မှာပါ။ ဘွားကို ချစ်ရင် မငိုနဲ့တော့နော်"

အမုန်းနက် ဘွားစကားကို နားထောင်ပြီး အငိုရပ်လိုက်ရပေမယ့်





မင်းယုဂန်ဆိုသည့် လူကြီးနှင့်လက်ထပ်ပြီး တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားရမှာလားဆိုသည့် ဘွားစကားကို အမုန်းနက် သိပ်မယုံချင်ပါ။ သို့သော် အခုချိန်ကြမှ ဒီစကားတွေ ပြောနေလို့လည်း မထူးပါ။ နှစ်ဦးနှစ်ဖက် စိတ်ဆင်းရဲယုံအပြင် တခြားမရှိ။

ဘွားက အမုန်းနက်ကို သူမအလွန်သိချင်သော အမုန်းနက် မိဘနှစ်ပါးအကြောင်း ပြောတာကို ဘွားရင်ခွင်မှာ ငြိမ်သက်ပြီး နားထောင်နေမိသည်။ သနားစရာကောင်းသည့် အချစ်ဇာတ်လမ်းတစ်ပုဒ်ထဲမှာ ကိုယ်တိုင်ပတ်သက်ခဲ့သူက အမုန်းနက် ဖေဖေနဲ့ မေမေ။ အမုန်းနက်က မြေစာပင်ဖြစ်သည်။

"ဘွားမြေးက လိမ္မာပါတယ်ကွယ်။ ပြီးတော့ သိပ်လည်း လှတယ်။ ဒါကြောင့် မြေးကိုလိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတာ"

ဘွားစကား၏ ဦးတည်ရာကို အမုန်းနက် နားလည်သည်။ မင်းယုဂန်နှင့်, စောနေနတ်ဆိုသည့် တော်ဝင်မင်းသားနှစ်ပါး၏ အလယ်မှာ ရောက်နေသောအမုန်းနက်ကို အားကျအထင်ကြီးသူ၊ ကြည့်မရအောင် မျက်မုန်းကျိုးနေကြသူတွေ အလယ်မှာ အမုန်းနက် ဓလေ့ပွဲကလည်း လူအများပြောစရာဖြစ်အောင် ကြီးကျယ်ခမ်းနားခဲ့သည်။

လှပသည့် သတို့သမီးနှင့် လိုက်ဖက်ညီသော တည်ငြိမ်ခန့်ညားသည့် သတို့သားမင်းယုဂန်ကို လူတိုင်းက ငေးနေရသည်။ ထိုသူတွေထဲမှာ စောနေနတ်လည်း အပါအဝင်ဖြစ်သည်။ အမုန်းနက် ပျောက်သွားသည့်နေ့က စောနေနတ်သာ အမုန်းနက်ကို မနားမနေ ရှာဖွေခဲ့သည်မှာ နှင်းစုန်းမိုးချုပ်သည်အထိ ဖြစ်သည်။

www.burmeseclassic.com



ရင်ထဲမှာ ပူနေသည်။

သူချစ်သော၊ မြတ်နိုးသောချစ်သူ ဘယ်လိုနေရာမှာ ဘယ်လို ဒုက္ခအန္တရာယ်နဲ့ တွေ့နေသည်။ ဘာတွေဖြစ်နေလဲ တွေးပြီး တစ်ညလုံး မအိပ်နိုင်ဖြစ်ခဲ့သည့် အချိန်တွေမှာ မင်းယုဂန်က အမုန်းနက်ကို သူ့ရင်ခွင်ထဲမှာ ထွေးဖက်ပြီး တစ်ညလုံး တောထဲက တဲတစ်လုံးထဲမှာ တစ်ညတာ အချိန်ကုန်ဆုံးခဲ့သည်။

ဘယ်သူမှ အိပ်ရာကမနိုးခင် အမုန်းနက်ကို စောနေနတ် အရှာ ထွက်ခဲ့သည်။ တွေ့သည့် အချိန်မှာတော့ သူနောက်ကျသွားပြီဆိုတာ သိလိုက်သည်။ အမုန်းနက်ကို သူပိုင်ဆိုင်ခွင့် မရှိတော့။ အမုန်းနက်က စောနေနတ်ကို တွေ့သည်နှင့် မင်းယုဂန်ရင်ခွင်ထဲက ပြေးထွက်လာပြီး သူ့ရင်ခွင်ထဲ တိုးဝင်ကာ စောနေနတ်ကို အားကိုးတကြီး ဖက်ထားခဲ့သည်။

ပြီးတော့ ဖြစ်ကြောင်းကုန်စင် ရှင်းပြသည်။ အမုန်းနက် ပြောဆို သမျှကို အေးဆေးတည်ငြိမ်သော အသွင်၊ ခန့်ညားသော မျက်နှာနှင့် စောနေနတ်တို့နှစ်ယောက်ကို လှက်ပိုက်ကြည့်နေသည့် မင်းယုဂန်။ သူ့အကြည့်တွေက စူးရှသည်၊ လေးနက်သည်။ ထိုအကြည့်ကို မြင် လိုက်ရကတည်းက မင်းယုဂန်ကို စောနေနတ် ရှုံးလိုက်ပြီဟု သိလိုက် သည်။

မယ်မယ်ကြီးအပါအဝင် အားလုံးက အမုန်းနက်နှင့် မင်းယုဂန် တောထဲမှာ တစ်ညတာ ပျောက်ဆုံးမှုအပေါ် ဝေဖန်မှုတွေ အမျိုးမျိုးနှင့် သားသမီးချင်း ကိုယ်ချင်းမစာ ပြောကြသည့်စကားတွေ ကြောက်စရာ ကောင်းသည်။ တစ်ယောက်မှ တစ်ယောက်သို့ မီးပမာ ပျံ့နှံ့သွား သည်။ အမုန်းနက်ကို စောနေနတ် ယုံပေမယ့် တခြားသူတွေက





ဘယ်သူမှ မယုံ။

တောထဲမှာ တစ်ညအိပ်ခဲ့ကြသည့် ယောကျ်ားပျိုနှင့် မိန်းမပျို အကြောင်း ပုံကြီးချဲ့ပြောဆိုနေကြပြီးချိန်မှာ စောနေနတ်က အမုန်းနက်ကို လက်ထပ်ပါရစေဟု မယ်မယ်ကြီးထံမှာ ရဲဝံ့စွာ တောင်းခဲ့ပေမယ့် မယ်မယ်ကြီးက လက်မခံ။ အစကတည်းက နာမည်ပျက်ရှိနေသူနှင့် အမုန်းနက်ကို သဘောမတူကြောင်း အတိအလင်းကြေညာထားသူပီပီ အမုန်းနက်ကိုပင် တွေ့ခွင့်မပေးခဲ့။

မင်္ဂလာပွဲကျင်းပသည့်အချိန်ကြမှ အမုန်းနက်ကို စောနေနတ် တွေ့ခွင့်မြင်ခွင့်ရသည်။ အရာရာ အချိန်နှောင်းခဲ့ပြီးမှ ပြန်တွေ့တော့လည်း စောနေနတ် ဘာမှ လုပ်ခွင့်မရလိုက်ပါ။ သတို့သားနှင့် သတို့သမီး သူနားရောက်လာတော့ အမုန်းနက်မျက်နှာမှာ မျက်ရည် ရစ်ဝိုင်းသွား သလို စောနေနတ်လည်း ရင်နာနာနှင့် ချစ်သူမျက်နှာကို အမြတ်တနိုး စူးစိုက်ကြည့်ရင်း အပြုံးနှင့် နှုတ်ဆက်နိုင်အောင် မနည်းအားတင်းထား လိုက်ရသည်။

"ကွန်ကရက်ကျူလေးရှင်း မင်းယုဂန်"

"သင့်ခ်ယူ"

အမုန်းနက်တို့ မင်္ဂလာဆောင်နှံ့ တခြားဝိုင်းကို ကူးသွားချိန်မှာ စောနေနတ် နှလုံးသားတို့ တစ်စစီ ကွဲကြေသွားသည်။ အချစ်ဆုံး ချစ်သူကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီးမှတော့ သူ့ဘဝထဲကို နောက်ထပ် တခြားသူ ဝင်လာစရာမရှိ။ သူ့ကိုယ်စား မင်းယုဂန်က အမုန်းနက်လို အင်မတန် ချစ်မြတ်နိုးစရာကောင်းသည့် မိန်းကလေးကို ပိုင်ဆိုင်ခွင့် ရရှိသွားသည့် ကံတရားကိုပဲ အပြစ်တင်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြန်လမ်းတစ်လျှောက် ကြောက်စရာ၊ နာကျင်ကြေကွဲ ရှုံ့မဲ့မှုများနှင့် စောနေနုတ် ပြန်သွားချိန်မှာ မင်းယုဂန်ကတော့ သူ့အလို ချင်ဆုံး၊ အတောင့်တဆုံး ဘဝတစ်ခုကို မြတ်နိုး၊ နှစ်သက်စွာ ပိုင်ဆိုင်ခွင့် ရခြင်းအပေါ် ကံတရားကို အထပ်ထပ် ကျေးဇူးတင်နေသည်။

အလွန်လှပ၍ ချစ်စရာကောင်းသော မင်္ဂလာသတို့သမီးလေး အကြောင်းတွေးရင်း မင်းယုဂန် တစိမ့်စိမ့်ပျော်နေချိန်မှာ အမုန်းနက်က သူမတစ်ယောက်တည်း အခန်းတံခါးပိတ်၍ တိတ်ဆိတ် ငြိမ်သက်နေ သည်။

သူမ ဘာတွေခံစားနေရလဲဆိုတာ မင်းယုဂန် သိသည်။ သူ ဖြစ်ချင် တာ ဖြစ်ခွင့်ရပြီမို့ အမုန်းနက် ခံစားနာကျင်နေရခြင်းအပေါ် အပြစ် မမြင်တော့။ စိတ်တစ်ပိုင်းက အမုန်းနက်အပေါ် နားလည်ခွင့်လွှတ် ထားပေမယ့် ကျန်တစ်ပိုင်းကတော့ မနာလိုဝန်တိုခြင်းတို့ကြောင့် ပူလောင် နေတာ သူပဲ သိသည်။

အမုန်းနက် သူ့ကို လက်မထပ်ချင်တာ မင်းယုဂန် သိသည်။ မယ်မယ်ကြီးဆန္ဒနှင့် သူမဘွားဝတီ ဆန္ဒကို မလွန်ဆန်နိုင်၍ သူ့ကို လက်ထပ်ရန် သဘောတူခဲ့သည့်အပေါ်မှာ သူ ဘာမှပြောစရာမရှိ။ အမုန်းနက်ချစ်တာ မင်းယုဂန် ဆိုသည့်လူ မှုဟုတ်။

စောနေနုတ်ဆိုသည့်လူက အမုန်းနက်ချစ်သူ ဖြစ်သည်။ စောနေနုတ်က လက်ထပ်ခွင့်တောင်းပေမယ့် မယ်မယ်ကြီးက လက်မခံ။ တခြားအကြံအစည်နှင့် အမုန်းနက်ကို ခိုးပြေးမည်စိုး၍ မယ်မယ်ကြီး အမုန်းနက်ကို အိမ်ထဲက အိမ်ပြင်မထွက်အောင် အစောင့်အကျပ်တွေ အပြည့်ထားပြီး တစ်ရက်က နှစ်ရက်မဖြစ်အောင် အထူးဂရုစိုက် စောင့်





ရှောက်ခဲ့သည်။

အမုန်းနက်ကို မင်းယုဂန် ပိုင်ဆိုင်ခဲ့သည်။ သို့သော် သူတို့ မင်္ဂလာဦးက တခြားသူတွေလို တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မဝ၊ ရှုမဝပုံစံမျိုးမဟုတ်။ အစကတည်းက မင်းယုဂန်က စကားအပို ဆိုတတ်သူမဟုတ်တော့ ပိုဆိုးသည်။ ဒီအကြောင်း အရာတွေရှိ သိထားပြီးသားဆိုတော့ သူ့ကို အမုန်းနက်မျက်နှာ မကြည့်ချင်အောင် မုန်းနေမှာ သေချာသည်။

တစ်ခုပြောလာသည်က အမုန်းနက်ကို သူ မည်မျှချစ်ကြောင်း၊ မြတ်နိုးကြောင်း တောထဲက ညမှာ ရင်ဖွင့်ရခြင်း ဖြစ်သည်။ အမုန်းနက် ထင်သလို အမုန်းနက်ကို အပြစ်မရှိ၊ အပြစ်ရှာပြီး မတူမတန်သလို ဆက်ဆံခြင်း မဟုတ်တာကို အမုန်းနက်ကို သူကြိုးစား ရှင်းပြခဲ့သည်။ အမုန်းနက်ဘက်က သူ့သဘောထားကို ဘယ်လိုလက်ခံထားမှန်းတော့ မသိ။

လက်ထပ်ပြီး ပူပူနွေးနွေး သတို့သားက သတို့သမီးကို ပြော စရာစကား ရှာမရဖြစ်နေ၍ လက်ထဲက စီးကရက်ကိုသာ မဲသောက်နေမိ သည်။ နောက်ဆုံး တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီး၏ တစ်နေရာ ဆီမှာ တိုးသဲ့စွာ ရှိုက်ငိုသံလေးကြားမှ မင်းယုဂန် အမုန်းနက်ရှိရာ ခြေလှမ်းကြီးကြီးနှင့် ရောက်သွားသည်။

မင်္ဂလာဦးအိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်တော့ အိပ်ခန်းတံခါးကို ပိတ်ပစ်ထား၍ ဖွင့်မရ။ မျက်ခုံးတစ်ချက်တွန့်ပြီး အိပ်ခန်းတံခါးကို အသာခေါက်လိုက်သည်။

"ခေါက်… ခေါက်"



www.burmeseclassic.com

www.burmeseclassic.com



"အမုန်းနက်… ကိုယ့်ကို အခန်းတံခါးဖွင့်ပေးပါဦး"

သူ့အသံအဆုံးမှာ ရှိုက်ငိုသံလေး တိခနဲ ပြတ်ကျသွားပြီး အခန်းတစ်ခုလုံး ငြိမ်သွားသည်။

"အမုန်းနက်"

"ရှင်… အမုန်းနက် နာမည်ကို မခေါ်နဲ့"

ရှိုက်သံနှင့် ရောထွက်လာသဖြင့် အမုန်းနက်ထံမှ နာကြည်းသံလေးကြောင့် မင်းယုဂန် မျက်ခုံးထူတွေ ဆတ်ခနဲ ပင့်တက်သွားသည်။

သူ့ကို အမုန်းနက် နာကြည်းနေတာပါလား။ ဒီပုံအတိုင်းဆို သူနဲ့ အမုန်းနက်တို့ ရှေ့ဆက်သွားမည့် အနာဂတ်ခရီးက ရင်မောစရာဖြစ်သည်။ သူလိုချင်တာက အမုန်းနက်ထံမှ အမုန်းမဟုတ်။ သူ့အပေါ် လှိုက်လှဲစွာ တုံ့ပြန့်လာမည့် အမုန်းနက်ထံမှ ချစ်မေတ္တာဖြစ်သည်။

"ကိုယ်မှာ ဘာအပြစ်ရှိလို့လဲ။ ဒီလောက်မုန်းနေရတာလဲ အမုန်းနက်။ ကိုယ်အမုန်းကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်ဆိုတာ အမုန်းနက် သိအောင် ကိုယ်ပြောပြီးပြီပဲ"

"အခုဆို ကိုယ်တို့နှစ်ယောက်ဟာ သူစိမ်းတွေ မဟုတ်တော့ဘူး လက်ထပ်ပြီးသား ဇနီးမောင်နှံတွေဖြစ်နေပြီ အမုန်းနက်"

"မပြောနဲ့ ဘာမှ မကြားချင်ဘူး"

"ရှင့်ကို အမုန်းနက် မုန်းတယ်"

"အိး… ဟီး… ဟီး"

ငိုနေသည့်သူက သူ့ခံစားချက်တွေနဲ့သူ ဝမ်းပမ်းတနည်း သည်းသည်းရှိုက်ရှိုက် ငိုနေပေမယ့် အမုန်းနက်ထံမှ ငိုရှိုက်သံကို ကြားနေရသူ၏ နှလုံးသားက နာကျင်မှုက သူမထံမှ ငိုရှိုက်သံနှင့် ထပ်တူ





ဖြစ်နေခြင်း ချစ်သူငိုလျှင် လိုက်ငိုချင်သည့် နှလုံးသားတစ်စုံအကြောင်း မင်းယုဂန်ကို ကိုယ်တိုင်ကြုံမှ သိခဲ့ရတာမျိုးပါ။

မင်းကို ကိုယ်သိပ်ချစ်တယ် အမုန်းနက်ရယ်။ ဘာဖြစ်လို့ ကိုယ့်ကို ခင်း မုန်းနေရတာလဲ။

"ကိုယ့်ကိုယ် တံခါးဖွင့်ပေးပါဦး အမုန်းနက်"

"မဖွင့်ဘူး၊ ဘယ်တော့မှ မဖွင့်ဘူး"

"အမုန်းနက်နားကို ရှင်မလာနဲ့။ ရှင့်မျက်နှာကို အမုန်းနက် မမြင်ချင်ဘူး"

ပြဿနာပါလား။

BURMESE CLASSIC

အမုန်းနက်က ပြောလည်းပြော၊ ငိုလည်း ငိုဆိုတော့ သူစိတ်ညစ်သွားသည်။ ဒီပုံနဲ့ သူက ဘာပြောပြော နားဝင်မှာ မဟုတ်၍ သူ့လက်လျှော့လိုက်သည်။

"ကောင်းပြီ။ အမုန်းနက်နားကို ကိုယ့်ကို မလာစေချင်ရင် ကိုယ်မလာဘူး… အမုန်းနက်ဘာသာ အေးအေးဆေးဆေး အနားယူလိုက်ပါတော့လား"

"ကိုယ်အမုန်းနက်ကို အရှုံးပေးပါတယ်"

အခန်းအပြင်ဘက်က မင်းယုဂန် စကားအဆုံးမှာ အမုန်းနက်ရင်ထဲ ဘယ်နေရာကမှန်းမသိ နာကျင်သွားသည်။ မင်္ဂလာပွဲမှာ စောနေနတ်မျက်နှာကိုမြင်တော့ ပို၍ အသည်းနှလုံးတွေ နာကျင်သည်။ ကမ်းတလှမ်းမော့ဖွယ် ရီဝေဆွတ်ပျံ့သည့် စောနေနတ်ထံမှ လွမ်းလွမ်းဆွေးဆွေး အကြည့်တွေကို အမုန်းနက် ဘယ်တော့မှ မမေ့။

တောထဲမှာ အမုန်းနက်တစ်ယောက်တည်း ရှိနေသည့်အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



စောနေနတ် ရောက်မလာဘဲ မင်းယုဂန်ဆိုသည့်လူ ရောက်လာအောင် အလွဲလွဲ၊ အမှားမှား ဖန်းတီးပေးရက်သည့် ကံကြမ္မာကို အမုန်းနက် အပြစ်တင်မိသည်။ အမုန်းနက်ဖြစ်ချင်တာ တစ်ခုမှ ဖြစ်ခွင့်မရပေမယ့် ဘွားဝတီနှင့် မယ်မယ်ကြီးအပါအဝင် မင်းယုဂန်ဆိုသည့် လူတွေကတော့ သူတို့ဖြစ်ချင်တာ ဖြစ်ခွင့်ရလိုက်သည့်အပေါ်မှာ အကျေနပ်ကြီး ကျေနပ်နေသည်မှာ သေချာသည်။

မင်းယုဂန်ဆိုသည့် လူကို အမုန်းနက် လက်မထပ်ချင်ပါ။ ငြင်းပယ်ထားလျက် အမုန်းနက်ကို ရယူလက်ထပ်သည့် လူကို အမုန်းနက်မှ မမုန်းလျှင် မည်သူမုန်းမည်နည်း။

မဟူရာစံအိမ်က ဘိုးနှင့်ဘွား အမုန်းနက် မင်္ဂလာပွဲကို ရောက်လာသည်။ သူတို့ တစ်ဦးတည်းသော မြေးအတွက် လက်ဖွဲ့သွားသည့် ပစ္စည်းက အမုန်းနက်အမည်နှင့် လွှဲပြောင်းပေးထားသည့် မဟူရာစံအိမ်ကြီး အပါအဝင်၊ ဘိုးနှင့်ဘွား ပိုင်ဆိုင်မှုအားလုံး စာရင်းအတိအကျနှင့် ဖြစ်သည်။ ဒီလိုကျတော့လည်း ဘိုးနဲ့ဘွားက အမုန်းနက်ကို ချစ်သားပဲဟု ဝမ်းသာစိတ်ဖြစ်မိသလို အတူနေရသည့် အချိန်ကာလတစ်လျှောက်လုံး ဘာကြောင့် ဘိုးနှင့်ဘွားတို့ အမုန်းကို ရရှိခဲ့ပါလိမ့်ဟု တွေးရင်း ဝမ်းနည်းကြေကွဲ စိတ်ဖြစ်ရသည်။

ဘွားဝတီက အမုန်းနက်ကို သူပိုင်စိန်ရွှေ လက်ဝတ်ရတနာ၊ အဖိုးတန် လက်ဖွဲ့ပစ္စည်းများနှင့်တကွ အခုအမုန်းနက်တို့ လက်ရှိနေသည့် မင်္ဂလာဦးအိမ်ကို ဘွားဝတီက လက်ဖွဲ့သည်။ မယ်မယ်ကြီးက အမုန်းနက်အတွက် ကားတစ်စီး လက်ဖွဲ့သဖြင့် အမုန်းနက် ဘဝကလိုအပ်တာထက် ပိုပြည့်စုံရုံမက ပိုလျှံနေသည်။





အမုန်းနက် လိုချင်သည်က ထိုအရာတွေချည်းမဟုတ်၊ အမုန်းနက် ဘဝကို ချစ်ခြင်းမေတ္တာတို့ဖြင့် တာဝရကြင်နာစွာ နွေးထွေးနေမည့် ချစ်သူတစ်ယောက်၏ ရင်ခွင်တစ်စုံ ဖြစ်နေသနည်း။ အမုန်းနက် အလိုချင်၊ အတောင့်တဆုံးအရာက အမုန်းနက် လက်ထဲမှာ မရှိ။

ဝမ်းနည်းနာကျင်သော နှလုံးသားအစုံဖြင့် မင်္ဂလာဦးအိပ်ရာကြီးထဲမှာ လူးလိမ့်ငိုကြွေရင်း မောမောပန်းပန်းနှင့် အိပ်ပျော်သွားသည့် အလွန်လှပသော ချစ်စရာကောင်းသော မင်္ဂလာသတို့သမီး၏ အနာဂတ်ချစ်ခရီးလမ်း လှမ်းမျှော်ကြည့်နေသူက ညင်သာစွာ ဖြတ်တိုက်သွားသည့် လေပြည်ညင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အမုန်းနက်"

"အို…ရှင်ဘာလို့ အမုန်းနက်အခန်းထဲကို ဝင်လာရတာလဲ၊ အခုထွက်သွားပါ"

"ဒီအခန်းက အမုန်းနက်ပိုင်သလို ကိုယ်လည်းပိုင်တယ်ဆိုတာ အမုန်းနက်မေ့သွားပြီ ထင်တယ်"

မင်းယုဂန်စကားကြောင့် အမုန်းနက် မျက်နှာလေး တင်းမာသွားတာကို ကြည့်ပြီး မင်းယုဂန် ကျိတ်သက်ပြင်း ရှိုက်လိုက်သည်။ အမုန်းနက် စိတ်သဘောအတိုင်း သူမစိတ်ကြိုက် သူနေခွင့်ပြုခဲ့တာ ဒီနေ့ဆိုရင် သုံးရက်ရှိပါပြီ။ အမုန်းနက်က မင်းယုဂန်ကို စကားလည်း မပြော။ အရေးလည်း မလုပ်။ မင်္ဂလာဦး အိပ်ခန်းကို သူမတစ်ယောက်တည်း အပိုင်ယူထားပြီး တစ်နေကုန် အခန်းတံခါး ပိတ်ထားသည်။

စားစရာရှိတာ သူ့အခန်းထဲ ယူသွားသည်။ တစ်အိမ်တည်းနေပြီး မျက်နှာချင်းမဆိုင်၊ တကယ့် သူစိမ်းတွေလို နေလာရတာ ကြာတော့ မင်းယုဂန်စိတ်ထဲ ကြာရှည်သည်းမခံနိုင် ဖြစ်လာသည်။ ဒီအတိုင်း





ထွတ်ထားလျှင် အခုထက် ပိုဆိုးတာပဲ ရှိမည်။ အဆင်ပြေလာစရာ အကြောင်းမရှိ။ နောက်ဆုံး အမုန်းနက်နှင့် မျက်နှာချင်းဆိုင်ရန် ဆုံးဖြတ်ပြီး သူမအိပ်ခန်းတံခါးကို ဖွင့်သည့်အချိန်မှာ မင်းယုဂန် သူမအခန်းထဲ ဝင်၍ အမုန်းနက်နှင့် မျက်နှာချင်းဆိုင်လိုက်ခြင်း ဖြစ်သည်။

သူ့မျက်နှာကိုမြင်တော့ အမုန်းနက်က ဒေါသမျက်ဝန်းလေးများဖြင့် သူ့ကို ချာခနဲ ကျောခိုင်းလိုက်သည်။

"ရှင် ဒီအခန်းမှာနေချင်တယ်ဆိုရင်လည်း ရတယ်"

ပြောပြီး အမုန်းနက် အိပ်ခန်းထဲကထွက်ရန် ခြေလှမ်းပြင်လိုက်တော့ မင်းယုဂန့်က အမုန်းနက်ရှေ့မှာ ပိတ်ရပ်လိုက်သည်။

"ရှင် ဒါဘာလုပ်တာလဲ၊ အမုန်းနက် ရှေ့က ဖယ်ပါ"

"ကိုယ်တို့ ကိစ္စက ဒီလိုနဲ့ပဲ ပြီးသွားရတော့မှာလား အမုန်းနက်"

"ဒီလို မပြီးလို့ ရှင်က ဘယ်လိုပြီးချင်လို့လဲ"

"ကိုယ်ကလား"

ဒေါသဖြစ်ဖြစ်နှင့် ရန်တွေ့စကားဆိုပြီးမှ သူမ စကားအပြောမှား သွားမှန်း အမုန်းနက် သိလိုက်ပေမယ့် ပြန်ပြင်ဆင်ချိန် မရတော့။

"ကိုယ်တို့က တရားဝင်လက်ထပ်ထားကြတဲ့ သူတွေပဲလေ အမုန်းနက်။ ကိုယ့်ဘဝကို ချစ်စရာ ဇနီးမယား၊ ချစ်စရာ သမီးသားတွေနဲ့ပဲ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းချင်တယ်။ ဖြတ်သန်းခွင့်ပေးပါလို့လည်း အမုန်းနက်ကို ကိုယ်အလေးအနက် တောင်းဆိုပါရစေ"

"ရှင်ပြောသလို ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး ဦးမင်းယုဂန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ရှင်နဲ့ အမုန်းနက် အတူမနေချင်လို့"

"ကိုယ်ကတော့ အမုန်းနက်နဲ့ပဲ နေချင်တယ်"

"ရှင့်ဘာသာ နေချင်ရင် တစ်ယောက်တည်းနေ၊ အမုန်းနက်နဲ့ ဘာမှ မဆိုင်ဘူး"

"အမုန်းနက်"

"အို… ရှင် ဒါဘာလုပ်တာလဲ။ အမုန်းနက်လက်ကို လွှတ်နော်"

သူ့နားက ထွက်သွားဖို့ခြေလှမ်းပြင်နေသည့် အမုန်းနက် လက်လေးတစ်ဖက်ကို နွေးထွေးသန်မာသော လက်များဖြင့် မင်းယုဂန် ဆွဲယူဖမ်းဆုတ်လိုက်၍ အမုန်းနက် သူမလက်လေးကို သူ့လက်ထဲက ရုန်းဖယ်ဖို့ ကြိုးစားပေမယ့် သူကမလွှတ်။

"ကိုယ် အမုန်းနက်ကို ချစ်တယ်။ အမုန်းနက်နဲ့ ခွဲပြီးတော့လည်း မနေနိုင်ဘူး"

"ရှင့်ကို အမုန်းနက် မချစ်ဘူး"

"နောက်တော့ ချစ်လာအောင် ကိုယ်ကြိုးစားမှာပါ"

"အို… မသိဘူး၊ မသိဘူး။ အမုန်းနက် လက်ကိုလွှတ်"

"မလွှတ်ဘူး၊ ကိုယ်အမုန်းနက်ကို ကိုယ့်ရင်ခွင်ထဲမှာပဲ အပိုင် သိမ်းထားလိုက်တော့မယ်"

"ရှင်နော်… လွှတ်ဆို"

"လွှတ်နော်"

အင်အားခြင်းက မမျှ။

ခွတ်အတင်း ထုရိုက် ရုန်းကန်ရင်း အမုန်းနက် တစ်ကိုယ်လုံး





မင်းယုဂန်ရင်ခွင်ထဲ နစ်ဝင်သွားသည့်အချိန်မှာ သူက အမုန်းနက် မျက်နှာလေးကို သူ့လက်တစ်ဖက်နှင့် ပင့်ယူပြီး အမုန်းနက် မျက်ဝန်း တွေကို ရွှန်းလဲ့စွာ စူးစိုက်ကြည့်သည်။

"မင်းကို ကိုယ်သိပ်ချစ်တယ် အမုန်းနက်"

"ကိုယ့်ကို ခွင့်လွှတ်ပါ"

"ရှင် အမုန်းနက်အသားကို မထိနဲ့ဆို"

"အို"

အမုန်းနက်၏ မျက်နှာလေးထက် အုပ်မိုးဖိအုပ်လာသည့် မင်းယုဂန် ၏ မျက်နှာချောချောကို ရုန်းဖယ်သော်လည်း မရ။ လှိုက်လှဲစွာ ကျရောက်လာသည့် ချစ်အနမ်းတွေအောက်မှာ အမုန်းနက်ကို အသက် ရှုမွှားစေသော အတွေ့တစ်ခုပြီးတစ်ခု။ အမုန်းနက် သူမမျက်နှာလေးကို ခါထုတ်လိုက်တော့ သူ့အနမ်းက ဖြူနုသော အမုန်းနက် လည်တိုင်မှ တစ်ဆင့် အရှိန်ပြင်းစွာ ဖြတ်သန်းစီးဆင်းသွားသည်။

ရုန်းပေမယ့် မရ။

တွန်းကန်ထုရိုက်သော်လည်း သူက မမှု။ အသက်ရှုမွှားမတတ် မွှန်းကျပ်ရှုပ်ထွေးသော အခြေအနေတစ်ရပ်ကို ခွတ်အတင်းဖန်ဆင်း နေသူ၏ရင်ခွင်က အမုန်းနက် ကိုယ်လေးကို လှုပ်မရအောင် တုပ်နှောင် ထားသည်။

"ရှင် လွှတ်နော်"

"ဟင့်အင်း"

"ရှင့်ကို အမုန်းနက် ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

အမုန်းနက် ဘာပြောပြော သူက မပြော။ သည့်သည်နှံ့သော



www.burmeseclassic.com

www.burmeseclassic.com



အနမ်းမုန်တိုင်းအောက်မှာ အမုန်းနက် တစ်ကိုယ်လုံး နစ်မြုပ်သွားသလို မင်းယုဂန်ရင်ခွင်ထဲ သူမကိုယ်လေးရွေ့ခနဲ မြောက်သွားသည်။ ကျောနှင့် အိပ်ရာအထိမှာ အမုန်းနက် ရုန်းဖယ်ပေမယ့် မရ။ ပြိုဆင်းလာသည့် အနမ်းတွေက လှိုင်းလေပြင်းသော မုန်တိုင်းတစ်ခုနှယ်။ အမုန်းနက် ကိုယ်လေးကို အဝေးဆုံးနေရာသစ်သို့ အရှိန်နှင့် မြင့်တင်တွန်းပို့ ပစ်လိုက်သည်။

စီးကျလာသည့် မျက်ရည်တွေကို အနမ်းနှင့် ဖယ်ရှားပေးနေသူ ထံမှ ချစ်ခြင်း၊ မြတ်နိုးခြင်း၊ ကြည်နူးနှစ်သိမ့်ခြင်း အစုအဝေးကြောင့် အရောင်တောက်နေသည်။

"ကိုယ်တို့ တစ်သက်လုံး ဒီလိုအမြဲနေပါရစေ။ နေခွင့်ပြုပါ အချစ်ရယ်နော်"

နူးညံ့တိုးသက်သော သူ့ထံမှ တောင်းဆိုသံလား၊ တောင်းပန် သံလား မသိသော စကားအဆုံးမှာ အမုန်းနက် ရင်ခွင်ထဲ ရုန်းထွက် လိုက်ပေမယ့် သူက မလွှတ်။

"အမုန်းနက်"

"ဖယ်ပါ"

"ကိုယ့်အချစ်ကို အမုန်းနက် ဘယ်တော့မှ လက်ခံမှာလဲဟင်"

"ဘယ်တော့မှ လက်မခံဘူး"

"သားသမီးတွေရတဲ့ အထိလား"

"ဟုတ်တယ်၊ ဟုတ်တယ်"

ဒေါသနှင့် အမုန်းနက် ပြန်အော်တော့ သူထံမှ တိုးသဲ့သော ရယ်သံကို ကြားရသည်။





"သင့်ခ်ယူပါ အချစ်ရယ်၊ ကိုယ့်သားသမီးတွေရတဲ့အထိ အတူ နေပေးမယ်ဆိုတဲ့ အတွက်ပါ"

အမုန်းနက် ဘာမှ ပြန်မပြောမနေတော့ဘဲ မင်းယုဂန် ရင်ခွင်ထဲက သူမကိုယ်လေးကို ရုန်းထွက်လိုက်တော့ အမုန်းနက် ပါးလေးကို တစ်ချက်ငုံ့နမ်းပြီး ညင်သာစွာ ဖြေလွှတ်ပေးသည်။

"ဒီနေ့ကစပြီး ကိုယ်တစ်ယောက်တည်း ခွဲမအိပ်တော့ဘူးနော် အမုန်းနက်"

"သွား... သေလိုက်ပါလား"

"အဟွန်း... ဟွန်း... ဟွန်း"

ကြည်နူးရွှင်ပျသော သူ့ရယ်သံက အမုန်းနက် နောက်ပါးမှာ ပြန့်လွင့်ကျန်ခဲ့သည့်အချိန်မှာ လက်ရှိဘဝကို အမုန်းနက် လက်မခံချင်ဘဲ လက်ခံလိုက်ရသည်။ အမုန်းနက်ဆိုတာ မင်းယုဂန်ရဲ့ ဇနီးမယားဆိုတာ ဘယ်လိုအကြောင်းပြချက်နဲ့မှ ငြင်းပယ်၍ မရ။ ဒီတစ်ခါ အားလုံးကို အရှုံးပေးလိုက်ရသူက အမုန်းနက်ကိုယ်တိုင် ဖြစ်နေသည်။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ပါစေ။
ချစ်မေတ္တာဖြင့်
မြပုလဲသွယ်



www.burmeseclassic.com